နံနက်ခင်းနိုးကြားရေးအတွက် သန့်ရှင်းသောနှုတ်ကပတ်တော်

# အသင်းတော်၌ အရာခပ်သိမ်း ဖြစ်တော်မူသော ခရစ်တော်၏ ပြန်လည်ရယူခြင်း

# The Holy Word For Morning Revival

2013 International Chinese-speaking Conference

# အသင်းတော်၌ အရာခပ်သိမ်းဖြစ်တော်မူသော ခရစ်တော်၏ ပြန်လည်ရယူခြင်း


| အပတ်စဉ် | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁ | **ဓမ္မသစ်ကျမ်း၌ ခရစ်တော်ကို မြင်ကွင်းကျယ် ရှုမြင်ခြင်း** | |
| | Outline | ၅ |
| | Day 1 | ၁၀ |
| ၂ | **စစ်၍မကုန်နိုင်သောအရှင် –ခရစ်တော်** | |
| | Outline | ၃၀ |
| | Day 1 | ၃၆ |
| ၃ | **စုပေါင်းထားသောဧမာနွေလဖြစ်သည့် အသင်းတော်၌ အရာအားလုံးဖြစ်သော ခရစ်တော်ကို ပြန်လည်ရယူခြင်း** | |
| | Outline | ၅၅ |
| | Day 1 | ၆၁ |
| ၄ | *စုပေါင်းထားသောခရစ်တော်၊ ကိုယ်ခန္ဓာတော်–ခရစ်တော် တည်းဟူသော အသင်းတော်၌ ခရစ်တော်ကို အရာခပ်သိမ်း အဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်း* | |
| | Outline | ၈၀ |
| | Day 1 | ၈၆ |

| အပတ်စဉ် | ခေါင်းစဉ် | စာမျက်နှာ |
| --- | --- | --- |
| ၇ | **ယေရုရှလင်မြို့သစ်၏ပုံစံငယ်ဖြစ်သော အသင်းတော်၌ ခရစ်တော်ကို အရာခပ်သိမ်းအဖြစ် တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း** | |
| | Outline | ၁၀၆ |
| | Day 1 | ၁၁၂ |


February 15-17, 2013

International Chinese-speaking Conference
(Fenruary 15-17, 2013)

# အသင်းတော်၌ အရာခပ်သိမ်းဖြစ်တော်မူသော ခရစ်တော်၏ ပြန်လည်ရယူခြင်း

ဆောင်ပုဒ်

ကျမ်းစာသည် အသက်၏စာစောင်ဖြစ်သည်၊
ထိုအသက်သည် စစ်၍မကုန်နိုင်အောင်ကြွယ်ဝပြီး၊
အံ့ဩဖွယ်ရာနှင့် အရာအားလုံးပါဝင်သော
ခရစ်တော်ဟူသည့် အသက်ရှင်သောပုဂ္ဂိုလ်တော်ဖြစ်သည်။

ကျွန်ုပ်တို့အတွက် အသင်းတော်ကို အလင်း၊ အသက်၊ ဖြောင့်မတ်ခြင်းနှင့်
သန့်ရှင်းခြင်းဖြစ်သော ခရစ်တော်ဖြစ်သည့်အရာနှင့်
ကိုယ်တော်၌ရှိသောအရာ၊ ကျွန်ုပ်တို့အတွက် ကိုယ်တော်အောင်မြင်၍
ရယူခဲ့သောအရာများဖြစ်သည့် ခရစ်တော်၏စစ်၍မကုန်နိုင်သော
ကြွယ်ဝခြင်းများမှ ထုတ်လုပ်ခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နှင့်အတူရှိတော်မူသောဘုရား၊ မောန္နေလဖြစ်သည့်
အရာအားလုံးပါဝင်သောခရစ်တော်ကို တွေ့ကြုံခံစား၍
မွေ့လျော်ဝမ်းမြောက်ဖို့ လိုအပ်သည်၊ သို့မှသာ ဘုရားစီမံကိန်းနှင့်အညီ၊
တစ်ဦးချင်း မောန္နေလသည် စုပေါင်းသော မောန္နေလတည်းဟူသော
အသင်းတော် ဖြစ်လာနိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်–ကိုယ်ခန္ဓာတော်၊
စုပေါင်းသောခရစ်တော်ဖြစ်သည့် အသင်းတော်၌ အရာခပ်သိမ်းနှင့်
အရာအားလုံးပါဝင်သောခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းဖြင့်
တူညီသောဝိညာဉ်အစာကို စားဖို့နှင့် တူညီသောဝိညာဉ်ရေကို သောက်ဖို့
လိုအပ်သည်။

## ဓမ္မသစ်ကျမ်း၌ ခရစ်တော်ကို မြင်ကွင်းကျယ် ရှုမြင်ခြင်း

ဖတ်ရန်ကျမ်း။ ။ မ၊၁း၁။ ဗျာ၊ ၂၂း ၂၁။ တ၊ ၂း၄၂။ ၁တိ၊၁း၃–၄

*Day 1*

**I. ဓမ္မသစ်ကျမ်း၌ ပထမဆုံးနာမနှင့် နောက်ဆုံးနာမသည် ယေရှုဖြစ်သည်၊ ဤအရာက ယေရှုခရစ်တော်သည် ဓမ္မသစ်ကျမ်း၏ အဓိက အကြောင်းအရာဖြစ်ကြောင်း သက်သေပြနေသည် (မ၊၁း၁။ ဗျာ၊ ၂၂း ၂၁)။**

က။ ကျမ်းစာသည် အသက်စာစောင်ဖြစ်သည်၊ ဤအသက်သည် အံ့ဩဖွယ် အရာအားလုံးပါဝင်သော ခရစ်တော်၊ အသက်ရှင်သောပုဂ္ဂိုလ်တော် ဖြစ်သည်။

ခ။ ဓမ္မဟောင်းကျမ်းသည် ကြွလာမည်ဖြစ်သောအရှင်၊ ထိုအံ့ဩဖွယ် ပုဂ္ဂိုလ်တော်ကို ပုံဆောင်ချက်များနှင့် ပရောဖက်ပြုချက်များ၌ ပုံရိပ်ဖော်ပြထားသည်။ ယခု ဓမ္မသစ်ကျမ်း၌ ထိုအံ့ဩဖွယ်ပုဂ္ဂိုလ်တော်သည် ကြွလာပြီးဖြစ်သည်။

**II. ကျမ်းစာတစ်ခုလုံး၏ အံ့ဩဖွယ်အလယ်ဗဟိုဖြစ်သော ခရစ်တော်သည် ပုံပန်းသဏ္ဌာန်အမျိုးမျိုးဖြင့် အရာအားလုံးပါဝင်သော အရှင်ဖြစ်သည်။ ဓမ္မသစ်ကျမ်း၏ အစ၌ ထိုအရာအားလုံးပါဝင်သော ခရစ်တော်ကို အဓိကပုံပန်းသဏ္ဌာန်လေးမျိုး၌ အထွတ်ပွတ္တိလေးမျိုးကို ပုံဖော်၍တင်ပြထားသည်။**

က။ မဿဲခရစ်ဝင်ကျမ်း၌ ကိုယ်တော်သည် ဓမ္မဟောင်းကျမ်းတွင် ပရောဖက်ပြုထားသည့် ကောင်းကင်များ၏ နိုင်ငံတော်ကို မြေကြီးပေါ် သို့ ယူဆောင်လာမည့် ဘုရားသခင်၏ ခရစ်တော်၊ ဘုရင်ဖြစ်ကြောင်း သက်သေခံထားသည်။

ခ။ မာကုခရစ်ဝင်ကျမ်း၌ ကိုယ်တော်သည် ဘုရားအတွက် သစ္စာရှိစွာ အားထုတ်လုပ်ဆောင်ပေးသည့် ဘုရားသခင်၏ အစေခံကျွန်အဖြစ် ကျွန်ုပ်တို့ကို ပြောပြထားသည်။ မာကု၏ သဘောထား၌ အစေခံကျွန်တစ်ဦးအတွက် အသေးစိတ်မှတ်တမ်း ထားရှိဖို့မလိုကြောင်းမှာ လွန်စွာရှင်းလင်းသည်။

ဂ။ လုကာခရစ်ဝင်ကျမ်းသည် ဤမြေကြီးပေါ် တွင် နေထိုင်မဲ့ဖြစ်သည့်

လူအစစ်အမှန်၊ သာမန်လူအဖြစ်သာ ကိုယ်တော်၏ ရုပ်ပုံအပြည့်အစုံကိုတင်ပြထားခြင်းဖြစ်သည်။ ထိုသို့သောလူဖြစ်သော ကိုယ်တော်သည် လူသားမျိုးနွယ်၏ ကယ်တင်ရှင်ဖြစ်သည်။

ဃ။ ယောဟန်ခရစ်ဝင်ကျမ်းသည် ကိုယ်တော့်အား ဘုရားလူတို့၏ အသက်ဖြစ်သော ဘုရားကိုယ်တော်တိုင်ဖြစ်သည့် ဘုရား၏ သားတော်အဖြစ် ဖွင့်ပြထားသည်။

**III. ယေဇ၊၁း၁၀၌ အသက်ရှင်သောသတ္တဝါလေးပါး၏ မျက်နှာများသည် ခရစ်ဝင်ကျမ်းလေးကျမ်း၌ ဖော်ပြထားသော ခရစ်တော်၏ အသက်တာကို ပုံဆောင်ချက်လည်းဖြစ်သည်။**

*Day 2 & Day 3*

က။ မဿဲသည် ခရစ်တော်အား ဘုရားသခင်နိုင်ငံတော်၏ ဘုရင်၊ ခြင်္သေ့အဖြစ် ဖော်ပြထားသည်။ ကျွန်ုပ်တို့သည် ခြင်္သေ့၏ မျက်နှာဖြစ်လာရန် ခရစ်တော်နှင့် တစ်လုံးတစ်ဝရှိဖို့ လိုအပ်ရခြင်းမှာ အပြစ်၊ လောက၊ စာတန်နှင့်ပတ်သက်၍ ကျွန်ုပ်တို့သည် ရဲရင့်ခြင်း၊ ခွန်အားရှိခြင်း၊ အောင်မြင်ခြင်းနှင့် အုပ်စိုးခြင်း ရှိရမည်ဖြစ်ကြောင်း ညွှန်ပြခြင်းဖြစ်သည် (ဗျာ၊၅း၅။ ရော၊ ၅း၁၇)။

ခ။ မာကုသည် ကိုယ်တော့်အား ဘုရား၏ အစေခံကျွန်၊ နွားအဖြစ် ဖော်ပြထားသည်။ ကျွန်ုပ်တို့သည် နွားမျက်နှာဖြစ်လာရန် ခရစ်တော်နှင့် တစ်လုံးတစ်ဝရှိဖို့ လိုအပ်ရခြင်းမှာ ကျွန်ုပ်တို့သည် ဝန်တာယူရန်၊ အားထုတ်လုပ်ဆောင်ရန်နှင့် မိမိတို့ကိုယ်ကို ဆက်ကပ်အပ်နှံရန် အလိုဆန္ဒရှိရမည်ဖြစ်ကြောင်းကို ညွှန်ပြခြင်းဖြစ်သည် (၁ကော၊၁၅း၁၀၊ ၅၈။ တ၊ ၂၀း၂၄။ ဖိ၊ ၂း၁၇)။

ဂ။ လုကာသည် ကိုယ်တော့်အား လူသား–ကယ်တင်ရှင်၊ လူအဖြစ် ဖော်ပြထားသည်။ ကျွန်ုပ်တို့သည် လူ၏ မျက်နှာဖြစ်လာရန် ခရစ်တော်နှင့် တစ်လုံးတစ်ဝရှိဖို့ လိုအပ်ရခြင်းမှာ ကျွန်ုပ်တို့သည် မှန်ကန်သော လူသားဖြစ်ခြင်း၊ ယေရှု၏ လူသားဖြစ်ခြင်း၌ အသက်ရှင်ရမည်ကို ညွှန်ပြခြင်းဖြစ်သည် (cf. ၆၊၄း ၂၀– ၂၁)။

ဃ။ ယောဟန်သည် ကိုယ်တော့်အား ဘုရားသခင်၊ လင်းယုန်အဖြစ် ဖော်ပြထားသည်။ ကျွန်ုပ်တို့သည် လင်းယုန်၏ မျက်နှာဖြစ်လာရန် ခရစ်တော်နှင့် တစ်လုံးတစ်ဝရှိဖို့ လိုအပ်ရခြင်းမှာ ကျွန်ုပ်တို့သည် ဘုရား

အသက်၌ ထူးကဲသာလွန်တက်ကြွခြင်းနှင့် တန်ခိုးနှင့်ပြည့်စုံခြင်းရှိရမည်ကို ညွှန်ပြခြင်းဖြစ်သည် (ဗျာ ၁၅။ ဖိ၊ ၄း၁၂–၁၃)။

*Day 4*

**IV. ဓမ္မသစ်ကျမ်းသည် ခရစ်တော်၏ပုဂ္ဂိုလ်တော်ကို အောက်ဖော်ပြပါ အသွင်သဏ္ဍာန်များဖြင့် ဖော်ပြသည်။**

က။ ခရစ်ဝင်ကျမ်းများ၌ မြေကြီးပေါ်တွင် အသက်ရှင်နေထိုင်ပြီး၊ ရွေးနုတ်ခြင်းအမှု ပြီးမြောက်အောင်မြင်ခြင်းအတွက် ကားတိုင်ပေါ်တွင် အသေခံသည့် ခရစ်တော်ကို ဖော်ပြခြင်းဖြစ်သည်။

ခ။ တမန်တော်ဝတ္ထု၌ လူတို့ကို ဧဝံဂေလိတရားအမှုဆောင်ကာ တိုးပွားစေသည့် ရှင်ပြန်ထမြောက်ပြီး တက်ကြွတော်မူသော ခရစ်တော်ကို ဖော်ပြခြင်းဖြစ်သည်။

ဂ။ ရောမစာစောင်၌ ဖြောင့်မတ်ရာသို့ရောက်စေခြင်းအတွက် ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်း၊ ပုံသဏ္ဍာန်ပြောင်းလဲခြင်း၊ ပုံသဏ္ဍာန်တူလာခြင်း၊ ဘုန်းထင်ရှားခြင်းနှင့် တည်ဆောက်ခြင်းအတွက် ကျွန်ုပ်တို့အသက်ဖြစ်သည့် ခရစ်တော်ကို ဖော်ပြခြင်းဖြစ်သည်။

ဃ။ ဂလာတိစာစောင်၌ ပညတ်တရား၊ ဘာသာရေး၊ ထုံးတမ်းဓလေ့နှင့် အသင်းအဖွဲ့များနှင့် ဆန့်ကျင်ဘက်ဖြစ်သော အသက်တာကို ကျွန်ုပ်တို့အား အသက်ရှင်စေရန် တတ်စွမ်းနိုင်သည့် ခရစ်တော်ကို ဖော်ပြခြင်းဖြစ်သည်။

င။ ဖိလိပ္ပိစာစောင်၌ ကိုယ်တော်၏ အင်္ဂါဝင်များမှ ရှင်ထွက်သော ခရစ်တော်ကို ဖော်ပြခြင်းဖြစ်သည်။

စ။ ဧဖက်စာစောင်နှင့် ကောလောသဲစာစောင်၌ အသက်၊ ပါဝင်သော အကြောင်းအရာနှင့် အသင်းတော်၊ ကိုယ်ခန္ဓာတော်၏ ဦးခေါင်းဖြစ်တော်မူသော ခရစ်တော်ကို ဖော်ပြခြင်းဖြစ်သည်။

ဆ။ ၁ကောစာစောင်နှင့် ၂ကောစာစောင်၌ လက်တွေ့ကျသောအသင်းတော်အသက်တာ၌ အရာခပ်သိမ်းဖြစ်သောခရစ်တော်ကို ဖော်ပြခြင်းဖြစ်သည်။

ဇ။ ၁သက်စာစောင်နှင့် ၂သက်စာစောင်တို့၌ ကိုယ်တော်ပြန်ကြွလာခြင်းအတွက် ကျွန်ုပ်တို့၏ သန့်ရှင်းခြင်းဖြစ်သော ခရစ်တော်ကို ဖော်ပြခြင်းဖြစ်သည်။

ဈ။ ၁တိစာစောင်၊ ၂တိစာစောင် နှင့် တိတုစာစောင်တို့၌ ဘုရားသခင်၏ အိမ်တော်၌ ကျွန်ုပ်တို့ကိုယ်တိုင် မည်သို့ပြုမူလုပ်ဆောင်ရမည်ကို ကျွန်ုပ်တို့အား သိနားလည်စေသည့် ဘုရားသခင်၏ စီမံကိန်းသည် ခရစ်တော်ဖြစ်ကြောင်း ဖေါ်ပြထားခြင်းဖြစ်သည်။

ည။ ဟေဗြဲစာစောင်၌ ကောင်းကင်ဆိုင်ရာအသက်၊ ကျေးဇူးတော်၊ အခွင့်အာဏာနှင့် တန်ခိုးကို ကျွန်ုပ်တို့ထံအမှုဆောင်ရန်နှင့် မြေကြီးပေါ် တွင် ကောင်းကင်ဆိုင်ရာအသက်ကို ကျွန်ုပ်တို့ တည်တံ့အသက်ရှင်ရန် ကျွန်ုပ်တို့ကို အမှုဆောင်သူနှင့် ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်မင်းဖြစ်သော ကောင်းကင်များ၌ ယခုရှိနေသော ခရစ်တော်ကို ဖေါ်ပြထားခြင်းဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို နေ့စဉ်ကယ်တင်မှုပေးနေသောအရှင်နှင့် အချိန်တိုင်း မစထောက်ပံ့နေသောအရှင်ဖြစ်သည့် ယခုရှိနေသောခရစ်တော်၊ ယနေ့ရှိသောခရစ်တော်နှင့် ကောင်းကင်များ၌ ပလ္လင်တော်ပေါ် တွင် ရှိသောခရစ်တော်ဖြစ်သည် (ဂး ၂။ ၄း၁၄–၁၅။ ၇း ၂၆)။

ဋ။ ပေတရု၏ စာစောင်များ၌ ဘုရားသခင်စီမံခန့်ခွဲထားသော အုပ်စိုးခြင်းနှင့်ဆိုင်သည့် ဒုက္ခဆင်းရဲခံစားခြင်းကို ကျွန်ုပ်တို့ခံယူနိုင်ရန် ကူညီပေးသည့် ခရစ်တော်ကို ဖေါ်ပြထားခြင်း ဖြစ်သည်။

ဌ။ ယောဟန်၏ စာစောင်များ၌ ဘုရား၏ မိသားစု၌ ဘုရားသားများ၏ အသက်နှင့် မိတ်သဟာယဖြစ်သည့် ခရစ်တော်ကို ဖေါ်ပြထားခြင်း ဖြစ်သည်။

ဍ။ ဗျာဒိတ်ကျမ်း၌ ဤခေတ်ကာလတွင် အသင်းတော်များအလယ်တွင် လျှောက်လှမ်းနေပြီး၊ လာမည့်ခေတ်ကာလတွင် နိုင်ငံတော်၌ ကမ္ဘာလောကကို အုပ်စိုး၍၊ ထာဝရကာလအတွက် ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ အပြည့်အဝဘုန်းထင်ရှားခြင်းဖြင့် ဘုရားသခင်ကို ထင်ရှားစေမည့် ခရစ်တော်ကို ဖေါ်ပြထားခြင်း ဖြစ်သည်။

**V. တမန်တော်တို့၏ သွန်သင်ခြင်းသည် အဆင့်သုံးဆင့်၌ ခရစ်တော်၏ အမှုတော်အပြည့်အစုံနှင့်စပ်လျဉ်းသည့် ဘုရားသခင်၏ ဓမ္မသစ် စီမံကိန်း၏ တုန္နိုင်းရာမဲ့ သွန်သင်ခြင်းဖြစ်သည် (တ၊ ၂း၄၂။ ၁တိ၊ ၁း၃–၄)။**

က။ ခရစ်ဝင်ကျမ်းလေးကျမ်းရှိ လူ့ဇာတိခံယူခြင်းဖြစ်သည့် ပထမအဆင့်၌၊–

၁။ အကန့်အသတ်ရှိသောလူအထဲသို့ အကန့်အသတ်မရှိသော ဘုရားကို ယူဆောင်လာခြင်း။

၂။ သုံးပိုင်းရှိသောလူနှင့် သုံးပါးတစ်ပါးဘုရား ပေါင်းစည်းခြင်း၊ ရောနှောပေါင်းစည်းခြင်းနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်း။

၃။ ကိုယ်တော်၏ မွေးကြိုင်သောကောင်းမြတ်ခြင်းများအားဖြင့်၊ ကိုယ်တော်၏ ကြွယ်ဝသောဂုဏ်အင်္ဂါများ၌ စစ်၍မကုန်နိုင်သော ဘုရားကို ကိုယ်တော်၏ လူသားဖြစ်ခြင်း၌ ထင်ရှားခြင်း။

၄။ ကိုယ်တော်၏ အရာအားလုံးပါဝင်သော တရားစီရင်ခြင်းဆိုင်ရာ ရွေးနုတ်ခြင်း ပြီးမြောက်အောင်မြင်ခြင်း။

*Day 5*

ခ။ ဩဝါဒစာစောင်များရှိ အရာအားလုံးပါဝင်သော ဒုတိယအဆင့်၌၊–

၁။ ဘုရား၏ သားဦးအဖြစ် မွေးဖွားခံရခြင်း။

၂။ အသက်ပေးဝိညာဉ်တော်ဖြစ်လာခြင်း။

၃။ ကိုယ်တော်၏ ကိုယ်ခန္ဓာတော်အတွက် ယုံကြည်သူများကို အသစ်မွေးဖွားခြင်း။

*Day 6*

ဂ။ ဗျာဒိတ်ကျမ်းရှိ အရှိန်အဟုန်မြှင့်တင်ခြင်း၏ တတိယအဆင့်၌၊–

၁။ ကိုယ်တော်၏ ရှင်သန်သော ကယ်တင်ခြင်းကို အရှိန်အဟုန်မြှင့်တင်ခြင်း။

၂။ အောင်မြင်သူများကို မွေးထုတ်ခြင်း။

၃။ ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံခြင်း။

## *နံနက်ခင်းကျွေးမွေးခြင်း*

**မ၊ အာဗြဟံ၏သား၊ ဒါဝိဒ်၏သားဖြစ်တော်မူသော ယေရှုခရစ်၏ဆွေ**
**၁း၁ တော်စဉ်မျိုးတော်ဆက်စာရင်းဟူမူကား၊**
**ဗျာ၊ သခင်ယေရှု၏ကျေးဇူးတော်သည် သန့်ရှင်းသူအပေါင်းတို့နှင့် အတူရှိ**
**၂၂း၂၁ စေသတည်း။ အာမင်။**
**ယေ၈၊ မျက်နှာအဆင်းသဏ္ဌာန်ဟူမူကား၊ သတ္တဝါလေးပါးတို့သည် လက်ယာ**
**၁း၁၀ ဘက်၌ လူမျက်နှာ ခြသေ့မျက်နှာနှင့်လည်းကောင်း၊ လက်ဝဲဘက်၌**
**နွားမျက်နှာ လင်းယုန်မျက်နှာနှင့် ပြည့်စုံကြ၏။**

ဓမ္မသစ်ကျမ်း၌ ပထမဆုံးအမည်နာမ(မ၊၁း၁)နှင့် နောက်ဆုံးအမည်နာမ (ဗျာ၊၂၂း၂၁)သည် ယေရှုဖြစ်သည်၊ ဤအရာက ယေရှုခရစ်တော်သည် ဓမ္မသစ်ကျမ်း၏ အကြောင်းအရာနှင့် ပါဝင်သောအရာဖြစ်ကြောင်း သက်သေပြခြင်း ဖြစ်သည်။

ကျမ်းစာသည် အသက်စာစောင်ဖြစ်သည်၊ ဤအသက်သည် အံ့သြဖွယ်အရာအားလုံးပါဝင်သော ခရစ်တော်ဖြစ်သည့် အသက်ရှင်သောပုဂ္ဂိုလ်တော် ဖြစ်သည်။ ဓမ္မဟောင်းကျမ်းသည် ကြွလာမည်ဖြစ်သော ဤအံ့သြဖွယ်ပုဂ္ဂိုလ်တော်၏ ပုံရိပ်၊ ပုံစံနမူနာနှင့် ပရောဖက်ပြုချက်များကို ဖော်ပြထားသည်။ ယခု ဓမ္မသစ်ကျမ်း၌ ဤအံ့သြဖွယ်ပုဂ္ဂိုလ်တော်သည် ကြွလာခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့အတွက် ဤအံ့သြဖွယ် ပုဂ္ဂိုလ်တော်ကို ထောက်ခံခြင်း၌၊ ဓမ္မသစ်ကျမ်း၏ပထမဆုံးစာမျက်နှာသည် ကိုယ်တော်၏ဆွေစဉ်မျိုးဆက်စာရင်းကို ကျွန်ုပ်တို့အား ဖော်ပြထားသည်။ ၎င်း၌ ခရစ်တော်၏ဆွေစဉ်မျိုးဆက်စာရင်းအသေးစိတ်ဖြစ်သော၊ ဤဆွေစဉ်မျိုးဆက်စာရင်းကို ဓမ္မဟောင်းမှ ကောက်နုတ်စဉ်းစားနိုင်ခြင်းဖြစ်သည်။ မဿဲ၌ဖော်ပြထားသော ဆွေစဉ်မျိုးဆက်စာရင်းကို နားလည်ရန်အတွက်၊ ကျွန်ုပ်တို့သည် မူလဇစ်မြစ်နှင့် ဖြစ်ရပ်တိုင်း၏ သမိုင်းကို ခြေရာကောက်ဖို့ လိုအပ်သည်။ (Matt. 1;1, footnote 1)

## *ယနေ့ဖတ်စရာ*

ကျမ်းစာတစ်အုပ်လုံး၏ အံ့သြဖွယ်အလယ်ဗဟိုဖြစ်သော ခရစ်တော်သည် ရှုထောင့်များစွာဖြင့် အရာအားလုံးပါဝင်ခြင်းဖြစ်သည်။ ဓမ္မသစ်ကျမ်းအစ၌ ထိုအရာအားလုံးပါဝင်သောခရစ်၏ အဓိကအကြောင်းလေးချက်ကို ဖော်ပြရန် အတ္ထုပ္ပတ္တိလေးရပ်ဖြင့် တင်ပြထားသည်။ မဿဲခရစ်ဝင်ကျမ်း၌ ကိုယ်တော်သည် မြေကြီးပေါ်သို့ ကောင်းကင်များ၏နိုင်ငံတော်ကို ယူဆောင်လာမည့် ဓမ္မဟောင်းကျမ်း၌ ပရောဖက်ပြုထားသော

ဘုရားသခင်၏ ခရစ်တော်၊ ဘုရင် ဖြစ်ကြောင်းကို သက်သေခံထားသည်။ မာကုခရစ်ဝင်ကျမ်း၌ ကိုယ်တော်သည် ဘုရားသခင်အတွက် သစ္စာရှိစွာ ကြိုးစားလုပ်ဆောင်သည့် ဘုရားသခင်၏ အစေခံကျွန်ဖြစ်ကြောင်း ကျွန်ုပ်တို့ကို ပြောဆိုထားသည်။ အစေခံကျွန်တစ်ဦးအတွက် အသေးစိတ်မှတ်တမ်း အလုံအလောက် မလိုသည့်အတွက် မာကု၏ရေးသားချက်၌ လွန်စွာရိုးရှင်းသည်။ လုကာခရစ်ဝင်ကျမ်းသည် ဤမြေကြီးပေါ် တွင်ပင် နေထိုင်သော သာမန်လူ၊ စစ်မှန်သောလူအဖြစ် ပြည့်စုံသောကိုယ်တော်၏ ရုပ်ပုံကားချပ်ကို တင်ပြထားသည်။ ထိုသို့သောလူ ကိုယ်တော်သည် လူသားကယ်တင်ရှင် ဖြစ်သည်။ ယောဟန်ခရစ်ဝင်ကျမ်းသည် ဘုရားလူတို့၏ အသက်ဖြစ်သော ဘုရားကိုယ်တော်တိုင်ဖြစ်သည့် ဘုရားသားတော်အဖြစ် ကိုယ်တော့်ကို ဖွင့်ပြထားသည်။ ခရစ်ဝင်လေးကျမ်းတွင် မဿဲနှင့် လုကာခရစ်ဝင်ကျမ်းတို့၌ ဆွေစဉ်မျိုးဆက်မှတ်တမ်း ပါရှိပြီး၊ မာကုနှင့် ယောဟန်ခရစ်ဝင်ကျမ်းတို့တွင် မပါရှိပါ။ ဓမ္မဟောင်းကျမ်း၌ ပရောဖက်ပြုထားသော ဘုရားသခင်၏ ခရစ်တော်၊ ဘုရင်မှာ ယေရှုဖြစ်ကြောင်း သက်သေပြရန်အတွက် မဿဲသည် ဒါဝိဒ်၏ ပလ္လင်တော်ကို အမှန်တကယ်ဆက်ခံသူမှာ ကိုယ်တော်ဖြစ်ကြောင်း သက်သေပြရန် ထိုဘုရင်၏ ဘိုးဘေးနှင့် အခြေအနေကို ကျွန်ုပ်တို့အား ပြသဖို့လိုအပ်သည်။ ယေရှုသည် စစ်မှန်သောလူနှင့် သာမန်လူဖြစ်ကြောင်း သက်သေပြရန်၊ လုကာက ကိုယ်တော်သည် လူသားကယ်တင်ရှင်ဖြစ်လာရန် အရည်အချင်းပြည့်မီကြောင်း ခိုင်မာသောအထောက်အထားပြရန် ဤလူ၏ မျိုးရိုးစဉ်ဆက်ကို ဖေါ်ပြဖို့ လိုအပ်သည်။ အစေခံကျွန်တစ်ဦး၏ မှတ်တမ်းအတွက် မာကုသည် ကိုယ်တော်၏ မူလဇစ်မြစ်ကို ကျွန်ုပ်တို့အား ပြောပြရန် မလိုအပ်ပါ။ ယေရှုသည် ဘုရားအမှန်ပင်ဖြစ်ကြောင်း ဖွင့်ပြရန် ယောဟန်သည် ကျွန်ုပ်တို့အား ကိုယ်တော်၏ လူသားဆွေစဉ်မျိုးဆက်ကို ဖေါ်ပြဖို့ မလိုပါ။ သူသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သော ကိုယ်တော်သည် အစအဦး၌ ဘုရားဖြစ်ကြောင်း ဖေါ်ပြဖို့သာ လိုအပ်သည်။ (Matt. 1;1, footnote 1)

အသက်ရှင်သော သတ္တဝါတစ်ပါးစီ၌ မျက်နှာလေးခုရှိသည် (ယေဇ၊၁း၆)။ လူ၏ မျက်နှာရှိခြင်းက အသက်ရှင်သောသတ္တဝါများသည် ယေရှု၏ လူသားဖြစ်ခြင်း၊ လူသားဖြစ်ခြင်းအစစ်အမှန်၌ အသက်ရှင်ခြင်းကို ဖေါ်ပြသည်။ ခြင်္သေ့၏ မျက်နှာရှိခြင်းက အပြစ်၊ လောကနှင့် စာတန်ကို ဆက်ဆံဖြေရှင်းခြင်း၌ သူတို့သည် ရဲရင့်ခြင်း၊ ခွန်အားရှိခြင်း၊ အောင်မြင်ခြင်းနှင့် အုပ်စိုးခြင်း ရှိကြောင်းကို ဖေါ်ပြသည် (ဗျာ၊၅း၅။ ရော၊၅း၁၇)။ နွား၏ မျက်နှာရှိခြင်းက သူတို့သည် ဝန်တာကို ယူရန်၊ ခွန်အားစိုက်ထုတ်ရန်နှင့် သူတို့ကိုယ်ကို ဆက်ကပ်အပ်နှံရန်ကိုပင် အလိုဆန္ဒရှိကြောင်း ဖေါ်ပြသည် (၁ကော၊၁၅း၁၀၊

၅၇။ တ၊ ၂၀း ၂၄။ ဖိ၊ ၂း၃၀)။ လင်းယုန်၏ မျက်နှာရှိခြင်းက အသက်ရှင်သောသတ္တဝါများသည် သာလွန်တက်ကြွခြင်းနှင့် ဘုရားအသက်၌ တန်ခိုးရှိခြင်းကို ဖေါ်ပြသည် (ယော၊ ဗ်း၁၅။ ဖိ၊၄း၁၂–၁၃)။

မျက်နှာလေးခုရှိသည့် အသက်ရှင်သော သတ္တဝါလေးပါးသည် လူသားဖြစ်ခြင်း အလယ်တွင် ဘုရားကို စုပေါင်းထင်ရှားခြင်းရှိသည့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်း၊ စုပေါင်းတည်ရှိခြင်း၊ စုပေါင်းထားသောခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည် (၁ကော၊ ၁၂း၁၂ နှင့် မှတ်စု၊ ၂)။ အသက်ရှင်သောသတ္တဝါများ၏ မျက်နှာလေးခုသည် ခရစ်ဝင်လေးကျမ်း၌ ဖေါ်ပြထားသော ခရစ်တော်၏ အသက်တာကို ပုံဆောင်ခြင်းဖြစ်သည်။– မဿဲသည် ခရစ်တော်အား ဘုရားသခင်နိုင်ငံတော်၏ ဘုရင်၊ ခြင်္သေ့အဖြစ် ဖေါ်ပြသည်။ မာကုသည် ကိုယ်တော်အား ဘုရားသခင်၏ အစေခံကျွန်၊ နွားအဖြစ် ဖေါ်ပြသည်။ လုကာသည် ကိုယ်တော့်အား လူသား–ကယ်တင်ရှင်၊ လူအဖြစ် ဖေါ်ပြသည်။ ယောဟန်က ကိုယ်တော့်အား ဘုရားအစစ်အမှန်၊ လင်းယုန်အဖြစ် ဖေါ်ပြသည် (မှတ်စု၊ ၁၊ မဿဲ၊၁ရှိ အပိုဒ်၊၃)။ ထို့ကြောင့် အသက်ရှင်သောသတ္တဝါလေးပါးသည် စုပေါင်းနည်းလမ်း၌ ခရစ်တော်၏ အသက်ကို ရှင်ထွက်သော၊ ခရစ်တော်၏ စုပေါင်းထင်ရှားခြင်းဖြစ်သည်။ (Ezek. 1;10, footnote 1)

*ပို၍ဖတ်ရန်-* *The Visions of Ezekiel*, ch. 3

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ယေဇ၊ ၁း၁၀** **. . . သတ္တဝါလေးပါးတို့သည် လက်ယာဘက်၌ လူမျက်နှာ ခြင်္သေ့မျက်နှာနှင့်လည်းကောင်း၊ လက်ဝဲဘက်၌ နွားမျက်နှာ လင်းယုန်မျက်နှာနှင့် ပြည့်စုံကြ၏။**

**ဖိ၊ ၂း၆–၈** **ထိုသခင်သည် ဘုရားသခင်၏သဏ္ဌာန်တော်၌ တည်နေတော်မူသည်ဖြစ်၍၊ . . . မိမိအသရေကိုစွန့်၍၊ အစေခံကျွန်၏သဏ္ဌာန်ကိုယူဆောင်လျက်၊ လူတို့၏သွင်ပြင်ကဲ့သို့ ဖြစ်လာတော်မူ၏။– ထိုသို့ လူ၏လက္ခဏာနှင့် ပြည့်စုံလျက်၊ အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် နာခံ၍၊ ကိုယ်ကိုယ်ကို နှိမ့်ချတော်မူ၏။**

အသက်ရှင်သောသတ္တဝါလေးပါးစီ၌ မျက်နှာလေးခုရှိသည်။ ကျွန်ုပ်တို့သည် တစ်စုံတစ်ယောက်အား မျက်နှာလေးခုနှင့် မြင်တွေ့မည်ဆိုလျှင်၊ ကြောက်ရွံ့သွားမည်ဖြစ်သည်၊ သို့သော် ဤအရာသည် ကျွန်ုပ်တို့ဖြစ်ရမည့်အရာမှန်ပင် ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် မျက်နှာလေးခုရှိရမည်ဖြစ်သည်။

ပထမဆုံးမျက်နှာသည် လူ၏မျက်နှာဖြစ်သည်။ ကျွန်ုပ်တို့သည် လူများဖြစ်ကြသည်၊ ကျွန်ုပ်တို့သည် လူများဖြစ်သည့်အတွက် ကျွန်ုပ်တို့သည် လူများကဲ့သို့ ဖြစ်ရမည်။ ကျွန်ုပ်တို့ကို လူများအဖြစ် ဖန်ဆင်းထားသော်လည်း၊ ကျဆင်းခြင်းဖြင့် ကျွန်ုပ်တို့သည် ပျက်စီးရခြင်း၊ အဆိပ်သင့်ခံရခြင်းနှင့် ဖျက်ဆီးခြင်းခံရသူများ ဖြစ်သွားကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သခင်ဘုရား၏ရွေးနုတ်ခြင်းကို လိုအပ်သည်။ သခင်ဘုရား၏ရွေးနုတ်ခြင်းအားဖြင့် ကျွန်ုပ်တို့ကို မှန်ကန်သောလူသားဖြစ်ခြင်းသို့ ပြန်လည်ရောက်စေသည်။ အမှန်စင်စစ် ကျွန်ုပ်တို့၌ ယေရှု၏လူသားဖြစ်ခြင်းရှိသည့်အတွက်၊ လူသားဖြစ်သော ကျွန်ုပ်တို့တွင် ယခု ကျွန်ုပ်တို့ဟူ၍ ဆိုသည့်အရာ မရှိတော့ဘဲ၊ ကိုယ်တော်သာ ရှိရမည် ဖြစ်သည်။ (*Life-study of Ezekiel*, pp. 50-51)

## ယနေ့ဖတ်စရာ

သခင်ဘုရား၏ကယ်တင်ခြင်းသည် ကျွန်ုပ်တို့အား စစ်မှန်သောလူသားဖြစ်ခြင်းကို ဖြစ်လာစေသည်။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံးသည် လူ၏မျက်နှာကို ယူဆောင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့ဖြစ်သည့်အရာသည်– လူတစ်ဦးမျှသာ ဖြစ်ရမည်။ လူဖြစ်ခြင်းထက် အခြားတစ်စုံတစ်ရာဖြစ်လာရန် ကြိုးစားမည့်အစား၊ ကျွန်ုပ်တို့သည် လူသာဖြစ်သင့်သည်။ သို့သော် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဇာတိလူသားဖြစ်ခြင်းမဟုတ်ဘဲ၊ သခင်ယေရှု၏လူ

သားဖြစ်ခြင်းရှိသည့် လူသားဖြစ်ရမည်။

ကျွန်ုပ်တို့သည် ခရစ်ဝင်ကျမ်းလေးကျမ်းကို တစ်ဖန်ပြန်ဖတ်ပါက၊ ယေရှုသည် စစ်မှန်သောလူသားဖြစ်ခြင်းနှင့်အတူရှိသည့် ပုဂ္ဂိုလ်တော်ဖြစ်ကြောင်း မြင်လိမ့်မည်ဖြစ်သည်။ ခရစ်ဝင်ကျမ်းများကို ဖတ်သောလူများစွာတို့သည် ကိုယ်တော်၏ ဘုရားဖြစ်ခြင်း၌ သခင်ဘုရားလုပ်ဆောင်ခဲ့သော အံ့ဩဖွယ်ရာများကိုသာ အလေးထားဖတ်ကြသည်။ သူတို့သည် သခင်ဘုရား၏ လူသားဖြစ်ခြင်း၌ လုပ်ဆောင်သောအရာများကို အလေးမထားသလောက်ပင်ဖြစ်သည်။ ဥပမာ၊ ယောဟန်၊၄၌ သခင်ယေရှုသည် ရှမာရိပြည်၌ မြို့တစ်မြို့သို့ သူ၏ တပည့်တော်များနှင့်အတူ လျှောက်သွားခဲ့ကြောင်း ဖော်ပြထားသည်။ ကိုယ်တော်သည် မောပန်းဆာလောင်သောကြောင့်၊ သူ၏ တပည့်တော်တို့ကို မြို့ထဲသို့ စားဖို့ တစ်ခုခုဝယ်ရန် စေလွှတ်တော်မူသည်။ အစားအစာဝယ်ရန် သူတို့ထွက်သွားပြီးနောက်၊ သခင်ယေရှုထိုင်နေသောနေရာအနီးရှိ ရေတွင်းမှ ရေကိုခပ်ရန် ရှမာရိမိန်းမတစ်ဦး ရောက်လာသည်။ ကိုယ်တော်သည် အနန္တတန်ခိုးကြီးသောဘုရားဖြစ်သော်ငြားလည်း၊ ထိုအခြေအနေ၌ သူသည် ဘုရားဖြစ်ကြောင်း မည်သည့်အရိပ်အယောင်မျှမပြဘဲ၊ သာမန် လူတစ်ဦးကဲ့သို့ မိမိကိုယ်ကို ပြုမူပြသခဲ့သည်။ ကိုယ်တော်သည် မိန်းမထံမှ ရေကိုတောင်းသောအခါ၊ လူထက်သာလွန်သည့်တစ်စုံတစ်ရာ အရိပ်အယောင်ကို မပြပါ။ မိန်းမသည် ကိုယ်တော့်အား "သင်သည် ဂျူးလူမျိုးဖြစ်လျက်ပင်၊ ရှမာရိမိန်းမဖြစ်သော အကျွန်ုပ်ကို အဘယ်ကြောင့်သောက်ဖို့ တောင်းသနည်းဟုဆို၏"(အငယ်၊၉)။ ကိုယ်တော်သည် သူမအား လူသားနည်းလမ်း၌ အဖြေကို တုံ့ပြန်သည်။ ခရစ်ဝင်ကျမ်းလေးကျမ်းတွင် သခင်ယေရှုသည် လူ၏ မျက်နှာကို ဆောင်ယူလျက်၊ သာမန်လူကဲ့သို့ မိမိကိုယ်ကို ပြုမူကြောင်း ကျွန်ုပ်တို့အား ဖော်ပြသည့် ထိုသို့သောအကြောင်းအရာများစွာကို မှတ်တမ်းတင်ထားသည်။ ယနေ့ ဘာသာရေးဆိုင်ရာလူတို့သည် ထူးဆန်းသော ဝတ်စားဆင်မြန်းခြင်းပြုသကဲ့သို့ သခင်ယေရှုသည် သီးခြားအမှုအရာဖြင့် ဆင်မြန်းခြင်းမရှိပါ။ ကိုယ်တော်၏ အဝတ်အစားသည် အခြားသူများနှင့် ကွဲပြားခြင်း သို့မဟုတ် အထူးအဆန်းဖြစ်ခြင်း မရှိပါ။ တစ်နည်းဆိုပါက၊ ကိုယ်တော်၏ အသက်ရှင်ခြင်းသည် သာမန်လူသားဖြစ်ခြင်းမျိုးသာ ဖြစ်သည်။ ကိုယ်တော်၏ အသက်ရှင်ခြင်းသည် "လက်သမား၏ သားမဟုတ်လား"ဟု ဆိုရသည်အထိ သာမန်ဖြစ်သည် (မ၊၁၃း၅၅)။ လူတို့၏ အမြင်၌ သခင်ယေရှုသည် သာမန်လက်သမား၏ သား ဖြစ်သည်။ အထူးအဆန်းမဟုတ်ဘဲ၊ ကိုယ်တော်သည် သာမန်လူ ဖြစ်သည်၊ ကိုယ်တော်သည် လူ၏ မျက်မှာကို ယူဆောင်သူဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့သည် ထိုနည်းတူ လူ၏ မျက်နှာကို ယူဆောင်ဖို့လိုအပ်သည်။

အချို့သောယုံကြည်သူများ၌ သူတို့သည် သခင်ဘုရားနောက်သို့ လိုက်ရန် အစပြုသည်နှင့် တစ်ပြိုင်တည်း၊ အခြားသူများထက် သီးသန့်၊ သီးခြားဖြစ်ရမည်ကို စဉ်းစားကြသည်။ ထိုကြောင့် ကျွန်ုပ်တို့သည် သာမန်လူသားဖြစ်ခြင်း၊ အများကဲ့သို့နည်းတူ သာမန်ဖြစ်ရမည်ကို သိနားလည်ဖို့ လိုသည်။ ကျွန်ုပ်တို့သည် ကျမ်းစာကို ဆုတောင်းဖတ်ခြင်း၊ အစည်းအဝေးများတက်ခြင်းနှင့် ဘုရားကို အစေခံသော်ငြားလည်း၊ ကျွန်ုပ်တို့၏ အသွင်သဏ္ဌာန်သည် လူ၏ အသွင်သဏ္ဌာန်သာ ဖြစ်သည်၊ ကျွန်ုပ်တို့၏ မျက်နှာသည် လူ၏ မျက်နှာသာဖြစ်သည်။ ကျွန်ုပ်တို့၏ ဝတ်စားဆင်ယင်မှု၌ ကျွန်ုပ်တို့သည် သီးခြားဖြစ်ခြင်း၊ သူများနှင့်မတူ တမူထူးခြားခြင်း မဟုတ်ဘဲ၊ သာမန်ဖြစ်ရမည်၊ လျော်ကန်ရမည်။ ကျွန်ုပ်တို့သည် ဝိညာဉ်ဆိုင်ရာပို၍ ရှိလာလေလေ၊ သာမန်လူသား ပို၍ ဖြစ်လာရလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ အသက်ဖြစ်သော ခရစ်တော် ကျွန်ုပ်တို့၌ ပို၍ရှိလာလေလေ၊ ကျွန်ုပ်တို့သည် လူ၏မျက်နှာပို၍ရှိလာလေလေဖြစ်သည် (ကော၊၃း၄)။ ဩဝါဒစာစောင်များ၌ မှန်ကန်သောလူသားဖြစ်လာရန် တမန်တော်များက သွန်သင်ထားသည်၊ အထူးသဖြင့် မှန်ကန်သော ခင်ပွန်းများ၊ ဇနီးများနှင့် မိဘများ မည်သို့ဖြစ်ရမည့်အကြောင်း ဖြစ်သည် (ဧ၊၅း၂၂–၆း၉။ ကော၊၃း၁၈–၄း၁)။ ဘုရားသခင်၏ ကယ်တင်ခြင်းသည် ကျွန်ုပ်တို့အား ကိုယ်တော်၏ ထင်ရှားခြင်း၊ လှုပ်ရှားလုပ်ဆောင်ခြင်းနှင့် စီမံခန့်ခွဲခြင်းအတွက် မှန်ကန်သောလူများ ဖြစ်လာစေရန် ဖြစ်သည်။ (*Life-study of Ezekiel*, pp. 50-51)

*ပို၍ဖတ်ရန်-* *Life-study of Ezekiel*, msg. 5

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဗျာ၊ ... ဂျုဒအမျိုးခြင်္သေ့တည်းဟူသော ဒါဝိဒ်၏အမြစ်သည် ထိုစာလိပ်**
**၅း၅ ကိုလည်းကောင်း၊ တံဆိပ်ခုနစ်ချက်တို့ကိုလည်းကောင်း၊ ဖွင့်ခြင်းငှါ**
**အောင်မြင်လေပြီဟု ငါ့ကိုပြောဆို၏။**

**ထွက်၊ ငါသည် အဲဂုတ္တုပြည်လူတို့၌ ပြုသောအကြောင်း၊ သင်တို့ကို လင်းယုန်**
**၁၉း၄ အတောင်ဖြင့်ထမ်း၍၊ ကိုယ်ဘို့သိမ်းယူသောအကြောင်းကို သင်တို့**
**သည် သိမြင်ရကြပြီ။**

ကျွန်ုပ်တို့သည် ခြင်္သေ့၏မျက်နှာကို ယူဆောင်ဖို့လည်းလိုအပ်သည်။ ကျမ်းစာ၌ ခြင်္သေ့သည် ရဲရင့်ခြင်း၊ အားမာန်ရှိခြင်း၊ ခွန်အားရှိခြင်းနှင့် အောင်မြင်ခြင်းကို ပုံဆောင်သည်။ ရုံး၌ သင်သည် မှန်ကန်သောလူဖြစ်နေပါက၊ သင်က အခြားသူများကို ဆွဲယူလိမ့်မည်ဖြစ်သည်။ သို့သော်ငြားလည်း သင်က ဆွဲယူသူများသည် သင့်ကို ပျက်စီးစေနိုင်သည့် "ရောဂါပိုးများ" ဖြစ်နိုင်သည်။ သူတို့သည် သင့်ကို နှစ်သက်ကြသောကြောင့်၊ လောကပျော်ရွှင်မှုတစ်ခုခုသို့ သူတို့နှင့်အတူ လိုက်ပါရန် သင့်ကို ဖိတ်ခေါ်ကောင်းဖိတ်ပေမည်။ ထိုသို့သောအချိန်မျိုး၌ သင်သည် လူတစ်ဦးကဲ့သို့မဟုတ်ဘဲ၊ ခြင်္သေ့ကဲ့သို့ ပြုမူသင့်သည်။ အပြစ်ဖြစ်သော သို့မဟုတ် လောကဆိုင်ရာတစ်စုံတစ်ရာအတွက် ကျွန်ုပ်တို့သည် ခြင်္သေ့ကဲ့သို့ ရဲရင့်ရမည်ဖြစ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ (*Life-study of Ezekiel*, p. 53)

## *ယနေ့ဖတ်စရာ*

တစ်ခါတစ်ရံ လူတို့က သခင်ယေရှုသည် နူးညံ့သိမ်မွေ့ကြောင်း စဉ်းစားကြမည်ဖြစ်သည်။ သို့သော်ငြားလည်း၊ တစ်စုံတစ်ရာဖြစ်ရပ်များအပေါ်တွင် မည်သို့သောအကြောင်းဖြစ်စေ ကိုယ်တော်သည် လုံးလုံးနူးညံ့သိမ်မွေ့ခြင်းမရှိပါ။ ဥပမာ၊ ကိုယ်တော်သည် ဗိမာန်တော်အထဲသို့ ဝင်ရောက်သွားသောအခါ "နွား၊ သိုးနှင့် ချိုးငှက်များကို ရောင်းနေသောသူများနှင့် ထိုင်နေသောပွဲစားများ"ကို တွေ့သောအခါ၊ ကိုယ်တော်သည် အမျက်ဒေါသထွက်သဖြင့်၊ ရိုက်စရာဖို့ ကြိုးသေးများကိုပြုပြင်ပြီးမှ၊ ထိုသူအပေါင်းတို့ကိုလည်းကောင်း၊ သိုး၊ နွားများကိုလည်းကောင်း၊ ဗိမာန်တော်မှနှင်ထုတ်တော်မူ၍၊ ငွေလဲသူတို့၏ငွေတင်ခုံများကို တွန်းပစ်မှောက်ထားတော်မူ၏"(ယော၊၁း၁၄–၁၅)။ ထို့ပြင် မ၊၂၃၌ ကိုယ်တော်သည် ဘာသာရေးသမားများအား "မြွေဆိုးအမျိုးတို့"ဟူ၍ သူတို့အား ပြင်းထန်စွာ ပြောဆိုတော်မူသည် (အငယ်၊၃၃)။ ဤသို့သောအခြေအနေမျိုးတို့၌ ကိုယ်တော်သည် အမှန်ပင် ခြင်္သေ့ကဲ့သို့ ရဲရင့်သည်။ ဗျာ၊၅း၅၌ ကိုယ်တော့်အား "ဂျုဒအ

မျိုးခြသေ့်”ဟူ၍ပင် ခေါ်ဆိုထားသည်။ ကျွန်ုပ်တို့သည်လည်း ခြသေ့်မျက်နှာရှိရမည့် အချိန်များ လိုအပ်သည်။

ကျမ်းစာ၌ ခြသေ့်သည် ရဲရင့်ခြင်း၊ အားမာန်ရှိခြင်း၊ ခွန်အားရှိခြင်းနှင့် အောင်မြင်ခြင်းသာမက၊ အုပ်စိုးခြင်းကိုလည်း ပုံဆောင်သည်။ ခြသေ့်သည် တိရစ္ဆာန်တို့၏ ဘုရင်ဖြစ်သည်။ အသစ်တစ်ဖန်မွေးဖွားခြင်းဖြင့် အသက်ရှင်သောသတ္တဝါများဖြစ်လာသည့် ကျွန်ုပ်တို့သည် ဘုရားကို ထင်ရှားသောလူများ ဖြစ်လာရုံသာမက၊ ဘုရားအတွက် အုပ်စိုးရန် ခြသေ့်များလည်း ဖြစ်ရမည်။ အပြစ်၊ လောကနှင့် စာတန်အတွက် ကျွန်ုပ်တို့သည် ခြသေ့်ကဲ့သို့ ခွန်အားရှိ၍ ရဲရင့်မည်ဆိုလျှင်၊ ဘုရားသခင်သည် ကျွန်ုပ်တို့အားဖြင့် ကိုယ်တော်၏ အုပ်စိုးခြင်းကို ထူထောင်နိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့သည် လူမျက်နှာနှင့် ခြသေ့်မျက်နှာ သာမက၊ နွားမျက်နှာလည်း ရှိဖို့လိုအပ်သည်။ ခြသေ့်၏မျက်နှာကို နွား၏မျက်နှာဖြင့် ထိန်းညှိရမည်ဖြစ်သည်။ သင်၏ရုံးတွင် သင်၌ ခြသေ့်မျက်နှာ ရှိမည်ဆိုလျှင်၊ ထိုတစ်ခုတည်းသည် အခြားသူများအား နားလည်လက်ခံစေနိုင်မည်မဟုတ်ပါ။ သင်သည် နွားမျက်နှာရှိခြင်းဖြင့် ထိန်းညှိဖို့လိုအပ်သည်။ နွားသည် ဝန်ထုပ်ကို မရန်၊ အလုပ်ကို လုပ်ရန်နှင့် ကိုယ်တိုင်စွန့်လွှတ်အနစ်နာခံရန် အလိုဆန္ဒရှိသောသတ္တဝါ ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ထိုသို့သော အသွင်သဏ္ဌာန်ရှိရန်နှင့် အခြားသူများကို အစေခံခြင်း၊ ဝန်တာယူခြင်း၊ တာဝန်ကို ဂရုစိုက်ခြင်းနှင့် ကျွန်ုပ်တို့၏ အသက်တာကို ဆက်ကပ်ခြင်း၏ စစ်မှန်သော ထင်ရှားခြင်း ရှိဖို့လိုအပ်သည်။ ရုံးခန်းကို ရှင်းလင်းဖို့ လိုအပ်လာသောအခါ၊ သင်သည် အခြားအလုပ်သမားများထက်ပင် အလုပ်ကို ပိုလုပ်၍ ရှင်းလင်းဖို့ကို ဦးဆောင်မှုပြုရမည်ဖြစ်သည်။ ဤနည်းလမ်း၌ သင်သည် သင်၏လုပ်ဖော်ကိုင်ဖက်တို့ကို စွန့်လွှတ်အနစ်နာခံရန်၊ အခြားသူများကို ကူညီရန်နှင့် သူတို့ကို အစေခံရန် ဆန္ဒရှိကြောင်း ပြသရမည်ဖြစ်သည်။ ထိုနောက် သင်သည် နွားမျက်နှာ၏ စစ်မှန်ခြင်း ရှိလာလိမ့်မည်ဖြစ်သည်။

ထို့အပြင်၊ ကျွန်ုပ်တို့သည် နောက်ဘက်၌ ဝှက်ထားသောမျက်နှာ– လင်းယုန်၏ မျက်နှာလည်း ရှိဖို့လိုအပ်သည်။ ဘုရားသခင်သည် အဲဂုတ္တုမှ အစ္စရေးလူတို့ကို ခေါ်ဆောင်ပြီးနောက်၊ ကန္တာရတောအထဲသို့ သူတို့ကို ဦးဆောင်သွားသောအခါ၊ ကိုယ်တော်က သူတို့အား “သင်တို့ကို လင်းယုန်အတောင်ဖြင့် ထမ်း၍ ကိုယ်ဘို့ သိမ်းယူသောအကြောင်း”ကို မိန့်ဆိုသည် (ထွက်၊၁၉း၄)။ ဤအရာကို ကျမ်းစာ၌ လင်းယုန်သည် တန်ခိုးကြီးသော၊ တက်ကြွတော်မူသော ဘုရားသခင်ကို ပုံဆောင်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ ဘုရား၌ တက်ကြွခြင်းတန်ခိုး၊ ဖေ့ါဂုဏ်သတ္တိတန်ခိုးရှိသည်။ မည်သည့်အရာ

မျှ ကိုယ်တော့်ကို ချုပ်ထိန်းခြင်း၊ ကိုယ်တော့်ကို ဖိနှိပ်ခြင်းနှင့် ကိုယ်တော့်ကို ဆွဲချခြင်း မပြုနိုင်ပါ။ သင်သည် ကိုယ်တော့်အား ချုပ်ထိန်းရန် ပို၍ကြိုးစားလေလေ၊ ကိုယ်တော်သည် ပို၍ ပေါ့ပါးကာ ပို၍တက်ကြွလေလေ ဖြစ်ပေမည်။ ခရစ်ယာန်တစ်ဦး၌ သူ၏အတွင်းထဲတွင် ဘုရားအသက်ရှိသည်။ ထိုအသက်သည် ကျွန်ုပ်တို့ကို ဖော့ဂုဏ်သတ္တိနှင့် တက်ကြွခြင်း၏ထင်ရှားခြင်းဖြစ်စေသည့် တက်ကြွခြင်းအသက်ဖြစ်သည်။ ဤအရာသည် လင်းယုန်မျက်နှာ၏ အရေးကြီးသောအကြောင်းအရာဖြစ်သည်။

ကျွန်ုပ်တို့သည် နှိပ်စက်ညှဉ်းပန်းခြင်းနှင့် ချီးမွမ်းခြင်း နှစ်ခုလုံးကို အောင်မြင်နိုင်ရန် လင်းယုန်ကဲ့သို့ ဖြစ်ဖို့လိုသည်။ တစ်ခါတစ်ရံ နှိပ်စက်ညှဉ်းပန်းခြင်းကို အောင်မြင်ရန်ထက် ချီးမွမ်းခြင်းကို အောင်မြင်ရန် ပို၍ခက်ခဲပေသည်။ လူအချို့တို့သည် နှိပ်စက်ညှဉ်းပန်းခြင်းကို အောင်မြင်နိုင်သော်လည်း၊ သူတို့သည် ချီးမွမ်းခြင်းကို မအောင်မြင်နိုင်ကြပါ။ ဤအရာသည် ကျွန်ုပ်တို့နှင့်အတူရှိရမည့်အကြောင်းအရာ မဟုတ်ပါ။ ကျွန်ုပ်တို့သည် နှိပ်စက်ညှဉ်းပန်းခြင်းကို ခံရသည်ဖြစ်စေ၊ ချီးမွမ်းခြင်းကို ခံရသည်ဖြစ်စေ၊ လင်းယုန်အတောင်များဖြင့် အဝေးသို့ ပျံသန်းနိုင်ဖို့ လိုသည်။ ကျွန်ုပ်တို့သည် ဖော့နိုင်သော ဂုဏ်သတ္တိနှင့် တက်ကြွခြင်းရှိဖို့လိုသည်။ ကိုယ်တော်သည် လူငါးထောင်အား မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ဖြင့် ကျွေးမွေးပြီးနောက် လူတို့သည် ကိုယ်တော့်အား ဘုရင်တင်မြှောက်ရန် ကြိုးစားခြင်းမှာ ယောဟန်၊၁၂၌ သခင်ယေရှု၏အကြောင်း အမှန်ပင်ဖြစ်သည် (ယော၊၆း၁၅)။ ကိုယ်တော့်အား ကိုင်ဆွဲထားခြင်းမပြုနိုင်ကြောင်းမှာ ကိုယ်တော်၌ လင်းယုန်၏တန်ခိုးရှိခြင်းနှင့် တက်ကြွခြင်းတန်ခိုး ရှိသောကြောင့် ဖြစ်သည်။ (*Life-study of Ezekiel*, pp. 53-55)

*ပို၍ဖတ်ရန်-* *Life-study of Ezekiel*, msg. 5

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဟေဗြဲ၊ ထိုသားတော်သည် ဘုရားသခင်၏ဘုန်းတော်ရောင်ခြည်နှင့် ဇာတိအ**
**၁း၃ ဖြစ်တော်၏ခတ်နှိပ်ထားသောတံဆိပ်ဖြစ်၍၊ ...ထောက်မတော်မူသော သူဖြစ်လျက်၊ ငါတို့အပြစ်များကို ကိုယ်တော်တိုင်အားဖြင့် စင်ကြယ်စေပြီးလျှင် မြင့်သောအရပ်မှာ တန်ခိုးအာနုဘော်တော်၏လက်ယာတော်ဘက်၌ ထိုင်တော်မူ၏။**

**၄း၁၄ ယခုမူကား၊ ကောင်းကင်များကို ဖြတ်ကျော်တော်မူသော ယဇ်ပုရောဟိတ်မင်းအကြီးတည်းဟူသော ဘုရားသခင်၏သားတော်ယေရှုသည် ငါတို့၌ ရှိတော်မူသောကြောင့်၊ ငါတို့သည် ဝန်ခံခဲ့ပြီးသောအရာ၌ တည်ကြည်ကြကုန်အံ့။**

အပေါင်းလက္ခဏာဆောင်သောအရာအားလုံးသည် ကောင်းကင်ဆိုင်ရာဖြစ်ကြောင်း အမြင်သဘောထားရှိသည့် ဟေဗြဲစာစောင်၌ ခရစ်တော်သည် ကောင်းကင်များ၌ ရှိသောအရှင်ဖြစ်ကြောင်း ကျွန်ုပ်တို့ကို ဖေါ်ပြထားသည်။ ခရစ်ဝင်ကျမ်းများ၌ ခရစ်တော်သည် မြေကြီးပေါ်တွင် အသက်ရှင်နေထိုင်ပြီး၊ ရွေးနုတ်ခြင်း ပြီးမြောက်အောင်မြင်ခြင်းအတွက် ကားတိုင်ပေါ်တွင်အသေခံကြောင်း ဖေါ်ပြထားသည်။ တမန်တော်ဝတ္တု၌ ရှင်ပြန်ထမြောက်တော်မူပြီး တက်ကြွတော်မူသော ခရစ်တော်သည် လူတို့ကို ဧဝံဂေလိတိုးပွါးရန် အမှုဆောင်သောသူအဖြစ် ဖေါ်ပြထားသည်။ ရောမစာစောင်၌ ဖြောင့်မတ်ခြင်းသို့ရောက်စေခြင်းအတွက် ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်းဖြစ်တော်မူသော ခရစ်တော်နှင့် သန့်ရှင်းစင်ကြယ်ခြင်း၊ ပုံသဏ္ဍာန်ပြောင်းလဲခြင်း၊ ပုံသဏ္ဍာန်တူလာခြင်း၊ ဘုန်းထင်ရှားခြင်းနှင့် တည်ဆောက်ခြင်းအတွက် ကျွန်ုပ်တို့၏ အသက်ဖြစ်သော ခရစ်တော်ကို ဖေါ်ပြထားသည်။ ဂလတိကျမ်းစာစောင်၌ ပညတ်တရား၊ ဘာသာရေး၊ ထုံးတမ်းဓလေ့နှင့် အသင်းအဖွဲ့များနှင့် ဆန့်ကျင်ဘက်ဖြစ်သော အသက်တာကို ကျွန်ုပ်တို့အား အသက်ရှင်စေရန် တတ်စွမ်းနိုင်သည့် ခရစ်တော်ကို ဖေါ်ပြထားသည်။ ဖိလိပ္ပိစာစောင်၌ ကိုယ်တော်၏ အင်္ဂါဝင်များမှ ရှင်ထွက်သော ခရစ်တော်ကို ဖေါ်ပြထားသည်။ ဧဖက်စာစောင်နှင့် ကောလောသဲစာစောင်၌ အသက်၊ ပါဝင်သောအကြောင်းအရာနှင့် အသင်းတော်၊ ကိုယ်ခန္ဓာတော်၏ ဦးခေါင်းဖြစ်သော ခရစ်တော်ကို ဖေါ်ပြထားသည်။ ၁ကောစာစောင်နှင့် ၂ကောစာစောင်၌ လက်တွေ့ကျသောအသင်းတော်အသက်တာ၌ အရာခပ်သိမ်းဖြစ်သော ခရစ်တော်ကို ဖေါ်ပြထားသည်။ ၁သက်စာစောင်နှင့် ၂သက်စာစောင်တို့၌ ကိုယ်တော်ပြန်

ကြွလာခြင်းအတွက် ကျွန်ုပ်တို့၏ သန့်ရှင်းခြင်းဖြစ်သော ခရစ်တော်ကို ဖော်ပြထားသည်။ ၁တိစာစောင်၊ ၂တိစာစောင်နှင့် တိတုစာစောင်တို့၌ ဘုရားသခင်၏ အိမ်တော်၌ ကျွန်ုပ်တို့ကိုယ်တိုင် မည်သို့ပြုမူလုပ်ဆောင်ရမည်ကို ကျွန်ုပ်တို့အား သိနားလည်စေသည့် ဘုရားသခင်၏ စီမံကိန်းသည် ခရစ်တော်ဖြစ်ကြောင်း ဖော်ပြထားသည်။ ပေတရု၏ စာစောင်များ၌ ဘုရားသခင်စီမံခန့်ခွဲထားသော အုပ်စိုးခြင်းနှင့်ဆိုင်သည့် ဒုက္ခဆင်းရဲခံစားခြင်းကို ကျွန်ုပ်တို့ခံယူနိုင်ရန် ကူညီပေးသည့် ခရစ်တော်ကို ဖော်ပြထားသည်။
(Heb. 1;3, footnote 4)

## *ယနေ့ဖတ်စရာ*

ယောဟန်၏ စာစောင်များ၌ ဘုရား၏ မိသားစုတွင် ဘုရားသားများ၏ အသက်နှင့် မိတ်သဟာယဖြစ်သည့် ခရစ်တော်ကို ဖော်ပြထားသည်။ ဗျာဒိတ်ကျမ်း၌ ဤခေတ်ကာလတွင် အသင်းတော်များအလယ်တွင် လျှောက်လှမ်းနေပြီး၊ လာမည့်ခေတ်ကာလတွင် နိုင်ငံတော်၌ ကမ္ဘာလောကကို အုပ်စိုး၍၊ ထာဝရကာလအတွက် ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ အပြည့်အဝဘုန်းထင်ရှားခြင်းဖြင့် ဘုရားသခင်ကို ထင်ရှားစေမည့် ခရစ်တော်ကို ဖော်ပြထားသည်။ ဟေဗြဲစာစောင်၌ ကောင်းကင်ဆိုင်ရာအသက်၊ ကျေးဇူးတော်၊ အခွင့်အာဏာနှင့် တန်ခိုးကို ကျွန်ုပ်တို့ထံအမှုဆောင်ရန်နှင့် မြေကြီးပေါ်တွင် ကောင်းကင်ဆိုင်ရာအသက်ကို ကျွန်ုပ်တို့ တည်တံ့အသက်ရှင်ရန် ကျွန်ုပ်တို့ကို အမှုဆောင်သူ(ဂ း ၂)နှင့် ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်မင်းဖြစ်သော(၄း၁၄–၁၅။ ၇း ၂၆) ကောင်းကင်များ၌ ယခုရှိနေသော ခရစ်တော်ကို ဖော်ပြထားသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို နေ့စဉ် ကယ်တင်မှုပေးနေသောအရှင်နှင့် အချိန်တိုင်း မစထောက်ပံ့နေသောအရှင်ဖြစ်သည့် ယခုရှိနေသောခရစ်တော်၊ ယနေ့ရှိသောခရစ်တော်နှင့် ကောင်းကင်များ၌ ပလ္လင်တော်ပေါ်တွင်ရှိသောခရစ်တော် ဖြစ်သည်။ (Heb. 1;3, footnote 4)

ကိုယ်တော်၏ ပြည့်စုံသောအမှုတော်၌၊ ကိုယ်တော်၏ လူ့ဇာတိခံယူခြင်းပထမအဆင့်၌၊ ခရစ်တော်သည် ကြီးမားသောအကြောင်းအရာလေးခုကို ပြီးမြောက်အောင်မြင်ခဲ့သည်။ – ပထမမှာ ကိုယ်တော်သည် အကန့်အသတ်ရှိသောလူအထဲသို့ အကန့်အသတ်မရှိသောဘုရားကို ယူဆောင်ခဲ့သည်။ – ဒုတိယမှာ ကိုယ်တော်သည် သုံးပိုင်းရှိသောလူနှင့်အတူ သုံးပါးတစ်ပါးဘုရားကို ပေါင်းစည်းခြင်း၊ ရောနှောပေါင်းစည်းခြင်းကို ပြုခဲ့သည်။ – တတိယမှာ ကိုယ်တော်သည် သူ၏ မွေးကြိုင်သော ကောင်းမြတ်ခြင်းများဖြင့် သူ၏ ကြွယ်ဝခြင်းများ၌ စစ်၍မကုန်နိုင်သောဘုရားကို ထင်ရှားစေခဲ့သည်။– စတုတ္ထမှာ နောက်ဆုံးတွင် ကိုယ်တော်၏ အရာအားလုံးပါဝင်သော တရားစီရင်ခြင်းဆိုင်ရာ

ရွေးနုတ်ခြင်းကို ပြီးမြောက်အောင်မြင်စေခဲ့သည်။ ပထမအကြောင်းအရာနှစ်ခုသည် ကိုယ်တော်၏ မွေးဖွားခြင်းနှင့် သက်ဆိုင်သည်။ တတိယအကြောင်းအရာသည် ကိုယ်တော်၏ လူသားအသက်ရှင်ခြင်းနှင့် သက်ဆိုင်သည်။ စတုတ္ထအကြောင်းအရာသည် ကိုယ်တော်၏ အသေခံခြင်းနှင့် သက်ဆိုင်သည်။ ကိုယ်တော်သည် သူ၏ လူသားအသက်ရှင်ခြင်းကို ဖြတ်ကျော်ပြီးနောက် သူ၏ အရာအားလုံးပါဝင်သော တရားစီရင်ခြင်းဆိုင်ရာ ရွေးနုတ်ခြင်းကို ပြီးမြောက်အောင်မြင်ခြင်းအတွက် ကားတိုင်ပေါ်တွင် အသေခံရန် တက်ရောက်ခဲ့သည်။

ခရစ်တော်၏ အရာအားလုံးပါဝင်သော တရားစီရင်ခြင်းဆိုင်ရာ ရွေးနုတ်ခြင်းတွင် အကြောင်းအရာငါးခု ပါရှိသည်။ ပထမမှာ ကိုယ်တော်သည် ဖန်ဆင်းခြင်းအဟောင်း၏ အရာအားလုံးကို အဆုံးသတ်စေခဲ့သည်။ ဒုတိယမှာ ကိုယ်တော်သည် ဘုရားသခင်ဖန်ဆင်းထားသောအရာအားလုံးနှင့် အပြစ်၌ ကျဆင်းသွားသောအရာအားလုံးကို ရွေးနုတ်ခဲ့သည် (ဟေဗြဲ၊ ၂း၉။ ကော၊၁း ၂၀)။ တတိယမှာ ကိုယ်တော်သည် သူ၏ ဘုရားဒြပ်သဘောသဘာဝဖြင့် လူသစ်ကို ဖန်ဆင်းခဲ့သည် (မွေးဖွားခဲ့သည်) (ဧ၊ ၂း၁၅)။

စတုတ္ထမှာ ခရစ်တော်သည် သူ၏ အရာအားလုံးပါဝင်သော တရားစီရင်ခြင်းဆိုင်ရာ ရွေးနုတ်ခြင်းကို အောင်မြင်သွားသောအခါ၊ သူ၏ လူသားဖြစ်ခြင်းအခွံမှ သူ၏ ဘုရားအသက်ကို လွတ်မြောက်စေခဲ့သည် (ယော၊၁၂း ၂၄)။ ခရစ်တော်၌ ဘုရားအသက်ရှိသည်၊ သို့သော် ထိုအသက်သည် ကိုယ်တော်၏ လူသားဖြစ်ခြင်းအခွံ၌ ဖုံးအုပ်ထားခြင်းခံရသည်။ ထို့ကြောင့် ကိုယ်တော်၏ လူသားဖြစ်ခြင်းအခွံမှ သူ၏ ဘုရားအသက်လွတ်မြောက်စေရန် သူ၏ လူသားဖြစ်ခြင်းအခွံကို ချိုးဖျက်ရန်အတွက် ကိုယ်တော်သည် ကားတိုင်ပေါ်တွင် ဆင်းရဲဒုက္ခခံစား၍အသေခံရခြင်း ဖြစ်သည်။

ပဉ္စမမှာ ကိုယ်တော်၏ အရာအားလုံးပါဝင်သော တရားစီရင်ခြင်းဆိုင်ရာ အသေခံခြင်းကို အောင်မြင်ခြင်း၌ ခရစ်တော်သည် ကိုယ်တော်၏ ရှင်သန်သောကယ်တင်ခြင်းအတွက် အခြေခံအုတ်မြစ်ကို ချပြီး၊ ကိုယ်တော်ပါဝင်နေသောအဆင့်၌ သူ၏ အမှုတော်ကို ရယူရန် လုပ်ငန်းစဉ်ကို ချမှတ်ခဲ့သည်။ ခရစ်တော်၏ တရားစီရင်ခြင်းဆိုင်ရာ ရွေးနုတ်ခြင်းသည် ကိုယ်တော်၏ ရှင်သန်သောကယ်တင်ခြင်း၏ အုတ်မြစ်ဖြစ်သည်။ (*How to be a Co-worker and an Elder and How to Fulfill Their Obligations,* pp. 21-22)

*ပို၍ဖတ်ရန်- How to be a Co-worker and an Elder and How to Fulfill Their Obligations,* ch. 1; *Incarnation, Inclusion, and Intensification,* chs. 1-2

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**တ၊ ၁၃း၃၃** **"သင်သည် ငါ့သားဖြစ်၏။ ယနေ့ပင် သင့်ကို ငါဖြစ်ဖွားစေပြီ" ဟု ဆာလံကျမ်းဒုတိယခန်း၌ လာသည်နှင့်အညီ၊ ဘုရားသခင်သည် ယေရှုကို ထမြောက်စေတော်မူသဖြင့်၊ ဤကတိတော်ကို ထိုသူတို့၏ သားဖြစ်သော ငါတို့အား ပြည့်စုံစေတော်မူပြီ။**

**၁ပေ၊ ၁း၃** **ယေရှုခရစ်ကို သေခြင်းမှ ထမြောက်စေတော်မူသောအားဖြင့် ကြီးစွာသောကရုဏာတော်နှင့်အညီ ငါတို့အား အသက်ရှင်သောမျှော်လင့်ခြင်းသို့ အသစ်မွေးဖွားပေးတော်မူသော ငါတို့သခင်ယေရှုခရစ်၏ ဘုရားသခင်နှင့် ခမည်းတော်သည် မင်္ဂလာရှိတော်မူစေသတည်း။**

**၁ကော၊ ၁၅း၄၅** **... ယခုတွင် နောက်ဆုံးဖြစ်သော အာဒံမူကား၊ အသက်ပေးသောဝိညာဉ်တော်*ဖြစ်၏*။**

ရှင်ပြန်ထမြောက်ခြင်းသည် အကြောင်းအရာသုံးခုကို ဖော်ပြသည်။ ပထမမှာ ရှင်ပြန်ထမြောက်ခြင်း၌ ခရစ်တော်သည် ဘုရားသခင်၏ သားဦးဖြစ်လာရန် မွေးဖွားခြင်းခံရသည်။ တ၊၁၃း၃၃၌ ဤနေ့ရက်သည် ရှင်ပြန်ထမြောက်ခြင်းနေ့ရက် ဖြစ်သည်။ လူ့ဇာတိခံယူခြင်းမတိုင်မီကပင် ခရစ်တော်သည် တစ်ပါးတည်းသော ဘုရားသားတော်အဖြစ် မွေးဖွားပြီးဖြစ်သည် (ယော၊၁း၁၈)။ ကိုယ်တော်၏ လူ့ဇာတိခံယူခြင်းသည် တစ်ပါးတည်းသောဘုရားသားတော်၏ ကြွလာခြင်းဖြစ်သည် (၃း၁၆)။ ထိုဘုရားသားတော်သည် လူဖြစ်လာရန် လူ့ဇာတိခံယူခြင်းဖြစ်သည်။ သို့သော် တ၊၁၃း၃၃တွင် ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားသခင်သည် များစွာသောညီအစ်ကိုများအလယ်တွင် ဘုရားသားတော်ကို သားဦးဖြစ်လာရန် မွေးဖွားစေခဲ့ကြောင်း ဖွင့်ပြထားသည် (ရော၊၈း၂၉)။ (*The Practical Way to Live a Life according to High Peak of the Divine Revelation in the Holy Scriptures*, p. 33)

## ယနေ့ဖတ်စရာ

သို့သော် ကျမ်းစာက ကျွန်ုပ်တို့အား ဘုရား–ရွေးချယ်ခံလူများဖြစ်သော ကျွန်ုပ်တို့သည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ အသစ်တစ်ဖန်မွေးဖွားခြင်းခံရကြောင်း ပြောဆိုထားသည် (၁ပေ၊၁း၃)။ ဘုရားသခင်သည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းဖြင့် ကျွန်ုပ်တို့ကို အသစ်တစ်ဖန်မွေးဖွားခဲ့သည်။ ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားသခင်သည် သားတော်၊ ယေရှုခရစ်တော်ကို မွေးဖွားစေခဲ့သည်၊ ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားသခင်သည် များစွာသောသားများကို အသစ်တဖန်မွေးဖွားစေသည်။ ဤအရာက

ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းသည် ကြီးမားသောမွေးဖွားခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ကို ပြသခြင်းဖြစ်သည်။ တုန့်ရှုံင်းရာမဲ့ရှင်ပြန်ထမြောက်ခြင်း၌ ခရစ်တော်သည် မွေးဖွားခြင်းခံရပြီး၊ ကျွန်ုပ်တို့သည် အသစ်တစ်ဖန်မွေးဖွားခြင်းခံရသည်၊ ထို့ကြောင့် ကျွန်ုပ်တို့သည် အတူတူမွေးဖွားခြင်း၌ ကိုယ်တော်၏ "အမွှာများ" ဖြစ်ကြသည်။

ကျွန်ုပ်တို့၏ ဇာတိစဉ်းစားခြင်းအရဆိုလျှင်၊ ကျွန်ုပ်တို့သည် ခရစ်တော်ရှင်ပြန်ထမြောက်ပြီးနောက်မှ၊ သတ်မှတ်ထားသောနေ့ရက်အချိန်၌ အသစ်တစ်ဖန်မွေးဖွားခံရခြင်းဖြစ်ကြောင်း စဉ်းစားကြမည်ဖြစ်သည်။ သို့သော် ကျမ်းစာက ကျွန်ုပ်တို့အား ခရစ်တော်ကို ရှင်ပြန်ထမြောက်စေသောအချိန်တွင် ကျွန်ုပ်တို့အား အသစ်တစ်ဖန်မွေးဖွားကြောင်း ပြောဆိုထားသည်။ ဇာတိနားလည်ခြင်းနှင့် ဖွင့်ပြသောသမ္မာတရားသည် မည်မျှ ခြားနားပါသကား။

သင်သည် အခြားတစ်ယောက်အား ခရစ်တော်ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားသခင်ပြီးမြောက်အောင်မြင်ခဲ့သောအရာကို မေးကြည့်ပါက၊ သူက ဘုရားသခင်သည် ခရစ်တော်ကို သေခြင်းမှထမြောက်စေကြောင်းသာ ပြောဆိုမည်ဖြစ်သည်။ ဤအရာသည် အခြေခံကျပြီး၊ ကျမ်းစာအတိုင်းဆိုသည်မှာ မှန်ပါသည်။ သို့သော် ဤကျမ်းစာ၌ပင် ခရစ်တော်ရှင်ပြန်ထမြောက်ခြင်း၏ မူလအဓိပ္ပါယ်ကို ကျွန်ုပ်တို့အား ဖေါ်ပြသည့် အံ့သြဖွယ်ကျမ်းပိုဒ်သုံးပိုဒ် ရှိသည်။ ပထမကျမ်းပိုဒ်မှာ တ၊၁၃း၃၃တွင် ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားသခင်သည် မွေးဖွားခြင်းတစ်ခုကို ပြီးမြောက်အောင်မြင်ကြောင်း ပြောဆိုထားသည်။ ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားသခင်သည် သူ၏ သားဦးဖြစ်လာစေရန် ခရစ်တော်ကို မွေးဖွားခဲ့သည်။ ထို့နောက် ၁ပေ၊၁း၃၌ ရှင်ပြန်ထမြောက်ခြင်းဖြင့် ဘုရားသခင်သည် ဘုရား–ရွေးချယ်ခံလူ သန်းပေါင်းများစွာဖြစ်သည့် ကျွန်ုပ်တို့ကို အသစ်တစ်ဖန်မွေးဖွားခဲ့သည်။ ဤအရာသည် ရှင်ပြန်ထမြောက်ခြင်း၌ ကြီးမားသောမွေးဖွားခြင်း၊ ကြီးမားသောဖြစ်ပွားစေခြင်း ဖြစ်သည်။ တတိယမှာ ၁ကော၊၁၅း၄၅ခတွင် ရှင်ပြန်ထမြောက်ခြင်း၌ နောက်ဆုံးသောအာဒံ၊ လူသားယေရှုသည် အသက်ပေးသောဝိညာဉ်တော် ဖြစ်လာကြောင်း ပြောဆိုထားသည်။ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ ဤကြီးမားသောအရာသုံးခု ပေါ် ထွက်လာခဲ့သည်၊ ပြီးမြောက်အောင်မြင်ခဲ့သည်။

ယနေ့ ရှင်ပြန်ထမြောက်ခြင်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်၏ ကျမ်းစာလေ့လာခြင်းသည် ကြည်လင်ပြတ်သားစွာ မြင်တွေ့လာပြီးဖြစ်သည်။ ဤကြည်လင်ပြတ်သားစွာလေ့လာတွေ့ရှိခြင်းမှာ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းသည် သေခြင်းမှ ကိုယ်တော့်အား ဘုရားသခင်ထမြောက်စေခြင်းမျှသာ မဟုတ်ပါ။ ဘုရားဆိုင်ရာလုပ်ဆောင်ခြင်းဤတစ်

ခုတည်း၌ ဘုရားသခင်သည် ကြီးမားသောအရာသုံးခုကို ပြီးမြောက်အောင်မြင်စေခဲ့သည်။ ကိုယ်တော်သည် သူ၏တစ်ပါးတည်းသားတော်ကို မွေးဖွားစေခြင်းမဟုတ်ဘဲ၊ သူ၏သားဦးကို မွေးဖွားစေခြင်းဖြစ်သည်။ ဤမွေးဖွားခြင်း၌ ကိုယ်တော်သည် သူ၏များစွာသောသားများကို မွေးဖွားစေခဲ့သည်။ ကိုယ်တော်သည် အသက်ပေးသောဝိညာဉ်တော်၊ ဘုရား၏မွေးဖွားခြင်းခံရသော ဤယေရှုခရစ်တော်ကို ဖြစ်ပွားစေခဲ့သည်။

ဘုရားသခင်၏စီမံကိန်းတစ်ခုလုံးကို ဤအကြောင်းအရာသုံးခုအားဖြင့် အကောင်အထည်ဖေါ်လုပ်ဆောင်သည်။ ကျမ်းစာမှ တ၊၁၃း၃၃၊ ၁ပေ၊၁း၃နှင့် ၁ကော၊ ၁၅း၄၅ခ ကျမ်းပိုဒ်သုံးပိုဒ်ကို သင်သည် ချန်လှပ်လိုက်မည်ဆိုလျှင်၊ ဘုရားသခင်၏ သားဦး၊ ဘုရား၏များစွာသောသားများနှင့် အသက်ပေးသောဝိညာဉ်တော်သည် ဘုရားဆိုင်ရာဖွင့်ပြခြင်း၌ မရှိသောအရာဖြစ်သွားလိမ့်မည်ဖြစ်သည်။ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းနှင့်ဆိုင်သည့် ဤအကြောင်းအရာများသည် ကျမ်းစာ၌ ရှိလျက်ပင်၊ ၎င်းသည် ယနေ့ခရစ်ယာန်လောက၏ အဓိကသွန်သင်ခြင်းတွင် လုံးလုံးမရှိဖြစ်နေရသည်။ သခင်ဘုရား၏ရှင်ပြန်ထမြောက်ခြင်း၏ဤအဓိကအကြောင်းအရာများ မပါရှိခြင်းမှာ အသင်းတော်မပါရှိခြင်း၊ ကိုယ်ခန္ဓာတော်မပါရှိခြင်း ဖြစ်နေသည်။ ကျမ်းစာ၌ ဖေါ်ပြသော ဘုရား၏သားဦး၊ ဘုရား၏များစွာသောသားများနှင့် အသက်ပေးသောဝိညာဉ်တော် မပါရှိခြင်းသည် ဘုရားသခင်၏စီမံကိန်း မပါရှိခြင်းဖြစ်နေသည်။ ဤအကြောင်းအရာများသည် များစွာသောခရစ်ယာန်တို့အတွက် အသစ်ဖြစ်နေသော်လည်း၊ ဤအရာများသည် ကျမ်းစာတွင် အသစ်မဟုတ်ပါ။ (*The Practical Way to Live a Life according to High Peak of the Divine Revelation in the Holy Scriptures*, pp. 33-35)

*ပို၍ဖတ်ရန်- The Practical Way to Live a Life according to High Peak of the Divine Revelation in the Holy Scriptures*, ch. 3

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

## နံနက်ခင်းကျွေးမွေးခြင်း

**ဗျာ၊ ၅း၆ … အသေသတ်ပြီးခါစရှိသော သိုးသူငယ်သည် ချိုခုနစ်ချောင်းနှင့် မျက်စိ ခုနစ်လုံးရှိလျက် ရပ်လျက်ရှိသည်ကို ငါမြင်၏။ ယင်းတို့သည် မြေကြီးတစ်ပြင်လုံးသို့ လွှတ်သောဘုရားသခင်၏ ဝိညာဉ်တော်ခုနစ်ပါး ဖြစ်၏။**

**၃း၁၂ အကြင်သူသည် အောင်မြင်၏။ ထိုသူကို ငါ၏ဘုရားသခင့်ဗိမာန်တော်၌ တိုင်ဖြစ်စေမည်။ နောက်တစ်ဖန်သူသည် ပြင်သို့မရွေ့ရ။ ငါ၏ဘုရားသခင့် နာမတော်ကိုလည်းကောင်း၊ ငါ၏ဘုရားသခင့် အထံတော်ကောင်းကင်ဘုံမှ ဆင်းသက်သောယေရုရှလင်မြို့သစ်တည်းဟူသော ငါ၏ဘုရားသခင့်မြို့တော်၏နာမကိုလည်းကောင်း၊ ငါ၏နာမသစ်ကိုလည်းကောင်း ထိုသူအပေါ်၌ ငါသည် အက္ခရာတင်မည်။**

ကိုယ်တော်၏ အရှိန်အဟုန်မြှင့်တင်ခြင်း၏ တတိယအဆင့်၌ ခရစ်တော်လုပ်ဆောင်တော်မူသော ပထမအရာမှာ ကိုယ်တော်၏ ရှင်သန်သောကယ်တင်ခြင်းကို အရှိန်အဟုန်မြှင့်တင်ရန် ဖြစ်သည်။ ကိုယ်တော်၏ အရာအားလုံးပါဝင်ခြင်း၏ ဒုတတိယအဆင့်၌ ချူမာခရစ်တော်အဖြစ် ကိုယ်တော်လုပ်ဆောင်ခဲ့သည့် ရှင်သန်သောကယ်တင်ခြင်းသည် ပြည့်စုံလုံလောက်စွာ အခိုင်အမာရှိပြီးဖြစ်သည်။ သို့သော် အရှိန်အဟုန်မြှင့်တင်ခြင်းအဆင့်၌ ကိုယ်တော်သည် သူ၏ရှင်သန်သောကယ်တင်ခြင်းကို အရှိန်ခုနစ်ဆမြှင့်တင်မည်ဖြစ်သည်။ ကိုယ်တော်၏ အမှုတော်အတွက် ကိုယ်တော်၏ အရာအားလုံးပါဝင်သောအဆင့်၌ ခရစ်တော်သည် အသင်းတော်ကို ထုတ်လုပ်ခြင်းနှင့် ယေရုရှလင်မြို့သစ်ပြီးမြောက်ပြည့်စုံရန် သူ၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် သူ၏ရှင်သန်သောကယ်တင်ခြင်းကို လုပ်ဆောင်ရန် ချူမာခရစ်တော်၊ အသက်ပေးသောဝိညာဉ်တော်ဖြစ်လာခဲ့သည်။ သို့သော်ငြားလည်း ကိုယ်တော်၏ ရည်ရွယ်ချက်မရောက်သေးမီ၊ အရာအားလုံးပါဝင်သောအဆင့်၌ ကိုယ်တော်၏ အမှုတော်လမ်းပေါ် တွင် အသင်းတော်သည် ကျဆင်းသွားခဲ့သည်။ ထိုကျဆင်းခြင်းသည် ဘုရားသခင်၏ ထာဝရစီမံကိန်း ပြီးပြည့်စုံခြင်းကို အနှောက်အယှက်ဖြစ်စေသည်။ ထို့ကြောင့် တစ်ပါးတည်းအသက်ပေးဝိညာဉ်တော်ဖြစ်သော ခရစ်တော်ကို ဘုရားသခင်၏ဝိညာဉ်တော်ခုနစ်ပါးဖြစ်လာရန် အရှိန်အဟုန် ခုနစ်ဆမြှင့်တင်ခဲ့သည် (ဗျာ၊၁း၄။ ၄း၅။ ၅း၆။ ၃း၁)။ ဝိညာဉ်တော်ခုနစ်ပါးသည် တစ်ခုချင်းဆိုင်ရာ ဝိညာဉ်တော်ခုနစ်ခုမဟုတ်ဘဲ၊ အရှိန်အဟုန်ခုနစ်ဆရှိသည့် တစ်ခု

တည်းသောဝိညာဉ်တော်ဖြစ်သည်။ ခရစ်တော်သည် ယေရုရှလင်မြို့သစ်ဖြစ်သည့် ဘုရားသခင်၏ ထာဝရပန်းတိုင် ပြီးမြောက်ပြည့်စုံရန် ခရစ်တော်၏ ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက် ဘုရား၏ ရှင်သန်သောကယ်တင်ခြင်းကို အရှိန်ခုနစ်ဆမြှင့်တင်ရန် အရှိန်ခုနစ်ဆရှိသော ဝိညာဉ်တော် ဖြစ်လာခဲ့သည်။ (*How to be a Co-worker and an Elder and How to Fulfill Their Obligations*, p. 46)

## ယနေ့ဖတ်စရာ

ကိုယ်တော်၏ အရှိန် အဟုန်မြှင့်တင်ခြင်း၏ တတိယအဆင့်၌ ခရစ်တော်လုပ်ဆောင်သည့် ဒုတိယအရာမှာ အောင်မြင်သူများကို ထုတ်လုပ်ရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်တိုင်အားဖြင့် အောင်မြင်သူများ ဖြစ်မလာနိုင်ပါ။ အောင်မြင်သူများသည် မွေးဖွားခံရခြင်းဖြစ်ပြီး၊ ဖန်တီးဖြစ်ပေါ် လာခြင်းမဟုတ်ပါ။ အသင်းတော်၏ ကျဆင်းခြင်းကြောင့်၊ ခရစ်တော်၌ ယုံကြည်သူများအားလုံးနီးပါးသည် စာတန်၊ အပြစ်၊ လောကနှင့် သူတို့၏ အသွေးအသားအားဖြင့် သူတို့၏ လူဟောင်း၌ ကျဆုံးခြင်းဖြစ်လာခဲ့သည်။ ထို့ကြောင့် အောင်မြင်သူများကို ရရှိဖို့ လိုအပ်လာသည်။ ကျမ်းစာသည် အောင်မြင်သူများကို ဆုလာဘ်ခံစားစေမည်ဟု ဆိုခြင်းဖြင့်၊ အောင်မြင်သူများကို ခုနစ်ကြိမ်ခေါ် ဆိုရန် ရှည်လျားသော ကျမ်းအခန်းကြီးနှစ်ခန်းကို အသုံးပြုထားသည်(ဗျာ၊ ၂း၇၊ ၁၁၊ ၁၇၊ ၂၆–၂၈။ ၃း၅၊ ၁၂၊ ၂၁)။

ကျဆင်းသောအသင်းတော်များသို့ပေးသော ကိုယ်တော်၏ စာစောင်ခုနစ်စောင်တွင်၊ ခရစ်တော်သည် သူ၏ အရှိန်ခုနစ်ဆမြှင့်တင်ခြင်း၌ သူ၏ ရှင်သန်သောကယ်တင်ခြင်းကို သူတို့ တွေ့ကြုံခံစားခြင်းအတွက် အရှိန်ခုနစ်ဆမြှင့်တင်ထားသော ဝိညာဉ်တော်ဖြစ်သည့် ကိုယ်တော်တိုင်အားဖြင့် သူ၏ အောင်မြင်သူများ ဖြစ်လာရန် ကျဆုံးသွားသော ယုံကြည်သူများကို ခေါ် နေသည်။ ဤအရာသည် အမှန်ဖြစ်ကြောင်း ကျွန်ုပ်သက်သေခံနိုင်သည်။ ထိုအရှိန်ခုနစ်ဆ ရှင်သန်သောကယ်တင်ခြင်း၌ ကျွန်ုပ်တို့သည် အရှိန်အဟုန်ခုနစ်ဆဝိညာဉ်တော်ဖြစ်သော ခရစ်တော်အားဖြင့် အောင်မြင်သူများ ဖြစ်လာနိုင်သည်။

ကိုယ်တော်၏ အရှိန်အဟုန်မြှင့်တင်ခြင်းတတိယအဆင့်၌ ခရစ်တော်လုပ်ဆောင်နေသည့် တတိယအရာမှာ ယေရုရှလင်မြို့သစ် ပြီးမြောက်ပြည့်စုံရန် ဖြစ်သည်။ ဓမ္မသစ်ကျမ်း၏ ဖွင့်ပြခြင်းတစ်ခုလုံးအရ၊ ခရစ်ယာန်အလုပ်၏ တူနိုင်းရာမဲ့ပန်းတိုင်သည် ဘုရားသခင်၏ ထာဝရစီမံကိန်း၏ အဆုံးစွန်ပန်းတိုင်ဖြစ်သည့် ယေရုရှလင်မြို့သစ်ဖြစ်ရပေမည်။

သန့်ရှင်းသောနှုတ်ကပတ်တော်တွင် ထိုအကြောင်းအရာကို ရှင်းလင်းစွာဖွင့်ပြထားသော်ငြားလည်း၊ ကျမ်းစာဖတ်သူများစွာသည် ယေရုရှလင်မြို့သစ်ကို အလေးမထား

ကြပါ။ အချို့လူတို့က ယေရုရှလင်မြို့သစ်သည် ခရစ်ယာန်များသေပြီးနောက် သွားရမည့် နေရာနှင့် ရွှေစင်လမ်း၊ ပုလဲတံခါးဝနှင့် ဂျက်စပါကျောက်နံရံရှိသည့်နေရာ၊ "ကောင်းကင်ဘုံ"ဖြစ်ကြောင်း ဆိုကြသည်။ အခြားအချို့တို့က ဗျာဒိတ်ကျမ်းသည် အံ့သြဖွယ်စာစောင် ဖြစ်သည့်အတွက် မည်သူမျှ ယေရုရှလင်မြို့သစ်ဖြစ်သည့်အရာကို နားမလည်နိုင်၊ ထိုကြောင့် ၎င်းကို အလေးထားဖို့မလိုကြောင်း ဆိုကြသည်။ ယနေ့ ခရစ်ယာန်အများစုသည် ယေရုရှလင်မြို့သစ်၊ အသက်ပင်နှင့် အသက်ရေစီးရာမြစ်ကို အလေးမထားကြပါ။ သူတို့သည် ယေရုရှလင်မြို့သစ်နေရာတွင် အခြားကောင်းသောအရာများစွာကို အစားထိုးယူဆောင်ကြသည်။ သို့သော် သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် ထိုကဲ့သို့ မဟုတ်ပါ။ ယနေ့ ကျွန်ုပ်တို့သည် အသင်းတော်များကို တည်ဆောက်ခြင်း၊ သန့်ရှင်းသူများကို မြှင့်တင်ပေးခြင်း၊ နိုးကြားသောအုပ်စုများကို လက်တွေ့လုပ်ဆောင်ခြင်းနှင့် တံခါးခေါက်၍ လူများထံသို့ သွားရောက်ခြင်းတို့ကို ပြုကြရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်၊ ကျွန်ုပ်တို့၏ပန်းတိုင်သည် ယေရုရှလင်မြို့သစ် ပြီးမြောက်ပြည့်စုံခြင်းတွက် ဖြစ်ရပေမည်။ (*How to be a Co-worker and an Elder and How to Fulfill Their Obligations*, pp. 46-47, 49-51)

*ပို၍ဖတ်ရန်-* *How to be a Co-worker and an Elder and How to Fulfill Their Obligations*, ch. 3; *The Secret of God's Organic Salvation, "The Spirit Himself with Our Spirit,"* ch. 6

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ________________________

______________________________________________________

______________________________________________________

______________________________________________________

______________________________________________________

______________________________________________________

______________________________________________________

______________________________________________________

______________________________________________________

______________________________________________________

______________________________________________________

______________________________________________________

***Hymns*, # E- 190, M- 53**

၁။ အို အရှင် ဖန်ဆင်းသောသခင်
ကိုယ်တော်ကို ကျွန်ုပ်တို့ဝတ်ပြု
လွန်စွာချမ်းသာ လွန်စွာအံ့ဖွယ်
ဖိုးထိုက်မေတ္တာ ခံစားစေရာ။

ကိုယ်တော်သာ ကျွန်ုပ်တို့လိုရာ
ကျွန်ုပ်တို့၌ ချီးမွမ်းခြင်းပြည့်
ကျွန်ုပ်အလိုကို ပြည့်စေပြီ
ထာဝရကျေနပ်နှစ်သိမ့်စေ။

၂။ သမ္မာတရားဖြစ်သောဘုရား
အလင်းနှင့် မေတ္တာရှင်သခင်
ကိုယ်တော်သည် ကျွန်ုပ်တို့အသက်
ဝမ်းမြောက်ခြင်းကို ပေးသောဘုရား။

၃။ ထိုဘုရားသည် လူ့ဇာတိယူ
ကောင်းမြတ်ဖြူစင် နှစ်သက်စေသူ
ဘုရားဝမ်းမြောက်စေသော လူသား
ကျွန်ုပ်တို့ကို မေတ္တာပေးသူ။

၄။ နိမ့်ကျသော ကျွန်သဏ္ဍာန်ဆောင်ယူ
ဘုရား၏ အစေခံသောကျွန်
ကားတိုင်တွင် သေသည့်တိုင်နာခံ
ကျွန်ုပ်တို့ လွတ်ခြင်းခွင့်ရရန်။

၅။ ကိုယ်တော် ယခု သခင်၊ ဘုရင်
မေတ္တာဖြင့် အုပ်စိုးသောဘုရင်
ဘုရားဘိသိက် တန်ခိုးစုံလင်
ကျွန်ုပ်ကို အုပ်စိုးသောအရှင်။

၆။ ကိုယ်တော်ကို ချိန်တိုင်းအောက်မေ့သည်
ကျွန်ုပ်တို့သည် ကိုယ်တော်ခန္ဓာ
မေတ္တာတော်၌ ဝမ်းမြောက်စေမည်
ကိုယ်တော်ပုံရိပ် ထင်ရှားစေပြီ

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ–----------

# ***စစ်၍မကုန်နိုင်သောအရှင် –ခရစ်တော်***

ဖတ်ရန်ကျမ်း။ ။ဧ၊၃း၈။

*Day 1*

**I.** ခရစ်တော်သည် ဘုရားသခင်၏တစ်ပါးတည်းသောသားတော်နှင့် ထာဝရတည်သောသူ၊ ဘုရားဆိုင်ရာသုံးပါးဖြစ်ခြင်း၏ ဒုတိယမြောက်ဖြစ်သည် (ယော၊၁း၁–၂၊၁၈။မ၊၂၈း၁၉)။

**II.** ကိုယ်တော်သည် ခမည်းတော်၊ ဝိညာဉ်တော်နှင့်အတူ ထာဝရကာလ၌ မိမိကိုယ်ကိုတည်ရှိနေသော၊ အမြဲတည်ရှိနေသော၊ အပြန်အလှန်တည်နေသောအရှင်ဖြစ်သည်။

**III.** ခမည်းတော်၊ ဝိညာဉ်တော်နှင့်အတူ ကိုယ်တော်သည် တစ်ပါးတည်းသော ဘုရားသခင်ဖြစ်သည် (ယော၊၁း၁။ ရော၊၉း၅။ ဟေဗြဲ၊၁း၈)။

**IV.** ကိုယ်တော်သည် ဖန်ဆင်းရှင်ဖြစ်၍(အငယ်၊၁၀)၊ အရာခပ်သိမ်းသည် ကိုယ်တော်အားဖြင့် ဖန်ဆင်းခံရပြီး (ယော၊၁း၃။ ကော၊၁း၁၆က)၊ ကိုယ်တော်၌တည်ရှိကာ(အငယ်၊၁၇)၊ အမွေခံဖြစ်သော ကိုယ်တော့်အဖို့ အမွေဖြစ်လာလိမ့်မည်ဖြစ်သည်(အငယ်၊၁၆ခ၊ ဟေဗြဲ၊၁း၂။ ရော၊၁၁း၃၄–၃၆)။

**V.** အချိန်တန်သောအခါ ကိုယ်တော်သည် လူ့ဇာတိခံခြင်းအားဖြင့် လူတစ်ဦးဖြစ်လာခဲ့သည်။ ကိုယ်တော်၏သဘောသဘာဝအဖြစ် ဘုရားဇာတိနှင့် လူသားဇာတိနှစ်မျိုးစလုံးရှိသော ဘုရား–လူဖြစ်သည် (ယော၊၁း၁၊ ၁၄။ ဟေဗြဲ၊၂း၁၄)။

**VI.** ကိုယ်တော်သည် ဖန်ဆင်းခံအားလုံး၏သားဦး ဖြစ်တော်မူ၏ (ကော၊၁း၁၅ခ)။

**VII.** ကိုယ်တော်သည် ဘုရားသခင့်ဘုန်းတော်၏ထွန်းလင်းခြင်းနှင့် ဘုရားသခင်၏အရာများကို စွဲမှတ်စေသောသူ ဖြစ်သည် (ဟေဗြဲ၊၁း၃က)။

**VIII.** ကိုယ်တော်သည် ဘုရားသခင်၏ ကိုယ်ထင်ရှားခြင်းဖြစ်သည် (ကော၊၂း၉)။

**IX.** ကိုယ်တော်သည် မမြင်နိုင်သော ဘုရား၏ပုံသဏ္ဍာန်တော် ဖြစ်သည်(၁း၁၅က)။

*Day 2*

X. ကိုယ်တော်သည် ဘုရားသခင်ကို ထင်ရှားရန်အတွက် မြေကြီးပေါ်တွင် သူ၏လူ့သားဇာတိ၌ သုံးဆယ့်သုံးနှစ်ခွဲအသက်ရှင်ခဲ့သည်၊– ကိုယ်တော်သည် အသွေးအသား၌ ထင်ရှားသော ဘုရားသခင် ဖြစ်သည်(၁တိ၊၃း၁၆)။

XI. ကိုယ်တော်သည် ဘုရားသခင်၏ သစ္စာရှိသော သက်သေခံဖြစ်သည် (ဗျာ၊၁း၅)။

XII. ကိုယ်တော်သည် လူတို့အလယ်တွင် ဘုရားသခင်၏ ရွေ့လျားနိုင်သောကိန်းဝပ်ရာနေရာဖြစ်သည့် ဘုရားသခင်၏တဲတော်ဖြစ်သည် (ယော၊၁း၁၄)။

XIII. ကိုယ်တော်သည် မြေကြီးပေါ်တွင် ဘုရားသခင်အားဖြင့် တည်ဆောက်သော ကိန်းဝပ်ရာနေရာဖြစ်သည့် ဘုရားသခင်၏ဗိမာန်တော် ဖြစ်သည် (၂း၁၉–၂၁)။

XIV. ကိုယ်တော်သည် လောက၏အလင်းဖြစ်သည် (၈း၁၂)။

XV. ကိုယ်တော်သည် အရာအားလုံးပါဝင်သော အသေခံခြင်း၌ အသေခံခဲ့သည်၊ ဤသို့ဖြင့် ကိုယ်တော်သည် ဘုရားသခင်၏ ထာဝရရွေးနုတ်ခြင်း ပြီးမြောက်ပြည့်စုံရန်အတွက်(ဟေ၊၉း၁၂) စာတန်–မြွေဟောင်း(၃း၁၄။ဟေ၊၂း ၁၄)–အပြစ်(ရော၊၈း၃။ယော၊၁း၂၉)၊ လောက(၁၂း၃၁)၊ အသွေးအသားနှင့်အတူ ကျဆင်းသွားသောလူသား(ရော၊၆း၆။ ဂလ၊၂း၂၀)၊ ဖန်ဆင်းခြင်းအဟောင်း(ကျဆင်းသွားသော လူဟောင်းအားဖြင့် ပုံဆောင်သည်)၊ ဝိနည်းအထုံးအဖွဲ့များနှင့် ပညတ်တရား(ရော၊၁၀း၄။ ကော၊၂း၁၄။ဧ၊၂း၁၅)တို့ကို သေစေကာ၊ သူ၏ယုံကြည်သူများအထဲသို့ ဝေငှဖြန့်ဖြူးနိုင်ရန်အတွက် ကိုယ်တော်၏လူသားဖြစ်ခြင်း၏အခွံမှ သူ၏ဘုရားအသက်ကို လွတ်မြောက်စေခဲ့သည် (ယော၊၁၂း၂၄။၃း၁၅)။

XVI. ကိုယ်တော်သည် သေခြင်းမှရှင်ပြန်ထမြောက်တော်မူခဲ့၍(မ၊၂၈း၆–၇။ ၁ကော၊၁၅း၄၅ခ)၊ သူ၏ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ကိုယ်တော်သည် သူ၏လူသားဇာတိ၌ ဘုရားသခင်၏သားဦးဖြစ်လာရန် ခွဲခန့်ခံရပြီး (ရော၊၁း၄။ ၈း၂၉။ တ၊၁၃း၃၃)၊ အသက်ပေးသော ဝိညာဉ်တော်ဖြစ်လာခဲ့ကာ (၁ကော၊၁၅း၄၅ခ)

**ကမ္ဘာမတည်မရှိမီကတည်းက ဘုရားသခင်အားဖြင့် ရွေးချယ်ခွဲခန့်မှတ်သားတော်မူခဲ့သောသူများအားလုံးကို သူ၏ရှင်ပြန်ထမြောက်ခြင်းအသက်နှင့် အသစ်တဖန်မွေးဖွားပေးခဲ့သည် (၁ပေ၊၁း ၂–၃။ ဧ၊၁း၄)။**

**XVII. ကိုယ်တော်သည် ကောင်းကင်များသို့ တက်ကြွတော်မူခဲ့သည်၊ တက်ကြွခြင်း၌ ကိုယ်တော်သည် ချီးမြှောက်ခံရခြင်းနှင့် ပလ္လင်တော်ပေါ် စိုးစံခြင်းမှာ –**

က။ စကြဝဠာတစ်ခုလုံး၏ အပေါ် တွင် အုပ်ချုပ်ရန် အရာခပ်သိမ်းနှင့် ခပ်သိမ်းသောလူတို့၏ အရှင်သခင်(တ၊၁၀း၃၆)။

ခ။ ဘုရားသခင်၏ စီမံကိန်းကို ပြီးမြောက်ပြည့်စုံစေရန် ဘုရားသခင်၏ ဘိသိက်ခံသောသူ –ခရစ်တော်(၂း၃၆)။

ဂ။ ဘုရားသခင့်ရွေးချယ်ခံလူများ၏ ပတ်ဝန်းကျင်နှင့် လောက၏ အခြေအနေများကို စီစဉ်ရန်နှင့် ကမ္ဘာမြေကြီး၏ ဘုရင်များကို အုပ်ချုပ်သောသူ(ဗျာ၊၁း၅)။ သို့မှသာ ကိုယ်တော့်ကို ယုံကြည်သောသူများအားလုံးက သူတို့၏ အရာခပ်သိမ်းအဖြစ် လက်ခံရရှိမည့် ကယ်တင်ရှင်ဖြစ်သော ကိုယ်တော်သည် သူတို့ကို ကယ်တင်နိုင်လိမ့်မည်ဖြစ်သည် (တ၊၅း၃၁)။

ဃ။ သူ၏ကိုယ်ခန္ဓာတော်ဖြစ်သော အသင်းတော်ကို ကြည့်ရှုဂရုစိုက်ရန် အတွက် အသင်းတော်၏ဦးခေါင်းတော်(ဧ၊၁း ၂၂–၂၃။ ၅း၂၉–၃၀)။

င။ ကိုယ်တော်၏ အင်္ဂါဝင်များ၏ လိုအပ်ချက်များ(၁ယော၊၂း၁)နှင့် အကြောင်းတရားအားလုံးတို့ကို ကြည့်ရှုဂရုစိုက်ရန် ဘုရားသခင်၏ ရှေ့တော်၌ရှိသော ထောက်ခံအားပေးသူရှေ့နေ(၁ယော၊ ၂း၁) နှင့် သူ၏ အင်္ဂါဝင်များ၌ ထောက်ခံအားပေးသူရှေ့နေအဖြစ် ကိုယ်တော်၏ ဝိညာဉ်တော်အားဖြင့် သိရှိနားလည်ရသောအရှင်(ယော၊၁၄း ၁၆–၂၀)ဖြစ်သည်။

စ။ ကိုယ်တော်၏ ယုံကြည်သူများအား ကောင်းကင်ဆိုင်ရာနိုင်ငံတော်သားများဖြစ်လာစေရန် သူတို့အထဲသို့ ကောင်းကင်ကို အမှုဆောင်ပေးသည့် ကောင်းကင်ဆိုင်ရာအမှုဆောင်သူ (ဟေ၊၈း၂။

ဖိ၊၃း ၂၀)။

ဆ။ ယုံကြည်သူများ၏ လိုအပ်ချက်များကို ကြည့်ရှုဂရုစိုက်ပေးရန်၊ သူတို့အတွက် ကြားခံတောင်းလျှောက်ပေးရန်နှင့် သူတို့အား အဆုံးစွန်ကယ်တင်ပေးရန် ကောင်းကင်များ၌ရှိတော်မူသော ယဇ်ပုရောဟိတ်မင်းကြီး (ဟေဗြဲ၊၄း၁၄–၁၅။ ၇း၂၅–၂၇)။

ဇ။ ကိုယ်တော်၏ အသေခံတော်မူခြင်း အားဖြင့် သူ၏ ယုံကြည်သူများကို ကိုယ်တော်ပေးအပ်ခဲ့သည့် အမွေအား သယ်ဆောင်နိုင်ရန်၊ ပဋိညာဉ်တရားသစ်၏ ကြားဝင်ဖျန်ဖြေသောအရှင်(၈း၆။ ၉း၁၅)။

ဈ။ ပဋိညာဉ်၏ အာမခံဖြစ်လာရန် သာ၍မြတ်သော ပဋိညာဉ်တရား၏ အာမခံ (၇း၂၂)။

*Day 3*

**XVIII. ကိုယ်တော်သည် ဘုရားသခင့်သိုးတော်စု၏ သိုးထိန်းကြီး၊ သူတို့အဖို့ ယုဒဘာသာထဲမှ ထွက်လာရန် တံခါးပေါက်နှင့် သူတို့စားသုံးရန် စားကျက်မြေဖြစ်သည်(ယော၊၁၀း၁၁၊ ၁၄၊ ၁၆၊ ၉)။**

**XIX. ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၊ အသက်၊ လမ်းခရီးနှင့် စစ်မှန်ခြင်းဖြစ်သည် (၁၁း၂၅။ ၁၄း၆)။**

**XX. ကိုယ်တော်သည် မင်္ဂလာဆောင်သတို့သမီးကိုရသော မင်္ဂလာဆောင်သတို့သား ဖြစ်တော်မူသည်(၃း၂၉က)။**

**XXI. ကိုယ်တော်သည် ဘုရားသခင်၏ တန်ခိုးတော်နှင့် ကိုယ်တော်၏ ယုံကြည်သူများအဖို့ ဘုရားသခင်ထံတော်မှ ပညာတော်၊–ဖြောင့်မတ်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်းနှင့် ရွေးနုတ်ခြင်းဖြစ်သည် (၁ကော၊၁း၂၄၊ ၃၀)။**

**XXII. ကိုယ်တော်သည် ဘုရားသခင်၏ စီရင်ခြင်းကို ဖြတ်ကျော်နိုင်ရန်အတွက် ယုံကြည်သူများအဖို့ ပသခါဖြစ်သည် (၅း၇)။**

**XXIII. ကိုယ်တော်သည် ဘုရားသခင်၏ လူမျိုးများအတွက် အသက်စမ်းရေစီးသော ဝိညာဉ်ရေးရာကျောက်နှင့် ဝိညာဉ်ရေးရာအစာ ဖြစ်တော်မူသည် (၁၀း၃–၄။ ယော၊၆း၃၅။ ၄း၁၀၊၁၄)။**

**XXIV. ကိုယ်တော်သည် ကိုယ်ခန္ဓာတော်နှင့်(၁ကော၊၁၂း၁၂)၊ ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအားလုံး၊–လူသစ်တစ်ဦး ဖြစ်တော်မူ၏ (ကော၊၃း၁၀–၁၁)။**

XXV. ကိုယ်တော်သည် အဦးသီးသောအသီး၊ ဒုတိယလူနှင့် နောက်ဆုံးသောအာဒံဖြစ်တော်မူသည် (၁ကော၊၁၅း၂၀၊ ၂၃၊ ၄၇၊ ၄၅)။

XXVI. ကိုယ်တော်သည် ကိုယ်ခန္ဓာတော်၏ဦးခေါင်းဖြစ်လာရန် သေသောသူတို့တွင်သားဦးဖြစ်လာသည် (ကော၊၁း၁၈)။

XXVII. ကိုယ်တော်သည် သန့်ရှင်းသူများအဖို့ ဘုရားသခင်ခွဲဝေမှတ်သားထားသော ဝေစုဖြစ်သည် (အငယ်၊၁၂)။

XXVIII. ကိုယ်တော်သည် ဘုရားသခင်၏လူမျိုးများအတွက် အကောင်းဘက်မှ အရာအားလုံး၏ ကိုယ်ခန္ဓာ (စစ်မှန်ခြင်း) ဖြစ်သည် (၂း၁၆–၁၇)။

XXIX. ကိုယ်တော်သည် ယုံကြည်သူများ၏ အသက်နှင့် သူတို့၌ အသက်ရှင်၍ ကြီးမားထင်ရှားလာသောအရှင်လည်းဖြစ်သည် (၃း၄။ ဖိ၊၁း၂၀–၂၁)။

*Day 4*

XXX. ကိုယ်တော်သည် ဘုရားသခင်၏ ရွေးနုတ်ခြင်းကို ပြီးမြောက်ပြည့်စုံစေသော သိုးသငယ်နှင့် ဘုရားသခင်၏ နိုင်ငံတော် အတွက် တိုက်ခိုက်နေသောခြင်္သေ့မင်းဖြစ်သည် (ဗျာ၊၅း၅–၆)။

XXXI. ကိုယ်တော်သည် ဤခေတ်ကာလ လျှို့ဝှက်ချက်၏ တံဆိပ်ကို ဖွင့်သောသူ ဖြစ်သည် (အငယ်၊၅)။

XXXII. ကိုယ်တော်သည် ယုံကြည်သူများ၏ ဘုန်းမျှော်လင့်ခြင်းဖြစ်သည် (ကော၊၁း၂၇)။

XXXIII. ကိုယ်တော်သည် မြေကြီးပေါ်သို့ ပြန်မကြွလာမီ၊ သူ၏အောင်မြင်သူများထံသို့ ပေါ်ထွန်းတော်မူမည့် မိုးသောက်ကြယ်ဖြစ်တော်မူသည် (ဗျာ၊၂း၂၈)။

XXXIV. ကိုယ်တော်သည် အနာငြိမ်းစေသောအတောင်တော်ဖြင့် ဤလောကသို့ ပေါ်ထွန်းတော်မူမည့် ဖြောင့်မတ်ခြင်း၏နေမင်းဖြစ်သည် (မာလ၊၄း၂)။

XXXV. ကိုယ်တော်၏ သန့်ရှင်းသူများအထဲသို့ ဝေငှဖြန့်ဖြူးပေးသော ကိုယ်တော်၏ကြွယ်ဝခြင်းများသည် စစ်၍မကုန်နိုင်သော ကြွယ်ဝခြင်းများဖြစ်သည် (ဧ၊၃း၈)။

XXXVI. ကိုယ်တော်သည် ပြန်လည်ကြွလာမည့် ကယ်တင်ရှင်ဖြစ်သည်။

က။ သူ၏ယုံကြည်သူများကို အဆင်းသဏ္ဍာန်ပြောင်းလဲပေးရန် (ဖိ၊၃း ၂၁)။

ခ။ ယုံကြည်သူများအထဲမှ နှစ်တစ်ထောင်ကာလအတွက် ဆုလာဘ်အဖြစ် နိုင်ငံတော်ကိုရယူ၍၊ ၎င်း၏ဝမ်းမြောက်ခြင်းများကို မည်သူရရှိမည်၊ နိုင်ငံတော်ခေတ်ကာလ၌ ဆုလာဘ်ဖြစ်သော နိုင်ငံတော်ကို ဆုံးရှုံး၍ အပြစ်ဒဏ်မည်သူခံရမည်ကို ပိုင်းခြားသိမြင်ရန် ယုံကြည်သူများကို တရားစီရင်ရန် (၂ကော၊၅း၁၀)။

*Day 5*

ဂ။ မိလေနိကာလ၌ ကိုယ်တော်၏သတို့သမီးဖြစ်သော အောင်မြင်သူများကို လက်ထပ်ထိမ်းမြားရန် (ဗျာ၊၁၉း၇)။

ဃ။ အန္တိခရစ်နှင့် သူ၏စစ်တပ်ကို နှိမ်နင်းရန် (၁၉–၂၁)။

င။ ကျန်ကြွင်းသော ဂျူးလူမျိုးများ၏လက်ခံရယူခြင်းကို ခံရန် (ဇာ၊၁၂း ၁၀။ ရော၊၁၁း ၂၆)။

စ။ ကိုယ်တော်ဘုန်းပလ္လင်တော်ပေါ်တွင် (မ၊၂၅း၃၁)– အသက်ရှင်သော လူများ(တ၊၁၀း၄၂)– လူမျိုးများကို တရားစီရင်ရန်။

*Day 6*

**XXXVII. ကိုယ်တော်သည် အောင်မြင်သောသူများနှင့်အတူ မြေကြီးတစ်ပြင်လုံးကို အုပ်ချုပ်ရန် ရှင်ဘုရင် ဖြစ်တော်မူလိမ့်မည် (ဗျာ၊၂၀း၄၊ ၆)။**

**XXXVIII. ကိုယ်တော်သည် ပလ္လင်ဖြူကြီးပေါ်တွင် (ဗျာ၊၂၀း၁၁–၁၂) သေလွန်သောသူများအားလုံး(တ၊၁၀း၄၂)ကို တရားစီရင်လိမ့်မည်။**

**XXXIX. ယေရုရှလင်မြို့သစ်(၂၁း၁–၂၂း၅)၌ ကိုယ်တော်သည်–**

က။ ထာဝရကာလ၌ ကိုယ်တော်၏ဇနီးဖြစ်သော ဘုရားသခင်၏ရွေးနုတ်ခံလူများ၏ ခင်ပွန်း (၂၁း၂)။

ခ။ ဘုရားသခင်နှင့် ဗိမာန်တော် (အငယ်၊၂၂)။

ဂ။ ကိုယ်တော်၌ရှိသော အလင်းအဖြစ် ဘုရားသခင်နှင့်သိုးသငယ် (အငယ်၊၂၃)။

ဃ။ ကောင်းကင်သစ်နှင့် မြေကြီးသစ်ကို အုပ်ချုပ်ရန် ပလ္လင်တော်ပေါ်ရှိသော ဘုရားသခင်–သိုးသငယ် (၂၂း၁)။

င။ ယေရုရှလင်မြို့သစ်တစ်ခုလုံးကို ကျွေးမွေးတော်မူမည့် အသက်ပင် ဖြစ်တော်မူလိမ့်မည်ဖြစ်သည်(အငယ်၊၂)။

## နံနက်ခင်းကျွေးမွေးခြင်း

ဧ၊ **သန့်ရှင်းသူအပေါင်းတို့တွင် အငယ်ဆုံးသောသူထက် သာ၍ငယ်**
၃း၈ **သော ငါ့အားပေးတော်မူသော ဤကျေးဇူးတော်သည် စစ်၍မ**
**ကုန်နိုင်သော ခရစ်တော်၏ကြွယ်ဝခြင်းများကို ဧဝံဂေလိတရား**
**အဖြစ်၊ တစ်ပါးအမျိုးသားတို့အား ဟောပြောစေရန်နှင့်၊**
ကော၊ **ထို့ကြောင့် စားသောက်ခြင်းအမှု၌ ပွဲနေ့၊ လဆန်းနေ့၊ ဥပုသ်နေ့တို့**
၃း၁၆–၁၇ **ကို စောင့်ခြင်းအမှုတွင် သင်တို့ကို အဘယ်သူမျှ မစစ်ကြော မစီရင်**
**စေနှင့်။ ထိုအရာတို့သည် နောက်ဖြစ်လတံ့သောအရာတို့၏ အရိပ်**
**ဖြစ်ကြ၏။ ကိုယ်မူကား၊ ခရစ်တော်၏ကိုယ်ဖြစ်၏။**

တမန်တော်၏ ဟောပြောခြင်းသည် သြဝါဒများမဟုတ်၊ ခရစ်တော်၏ ကြွယ်ဝခြင်းများဖြစ်သည်။ ခရစ်တော်၏ကြွယ်ဝခြင်းများဟူသည်ကား အလင်း၊ အသက်၊ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်းကဲ့သို့သော ကျွန်ုပ်တို့အဖို့ ခရစ်တော်ဖြစ်သည့်အရာ၊ ကျွန်ုပ်တို့အတွက် ကိုယ်တော်၌ရှိသည့်အရာနှင့်၊ ကျွန်ုပ်တို့အတွက် ကိုယ်တော် ပြီးမြောက်အောင်မြင်၍ ရယူသိမ်းပိုက်ခဲ့သောအရာများ ဖြစ်သည်။ ဤသို့သော ခရစ်တော်၏ကြွယ်ဝခြင်းများသည် စစ်၍မကုန်နိုင်၊ မှတ်သား၍မကုန်နိုင်သောအရာများဖြစ်သည် (ဧ၊၃း၈ မှတ်စု ၃)။

ခရစ်တော်သည် စစ်၍မကုန်နိုင်သောအရှင်ဖြစ်သည်။ စစ်၍မကုန်နိုင်သော ခရစ်တော်၏ကြွယ်ဝခြင်းများကို ကျွန်ုပ်တို့သက်သေခံခြင်းကြောင့် နှစ်များတစ်လျှောက်တွင် ဂိုဏ်းဂဏများရှိ ခရစ်ယာန်အချို့တို့က ကျွန်ုပ်တို့အား "သင်တို့၌ မည်သို့သော ခရစ်တော်ရှိသနည်း။ သင်တို့၏ခရစ်တော်သည် ကျွန်ုပ်တို့၏ခရစ်တော်နှင့် အတူတူပင်မဟုတ်သလော"ဟုမေးကြသည်။ သန်းပေါင်းများစွာသော ခရစ်ယာန်တို့တွင် ခရစ်တော်ရှိကြသည်။ သို့သော် သူတို့သည် ခရစ်တော်ကို မည်သည့်အတိုင်းအတာ ပမာဏအထိတွေ့ကြုံခံစားကြသနည်း။ ကျွန်ုပ်တို့သည် ခရစ်တော်၏ ဖေါ်ပြပါအချက်များကို ပြန်လည် သုံးသပ်သောအခါ၊ "ငါသည် ခရစ်တော်ကို ဤအချက်၌ တွေ့ကြုံခံစားခဲ့ပြီလော" ဟုမေးသင့်ပါသည်။ မည်သည့်အတိုင်းအတာအထိ ခရစ်တော်ကို ကျွန်ုပ်တို့တွေ့ကြုံခံစားဘူးပါသနည်း။

တမန်တော်ပေါလုသည် သန်းပေါင်းများစွာသော ခရစ်ယာန်များကဲ့သို့ ထိုခရစ်တော်ကို တွေ့ကြုံခံစားခဲ့သော်လည်း၊ ခရစ်တော်ကို သူမွေ့လျော်ဝမ်းမြောက်ခြင်း အတိုင်းအတာသည် အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။ ခရစ်တော်ကိုယ်တော်တိုင်၌ သဘောသဘာဝ၊ အနှစ်သာရသည် အတူတူဖြစ်ပြီး၊ ကိုယ်တော်၏ ဖြစ်ခြင်း၌ ခရစ်တော်သည် အကန့်

အသတ်မရှိ၊ စစ်၍မကုန်နိုင်ခြင်းနှင့် အရာအားလုံးပါဝင်ခြင်းဖြစ်သည်။ သို့သော် ယုံကြည်သူများ၏ တွေ့ကြုံခံစားခြင်း၌ အတိုင်းအတာပမာဏ အမျိုးမျိုးရှိသည်။ ဤအရာက ကျွန်ုပ်တို့၏ ခရစ်တော်သည် လုံးလုံးပင် အရာအားလုံးပါဝင်ကြောင်းကို သိနားလည်စေရန် ကျွန်ုပ်တို့အား ကူညီပေးလိမ့်မည်ဖြစ်သည်။ ကိုယ်တော်သည် ပြည့်စုံသော ဘုရားနှင့် စုံလင်သောလူသားဖြစ်သည်။ ကျွန်ုပ်တို့စားသုံးနေသော အစားအစာ၏ စစ်မှန်ခြင်းသည်လည်း ခရစ်တော်ပင်ဖြစ်သည်။ ကိုယ်တော်သည် အသက်ရေလည်းဖြစ်သည်။ ဓမ္မသစ်ကျမ်းအရ ခရစ်တော်သည် ကျွန်ုပ်တို့အတွက် အရာခပ်သိမ်းဖြစ်သည်။(*The Ten Great Critical "Ones" for the Building Up of the Body of Christ*, p.20)

## *ယနေ့ဖတ်စရာ*

ခရစ်တော်သည် ဘုရားဆိုင်ရာသုံးပါးဖြစ်ခြင်း၏ ဒုတိယမြောက်အပါး၊ ထာဝရနှင့် ဘုရားသခင်၏ တစ်ပါးတည်းသော သားတော်ဖြစ်တော်မူသည် (ယော၊၁း၁–၂၊ ၁၈။ မ၊ ၂၈း၁၉)။ ကိုယ်တော်သည် ကိုယ်တိုင်တည်ရှိသောသူ၊ အမြဲတည်သောသူနှင့် ထာဝရကာလ၌ ဝိညာဉ်တော်နှင့် ခမည်းတော်နှင့်အတူအပြန်အလှန် တည်နေသောသူဖြစ်သည်။ ကိုယ်တော်သည် တစ်ပါးတည်းသောဘုရားသခင်၊ ခမည်းတော်၊ ဝိညာဉ်တော်နှင့်အတူရှိသောအရှင်ဖြစ်သည် (ယော၊၁း၁။ ရော၊၉း၅။ ဟေဗြဲ၊၁း၈)။ တစ်နည်းအားဖြင့် ဝိညာဉ်တော်နှင့် ခမည်းတော်နှင့်အတူရှိသော သားတော်အဖြစ် ကိုယ်တော်သည် တစ်ပါးတည်းသော ဘုရားသခင်ဖြစ်တော်မူသည်။

ကိုယ်တော်သည် ဖန်ဆင်းရှင်ဖြစ်တော်မူ၍(ဟေဗြဲ၊၁း၁၀)၊ အရာခပ်သိမ်းသည် ကိုယ်တော်အားဖြင့် ဖန်ဆင်းခံရပြီး (ယော၊၁း၃။ ကော၊၁း၁၆က)၊ ကိုယ်တော်၌တည်ရှိကာ (ကော၊၁း၁၇)၊ အမွေခံဖြစ်သော ကိုယ်တော့်အဖို့ အမွေဖြစ်လာလိမ့်မည်ဖြစ်သည် (ကော၊၁း၁၆ခ၊ ရော၊၁၁း၃၄–၃၆)။ တစ်ဘက်တွင် ခရစ်တော်သည် ဖန်ဆင်းရှင်ဖြစ်သည်။ အခြားတစ်ဘက်တွင် ကိုယ်တော်သည် ဖန်ဆင်းထားသောအရာအားလုံး၏ နည်းလမ်းဖြစ်သည်။ အရာခပ်သိမ်းသည် ကိုယ်တော်၌ တည်ရှိနေသောကြောင့် ကိုယ်တော်သည် ဖန်ဆင်းခြင်း၏ အလယ်ဗဟိုလည်းဖြစ်သည်။ နောက်ဆုံးတွင် အရာခပ်သိမ်းသည် အမွေခံဖြစ်သော ကိုယ်တော့်အဖို့ အမွေဖြစ်လာလိမ့်မည်ဖြစ်သည်။

ကာလအချိန်တန်၍ ကိုယ်တော်သည် လူ့ဇာတိခံခြင်းအားဖြင့် လူသားဖြစ်လာခဲ့သည်။ ကိုယ်တော်၏ သဘောသဘာဝသည် ဘုရားဇာတိနှင့် လူသားဇာတိနှစ်မျိုးလုံးရှိသည့် ဘုရား–လူဖြစ်သည် (ယော၊၁း၁၊ ၁၄။ ဟေဗြဲ၊၂း၁၄)။ ထာဝရကာလ၌ ခရစ်တော်

သည် ဘုရားသားဖြစ်သည်။ သို့သော် အချိန်တန်သောအခါ ကိုယ်တော်သည် လူဖြစ်လာခဲ့သည်။ ကိုယ်တော်သည် ဖန်ဆင်းခြင်းအားလုံးတို့တွင် သားဦးလည်းဖြစ်တော်မူသည် (ကော၊၁း၁၅ခ)။ ကိုယ်တော်သည် ဘုရားနှင့်လူ ဖြစ်ရုံသာမက၊ ဖန်ဆင်းခြင်း၏ ပထမဆုံး အကြောင်းအချက်လည်း ဖြစ်သည်။ လူသားအနေဖြင့် ကိုယ်တော်သည် ဖန်ဆင်းခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော်လည်း၊ ကိုယ်တော်သည် မည်သို့သားဦးဖြစ်လာသနည်း။ ဤသည်မှာ ဖြေဆိုရန်ခက်ခဲလှပါသည်။ ဘုရားသခင်၌ အချိန်ဒြပ်သဘာဝမရှိခြင်း အကြောင်းရင်းမှန်ကို ကျွန်ုပ်တို့မြင်ဖို့ လိုအပ်သည်။ ခရစ်တော်သည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်က အသေခံပြီးဖြစ်သော်လည်း၊ သမ္မာကျမ်းစာက ကိုယ်တော်သည် ကမ္ဘာမတည်မရှိမီကပင် အသေခံတော်မူပြီးကြောင်း ဆိုထားသည် (ဗျာ၊ ၁၃း၈)။ မြေကြီး တည်သောအချိန်မှစ၍ မြေကြီးသည် ကိုယ်တော်၏ အသေခံတော်မူခြင်းကို လိုအပ်နေသောကြောင့်၊ ကိုယ်တော်သည် အသေခံရခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအရာကို လူတို့ထံသို့ ပြသနိုင်ရန် သင်ယူရမည်။

အလင်းသည် လျှပ်စစ်၏ ထွန်းလင်းထင်ရှားခြင်းဖြစ်သကဲ့သို့ ခရစ်တော်သည် ဘုရားဘုန်းတော်၏ ထွန်းလင်းထင်ရှားခြင်းဖြစ်သည်။ ကိုယ်တော်သည် ဘုရားဇာတိ အဖြစ်တော်၏ ပုံသဏ္ဌာန်တော်လည်းဖြစ်သည် (ဟေဗြဲ၊၁း၃က)။ ဘုရားသခင်သည် ဒြပ်ကိုယ်ထည်ဖြစ်ပြီး၊ ခရစ်တော်သည် တံဆိပ်ခတ်နိုပ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအချက်ကို တံဆိပ်တုံးဖြင့် ပုံဖော်ပြသနိုင်သည်။ တံဆိပ်တုံးသည် ဒြပ်ကိုယ်ထည်ဖြစ်သည်။ ကျွန်ုပ်တို့သည် စာရွက်ပေါ်တွင် တံဆိပ်တုံးနှိပ်လိုက်သောအခါ၊ စာရွက်ပေါ်တွင် စွဲထင်သွားသည်။ ခရစ်တော်သည် ဘုရားသခင်၏ ကိုယ်ထင်ရှားခြင်း(ကော၊၂း၉)နှင့် မျက်မြင်မရသော ဘုရား၏ ပုံသဏ္ဌာန်တော် ဖြစ်သည်(ကော၊၁း၁၅က)။ ဘုရားသခင်သည် မျက်မြင်မရသကဲ့သို့၊ ထိတွေ့၍မရပါ။ သို့သော် တစ်နေ့တွင် ဘုရားသခင်ကိုယ်တော်တိုင်သည် ခရစ်တော်၌ ကိုယ်ထင်ရှားခဲ့သည်။ ဘုရားသခင်သည် မြင်တွေ့နိုင်၊ ထိတွေ့နိုင်သောသူ ဖြစ်လာခဲ့သည်။ (*The Ten Great Critical "One" for the Building Up of the body of Christ*, pp.20-21)

*ပို၍ဖတ်ရန်- The Ten Great Critical "One" for the Building Up of the body of Christ*, ch. 2

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း*** ———————————————————

———————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ ၁း၁၄ နှုတ်ကပတ်တော်သည်လည်း အသွေးအသားဖြစ်လာ၍၊ ကျေးဇူးတော်နှင့်လည်းကောင်း၊ စစ်မှန်ခြင်းနှင့်လည်းကောင်းပြည့်စုံလျက် ငါတို့အလယ်တွင် တဲတော်အဖြစ် တည်နေတော်မူ၏(ခမည်းတော်မှ တစ်ပါးတည်းသော သားတော်၏ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ)။**

**၃း၁၄ မောရှေသည် ကန္တာရတော၌ မြွေကို မြှောက်ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်းကို ခံရမည်။**

ခရစ်တော်သည် လူသားဇာတိ၌ ဘုရားသခင်ကို ထင်ရှားရန် မြေကြီးပေါ်တွင် သုံးဆယ်သုံးနှစ်ခွဲလုံးလုံး အသက်ရှင်ခဲ့သည်။ ကိုယ်တော်သည် အသွေးအသား၌ ထင်ရှားခဲ့သော ဘုရားသခင်ဖြစ်သည်(၁တိ၊၃း၁၆)။ ကိုယ်တော်သည် ဘုရားသခင်၏ သစ္စာရှိသောသက်သေခံဖြစ်သည်(ဗျာ၊၁း၅)။ ကိုယ်တော်သည် ဘုရားသခင်ကို သက်သေခံသည်။ ကိုယ်တော်သည် လူတို့အလယ်တွင် ဘုရား၏ ရွှေ့လျားနိုင်သော ကိန်းဝပ်ရာနေရာဖြစ်သည့် ဘုရားသခင်၏ တဲတော်လည်းဖြစ်သည် (ယော၊၁း၁၄)။ ကိုယ်တော်သည် လူတို့အလယ်တွင် ဘုရားသခင်၏ ကိန်းဝပ်ရာနေရာဖြစ်သည်။ သို့သော် တဲတော်၊ ရွက်ဖျင်တဲကဲ့သို့ ရွှေ့လျားနိုင်သည်။ အာဗြဟံသည် သူ၏တဲကို နေရာများစွာ၌ ယူဆောင်သွားခဲ့သည်။ ခရစ်တော်သည် လူတို့အလယ်တွင် ထိုကဲ့သို့သော ဘုရားသခင်၏ တဲတော်ဖြစ်သည်။ ထို့ပြင် ကိုယ်တော်သည် မြေကြီးပေါ်တွင် ဘုရားသခင်တည်ဆောက်တော်မူသော ကိန်းဝပ်ရာနေရာဖြစ်သည့် ဘုရားသခင်၏ ဗိမာန်တော်ဖြစ်သည် (ယော၊၂း၁၉–၂၁)။
*(The Ten Great Critical "Ones" for the Building Up of the Body of Christ, p.21-22)*

## ယနေ့ဖတ်စရာ

ဘုရားသခင်၏ ထာဝရရွေးနုတ်ခြင်းကို ပြီးမြောက်ပြည့်စုံရန်(ဟေဗြဲ၊၉း၁၂) ပညတ်တရားနှင့် ၎င်း၏ ဝိနည်းအထုံးအဖွဲ့များ (ရော၊၁၀း၄။ ကော၊၂း၁၄။ ဧ၊၂း၁၅)နှင့် စာတန်–မြွေဟောင်း(၃း၁၄။ ဟေဗြဲ၊၂း၁၄)–အပြစ် (ရော၊၈း၃။ ယော၊၁း၂၉)၊ လောက (၁၂း၃၁)၊ အသွေးအသားနှင့်အတူ ကျဆင်းသွားသောလူသား (ရော၊၆း၆။ ဂလ၊၂း၂၀)၊ (ကျဆင်းသွားသောလူဟောင်းအားဖြင့် ပုံဆောင်ထားသော) ဖန်ဆင်းခြင်းအဟောင်းတို့ကို သေစေရန် ကိုယ်တော်သည် အရာအားလုံးပါဝင်သောသေခြင်းဖြင့် အသေခံတော်မူခဲ့

သည်။ ယုံကြည်သူများအထဲသို့ ဝေငှဖြန့်ဖြူးနိုင်ရန်အတွက် ကိုယ်တော်၏ အသေခံတော်မူခြင်းအားဖြင့် သူ၏လူသားအခွံမှ ဘုရားအသက်ကို လွတ်မြောက်စေခဲ့သည် (ယော၊ ၁၂း၂၄။ ၃း၁၅)။ ခရစ်တော်၏ အသေခံခြင်းသည် အနုတ်လက္ခဏာဆောင်သော အရာအားလုံးတို့ကို ဖျက်ဆီးခဲ့သည်။ အပြုသဘောဆောင်ခြင်း၌ ကိုယ်တော်သည် သူ၏လူသားအခွံမှ ဘုရားအသက်ကို လွတ်မြောက်စေခဲ့သည်။ ကိုယ်တော်သည် များစွာသော ဂျုံစပါးမျိုးစေ့ဖြစ်လာရန်နှင့် သူ၏ အသက်ကို လွတ်မြောက်စေနိုင်ရန်အတွက် အသေခံသော ဂျုံစပါးမျိုးစေ့တစ်စေ့ဖြစ်သည်။ ခရစ်တော်အသေခံခြင်း၏ အနုတ်လက္ခဏာသည် ဘုရားသခင်၏ ရွေးနုတ်ခြင်းအတွက်ဖြစ်ပြီး၊ အပြုသဘောအားဖြင့် အသက်ကို ဝေငှပေးရန်အတွက်ဖြစ်သည်။

ကိုယ်တော်သည် သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူခဲ့သည် (မ၊ ၂၈း၆–၇၊ ၁ကော၊၁၅း၄ခ)၊ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် လူသားဖြစ်ခြင်း၌ ကိုယ်တော်သည် ဘုရားသခင်၏ သားဦးဖြစ်လာရန် ခွဲခန့်မှတ်သားခံရပြီး(ရော၊၁း၄။ ၈း ၂၉။ တ၊၁၃း၃၃)၊ အသက်ပေးသောဝိညာဉ်တော်ဖြစ်လာခြင်းဖြင့် (၁ကော၊၁၅း၄၅ခ)၊ ကမ္ဘာမတည်မရှိမီကတည်းက ဘုရားသခင်ရွေးချယ်ခွဲခန့်မှတ်သားထားသောသူများအားလုံးကို ရှင်ပြန်ထမြောက်ခြင်းအသက်ဖြင့် အသစ်တစ်ဖန်မွေးဖွားစေခဲ့သည်(၁ပေ၊၁း ၂–၃။ ဧ၊၁း၄)။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအသက်၌ အသစ်တဖန်မွေးဖွားခံရသူများဖြစ်သည်။

ကိုယ်တော်သည် ကောင်းကင်များသို့ တက်ကြွတော်မူခဲ့၍၊ သူ၏တက်ကြွခြင်း၌ ကိုယ်တော်သည် စကြဝဠာတစ်ခုလုံးကို အုပ်ချုပ်ရန် အရာခပ်သိမ်းနှင့် လူခပ်သိမ်းတို့၏ သခင် (တ၊ ၁၀း၃၆)၊ ဘုရားသခင်၏ စီမံကိန်းကို ပြီးမြောက်ပြည့်စုံစေရန် ဘုရားသခင်၏ ဘိသိက်ခံသောသူ–ခရစ်တော် (တ၊ ၂း၃၆)နှင့် ယုံကြည်သူတို့၏ အရာခပ်သိမ်းအဖြစ် ကိုယ်တော့်ကို လက်ခံ၍ သူတို့အားလုံးကို ကယ်တင်နိုင်မည့် ကယ်တင်ရှင်အဖြစ် (တ၊ ၅း၃၁) ဘုရားသခင့်ရွေးချယ်ခံလူများ၏ ပတ်ဝန်းကျင်နှင့် လောက၏ အခြေအနေကို စီစဉ်ရန်၊ ကမ္ဘာမြေကြီး၏ ဘုရင်များကို အုပ်ချုပ်သောသူ (ဗျာ၊၁း၅)ဖြစ်ရန် သရဖူနှင့် ပလ္လင်တော်ကို အပ်နှင်းခြင်းခံရသည်။ ခရစ်တော်သည် သူ၏ကယ်တင်ခြင်းကို ဘုရားသခင်၏ ရွေးချယ်ခံလူတို့လက်ခံရရှိနိုင်ရန်အတွက် သင့်တော်သော ပတ်ဝန်းကျင်အခြေအနေရရှိနိုင်ရန် သူ၏ အခွင့်အာဏာနှင့် မြေကြီးပေါ် တွင် ချုပ်ခြာကာ အုပ်ချုပ်နေသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ကယ်တင်ရန် အခြေအနေအားလုံးကို အုပ်ချုပ်သောသူဖြစ်ရန် လိုအပ်သည်။ လူတစ်ဦးသည် ဧဝံဂေလိတရားကို ကြားနိုင်ရန် သူအတွက် အ

ခွင့်အရေးမရနိုင်သော ဝေးလံလှသည့်နေရာတွင် နေထိုင်သူဖြစ်ကောင်းဖြစ်နိုင်သည်၊ ထို့ကြောင့် သခင်ဘုရားသည် သူ့အားဧဝံဂေလိတရားကို ကြားနိုင်ပြီး၊ ကယ်တင်ခြင်းခံရရန် အခြားသောနေရာသို့ ပို့ဆောင်ရန် အခြေအနေကို စီစဉ်တော်မူသည်။

ကိုယ်တော်၏ တက်ကြွခြင်း၌ ခရစ်တော်သည် သူ၏ကိုယ်ခန္ဓာတော်ဖြစ်သော အသင်းတော်ကို ကြည့်ရှုဂရုစိုက်ရန် အသင်းတော်၏ဦးခေါင်း (ဧဖေ၊ ၁း ၂၂–၂၃။ ၅း ၂၉–၃၀)၊ ကိုယ်တော့်အင်္ဂါဝင်များ၏ လိုအပ်ချက်များနှင့် အကြောင်းတရားအားလုံးတို့ကို ကြည့်ရှုဂရုစိုက်ရန် ဘုရားသခင်၏ရှေ့တော်၌ရှိသော ထောက်ခံအားပေးသူရှေ့နေ (၁ယော၊ ၂း၁) နှင့် သူ၏ အင်္ဂါဝင်များ၌ရှိ၍ ထောက်ခံအားပေးသူရှေ့နေအဖြစ် ဝိညာဉ်တော်အားဖြင့် သိနားလည်ရသောအရှင်(ယော၊ ၁၄း၁၆–၂၀)ဖြစ်သည်။ ကိုယ်တော်သည် သူ၏ယုံကြည်သူများအား ကောင်းကင်ဆိုင်ရာနိုင်ငံသားများဖြစ်လာစေရန် သူတို့အထဲသို့ ကောင်းကင်ကိုအမှုဆောင်ရန် ကောင်းကင်ဆိုင်ရာအမှုဆောင်သူ (ဟေဗြဲ၊ ၈း ၂။ ဖိ၊ ၃း ၂၀)၊ ယုံကြည်သူများ၏လိုအပ်ချက်များကို ကြည့်ရှုဂရုစိုက်ရန်၊ သူတို့အတွက် ကြားခံတောင်းလျှောက်ပေးရန်နှင့် သူတို့အား အဆုံးစွန်တိုင်အောင် ကယ်တင်ရန် ယဇ်ပုရောဟိတ်မင်းကြီး(ဟေဗြဲ၊၄း၁၄–၁၅။ ၇း ၂၅–၂၇)၊ ကိုယ်တော်၏ အသေခံတော်မူခြင်းအားဖြင့် ယုံကြည်သူများကို ကိုယ်တော်အားဖြင့် ပေးအပ်ခဲ့သော အမွေဖြစ်သည့် ပဋိညာဉ်တရားသစ်ကို လုပ်ဆောင်ရန် ကြားဝင်ဖျန်ဖြေသောသူ (ဟေဗြဲ၊၈း၆။ ၉း၁၅)နှင့် သာ၍မြတ်သောပဋိညာဉ်ကို အာမခံရန် အာမခံသူလည်း ဖြစ်တော်မူသည် (ဟေဗြဲ၊ ၇း ၂၂)။ အထက်ဖော်ပြပါအကြောင်းများသည် ကောင်းကင်များ၌ ခရစ်တော်အမှုတော်၏ ခြားနားသော လက္ခဏာသွင်ပြင်များ ဖြစ်သည်။*(The Ten Great Critical "Ones" for the Building Up of the Body of Christ, p.22-23*)

*ပို၍ဖတ်ရန်-* (*The Ten Great Critical "Ones" for the Building Up of the Body of Christ, ch.2*)

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ---------------------

----------------------------------------

----------------------------------------

----------------------------------------

----------------------------------------

## နံနက်ခင်းကျွေးမွေးခြင်း

**၁ကော၊ ထိုဘုရားသခင်အားဖြင့် သင်တို့သည် ယေရှုခရစ်၌တည်နေကြ၏။**
**၁း၃၀ ထိုသခင်မူကား၊ ဘုရားသခင်စီရင်တော်မူသည့်အတိုင်း၊ ငါတို့၌ ပညာမှစ၍ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ရွေးနုတ်ခြင်း ဖြစ်တော်မူ၏။**

**ကော၊ ဖန်ဆင်းတော်မူသောသူ၏ပုံသဏ္ဌာန်နှင့်အညီ၊ ပြည့်ဝသောအသိ**
**၃း၁၀–၁၁ ပညာသို့ အသစ်ပြုပြင်ခြင်းခံရသောလူသစ်ကို ယူတင်ဝတ်ဆောင်သောသူဖြစ်ကြ၏။ ထိုဖန်ဆင်းပြုပြင်တော်မူရာ၌ ဂရိလူမျိုးနှင့် ဂျူးလူမျိုး၊ အရေဖျားလှီးခံသူနှင့် မခံသူ၊ လူရိုင်း၊ သကုသိလူ၊ ကျွန်၊ လူလွတ်မရှိနိုင်။ သို့သော် ခရစ်တော်သည် အလုံးစုံတို့၌ အလုံးစုံဖြစ်တော်မူ၏။**

ခရစ်တော်သည် ဘုရားသခင်၏ကယ်တင်ခြင်း၌ ဘုရားသခင်ထံမှ ကျွန်ုပ်တို့အတွက် အသက်ရှင်ခြင်း၏ အချက်အချာဖြစ်သောအရာသုံးခုဖြစ်သည့် ပညာတော် ဖြစ်လာခဲ့သည်၊ ၎င်းတို့မှာ –(၁)ဖြောင့်မတ်ခြင်း(ကျွန်ုပ်တို့၏ အတိတ်ကာလအတွက်)၊ ၎င်းမှာ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဖြောင့်မတ်စေခြင်းဖြင့် ကျွန်ုပ်တို့သည် ဘုရားအသက်ကို လက်ခံရရှိရန် ကျွန်ုပ်တို့၏ ဝိညာဉ်၌ အသစ်မွေးဖွားခံရခြင်း(ရော၊၅း၁၈)။ (၂)သန့်ရှင်းစင်ကြယ်ခြင်း(ကျွန်ုပ်တို့၏ မျက်မှောက်ကာလအတွက်)၊ ၎င်းမှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စိတ်၌ သန့်ရှင်းစင်ကြယ်ခံရခြင်းဖြင့်၊ ကိုယ်တော်၏ ဘုရားအသက်နှင့် ကျွန်ုပ်တို့၏ အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒ၌ ပုံသဏ္ဌာန်ပြောင်းလဲလာခြင်း(ရော၊၆း ၁၉၊ ၂၂)။ (၃)ရွေးနုတ်ခြင်း(ကျွန်ုပ်တို့၏ အနာဂတ်ကာလအတွက်)၊ ၎င်းမှာ ကျွန်ုပ်တို့၏ ခန္ဓာကိုယ် ရွေးနုတ်ခံရခြင်း(ရော၊၈း ၂၃)ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ ဘုန်းတော်နှင့် တူညီခြင်းရှိရန်(ဖိ၊၃း ၂၁) ကိုယ်တော်၏ ဘုရားအသက်နှင့် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာ၌ အဆင်းသဏ္ဌာန်ပြောင်းလဲလာခြင်းတို့ဖြစ်သည်။ ဤအရာသည် ထိုသို့ပြီးမြောက်ပြည့်စုံသောကယ်တင်ခြင်း၌ ကျွန်ုပ်တို့ပါဝင်ဆက်ဆံနိုင်သော ဘုရား၏ အရာများဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့၏ ဖြစ်ခြင်းတစ်ခုလုံး– ဝိညာဉ်၊ စိတ်နှင့် ခန္ဓာကို ရှင်သန်သော နည်းလမ်း၌ ခရစ်တော်နှင့် တစ်လုံးတစ်ဝဖြစ်စေ၍၊ ခရစ်တော်သည် ကျွန်ုပ်တို့အဖို့ အရာခပ်သိမ်းဖြစ်လာသည်။ ဤအရာသည် ကျွန်ုပ်တို့ကြောင့်မဟုတ်ဘဲ၊ ဘုရားသခင်ကြောင့် လုံးလုံးဖြစ်လာသည်၊ ထို့ကြောင့် ကျွန်ုပ်တို့သည် မိမိတို့၌ မဟုတ်ဘဲ၊ ကိုယ်တော်၌ ဝါကြွားခြင်းနှင့် ဘုန်းအသရေ ရှိလာနိုင်ခြင်း

ဖြစ်သည် (၁ကော၊၁း၃၀၊ မှတ်စု ၂)။

လူသစ်၌ ခရစ်တော်အတွက်သာ နေရာရှိသည်။ ကိုယ်တော်သည် လူသစ်၏ အင်္ဂါဝင်များ အားလုံးဖြစ်၍၊ အင်္ဂါဝင်များအားလုံးထဲ၌ ရှိသည်။ ကိုယ်တော်သည် လူသစ်၌ အရာအားလုံးဖြစ်သည်။ အမှန်တွင် ကိုယ်တော်သည် လူသစ်၊ ကိုယ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်သည်(၁ကော၊၁၂း၁၂)။ လူသစ်၌ ကိုယ်တော်သည် အလယ်ဗဟိုနှင့် စကြဝဠာလုံးဆိုင်ရာဖြစ်သည်။ ကိုယ်တော်သည် လူသစ်၏ စေ့စပ်ထုံးဖွဲ့မှုဖြစ်ပြီး၊ ကိုယ်တော်သည် လူသစ်တွင် အလုံးစုံတို့၏ အလုံးစုံဖြစ်တော်မူ၏ ။

*အလုံးစုံ*(ကော၊၃း၁၁ရှိ) ဟူသည်မှာ လူသစ်၏ စေ့စပ်ထုံးဖွဲ့မှုဖြစ်သော အင်္ဂါများအားလုံးကို ရည်ညွှန်းပါသည် (ကော၊ ၃း၁၁၊ မှတ်စု ၉နှင့် ၁၀)။

## *ယနေ့ဖတ်စရာ*

ကျွန်ုပ်တို့သည် ခရစ်တော်ကို ထာဝရကာလမှစ၍၊ ဖန်ဆင်းခြင်းမှတစ်ဆင့်၊ ကိုယ်တော်၏ လူ့ဇာတိခံခြင်း၊ လူသားအသက်ရှင်ခြင်း၊ အရာအားလုံးပါဝင်သော အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွတော်မူခြင်းအားဖြင့် မြင်ခဲ့ပြီးဖြစ်သည်။ ကိုယ်တော်၏ တက်ကြွတော်မူခြင်း၌ သူသည် အလုံးစုံတို့၏ သခင်၊ ခရစ်တော်အဖြစ် ပထမဆုံးနှင့် ပဋိညာဉ်တရားသစ်၏ အာမခံအဖြစ် နောက်ဆုံးဟူ၍ အရာများစွာဖြစ်လာရန် ခန့်အပ်ခြင်းခံရသည်။ ယခုတွင် ကိုယ်တော်သည် ကောင်းကင်များ၌ရှိသကဲ့သို့ အသင်းတော်အသက်တာ၌လည်း ရှိတော်မူသည်။ အသင်းတော်ခေတ်ကာလ၌ ကိုယ်တော်သည် များစွာသောအချက်များဖြင့် သူ၏ အသင်းတော်ကို ကြည့်ရှုဂရုစိုက်နေသည်။

ခရစ်တော်သည် ဘုရားသခင်သိုးတော်စု၏ သိုးထိန်း၊ သူတို့အတွက် ဂျူးဘာသာရေးမှထွက်လာရန် တံခါးပေါက်နှင့် သူတို့စားသောက်နိုင်ရန်အတွက် စားကျက်မြေလည်းဖြစ်သည်(ယော၊၁၀း၁၁၊ ၁၄၊ ၁၆၊ ၉)။ ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၊ အသက်၊ လမ်းခရီးနှင့် စစ်မှန်ခြင်းဖြစ်သည်(ယော၊ ၁၁း ၂၅။ ၁၄း၆)။ ကိုယ်တော်သည် မင်္ဂလာဆောင်သတို့သမီးကိုရသော မင်္ဂလာဆောင်သတို့သားလည်းဖြစ်သည် (ယော၊၃း ၂၉က)။

ကိုယ်တော်သည် ဘုရားသခင်၏ တန်းခိုးတော်နှင့် သူ၏ ယုံကြည်သူတို့အဖို့ ဘုရားသခင်ထံတော်မှ ပညာတော်ဖြစ်တော်မူ၍၊ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်းနှင့် ရွေးနုတ်ခြင်းလည်းဖြစ်သည်(၁ကော၊၁း ၂၄၊ ၃၀)။ ကိုယ်တော်သည် ဘုရားသခင်၏ စီရင်တော်မူခြင်းကို ယုံကြည်သူများဖြတ်သန်းနိုင်ရန်အတွက် ပသခါဖြစ်သည် (၁ကော၊ ၅း၇)။ ကိုယ်တော်သည် ဘုရားသခင်၏ လူမျိုးများအတွက် အသက်စမ်းရေစီးသော ဝိညာဉ်

ရေးရာကျောက်နှင့် ဝိညာဉ်ရေးရာအစာဖြစ်တော်မူသည် (၁၀း၃–၄။ ယော၊၆း၃၅။ ၄း၁၀၊ ၁၄)။ ကိုယ်တော်သည် ကိုယ်ခန္ဓာတော်ဖြစ်တော်မူ၍(၁ကော ၊၁၂း၁၂)၊ ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအားလုံးတို့သည်–လူသစ်တစ်ဦးဖြစ်တော်မူ၏ (ကော၊ ၃း၁၀–၁၁)။ ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအနေဖြင့် ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ အင်္ဂါဝင်များဖြစ်ရုံမကဘဲ၊ ခရစ်တော်ဖြစ်ကြောင်းကို ကြွေးကြော်သင့်ပါသည်။ ခရစ်တော်သည် အဦးသီးသောအသီး၊ ဒုတိယလူနှင့် နောက်ဆုံးသော အာဒံဖြစ်တော်မူသည်(၁ကော၊၁၅း ၂၀၊ ၂၃၊၄၇၊၄၅)။ ကိုယ်တော်သည် ပထမ၊ ဒုတိယ၊ နောက်ဆုံးနှင့် ကိန်းဂဏာန်းအားလုံးဖြစ်သည်။

ကိုယ်တော်သည် ကိုယ်ခန္ဓာတော်၏ဦးခေါင်းတော်ဖြစ်ရန် သေသောသူတို့တွင် သားဦးဖြစ်တော်မူ၏ (ကော၊၁း၁၈)။ ကိုယ်တော်သည် ဘုရားသခင်၏ ဖန်ဆင်းခြင်းအဟောင်းတွင်ရှိသော ၊ ဖန်ဆင်းခြင်းအားလုံး၏ သားဦးဖြစ်သည်။ ယခုကိုယ်တော်သည် ဖန်ဆင်းခြင်းအသစ်၌ ကိုယ်ခန္ဓာတော်၏ ဦးခေါင်းတော်ဖြစ်ရန် သေသောသူတို့တွင် သားဦးဖြစ်တော်မူသည်။ ကိုယ်တော်သည် အစ္စရေလူမျိုးတို့အဖို့ ကောင်းသောမြေကို ဘုရားသခင်ခွဲခန့်သတ်မှတ်ခြင်းကို ပုံဆောင်သည့်၊ သန့်ရှင်းသူတို့အဖို့ ခွဲဝေဖြန့်ဖြူး ပေးမည့် ဘုရားသခင်၏ ဝေစုဖြစ်သည်(ကော၊၁း၁၂)။ ယနေ့ ကိုယ်တော်သည် ဘုရားသခင်၏ လူမျိုးတို့အဖို့ ကောင်းသောအရာများအားလုံး၏ (စစ်မှန်ခြင်း)ကိုယ်ခန္ဓာလည်းဖြစ်သည်(ကော၊ ၂း၁၆–၁၇)။ ကိုယ်တော်သည် စစ်မှန်သော စားသောက်ပွဲ၊ လဆန်းနှင့် ဥပုသ်နေ့၏ စစ်မှန်ခြင်းဖြစ်သည်။ ကိုယ်တော်သည် အရာအားလုံး ဖြစ်တော်မူသည်။ ဓမ္မဟောင်း၌ရှိသော အရာအားလုံးတို့သည် ပုံရိပ်များသာဖြစ်၍၊ ကိုယ်တော်သည် ဤပုံရိပ်များအားလုံး၏ ကိုယ်ခန္ဓာ၊ စစ်မှန်ခြင်းဖြစ်သည်။ ကိုယ်တော်သည် ယုံကြည်သူများ၏ အသက်နှင့် သူတို့အသက်ရှင်၍၊ ကြီးမားထင်ရှားသောသူလည်းဖြစ်သည် (ကော၊ ၃း၄။ ဖိ၊ ၁း ၂၀– ၂၁)။ (*The Ten Great Critical "Ones" for the Building Up of the Body of Christ, p.28-29*)

*ပို၍ဖတ်ရန်- (The Ten Great Critical "Ones" for the Building Up of the Body of Christ, ch.3.*

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း*** ——————————————————

———————————————————————————

———————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဗျာ၊ ထိုအခါ အသက်ကြီးသောသူတစ်ပါးက၊ မငိုကြွေးနှင့်။ ဂျူးအမျိုး**
**၅း၅-၆ ခြသေ့တည်းဟူသော ဒါဝိဒ်၏အမြစ်သည် ထိုစာလိပ်ကိုလည်း ကောင်း၊ တံဆိပ်ခုနစ်ချက် တို့ကိုလည်းကောင်း၊ ဖွင့်ခြင်းငှါ အောင် မြင်လေပြီ ဟုငါ့ကိုပြောဆို၏။ ထိုအခါ ပလ္လင်တော်မှစသော သတ္တဝါ လေးပါးနှင့် အသက်ကြီးသူတို့အလယ်၌ အသေသတ်ပြီးခါစရှိသော သိုးသူငယ်သည် ချိုခုနစ်ချောင်းနှင့် မျက်စိခုနစ်လုံးရှိလျက် ရပ် လျက်ရှိသည်ကို ငါမြင်၏။ ယင်းတို့သည် မြေကြီးတစ်ပြင်လုံးသို့ လွှတ် သော ဘုရားသခင်၏ဝိညာဉ်တော်ခုနစ်ပါး ဖြစ်၏။**

ခရစ်တော်သည် ဂျူးအမျိုး၏ခြသေ့ဖြစ်ကြောင်းကို အသက်ကြီးသူတစ်ပါးအား ဖြင့် တမန်တော်ယောဟန်ထံသို့ ထောက်ခံဖော်ပြခဲ့သော်လည်း၊ ကိုယ်တော်သည် ယော ဟန်ထံသို့ သိုးသူငယ်အဖြစ် ထင်ရှားခဲ့သည်။ ကိုယ်တော်သည် ခြသေ့အဖြစ် ရန်သူကို ဆန့်ကျင်တိုက်ခိုက်သူဖြစ်၍၊ သိုးသူငယ်အဖြစ်မှု ကျွန်ုပ်တို့အဖို့ ရွေးနုတ်ရှင်ဖြစ်သည်။ ကိုယ်တော်သည် ရန်သူကို တိုက်ခိုက်အောင်မြင်ကာ ကျွန်ုပ်တို့အတွက် ရွေးနုတ်ခြင်းအမှု ကို ပြီးမြောက်ပြည့်စုံစေခဲ့သည်။ ရန်သူအဖို့ ကိုယ်တော်သည် ခြသေ့ဖြစ်၍၊ ကျွန်ုပ်တို့ အဖို့မူ ကိုယ်တော်သည် သိုးသူငယ်ဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်သည် ခြသေ့-သိုးသူ ငယ် ဖြစ်သည်။(ဗျာ၊၅း၆၊ မှတ်စု၊ ၁)။

မျက်စိသည် ကြည့်ရှုခြင်းနှင့်ရှာဖွေခြင်းအတွက်ဖြစ်သည်။ ရွေးနုတ်သောသိုးသူ ငယ်တည်းဟူသောခရစ်တော်သည် ဘုရားသခင်၏ထာဝရအကြံအစည်တော် ပြီးမြောက် ရန် စကြဝဠာတစ်ခုလုံးအပေါ် ဘုရားသခင်၏စီရင်ခြင်းအဆုံးသတ်ရန်အတွက် မျက်စိ ခုနစ်လုံးဖြင့် ကြည့်ရှုရှာဖွေနေသည်။ ထိုအကြံအစည်တော်သည် ယေရုရှလင်မြို့သစ်၌ ပြီး မြောက်ပြည့်စုံမည် ဖြစ်သည်။ ထို့ကြောင့် ဇာ၊၃း၉တွင် ကိုယ်တော်သည် ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် မျက်စိခုနစ်လုံးရှိသောကျောက်၊ တိုက်ထောင့်ကျောက်ဖြစ် ကြောင်းကို ပရောဖက်ပြုထားသည်(ဇာ၊ ၄း၇)။ ဤမျက်စိခုနစ်လုံးသည် မြေကြီးတစ်ပြင် လုံးသို့ စေလွှတ်တော်မူသော ဘုရားသခင်၏ဝိညာဉ်တော်ခုနစ်ပါးဖြစ်၍၊ သူတို့သည် မြေ ကြီးတစ်ပြင်လုံးသို့ ပြေးလျက်ရှိသည်(ဇာ၊၄း၁၀)။ (ဗျာ၊၅း၆၊မှတ်စု၊၅)

# ယနေ့ဖတ်စရာ

ခရစ်တော်သည် ဘုရားသခင်၏ ရွေးနုတ်ခြင်းကို ပြီးမြောက်ပြည့်စုံရန် သိုးသူငယ်နှင့် ဘုရားသခင်၏ နိုင်ငံတော်အတွက် တိုက်ခိုက်သောခြသေ့ဖြစ်သည်(ဗျာ၊၅း၅–၆)။ ဘုရားသခင်၏ ရွေးနုတ်ခြင်းအတွက် ကိုယ်တော်သည် သိုးသူငယ်ဖြစ်သည်။ ဘုရားသခင်၏ နိုင်ငံတော်အတွက် ကိုယ်တော်သည် တိုက်ခိုက်သောခြသေ့၊ ဂျုဒလူမျိုး၏ ခြသေ့ဖြစ်သည်။ ကိုယ်တော်သည် ဤခေတ်ကာလ၏ လျှို့ဝှက်ချက်တံဆိပ်ကို ဖွင့်သောသူလည်းဖြစ်သည်(ဗျာ၊၅း၅)။ ဤသည်မှာ ဗျာဒိတ်ကျမ်းတစ်စောင်လုံး၏ ပါဝင်သောအရာများအားလုံးကို ဆိုလိုခြင်းဖြစ်သည်။ ခရစ်တော်သည် ယုံကြည်သူများ၏ ဘုန်းမျှော်လင့်ရာဖြစ်သည်(ကော၊၁း၂၇)။ အသင်းတော်ခေတ်အဆုံး၌ အသင်းတော်ကို ကြည့်ရှုဂရုစိုက်ရန် အရာများစွာဖြစ်လာပြီးနောက် ကိုယ်တော်သည် ကြွလာမည့်သူဖြစ်လိမ့်မည်ဖြစ်သည်။ ပထမ၊ ကိုယ်တော်သည် မြေကြီးပေါ် သို့ ကိုယ်တော်၏ ကြွလာခြင်းမတိုင်မီ အောင်မြင်သူများထံ ပေါ် ထွန်းတော်မူမည့် မိုးသောက်ကြယ်ကဲ့သို့ လျှို့ဝှက်စွာကြွ လာလိမ့်မည်ဖြစ်သည် (ဗျာ၊ ၂း ၂၈)။ နံနက်စောစော၌ များစွာသောလူတို့ မနိုးခင်တွင် မိုးသောက်ကြယ်ပေါ် ထွန်းသည်။ လူအနည်းငယ်သာလျှင် ခရစ်တော်ကို မိုးသောက်ကြယ်ကဲ့သို့ မြင်ရလိမ့်မည်ဖြစ်သည်။ ကိုယ်တော်သည် ကမ္ဘာလောကတစ်ခုလုံးသို့ ပေါ် ထွန်းရန် အနာငြိမ်းစေသောသူ၏ အတောင်တော်နှင့်အတူ ဖြောင့်မတ်ခြင်း၏ နေမင်းလည်းဖြစ်သည် (မာလ၊ ၄း ၂)။

ကိုယ်တော်သည် သူ၏ ယုံကြည်သူများကို အဆင်းသဏ္ဌာန်ပြောင်းလဲပေးရန် ပြန်လည်ကြွလာမည့် ကယ်တင်ရှင်ဖြစ်တော်မူသည်(ဖိ၊၃း ၂၁)။ ကိုယ်တော်သည် ကျွန်ုပ်တို့ကိုယ်ခန္ဓာ၏ သွင်ပြင်ကို ပြောင်းလဲပေးမည်ဖြစ်၍၊ ဤအဆင်းသဏ္ဌာန်ပြောင်းလဲခြင်းကို ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာရွေးနုတ်ခြင်းဟုခေါ် ဆိုသည် (ရော၊၈း ၂၃)။ ခရစ်တော်သည် ကျွန်ုပ်တို့၏ ဝိညာဉ်ကို အသစ်တစ်ဖန်မွေးဖွားပေးခဲ့သည်။ ကိုယ်တော်သည် ယခု ကျွန်ုပ်တို့၏ စိတ်ကို ပုံသဏ္ဌာန်ပြောင်းလဲပေးနေပြီး၊ ကျွန်ုပ်တို့၏ စိတ်ကို ကိုယ်တော်၏ ပုံသဏ္ဌာန်သို့ သဏ္ဌာန်တူညီလာစေသည်။ ကျွန်ုပ်တို့သည်လည်း ကိုယ်ခန္ဓာကိုရွေးနုတ်ပေးရန်၊ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာအား နှိမ့်ကျသောအဆင့်မှ အမြင့်ဆုံးသောအဆင့်ဖြစ်သည့် ကိုယ်တော်၏ ကိုယ်ခန္ဓာ၊ ဘုန်းထင်ရှားသောကိုယ်ခန္ဓာသို့ ပြောင်းလဲပေးရန် ကိုယ်တော်၏ ပြန်ကြွလာခြင်းကို စောင့်မျှော်နေကြသည်။ ထိုအခါ ကျွန်ုပ်တို့၏ ဖြစ်ခြင်းတစ်ခုလုံးသည် ကယ်တင်ခြင်းခံရလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်ငယ်စဉ်အခါက၊ အချို့သောသူများက၊ "သင်ကယ်တင်ခြင်းခံရပြီလော"ဟုမေးသည်။ သူတို့ကို အဘယ်သို့ အဖြေပေးရမည်ကို ကျွန်ုပ်

မသိခဲ့ပါ။ နောက်ပိုင်းတွင် ကျွန်ုပ်သည် “ဝိညာဉ်၌ ကျွန်ုပ်ကယ်တင်ခံရ၍၊ ယခုကျွန်ုပ်သည် ကျွန်ုပ်၏စိတ်၌ကယ်တင်ခံရပြီး၊ ကျွန်ုပ်၏ကိုယ်ခန္ဓာ၌လည်း ကယ်တင်ခံရလိမ့်မည်” ဟု ပြန်လည်အဖြေပေးနိုင်ကြောင်းကို သိရှိလာခဲ့သည်။ ကျွန်ုပ်တို့၏ဝိညာဉ်၊ စိတ်နှင့်ခန္ဓာအဖို့ ဤသုံးဆသောကယ်တင်ခြင်းအတွက် ဟာလေလုယာ။

ပေတရုသည် *စိတ်ကယ်တင်ခြင်းအကြောင်းကို* ပြောထားသည်။ ယင်းမှာ ပုံသဏ္ဍာန်ပြောင်းလဲပေးခြင်း၏ကယ်တင်ခြင်းဖြစ်သည်(၁ပေ၊၁း၁၉)။ ကျွန်ုပ်တို့၏ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသည် ကျွန်ုပ်တို့၏စိတ်ကို ကယ်တင်ခြင်း၏ဖြစ်စဉ်ဖြစ်သည်။ ကျွန်ုပ်တို့ရင့်ကျက်လာသောအခါ၊ ကျွန်ုပ်တို့သည် စိတ်၌ ပြည့်စုံစွာ ကယ်တင်ခြင်းခံရပြီးဖြစ်သည်။ ကျွန်ုပ်တို့၏စိတ်၌ ပုံသဏ္ဍာန်ပြောင်းလဲခြင်းခံရန် တစ်ခုတည်းသောနည်းလမ်းမှာ မိမိကိုယ်ကို ငြင်းပယ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ အသေခံခြင်းသို့ ပုံသဏ္ဍာန်တူညီခြင်းခံရန် ဖြစ်သည်(ဖိ၊၃း၁၀)။ ဤအဆင့် ပြည့်ဝပြည့်စုံလာသောအခါ၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာကယ်တင်ခြင်းအတွက် စောင့်မျှော်ရန် ကျွန်ုပ်တို့၏ ဝိညာဉ်၌ ကယ်တင်ခြင်းခံရလိမ့်မည်ဖြစ်သည်။

ခရစ်တော်သည် ကိုယ်တော်၏ယုံကြည်သူများအထဲမှ နှစ်တစ်ထောင်ကာလအတွက် ဆုလာဘ်အဖြစ် နိုင်ငံတော်ကိုရယူ၍၊ ၎င်း၏ဝမ်းမြောက်ခြင်းများကို မည်သူရရှိမည်၊ နိုင်ငံတော်ခေတ်ကာလ၌ ဆုလာဘ်ဖြစ်သော နိုင်ငံတော်ကို ဆုံးရှုံး၍ အပြစ်ဒဏ်မည်သူခံရမည်ကို ပိုင်းခြားသိမြင်ရန် ယုံကြည်သူများကို တရားစီရင်လိမ့်မည်ဖြစ်သည် (၂ကော၊၅း၁၀)။(*The Ten Great Critical "Ones" for the Building Up of the Body of Christ, p.29-30*)

*ပို၍ဖတ်ရန်- The Ten Great Critical "Ones" for the Building Up of the Body of Christ, ch. 3.*

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း* ——————————————**

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဗျာ၊ ငါတို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့။ ဂုဏ်တော်ကို ချီးမွမ်းကြ**
**၁၉း၇ ကုန်အံ့။ အကြောင်းမူကား၊ သိုးသူငယ်၏မင်္ဂလာဆောင်ပွဲခံချိန်ရှိပြီ။**
**ကိုယ်တော်၏မိန်းမသည် ကိုယ်ကိုအဆင်သင့်ဖြစ်စေပြီ။**
**၁၉ သားရဲမှစ၍ လောကီရှင်ဘုရင်တို့နှင့် သူတို့၏တပ်များသည် မြင်းစီး**
**တော်မူသောသူနှင့်တပ်တော်ကို စစ်တိုက်ခြင်းငှါ စည်းဝေးကြသည်ကို**
**ငါမြင်၏။**

ဘုရားသခင်၏ စိုးစံခြင်းနိုင်ငံတော်သည် သိုးသူငယ်၏မင်္ဂလာဆောင်ပွဲနှင့် ဆက်နွယ်နေပြီး၊ သိုးသူငယ်၏မင်္ဂလာဆောင်ပွဲသည် ဘုရားသခင်၏ဓမ္မသစ်စီမံကိန်းပြီးမြောက်ပြည့်စုံခြင်းမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ဓမ္မသစ်ကျမ်း၌ ဘုရားသခင်၏စီမံကိန်းမှာ ကိုယ်တော်၏ရွေးနုတ်ခြင်းနှင့် ဘုရားအသက်အားဖြင့် ခရစ်တော်အတွက် သတို့သမီးတည်းဟူသော အသင်းတော်ကို ရရှိရန်ဖြစ်သည်။ ရာစုနှစ်များတစ်လျှောက်၊ သန့်ရှင်းသောဝိညာဉ်တော်၏ စဉ်ဆက်မပြတ်လုပ်ဆောင်တော်မူခြင်းအားဖြင့် ဤခေတ်၏ အဆုံးတွင် ထိုပန်းတိုင်သို့ ရောက်ရှိလိမ့်မည်ဖြစ်သည်။ ဤသို့ဖြင့် အောင်မြင်သောယုံကြည်သူများဖြစ်သည့် သတို့သမီးသည် အဆင်သင့်ရှိခြင်းဖြင့်၊ ဘုရားသခင်၏နိုင်ငံတော်သည် ရောက်ရှိလာလိမ့်မည်ဖြစ်သည်။ (ဗျာ၊ ၁၉း၇၊ မှတ်စု၊၁)။

## *ယနေ့ဖတ်စရာ*

ခရစ်တော်သည် မိလေနီနိုင်ငံတော်၌ သူ၏သတို့သမီးဖြစ်သော အောင်မြင်သူများကို လက်ထပ်ရန် ပြန်လည်ကြွလာလိမ့်မည်ဖြစ်သည်(ဗျာ၊၁၉း၇)။ ယနေ့ ကျွန်ုပ်တို့သည် ခရစ်တော်ကို စေ့စပ်ထားရုံသာရှိပြီး၊ လက်ထပ်ခြင်းမရှိသေးပါ။ နောက်ဆုံးတွင် ကိုယ်တော်သည် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာကို ပြောင်းလဲပေးရန် ကိုယ်ခန္ဓာကို ကယ်တင်ပေးသောအခါ၊ ကိုယ်တော်နှင့် ကျွန်ုပ်တို့၏ လက်ထပ်ခြင်းအတွက် အဆင်သင့်ဖြစ်လိမ့်မည်။ ဗျာ၊၁၉ က “ကိုယ်တော်၏မိန်းမသည် ကိုယ်ကို အဆင်သင့်ဖြစ်စေပြီ”ဟုပြောထားသည် (အငယ်၊၇)။ ကျွန်ုပ်တို့သည် ပြည့်ဝစွာ ကယ်တင်ခြင်းမခံရသေးသောကြောင့် ခရစ်တော်သည် ကျွန်ုပ်တို့ကို ထိမ်းမြားခြင်းမပြုနိုင်သေးပါ။ ကိုယ်တော်သည် အပြစ်ပြည့်ဝခြင်း၊ သေနေခြင်း၊ အားနည်းခြင်းများနှင့် မကျန်းမာခြင်းတို့နှင့်ပြည့်ဝနေသည့် ဖန်ဆင်းခြင်းအဟောင်းရှိ ကိုယ်ခန္ဓာအဟောင်း၌ရှိသော သတို့သမီးကို လက်ထပ်လိမ့်မည်မဟုတ်ပါ။

ကိုယ်တော်သည် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာ၌ ကျွန်ုပ်တို့ကို မကယ်တင်မီတိုင်အောင် ကျွန်ုပ်တို့ကို လက်ထပ်၍မရနိုင်ပေ။ ကျွန်ုပ်တို့သည် လူသစ်လုံးလုံးဖြစ်လာသောအချိန်၌၊ ကျွန်ုပ်တို့၏ ဝိညာဉ်၌လူသစ်၊ ကျွန်ုပ်တို့၏ စိတ်၌ လူသစ်နှင့် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာ၌ လူသစ်ဖြစ်လာလိမ့်မည်ဖြစ်သည်။

သခင်ဘုရားသည် အန္တိခရစ်နှင့် သူ၏စစ်တပ်များအား နှိမ်နင်းရန် ကြွလာတော်မူလိမ့်မည်(ဗျာ၊၁၉း၁၉–၂၁)။ ပထမတွင် ကိုယ်တော်သည် ကျွန်ုပ်တို့အား အဆင်းသဏ္ဍာန်ပြောင်းလဲပေးရန် ကြွလာတော်မူ၍၊ ဒုတိယမှာ ကျွန်ုပ်တို့အား လက်ထပ်ရန်နှင့် တတိယ၊ အန္တိခရစ်အားနှိမ်နင်းရန် ကြွလာတော်မူလိမ့်မည်။ ထိမ်းမြားပြီးခါစ၊ မင်္ဂလာဆောင်သတို့သားအနေဖြင့် ကိုယ်တော်သည် အန္တိခရစ်ကို အနိုင်ယူလိမ့်မည်။ ခရစ်တော်၊ ဗိုလ်ချုပ်ကြီးသည် မင်္ဂလာဆောင်သတို့သားဖြစ်ပြီး၊ ကိုယ်တော်၏စစ်တပ်သည် အောင်မြင်သူများအားလုံးပေါင်းဖွဲ့ထားသော စုပေါင်းသတို့သမီး၊ ကိုယ်တော်၏ဇနီးဖြစ်လိမ့်မည်။ ကျွန်ုပ်တို့သည် သခင်ဘုရားအား "သခင်ဘုရား အကျွန်ုပ်သည် အောင်မြင်သူတစ်ဦးဖြစ်လိုပါသည်။ သို့မှသာ၊ ကျွန်ုပ်သည်လည်း ကိုယ်တော်နှင့်အတူ အန္တိခရစ်ကို အောင်မြင်ရန်၊ ကိုယ်တော်၏အောင်မြင်သူများမှ တစ်ဦးဖြစ်လာ၍၊ သတို့သမီး၏ အစိတ်အပိုင်းတစ်ခုဖြစ်နိုင်မည်ဖြစ်သည်"ဟု ပြောဆိုနိုင်မည်ဖြစ်သည်။

ခရစ်တော်ပြန်ကြွလာသောအခါ၊ ကိုယ်တော်သည် ကျန်ကြွင်းသော ဂျူးလူမျိုးများ၏လက်ခံခြင်းကို ခံရလိမ့်မည်ဖြစ်သည်(ဇာ၊၁၂း၁၀။ ရော၊၁၁း၂၆)။ အန္တိခရစ်သည် ယေရုရှလင်မြို့ကိုဝန်းရံ၍၊ ဂျူးအားလုံးကိုသတ်ရန် တိုက်ခိုက်လိမ့်မည်ဖြစ်သည်။ ထိုအချိန်ကာလ၌ မေရှိယပေါ်ထွန်းတော်မူလိမ့်မည်။ တစ်ဘက်တွင် မေရှိယသည် ရန်သူကို အနိုင်ရလိမ့်မည်ဖြစ်ပြီး၊ အခြားတစ်ဘက်တွင် ကျန်ကြွင်းသော ဂျူးလူမျိုးများက သူတို့ထိုးဖောက်ခဲ့သောသူ ကိုယ်တော့်ကိုတွေ့မြင်၍၊ နောင်တရကြလိမ့်မည်။ ခရစ်တော်ကို သူတို့လက်ခံကြလိမ့်မည်။ ယနေ့ ဂျူးလူမျိုးတို့သည် မယုံကြည်ကြပါ။ ခရစ်တော်ကိုလည်း လက်မခံကြပါ။ သူတို့က ဓမ္မသစ်ကျမ်း၌ ဖွင့်ပြထားသည့်အတိုင်း ကျွန်ုပ်တို့ဟောပြောသော ခရစ်တော်ရှိကြောင်းကို မယုံကြည်ကြပါ။

လူမျိုးအားလုံးနီးပါးသည် အန္တိခရစ်၏ ဆန့်ကျင်ပုန်ကန်ခြင်း၌ သူ၏နောက်သို့လိုက်ကြလိမ့်မည်ဖြစ်ပြီး၊ သူတို့အားလုံးနီးပါးသည် အာမဂေဒုန်စစ်ပွဲ၌ သတ်ဖြတ်ခြင်းကို ခံရကြလိမ့်မည်။ ဗျာ၊၁၄း၂၀ က ဤစစ်ပွဲမှသွေးတို့သည် "တစ်ထောင့်ခြောက်ရာစတေဒီယာ ခရီးတစ်လျှောက်လုံး၌ မြင်းဇက်ကြိုးကို မီသည်တိုင်အောင်" ဖြစ်ကြောင်းကို ပြောထားသည်။ တစ်ထောင့်ခြောက်ရာစတေဒီယာသည် ၁၈၂ မိုင်နှင့်ညီမျှသည်။ အကွာအဝေး

သည် ဗောဇရမြို့(ဟေရှာ၊၆၃း၁)မှ အာမဂေဒုန်(ဗျာ၊၁၆း၁၆)တိုင်ဖြစ်သည်။ တစ်နေ့တွင် ဘုရားသခင်၏ ကိုယ်ထင်ရှားခြင်းဖြစ်သော ခရစ်တော်သည် စာတန်၏ ကိုယ်ထင်ရှားခြင်းဖြစ်သော အန္တိခရစ်နှင့် မျက်နှာချင်းဆိုင် တိုက်ခိုက်လိမ့်မည်။ ခရစ်တော်ကို ဆန့်ကျင်တိုက်ခိုက်ရန်အတွက် တစ်လောကလုံးနီးပါးသည် အန္တိခရစ်၏ နောက်သို့ လိုက်သွားကြလိမ့်မည်။

အန္တိခရစ်သည် ကျန်ကြွင်းသော ခရစ်ယာန်များကို ဆန့်ကျင်ရန်နှင့် ဂျူးလူမျိုးတို့ကို ဆန့်ကျင်ရန် သူ၏ နောက်သို့လိုက်ရန် တစ်လောကလုံးကို သွေးဆောင်နေစဉ်တွင် “ ဘုရားသခင်ကို ကြောက်ရွံ့၍ . . . ကိုးကွယ်ကြလော့” (ဗျာ၊၁၄း၇) ဟုဟစ်ကြွေးသော ကောင်းကင်တမန်အားဖြင့် ထာဝရဧဝံဂေလိကို ဟောပြောလိမ့်မည်။ လူမျိုးအချို့တို့သည် ဤဧဝံဂေလိကို ပြန်လည်တုံ့ပြန်ကာ၊ အန္တိခရစ်၏ ညှင်းပန်းနှိပ်စက်ခြင်း အောက်တွင်ရှိသော ယုံကြည်သူများနှင့် ဂျူးလူမျိုးများကို ကြည့်ရှုဂရုစိုက်လိမ့်မည်။ ခရစ်တော်သည် အာမဂေဒုန်စစ်ပွဲပြီးနောက်တွင် လူမျိုးအားလုံးမှ ကျန်ရှိသောသူများအားလုံးကို ဆိတ်များ– ဆိုးသောသူများနှင့် သိုးများ–ကောင်းသောသူများဟူ၍ ခွဲခြားရန် သူတို့အား စီရင်တော်မူလိမ့်မည့်နေရာ ယေရုရှလင်မြို့၌ရှိသော ကိုယ်တော်၏ ဘုန်းပလ္လင်တော်ပေါ် သို့ စုစည်းတော်မူလိမ့်မည်။ သိုးများသည် ထာဝရဧဝံဂေလိတရားကို တုံ့ပြန်သောသူများဖြစ်လိမ့်မည်။ သခင်ယေရှုသည် အန္တိခရစ်နောက်သို့လိုက်သောသူ ဆိတ်များကိုမူကား အန္တိခရစ်နှင့်အတူ ငရဲမီးအိုင်ထဲသို့ ပစ်ချတော်မူလိမ့်မည်ဖြစ်သည်။ သိုးများမူကား ကိုယ်တော်၏ သားများအနေဖြင့် မဟုတ်ဘဲ၊ ကိုယ်တော်၏ လက်အောက်ခံအဖြစ် ထာဝရအသက်၏ အဝန်းဝိုင်းနယ်ပယ်၌နေရန် ကိုယ်တော်၏ နိုင်ငံတော်သို့ ဝင် စားရလိမ့်မည် (မ၊ ၂၅း၃၁–၄၆)။ (*The Ten Great Critical "Ones" for the Building Up of the Body of Christ*, p.30-31)

*ပို၍ဖတ်ရန်-* *The Ten Great Critical "Ones" for the Building Up of the Body of Christ*, ch.3.

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဗျာ၊ ပထမ ထမြောက်ခြင်းကို ဝင်စားသောသူသည် မင်္ဂလာရှိသောသူ၊ သန့်**
**၂၀း၆ ရှင်းသောသူဖြစ်၏။ ထိုသို့သောသူသည် ဒုတိယသေခြင်း၏လက်နှင့် ကင်းလွတ်လျက်၊ ဘုရားသခင်၏ယဇ်ပုရောဟိတ်၊ ခရစ်တော်၏ယဇ် ပုရောဟိတ်ဖြစ်၍၊ အနှစ်တစ်ထောင်ပတ်လုံး ခရစ်တော်နှင့်အတူ စိုးစံ ရကြလိမ့်မည်။**

**၂၁း၂ သန့်ရှင်းသောမြို့တည်းဟူသော ယေရုရှလင်မြို့သစ်သည် မိမိခင်ပွန်း ဖို့ တန်ဆာဆင်သော မင်္ဂလာဆောင်သတို့သမီးကဲ့သို့ ပြင်ဆင်လျက်၊ ဘုရားသခင့်အထံတော်၊ ကောင်းကင်ဘုံမှ ဆင်းသက်သည် ကိုငါမြင်၏ ။**

ခရစ်တော်သည် နှစ်တစ်ထောင်နိုင်ငံတော်ခေတ်ကာလ၌ သူ၏အောင်မြင်သူများ (ဗျာ၊ ၂၀း၄၊၆)နှင့်အတူ မြေကြီးပေါ်တွင် အုပ်ချုပ်ရန် ရှင်ဘုရင်ဖြစ်တော်မူလိမ့်မည်။ ကိုယ်တော်သည် ဘုရားသခင်နှင့်စပ်လျဉ်း၍ ယဇ်ပုရောမင်းနှင့် လူမျိုးတို့နှင့်စပ်လျဉ်း၍ ဘုရင် ဖြစ်တော်မူလိမ့်မည်။ မင်္ဂလာဆောင်ပွဲနှင့် တိုက်ခိုက်ခြင်း၌ ကိုယ်တော်နှင့်အတူ ပူးပေါင်းပါဝင်ခဲ့သော ကိုယ်တော်၏အောင်မြင်သူများအားလုံးတို့သည် နှစ်တစ်ထောင် တိုင်အောင် ဘုရားသခင်အားအစေခံရန် ယဇ်ပုရောဟိတ်အရာနှင့် လူမျိုးအပေါင်း၊ သိုး များပေါ် အုပ်ချုပ်ရန်၊ ယဇ်ပုရောဟိတ်အရာနှင့်အတူ ဘုရင်ခံအရာ၌လည်း ကိုယ်တော် နှင့်အတူ ပါဝင်ရလိမ့်မည်။

ခရစ်တော်သည် သူ၏ပလ္လင်ဖြူကြီးပေါ်တွင်(ဗျာ၊ ၂၀း၁၁–၁၂) သေသောသူတို့ အား စီရင်တော်မူလိမ့်မည်(တ၊၁၀း၄၂)။ သမ္မာကျမ်းစာက ခရစ်တော်သည် သေသောသူ တို့နှင့် အသက်ရှင်သောသူတို့ကို စီရင်ရန် ဘုရားသခင်အားဖြင့် ခန့်အပ်ခြင်းခံခဲ့ပြီး ကြောင်းကို ဆိုထားသည်(တ၊၁၀း၄၂၊၁၇း၃၁။ ၂တိ၊၄း၁။ရော၊၂း၁၆)။ ကိုယ်တော်သည် နှစ်တစ်ထောင်နိုင်ငံတော်အစတွင် သူ၏ဘုန်းတော်ပလ္လင်တော်ပေါ်တွင် အသက်ရှင်သော ဆိတ်များနှင့် သိုးများတို့ကို စီရင်တော်မူလိမ့်မည်။ နှစ်တစ်ထောင်နိုင်ငံတော်ပြီးနောက်၊ ကိုယ်တော်သည် ပလ္လင်ဖြူပေါ်တွင် သေသောသူတို့ကို စီရင်၍ ငရဲမီးအိုင်သို့ သူတို့အား စီရင်ချက်ချတော်မူလိမ့်မည်။(*The Ten Great Critical "Ones" for the Building Up of the Body of Christ, p.31-32*)

## *ယနေ့ဖတ်စရာ*

ယေရုရှလင်မြို့သစ်သည် မျိုးစဉ်ဆက်တစ်လျှောက် ဘုရားသခင်၏ ရွေးနုတ်ခြင်း ခံရသောသန့်ရှင်းသူများ အားလုံး၏ ပေါင်းစည်းအသက်ရှင်ခြင်းဖြစ်သည်။ ယင်းမှာ ကိုယ်တော်၏ကြင်ဖော်ကြင်ဖက်တည်းဟူသော ခရစ်တော်၏ သတို့သမီး(ယော၊၃း ၂၉)၊ ကိုယ်တော်၏ ကိန်းဝပ်ရာတဲတော်(ဗျ၊ ၂၁း၃)တည်းဟူသော ဘုရားသခင်၏ သန့်ရှင်း သောမြို့တော် ဖြစ်သည်။ သူမသည် အသက်၏ကြွယ်ဝခြင်းများနှင့် ခရစ်တော်၏ သဘော သဘာဝ၌ ပါဝင်ဆက်ဆံခြင်းအားဖြင့် ပြင်ဆင်ခြင်းခံရသည်။ ဘုရားသခင်၏ သန့်ရှင်း သောမြို့တော်ဖြစ်သော သူမသည် ဘုရားသခင်ထံသို့ လုံးလုံးသန့်ရှင်းစင်ကြယ်ခြင်းခံ ရ၍၊ ကိုယ်တော်၏ ကိန်းဝပ်ရာဖြစ်လာရန် ဘုရားသခင်၏ သန့်ရှင်းသောသဘောသဘာ ဝဖြင့် လုံးလုံးပျော်ဝင်ပြည့်ဝလာမည်ဖြစ်သည် (ဗျာ၊ ၂၁း ၂၊ မှတ်စု၁)။

ယေရုရှလင်မြို့သစ်၌(ဗျာ၊ ၂၁း၁–၂၂း၅) ကိုယ်တော်သည် ထာဝရကာလ၌ ကိုယ် တော်၏ ဇနီးဖြစ်သော ဘုရားသခင်၏ ရွေးနုတ်ခံတို့၏ ခင်ပွန်း(ဗျာ၊ ၂၁း ၂)နှင့် ဘုရား သခင်အားအစေခံရန် သူတို့၏ ထာဝရကိန်းဝပ်ရာနေရာအဖြစ် ရွေးနုတ်ခံများနေထိုင်ရန် အတွက် ဘုရားသခင်နှင့်အတူဗိမာန်တော်ဖြစ်သည်(၂၁း ၂၂)။ ကိုယ်တော်သည် ယေရုရှ လင်မြို့သစ်အားဖြင့်၊ မီးခွက်အားဖြင့် ထွန်းလင်းရန် ကိုယ်တော်၌ အလင်း(၂၁း ၂၃)ဖြစ် သော ဘုရားသခင်နှင့်အတူရှိသည့်မီးခွက် ဖြစ်လိမ့်မည်။ ကိုယ်တော်သည် ကောင်းကင် သစ်နှင့် မြေကြီးသစ်ကို အုပ်ချုပ်ရန် ပလ္လင်တော်ပေါ် တွင် ရွေးနုတ်သော ဘုရားသခင်၊ သိုးသငယ်–ဘုရား ဖြစ်တော်မူလိမ့်မည်(ဗျာ၊ ၂၂း၁)။ ဘုရားသခင်နှင့် သိုးသငယ်၌ ပလ္လင် တော်တစ်ခုတည်းသာရှိသည်၊ အကြောင်းမှာ အလင်းတည်းဟူသော ဘုရားသခင်သည် မီးခွက်တည်းဟူသော သိုးသငယ်အထဲ၌ ရှိသည်။ ဘုရားသခင်သည် သိုးသငယ်၌ရှိတော် မူပြီး၊ သိုးသငယ်သည် ပလ္လင်တော်ပေါ် တွင် ထိုင်နေသည်။ နောက်ဆုံးတွင် ထာဝရကာ လ၌ ကိုယ်တော်သည် ယေရုရှလင်မြို့သစ်တစ်မြို့လုံးကို အားဖြည့်ပေးရန် အသက်ပင် ဖြစ်တော်မူလိမ့်မည် (၂၂း ၂)။

ကျွန်ုပ်တို့သည် ခရစ်တော်ကို ထာဝရကာလ၌၊ ဖန်ဆင်းခြင်း၌၊ လူ့ဇာတိခံခြင်း၊ ကိုယ်တော်၏ လူသားအသက်ရှင်ခြင်း၌၊ အရာအားလုံးပါဝင်သောအသေခံခြင်း၌၊ ရှင် ပြန်ထမြောက်ခြင်း၌၊ တက်ကြွခြင်း၌ မြင်တွေ့ခဲ့ပြီးဖြစ်သည်။ အသင်းတော်ကို တည် ဆောက်ပြီးသည်နှင့် တစ်ပြိုင်နက်၊ ကိုယ်တော်သည် အသင်းတော်ကို ကြည့်ရှုဂရုစိုက်ရန် နှင့် ကျွန်ုပ်တို့အား ပုံသဏ္ဍာန်ပြောင်းလဲပေးရန် အကြောင်းအချက်များစွာဖြစ်လာခဲ့ သည်။ ကျွန်ုပ်တို့ ပုံသဏ္ဍာန်ပြောင်းလဲခြင်းပြည့်စုံသည်နှင့် ကိုယ်တော်သည် ကျွန်ုပ်တို့အား

ရွေးနုတ်ရန် ကြွလာတော်မူမည်။ ထိုနောက် ကိုယ်တော်သည် နိုင်ငံတော်၌ ရှိလိမ့်မည်ဖြစ်ပြီး၊ နိုင်ငံတော်၌ပြီးနောက် ကိုယ်တော်သည် ယေရုရှလင်မြို့သစ်၌ ရှိတော်မူလိမ့်မည်ဖြစ်သည်။ ယေရုရှလင်မြို့သစ်၌ အဆုံးစွန်သောအချက်မှာ အသက်ပင်ဖြစ်သည်။ ဤသည်မှာ အရာအားလုံးပါဝင်သော၊ စစ်၍မကုန်နိုင်သော၊ ကျယ်ပြန့်သော၊ အကန့်အသတ်မရှိသော ခရစ်တော်သည် ကျွန်ုပ်တို့၏ ခရစ်တော်ဖြစ်သည်။ ဤသည်မှာ ပြန်လည်ရယူခြင်းရရှိထားသည့် ခရစ်တော်ဖြစ်သည်။

ကျွန်ုပ်တို့သည် ခရစ်တော်ကို ပြန်လည်ရယူရန် အဓိကအားဖြင့် ပြန်လည်ရယူခြင်း၌ ရှိရမည်သည်။ ကိုယ်တော်၏ အရာအားလုံးပါဝင်တော်မူခြင်း၌ ခရစ်တော်သည် ဘာသာရေးဂိုဏ်းဂဏဆိုင်ရာ သီသြလော်ဂျီ၌ ပျောက်ဆုံးလုနီးပါးဖြစ်နေသည်။ ဘာသာရေးဂိုဏ်းဂဏများ အားလုံးတို့သည် Nicene Creed အပါအဝင် သူတို့၏ အယူဝါဒများရှိကြသည်။ သူတို့တွင် မည်သူမျှ ကျွန်ုပ်တို့ဝေမျှသောခရစ်တော်လောက် ပြည့်စုံခြင်းမရှိပါ။ ကျွန်ုပ်တို့သည် ထာဝရအတိတ်ကာလမှ ထာဝရအနာဂတ်ကာလရှိ အရာအားလုံးပါဝင်သော ခရစ်တော်နှင့်စပ်လျဉ်း၍ ပြန်လည်ရယူခြင်း၏ သြဝါဒကို ပျံ့နှံ့စေရမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် "သခင်ဘုရား၊ ကျွန်ုပ်တို့သည် ဘုရားသခင်စီမံကိန်း၏ အလယ်ဗဟိုနှင့် စကြဝဠာဆိုင်ရာသည် ခရစ်တော်ဖြစ်ကြောင်းကို နှစ်ပေါင်းများစွာ ကြားနာရ၍ ကိုယ်တော်၏ ပြန်လည်ရယူခြင်း၌ တည်နေပြီးဖြစ်သော်လည်း၊ ကိုယ်တော့်ကို များစွာသိရှိရန် သင်ယူခြင်းမရှိဘူးသေးပါ"ဟု ပြောဆိုခြင်းဖြင့် သခင်ဘုရား၏ မျက်မှောက်တော်၌ မိမိကိုယ်ကို နှိမ့်ချသင့်ပါသည်။ အကယ်၍ ကျွန်ုပ်တို့သည် အခြားသူများနှင့် ခရစ်တော်၏ ဤအကြောင်းအချက်များကို ဝေမျှပါက၊ ကျွန်ုပ်တို့၏ ဧဝံဂေလိဟောပြောခြင်း၌ ထူးခြားချက်ကို မြင်တွေ့လာလိမ့်မည်ဖြစ်သည်။ ဤအရာသည် လူတို့ကို လက်ခံယုံကြည်စေမည်ဖြစ်သည်။ ရှင်သန်နိုးကြားရန် ကျွန်ုပ်တို့သည် ခရစ်တော်၏ ဤအကြောင်းအချက်များကို သိရန်လိုအပ်သည်။ သခင်ဘုရားပြန်လည်ရယူခြင်းသည် ခရစ်တော်ကို ပြန်လည်ရယူခြင်းဖြစ်သည်။(*The Ten Great Critical "Ones" for the Building Up of the Body of Christ,* p.32-33)

*ပို၍ဖတ်ရန်-* (*The Ten Great Critical "Ones" for the Building Up of the Body of Christ,* ch.3).

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း*** ——————————————

——————————————————————————

——————————————————————————

***Hymns*, # E- 542,**

**ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ**––––––––––

# စုပေါင်းထားသောမောဓနွလဖြစ်သည့် အသင်းတော်၌ အရာအားလုံးဖြစ်သော ခရစ်တော်ကို ပြန်လည်ရယူခြင်း

ဖတ်ရန်ကျမ်း။ ။ မ၊၁း ၂၀–၂၃။ ၁၆း၁၆၊၁၈။ ၁၈း ၂၀။ ၂၈း ၂၀

*Day 1*

**I. မဿဲခရစ်ဝင်ကျမ်း၌ အရာအားလုံးပါဝင်သောခရစ်တော်၏ဖွင့်ပြခြင်းကို မြင်တွေ့ရခြင်းမှာ ကျွန်ုပ်တို့အတွက် ကြီးစွာသောကောင်းကြီးမင်္ဂလာဖြစ်သည်(၁း၁၊၂၁၊၂၃။ ၂း၁–၂။ ၃း၁၁။ ၄း၁၂–၁၆။ ၈း၂၀။ ၉း၁၂၊၁၅–၁၇၊၃၆၊၃၈။ ၁၁း၁၉၊၂၈–၃၀။ ၁၂း၃၊၆၊၃၉–၄၂။ ၁၅း၂၆–၂၇။ ၁၆း၁၆။ ၂၁း၅။ ၂၈း၁၈–၁၉)။**

**II. မဿဲခရစ်ဝင်ကျမ်း၌ အရာအားလုံးပါဝင်သောခရစ်တော်သည် အသင်းတော်၌ အရာအားလုံးဖြစ်ကြောင်းကို ဖွင့်ပြထားသည်။ ကျွန်ုပ်တို့သည် အသင်းတော်၌၊ အသင်းတော်အတွက် ခရစ်တော်ကို အမြတ်ရယူရန်လိုအပ်သည် (၁း၂၁၊၂၃။ ၉း၆၊၁၂၊၁၅–၁၇၊၃၈။ ၁၂း၃–၈၊၃၉–၄၂။ ၁၆း၁၆–၁၈)။**

က။ ခရစ်တော်ကို သိကျွမ်းခြင်း၊ တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းသည် အသင်းတော်ကို တည်ဆောက်ခြင်းအတွက်ဖြစ်သည် (၂၂း၄၁–၄၅။ ၁၆း၁၈။ ၁၈း၁၇–၂၀)။

ခ။ မ၊၁၆း၁၈ ရှိ သခင်ဘုရား၏စကားတော်သည် ကျမ်းစာ၌ အကြီးမားဆုံးသောပရောဖက်ပြုချက်ဖြစ်သည်–“ငါ့အသင်းတော်ကို ငါတည်ဆောက်မည်။”

၁။ အငယ်၊၁၈၌ ရှိသောကျောက်သည် ခရစ်တော်ကိုလည်းကောင်း၊ ခရစ်တော်နှင့်စပ်လျဉ်းသောဖွင့်ပြခြင်းကိုလည်းကောင်း ရည်ညွှန်းသည်။ ဆိုလိုသည်မှာ အသင်းတော်သည် ခရစ်တော်အပေါ် နှင့် ခရစ်တော်နှင့်စပ်လျဉ်းသောဖွင့်ပြခြင်းအပေါ် တွင် တည်ဆောက်ခံရခြင်းဖြစ်သည် (ဧ၊၂း၁၉–၂၀)

*Day 2*

၂။ မဿဲခရစ်ဝင်ကျမ်းသည် အခွင့်အာဏာ၏ အကြောင်းအရာဖြစ်သည့် ကောင်းကင်များ၏ နိုင်ငံတော်နှင့်သက်ဆိုင်သည်။

ထို့ကြောင့် ဤစာစောင်တွင်အသင်းတော်သည် အုပ်စိုးမည့် နိုင်ငံတော်ကို ကိုယ်စားပြုသည် (၁၆း၁၈–၁၉။ ၁၈း၁၈)။

၃။ တည်ဆောက်ခံရသောအသင်းတော်သည် မြေတည်းဟူသောလူသားစိတ်နှလုံး၌ မျိုးစေ့တည်းဟူသော ခရစ်တော်ကြီးထွားလာခြင်းမှ ထွက်ပေါ်လာသည်။ ကျွန်ုပ်တို့၌ ခရစ်တော်ကြီးထွားလာခြင်းအားဖြင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ထာဝရအကြံအစည်တော်ပြည့်စုံခြင်းနှင့် ကိုယ်တော်၏စိတ်နှလုံးတော်ကျေနပ်နှစ်သိမ့်ခြင်းအတွက် ဝက်ထားသောဘဏ္ဍာနှင့် အလွန်အဖိုးထိုက်သောပုလဲဖြစ်လာရန် ပုံသဏ္ဌာန်ပြောင်းလဲခြင်းခံရမည်ဖြစ်သည် (၁၃း၃–၈၊၁၈–၂၃၊၄၄–၄၆)။

*Day 3* **III. သခင်ဘုရား၏ရည်ရွယ်ချက်မှာ စုပေါင်းထားသောဧမာနွေလအဖြစ် အသင်းတော်အသက်တာကို ပြန်လည်ရယူရန်ဖြစ်သည် (၁း၂၃။ ၁၈း၂၀။ ၂၈း၂၀)။**

က။ ကျွန်ုပ်တို့သည် ခရစ်တော်ကို ဧမာနွေလအဖြစ် တွေ့ကြုံခံစားပြီး၊ မွေ့လျော်ဝမ်းမြောက်နိုင်ကြသည် (၁း၂၃။ ၁၈း၂၀။ ၂၈း၂၀)။

၁။ ဧမာနွေလ ဟူသည် ကျွန်ုပ်တို့နှင့်အတူရှိရန် လူ့ဇာတိခံယူခဲ့သောဘုရားသခင်ဖြစ်သည်။ လူ့ဇာတိခံခြင်းသည် ဧမာနွေလကို ထွက်ပေါ်စေသည် (၁း၂၀–၂၃)။

၂။ လူ့ဇာတိခံသောဘုရားသခင်ဖြစ်သည့်ယေရှုသည် သူ၏လူသားဇာတိ၌ ကျွန်ုပ်တို့နှင့်အတူရှိသောဘုရားသခင်၊ ဧမာနွေလဖြစ်သည် (အငယ်၊ ၂၃)။

၃။ ဧမာနွေလ ဟူသည် ကျွန်ုပ်တို့၏လိုအပ်မှုကို နည်းလမ်းတိုင်း၌ ဖြည့်ဆည်းပေးသောဘုရားသခင်ဖြစ်သည် (အငယ်၊ ၂၃)။

(က) ဧမာနွေလတည်းဟူသောခရစ်တော်သည် ပြည့်စုံသောဘုရားသခင်နှင့် စုံလင်သောလူသား နှစ်မျိုးလုံးဖြစ်ပြီး၊ စစ်မှန်သော ဘုရားဇာတိနှင့်လူသားဇာတိကို ပိုင်ဆိုင်ထားသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏လိုအပ်မှုကို လုံးလုံးဖြည့်ဆည်းပေးရန် သူ၏ဘုရားဇာတိနှင့် လူသားဇာတိ၌ စွမ်းအင်အပြည့်ရှိသည် (ဟေဗြဲ၊ ၇း၂၅)။

(ခ) ကျွန်ုပ်တို့သည် ကိုယ်တော်ကဲ့သို့ ဘုရားဆိုင်ရာဖြစ်လာနိုင်ရန်အတွက် ဘုရားဆိုင်ရာစွမ်းအင်၌ရှိသောခရစ်တော်ကို လိုအပ်သည်။ ထို့အတူ လူသားဇာတိ၏ အမြင့်ဆုံးသောစံချိန်စံနှုန်း၌ရှိသည့် ကိုယ်တော်ကဲ့သို့သောလူသားဖြစ်လာနိုင်ရန်အတွက် လူသားဇာတိ၌ရှိသောကိုယ်တော့်ကိုလည်း လိုအပ်သည် (လု၊၁း၃၅။ ဗ်း၃၅)။

(၁) ကိုယ်တော်အားဖြင့်၊ ကိုယ်တော်နှင့်အတူ၊ ကိုယ်တော်၌ ကျွန်ုပ်တို့သည် သင့်လျော်မှန်ကန်၍ မြှင့်တင်ခံရသောလူဖြစ်နိုင်ရုံသာမက၊ ကိုယ်တော်ကဲ့သို့ပင် ဘုရား–လူ၊ ဘုရားဆိုင်ရာလူလည်းဖြစ်နိုင်ကြသည် (ဟေဗြဲ၊၂း၁၁)။

(၂) ခရစ်တော်သည် လူသားဖြစ်လာသည့် ဘုရားဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့ကို ဘုရားဖြစ်လာသည့်လူသားဖြစ်လာနိုင်စေရန်အတွက်ဖြစ်သည် (ရော၊၈း၃။ ၁း၃–၄။ ယော၊၁း၁၄၊၁၂–၁၃)။

(၃) ခရစ်တော်သည် ယခု လူသားဆိုင်ရာဘုရားဖြစ်ပြီး ကျွန်ုပ်တို့အား ဘုရားဆိုင်ရာလူသားဖြစ်လာအောင် ပြုလုပ်နေသည်။ ဤနည်းလမ်းဖြင့် အရာအားလုံးပါဝင်သောအရှင်ဖြစ်သည့် ကိုယ်တော်သည် သာလွန်ဆုံးသောနည်းလမ်းဖြင့် ကျွန်ုပ်တို့၏ လိုအပ်မှုကို လုံလောက်ပြည့်စုံစွာ ဖြည့်ဆည်းပေးနေသည် (ရော၊၁း၃–၄။ ဟေဗြဲ၊၂း ၁၀)။

**Day 4** ၄။ ယနေ့တွင် လက်တွေ့ကျသောမောရှေလမှာ စစ်မှန်ခြင်း၏ ဝိညာဉ်တော်ဖြစ်သည် (ယော၊၁၄း၁၆–၂၀)။

(က) အသက်ပေးသောဝိညာဉ်တော်တည်းဟူသော ခရစ်တော်သည် ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ မျက်မှောက်တော်၊ မောရှေလဖြစ်သည် (၁ကော၊၁၅း၄၅ခ။ ၂ကော၊၁၃း၁၄)။

(ခ) မ၊၂၈း၂၀ ရှိ "ငါ"သည် မောရှေလဖြစ်ပြီး၊ ယော၊၁၄း

၁၈ရှိ ကြွလာမည့် “ငါ”သည် အငယ်၊၁၇ရှိ စစ်မှန်ခြင်း၏ ဝိညာဉ်တော်ဖြစ်သည်။ ထို့ကြောင့် စစ်မှန်ခြင်း၏ ဝိညာဉ်တော်သည် ဓမ္မနွေလဖြစ်သည်။

(ဂ) ဘုရားဆိုင်ရာမျက်မှောက်တော်သည် သုံးပါးတစ်ပါး ဘုရား၏ ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည့် အသက်ပေးသောဝိညာဉ်တော်ဖြစ်သည်။ ဤမျက်မှောက်တော်သည် ဓမ္မနွေလဖြစ်ပြီး၊ ကိုယ်တော်သည် သုံးပိုင်းရှိသောလူသားနှင့်အတူရှိသည့် သုံးပါးတစ်ပါးဘုရား၊ စစ်မှန်၍ လက်တွေ့ကျသောယေရှုဖြစ်သည် (ရော၊၈း၁၁)။

(ဃ) ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်း၏ မျက်မှောက်တော်၊ ဓမ္မနွေလသည် ကျွန်ုပ်တို့၏ ဝိညာဉ်၌ ကျွန်ုပ်တို့နှင့် အမြဲအတူရှိသည်။ ကျွန်ုပ်တို့၏ ဝိညာဉ်နှင့်အတူရှိသောအရှင်သည် ကျွန်ုပ်တို့နှင့်အတူရှိသော ဘုရားသခင်၊ ဓမ္မနွေလဖြစ်သည် (၂တိ၊၄း၂၂။ ၁ကော၊ ၆း၁၇)။

၅။ ကျွန်ုပ်တို့၏ ဝိညာဉ်သည် ဓမ္မနွေလ၏ မြေဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ကိုယ်တိုင်သည် ဓမ္မနွေလ၏ မြေဖြစ်သည် (ဟေရှာ၊၈း၇–၈၊၁၀)။

(က) ရန်သူစာတန်နှင့် သူ၏ ဗိုလ်ခြေသည် ဤဓမ္မနွေလ၏ မြေကို ရယူသိမ်းပိုက်ရန်၊ တစ်နည်းဆိုသော် ကျွန်ုပ်တို့၏ ဝိညာဉ်နှင့် ကျွန်ုပ်တို့၏ ဖြစ်ခြင်းကို ရယူသိမ်းပိုက်ရန် သူလုပ်ဆောင်နိုင်သောအရာမှန်သမျှကို လုပ်ဆောင်လိမ့်မည်ဖြစ်သည်။

(ခ) ဟေရှာ၊၈း၁၀၌ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူရှိတော်မူသောကြောင့်၊ ရန်သူသည် ဓမ္မနွေလ၏ မြေ၊ ဓမ္မနွေလ၏ စစ်မှန်ခြင်းဖြစ်သည့် အသက်ပေးသောဝိညာဉ်တော်နှင့် ရောနှောပေါင်းစည်းနေသည့် ကျွန်ုပ်တို့၏ အသစ်မွေးဖွားခံရသောဝိညာဉ်ကို ဘယ်သောအခါမျှ ရယူသိမ်းပိုက်နိုင်မည်မဟုတ်ကြောင်း ပြောဆိုထားသည်။ (၁ကော၊၁၅း၄၅ခ။ ၆း၁၇)။

**Day 5**

ခ။ ဘုရားသခင်၏ စီမံကိန်း၌ရှိသောအလိုဆန္ဒမှာ တစ်ဦးချင်းဆိုင်ရာဖြစ်သော မောရှေလသည် စုပေါင်းထားသောမောရှေလဖြစ်လာရန်ဖြစ်သည် (မ၊၁း ၂၃။ ၁၇း ၂၀။ ၂၈း ၂၀)။

၁။ မဿဲ၏ အစပိုင်းတွင် တစ်ဦးချင်းဆိုင်ရာမောရှေလဖြစ်သည့် ယေရှုခရစ်တော်ရှိသည်။ ဤစာစောင်၏ အဆုံးတွင် စုပေါင်းထားသောမောရှေလဖြစ်သည့် အသင်းတော်အသက်တာရှိပြီး၊ ယင်း၌ သခင်ဘုရားသည် စုပေါင်းထားသောနည်းလမ်းဖြင့် ကျွန်ုပ်တို့နှင့်အတူရှိနေသည် (၁း ၂၀–၂၃။ ၂၈း ၂၀)။

(က) ဘုရားသခင်၏ ရှုထောင့်မှကြည့်လျှင်၊ ကျွန်ုပ်တို့သည် ယေရှု၏ နာမအထဲသို့ စည်းဝေးခြင်းဖြစ်သော်လည်း၊ ကျွန်ုပ်တို့၏ ရှုထောင့်မှကြည့်လျှင် ကျွန်ုပ်တို့သည် မောရှေလ၏ နာမအထဲသို့ စည်းဝေးခြင်းဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့၏ တွေ့ကြုံခံစားမှု၌ ကျွန်ုပ်တို့သည် မောရှေလ၏ နာမအထဲသို့ စည်းဝေးကြခြင်းဖြစ်သည် (၁း ၂၁။ ၁၈း ၂၀)။

(ခ) ၂၈း ၂၀ ၌ မောရှေလက ရှင်ပြန်ထမြောက်ခြင်း၌ သူသည် ခေတ်ကာလကုန်သည့်တိုင်အောင် အခွင့်အာဏာအလုံးစုံနှင့်အတူ ကျွန်ုပ်တို့နှင့် အစဉ်မပြတ်ရှိမည်ဟု ကတိပေးခဲ့သည်။

၂။ တစ်ဦးချင်းဆိုင်ရာမောရှေလသည် လူသားအပျိုကညာ၌ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သန္ဓေတည်ခဲ့သည်။ စုပေါင်းထားသောမောရှေလသည် စုပေါင်းထားသောအပျိုကညာများအုပ်စု၌ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် "သန္ဓေတည်ခြင်း" အကြောင်းအရာဖြစ်သည် (၁း၁၈၊ ၂၀၊ ၂၃။ ၂၅း၁။ လု၊၁း ၂၆–၃၃။ ၂ကော၊၁၁း ၂)။

၃။ တစ်ဦးချင်းဆိုင်ရာမောရှေလသည် မောရှေလ၏ စာစောင်ဖြစ်သော မဿဲခရစ်ဝင်ကျမ်း၌ ဖွင့်ပြထားသည့် အတွေ့အကြုံများအားလုံးဖြင့် စုပေါင်းထားသောမောရှေလဖြစ်လာသည်။

**Day 6**

၄။ ဓမ္မသစ်ကျမ်းတစ်ခုလုံးတွင် ပါဝင်သောအကြောင်းအရာမှာ မောရှေလဖြစ်၍၊ ခရစ်တော်၏ အင်္ဂါဝင်များဖြစ်သည့် ခရစ်တော်၌ ယုံကြည်သူများအားလုံးသည် စုပေါင်းထားသော ခရစ်တော်၊ စုပေါင်းထားသောမောရှေလ၏ အစိတ်အပိုင်း ဖြစ်ကြသည် (၁ကော၊ ၁၂း၁၂။ ကော၊ ၃း၁၀–၁၁)။

၅။ စုပေါင်းထားသောမောရှေလသည် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်ပြီး၊ ယင်းသည် ကျွန်ုပ်တို့နှင့်အတူရှိသောသုံးပါးတစ်ပါးဘုရား၊ မောရှေလ၏ စုစုပေါင်းဖြစ်လိမ့်မည် (ဗျာ၊ ၂၁း ၂–၃၊၁၀)။

## နံနက်ခင်းကျွေးမွေးခြင်း

**ဧဖက်၊ ၂း၁၉–၂၀** **ထို့ကြောင့် သင်တို့သည် တစ်ကျွန်းတစ်နိုင်ငံသားများမဟုတ်၊ ဧည့်သည်များလည်းမဟုတ်၊ သန့်ရှင်းသူတို့၏ အမျိုးသားချင်းနှင့် ဘုရားသခင်၏ အိမ်တော်သားဖြစ်ကြ၏။ အဘယ်သို့နည်းဟူမူကား၊ တမန်တော်များနှင့် ပရောဖက်များ၏ တိုက်မြစ်အပေါ်တွင် သင်တို့သည် ထပ်ဆင့်၍တည်ဆောက်လျက်ရှိကြ၏။ ထိုတိုက်ထောင့်အမြစ်ကျောက်ကား၊ ခရစ်တော်ယေရှုကိုယ်တော်တိုင်ဖြစ်သတည်း။**

ခရစ်တော်၊ ဝိညာဉ်တော်၊ ကျွန်ုပ်တို့၏ လူသားဝိညာဉ်တို့နှင့်စပ်လျဉ်းပြီး ဤစာစောင်၌ ယခုလတ်တလော ကျွန်ုပ်မြင်တွေ့ရသလို တစ်ခါမျှကြွယ်ဝစွာမမြင်တွေ့ခဲ့ ဖူးပါ။ မဿဲစာစောင်သည် ကျွန်ုပ်အဖို့ အသစ်သောစာစောင်ဖြစ်သည်။ ဤစာစောင်၌ ခရစ်တော်သည် ကြီးစွာသောအလင်း (၄း၁၆)၊ သတို့သား၊ အသစ်သောဝတ်လုံသစ်နှင့် အသစ်သောစပျစ်ရည်ဖြစ်သည် (၉း၁၅–၁၇)။ အတွင်းပိုင်းတွင် ခရစ်တော်သည် ကျွန်ုပ်တို့၏ အသစ်သောအသက်အတွက် အသစ်သောစပျစ်ရည်ဖြစ်ပြီး၊ အပြင်ပိုင်းတွင် ကိုယ်တော်သည် သတို့သားတည်း ဟူသောကိုယ်တော့်ကို ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်နိုင်ရန်နှင့် ဒုတိယအကြိမ်ကြွလာခြင်း၌ တွေ့ဆုံနိုင်ရန် ကျွန်ုပ်တို့၏ အသစ်သောအသက်ရှင်ခြင်းအဖြစ် အသစ်သောဝတ်လုံဖြစ်သည် (၂၂း၂၊၁၁။ ဗျာ၊၁၉း၇–၈)။ ခရစ်တော်သည် စစ်မှန်သော ဒါဝိဒ်၊ သာ၍ကြီးမြတ်သောဗိမာန်တော်၊ ဥပုသ်နေ့၏ အရှင်နှင့် သာ၍ကြီးမြတ်သောပရောဖက်ဖြစ်သည် (မ၊၁၂း၃၊၆၊၈၊၄၁)။ ကိုယ်တော်သည် အသင်းတော်တည်ဆောက်ခြင်း အတွက် တိုက်မြစ်ကျောက်နှင့် တိုက်ထောင့်ကျောက်ဖြစ်သည် (၂၁း၄၂)။ ထို့အပြင် ကိုယ်တော်သည် မောရှေ၊ ဧလိယ (၁၇း၃–၈)၊ ရှောလမုန် (၁၂း၄၂)နှင့် ဗတ္တိဇံယောဟန် (၃း၁၁)တို့ထက်သာလွန်သော ဧမာနွေလ၊ ကျွန်ုပ်တို့နှင့်အတူရှိသောဘုရားသခင်ဖြစ်သည် (၁း၂၃)။ ဤအံ့သြဖွယ်သောခရစ်တော်သည် ကျွန်ုပ်တို့အဖို့ အရာအားလုံးဖြစ်ပြီး၊ ယခု ဝိညာဉ်တော်အနေဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့၏ လူသားဝိညာဉ်၌ ရှိနေသည် (၁ကော၊၁၅း၄၅ခ။ ၆း၁၇။ ၂တိ၊၄း၂၂)။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဝိညာဉ်၌ ဆင်းရဲရန်၊ ဝိညာဉ်၌ ကိုယ်တော့်ကို သခင်ဟုခေါ်ဆိုရန်နှင့် ကျွန်ုပ်တို့၏ အလိုရှိသောဝိညာဉ်နှင့် ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်သည် (မ၊၅း၃။ ၂၂း၄၃။ ၂၆း၄၁)။ (*CWWL, 1970,* vol. 1, p.205)

# ယနေ့ဖတ်စရာ

ကျွန်ုပ်တို့သည် မဿဲခရစ်ဝင်ကျမ်း၌ ဖွင့်ပြထားသည့်အတိုင်း ဘုရားဆိုင်ရာဝိညာဉ်တော်၊ ကျွန်ုပ်တို့၏ လူသားဝိညာဉ်နှင့် ခရစ်တော်ကို များစွာသောပုံပန်းသဏ္ဌာန်တို့၌ မြင်တွေ့ခဲ့ကြပြီးဖြစ်သည်။ ယခု ကျွန်ုပ်တို့သည် ခရစ်တော်ကို သိကျွမ်းခြင်း၊ တွေ့ကြုံခံစားခြင်း၊ မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် အမြတ်ရယူခြင်းသည် အသင်းတော်ကို တည်ဆောက်ခြင်းအတွက် ဖြစ်ကြောင်း မြင်ရန်လိုအပ်သည်။ ကျွန်ုပ်တို့သည် ၁၆း၁၈ရှိ ငါဆိုသည်ကား *(also)* ဟူသောစကားကို ဘယ်သောအခါမျှ မမေ့သင့်ပေ။ ယေရှုသည် အသက်ရှင်သောဘုရားသခင်၏ သားတော်၊ ခရစ်တော်ဖြစ်သည်ဟူသောဖွင့်ပြခြင်းကို ပေတရုလက်ခံရရှိသောအခါ၊ ယေရှုက သူ့အား "ငါဆိုသည်ကား၊ သင်သည် ပေတရုဖြစ်၏။ ဤကျောက်ပေါ်မှာ ငါ့အသင်းတော်ကို ငါတည်ဆောက်မည်။ ထိုအသင်းတော်ကို မရဏာနိုင်ငံ၏ တံခါးတို့သည် မနိုင်ရာ"ဟုပြောဆိုခဲ့သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ ဖွင့်ပြခြင်းအပြင်၊ အသင်းတော်၏ ဖွင့်ပြခြင်းကိုလည်း လက်ခံရရှိရမည်ဖြစ်သည်။ လူတို့ကို ကယ်တင်ရုံသာမဟုတ်ဘဲ၊ ထိုကယ်တင်ခံရသောသူများနှင့်အတူ အသင်းတော်ကို တည်ဆောက်ရန်မှာ ဘုရားသခင်၏ အဆုံးစွန်သောရည်ရွယ်ချက်ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကို အသင်းတော်၏ တိုက်မြစ်အဖြစ် သိကျွမ်းရုံသာမက၊ အသင်းတော်ထွက်ပေါ်လာရန်အလို့ငှါ ကျွန်ုပ်တို့ကိုယ်တိုင်သည်လည်း ဤတိုက်မြစ်အပေါ်တွင် ထပ်ဆင့်တည်ဆောက်ထားသည့်ကျောက်များဖြစ်ကြောင်းကို သိနားလည်ရမည်ဖြစ်သည် (၁ကော၊၃း၁၀–၁၂။ ၁ပေ၊ ၂း၅)။ ထိုအသင်းတော်ကို မရဏာနိုင်ငံ၏ တံခါးတို့သည် အောင်နိုင်မည်မဟုတ်ပါ။ (*CWWL, 1970*, vol. 1, p.217)

အသင်းတော်သည် အဘယ်မှာနည်း။ မ၊၁၆း၁၈၌ သခင်ယေရှုက "ငါ့အသင်းတော်ကို ငါတည်ဆောက်မည်"ဟုပြောဆိုခဲ့သည်။ ဤတည်ဆောက်ခံရသောအသင်းတော်သည် အဘယ်မှာနည်း။ သခင်ဘုရား၏စကားတော်သည် ပြည့်စုံခြင်းမရှိဘဲ ချွတ်ချော်မှုရှိနိုင်ပါသလား။ မည်သည့်နေရာ၌၊ မည်သူတို့နှင့်အတူ၊ မည်သည့်နည်းလမ်းဖြင့် ကိုယ်တော့်အသင်းတော်ကို ကိုယ်တော်တည်ဆောက်မည်နည်း။ ယခုအချိန်သည် အသင်းတော်တည်ဆောက်သောအချိန်ဖြစ်သည်။ ဤနေရာ၊ ဤအချိန်တွင် ကျွန်ုပ်တို့နှင့်အတူ သခင်ဘုရားသည် သူ၏ အသင်းတော်ကို တည်ဆောက်နေသည်။ များစွာသောခရစ်ယာန်များသည် ပရောဖက်ပြုချက်ကို လေ့လာခြင်း၌ လုံးလုံးအာရုံစူးစိုက်ကြသည်။ အကြီးမားဆုံးသောပရောဖက်ပြုချက်မှာ မ၊၁၆း၁၈၌ရှိသော သခင်ဘုရား၏စကားတော်ဖြစ်သည်– "ငါ့

အသင်းတော်ကို ငါတည်ဆောက်မည်။" အစွရေး၊ အန္တိခရစ်၊ ပြန်လည်ထူထောင်သောရောမအင်ပါယာ၊ သို့မဟုတ် ချိုးဆယ်ချောင်း စသည်တို့နှင့် အလုပ်ရှုပ်မနေပါနှင့်။ ထိုအစား မ၁၆း၁၈ရှိ သခင်ဘုရား၏ကြေညာချက်ကို အပြည့်အဝအာရုံစူးစိုက်ရမည်ဖြစ်သည်။ ရာစုနှစ်များတစ်လျှောက်နှင့် ယနေ့တွင်ပင် ဤအသင်းတော်သည် တည်ဆောက်ခံရခြင်းမရှိသေးပါ။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့သည် အသင်းတော်နှင့်စပ်လျဉ်းပြီး ဝန်တာရှိရခြင်းဖြစ်သည်။ (*Life-study of Genesis*, p.1056)

မ၁၆း၁၈ကတွင် "ငါဆိုသည်ကား၊ သင်သည် ပေတရုဖြစ်၏။ ဤကျောက်ပေါ်မှာငါ့အသင်းတော်ကို ငါတည်ဆောက်မည်"ဟုပြောဆိုထားသည်။ ခရစ်တော်နှင့်စပ်လျဉ်းပြီး ခမည်းတော်၏ဖွင့်ပြခြင်းသည် ခရစ်တော်နှင့် အသင်းတော်တည်းဟူသော ကြီးမားသောနက်နဲခြင်း၏တစ်ဝက်မျှသာဖြစ်သည် (ဧ၅း၃၂)။ ထို့ကြောင့် သခင်ဘုရားသည် ပေတရုအား အသင်းတော်နှင့်စပ်လျဉ်းသည့် ဒုတိယတစ်ဝက်ကိုပါ ဖွင့်ပြရန် လိုအပ်ခဲ့သည်။

မ၁၆း၁၈ကတွင် သခင်ဘုရားက "ဤကျောက်"ပေါ်တွင် ငါ့အသင်းတော်ကို ငါတည်ဆောက်မည်ဟု ပြောဆိုထားသည်။ *ဤကျောက်* ဟူသော စကားလုံးများမှာ ခရစ်တော်ကိုသာမက၊ ခမည်းတော်ထံမှ ပေတရုလက်ခံရရှိခဲ့သည့် ခရစ်တော်နှင့်စပ်လျဉ်းသည့်ဖွင့်ပြခြင်းကိုလည်း ရည်ညွှန်းသည်။ အသင်းတော်ကို ခရစ်တော်နှင့်စပ်လျဉ်းသည့် ဖွင့်ပြခြင်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ ပထမတွင် ဤကျောက်သည် အသက်ရှင်သောဘုရားသခင်၏သားတော်၊ ခရစ်တော်၏ အံ့ဩဖွယ်သောပုဂ္ဂိုလ်တော်ကို ရည်ညွှန်းသည်။ ဒုတိယတွင် ၎င်းသည် ပေတရုမြင်တွေ့ခဲ့ရသည့် ဤပုဂ္ဂိုလ်တော်နှင့်ဆိုင်သောဖွင့်ပြခြင်းကို ရည်ညွှန်းသည်။ ကျွန်ုပ်တို့သည် ဤဖွင့်ပြခြင်းကို မြင်တွေ့သောအခါ၊ ဤဖွင့်ပြခြင်းသည် ကျောက်ဖြစ်လာသည်။ ထို့ကြောင့် အသင်းတော်ကို ခရစ်တော်၏ပုဂ္ဂိုလ်တော်ပေါ်တွင်သာမက၊ ထိုပုဂ္ဂိုလ်တော်နှင့်စပ်လျဉ်းသည့် ဖွင့်ပြခြင်းပေါ်တွင်လည်း တည်ဆောက်ထားသည်။ (*The Conclusion of the New Testament*, p.2069)

*ပို၍ဖတ်ရန်- CWWL, 1970*, vol. 1, pp.189-223; *The Conclusion of the New Testament, msg.191*

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————————

————————————————————————————

————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**မ၊၁၆း ၁၈–၁၉ ငါဆိုသည်ကား၊ သင်သည် ပေတရုဖြစ်၏။ ဤကျောက်ပေါ်မှာ ငါ့အသင်းတော်ကို ငါတည်ဆောက်မည်။ ထိုအသင်းတော်ကို မရဏာနိုင်ငံ၏တံခါးတို့သည် မနိုင်ရာ။ ကောင်းကင်များ၏နိုင်ငံတော်သော့တို့ကိုလည်း သင့်အား ငါပေးမည်။ မြေကြီးပေါ်မှာ သင်ချည်နှောင်သမျှသည် ကောင်းကင်များ၌ ချည်နှောင်ပြီးသား ဖြစ်၏။ မြေကြီးပေါ်မှာ သင်ဖြည်လွှတ်သမျှသည် ကောင်းကင်များ၌ ဖြည်လွှတ်ပြီးသားဖြစ်သည်ဟု မိန့်တော်မူ၏။**

(မ၊၁၆း၁၉၌) *ကောင်းကင်များ၏နိုင်ငံတော်*ကို ရှေ့ကျမ်းပိုဒ်၌ အသုံးပြုထားသည့် *အသင်းတော်*နှင့် အပြန်အလှန်ဖလှယ်၍ သုံးနှုန်းထားသည်။ ဤသည်မှာ စစ်မှန်သောအသင်းတော်သည် ဤခေတ်ကာလ၌ ကောင်းကင်များ၏ နိုင်ငံတော်ဖြစ်ကြောင်းကို ခိုင်မာစွာသက်သေပြုထားခြင်းဖြစ်သည်။ စစ်မှန်သောအသင်းတော်အသက်တာကို သိသာထင်ရှားစွာရည်ညွှန်းပြောဆိုထားသည့်နေရာ၌ ဘုရားသခင်၏ နိုင်ငံတော်ကို ဖော်ပြထားသည့် ရော၊၁၄း၁၇သည်လည်း ဤအချက်ကိုအတည်ပြုထားသည်။

(မဿဲ)သည် အခွင့်အာဏာ၏ အကြောင်းအရာဖြစ်သည့် ကောင်းကင်များ၏ နိုင်ငံတော်နှင့်သက်ဆိုင်သည်။ ဤစာစောင်၌ ဖွင့်ပြထားသည့် အသင်းတော်သည် နိုင်ငံတော်နှင့်အတူ ၎င်း၏စိုးစံခြင်းကို ကိုယ်စားပြုသည်။ ထို့ကြောင့် ဤနေရာတွင် ချည်နှောင်ရန်နှင့် ဖြည်လွှတ်ရန် အခွင့်အာဏာကို အသင်းတော်အတွက် တမန်တော်ပေတရုထံသို့သာ ပေးအပ်ခဲ့ခြင်းမဟုတ်ဘဲ၊ အသင်းတော်ကိုယ်တိုင်သို့ ပေးအပ်ခဲ့ခြင်းလည်းဖြစ်သည် (၁၈း၁၇–၁၈)။ (မ၊၁၆း၁၉၊ မှတ်စု ၂ နှင့် ၃)။

## *ယနေ့ဖတ်စရာ*

မဿဲ၊၁၃၌ရှိသည့် ပဉ္စမမြောက်နှင့် ဆဌမမြောက် ဥပမာများတွင် ဗဟိုအချက်အခြာမှာ အသက်မှ တည်ဆောက်ခြင်းသို့၊ မျိုးစေ့မှ လယ်၌ဝှက်ထားသောဘဏ္ဍာနှင့် အလွန်အဖိုးထိုက်သောပုလဲသို့ ပြောင်းလဲသွားသည် (အငယ်၊၄၄–၄၆)။ လယ်၌ဝှက်ထားသောဘဏ္ဍာတွင် အသင်းတော်နှင့် ယေရုရှလင်မြို့သစ်တည်ဆောက်ခြင်းအတွက် ပစ္စည်းများဖြစ်သည့် ရွှေ သို့မဟုတ် အဖိုးတန်ကျောက်များ ပေါင်းစပ်ပါဝင်သည် (၁ကော၊၃း၁၂။

ဗျာ၊ ၂၁း၁၈–၂၀)။ ၁ကော၊၃း၉ ၌ ပေါလုက "သင်တို့သည် ဘုရားသခင်၏ဥယျာဉ်တော် ဖြစ်ကြ၏ ။ ဘုရားသခင်၏ အဆောက်အဦလည်းဖြစ်ကြ၏ "ဟုပြောဆိုထားပြီး၊ အငယ်၊ ၁၁ နှင့် ၁၂ တွင် ကျွန်ုပ်တို့သည် တိုက်မြစ်တည်းဟူသောခရစ်တော်အပေါ်၌ ရွှေ၊ ငွေ နှင့် အဖိုးတန်ကျောက်များဖြင့် ထပ်ဆင့်တည်ဆောက်သင့်ကြောင်း ပြောဆိုထားသည်။ ဘုရားသခင်၏ဥယျာဉ်တော်မှ ထွက်သောအသီးအနှံသည် အသင်းတော်တည်ဆောက် ခြင်းအတွက် ဘဏ္ဍာနှင့် ပုလဲကဲ့သို့ အဖိုးတန်ပစ္စည်းများဖြစ်လာသည်။

မဿဲ ၁၃ ရှိ ပထမဥပမာခြောက်ခုသည် မျိုးစေ့၊ ဂျုံစပါးနှင့် မုန့်ညက်မှ ရွှေ၊ အဖိုးတန်ကျောက်များနှင့် ပုလဲသို့ တိုးတက်လာသည်။ သခင်ဘုရားသည် မျိုးစေ့ကို ကြဲ ချခဲ့သော်လည်း၊ ကိုယ်တော်နောက်ဆုံးရရှိသောအရာမှာ ပုလဲဖြစ်သည်။ ထိုပုလဲမှာ တည် ဆောက်ခံရသောအသင်းတော်ဖြစ်သည်။ အသင်းတော်သည် မျိုးစေ့၏ကြီးထွားခြင်း အားဖြင့် ပုံသဏ္ဌာန်ပြောင်းလဲလာသောအဖိုးတန်ပစ္စည်းများနှင့်တည်ဆောက်ခံရခြင်း ဖြစ်သည်။ ဤယူဆချက်ကို မဿဲ၊၁၃ နှင့် ၁ကော၊၃ ၌သာမက၊ ကမ္ဘာဦး၊ ၂၌လည်း တွေ့ရှိ ရသည်။ ဤအခန်းတွင် စားဖွယ်ကောင်းသောအသီးအနှံတို့ကို ထုတ်လုပ်ပေးသည့် အသက်ပင်နှင့်အတူ ရွှေ၊ ဗဒေလသစ်စေး (ပုလဲနှင့်တူသောပစ္စည်း)နှင့် အဖိုးတန် ကျောက်ဖြစ်သည့် ရှဟံကျောက်ကို ထွက်ပေါ်စေသည့် စီးဆင်းနေသောမြစ်လည်းရှိသည် (အငယ်၊၉၊၁၂)။ ကျမ်းစာ၏ အဆုံးတွင် သန့်ရှင်းသောမြို့တော်တည်းဟူသော ယေရုရှ လင်မြို့သစ်ကို မြို့၏ အလယ်၌ ကြီးထွားနေသောအသက်ပင်နှင့်အတူ၊ ရွှေ၊ ပုလဲများ၊ အဖိုးတန်ကျောက်များဖြင့် တည်ဆောက်ထားသည် (ဗျာ၊ ၂၁း၁၈–၂၁။ ၂၂း၂)။

မဿဲ၊၁၃၌ရှိသော နက်နဲခြင်းများကို ဖွင့်ပြတော်မူရာ၌ ယနေ့လောက် ရှင်း လင်းသည့်အချိန် မရှိမခဲ့ပါ။ တစ်ဘက်တွင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ဥယျာဉ်တော်၊ ဘုရားသခင်၏လယ်ယာဖြစ်ပြီး၊ အခြားတစ်ဘက်တွင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ အဆောက်အအုံဖြစ်ကြသည်။ ဘုရားသခင်၏လယ်ယာအဖြစ် ကျွန်ုပ်တို့သည် ဂျုံစပါးနှင့် မုန့်ညက်ကို ထုတ်လုပ်ရန် ခရစ်တော်ကို ကြီးထွားနေကြပြီး၊ ကျွန်ုပ်တို့၌ ခရစ်တော်ကြီးထွား လာခြင်းအားဖြင့် ဘုရားသခင်၏ ထာဝရအကြံအစည်တော်ပြည့်စုံခြင်းနှင့် ကိုယ်တော် ၏စိတ်နှလုံးတော်ကျေနပ်နှစ်သိမ့်ခြင်းအတွက် ဝှက်ထားသောဘဏ္ဍာနှင့် အလွန်အဖိုး ထိုက်သောပုလဲဖြစ်လာရန် ပုံသဏ္ဌာန်ပြောင်းလဲလာကြသည်။ မျိုးစေ့တည်းဟူသောခရစ် တော်မှ ဂျုံစပါး၊ မုန့်ညက်နှင့် ဘဏ္ဍာဖြစ်လာခြင်းအားဖြင့် သခင်ဘုရားသည် အသင်း တော်တည်းဟူသောပုလဲကို ရယူနိုင်မည်ဖြစ်သည်။ မျိုးစေ့မှ ပုလဲအဖြစ်သို့ ဖွံ့ဖြိုးတိုးတက် လာခြင်း၏ လျှို့ဝှက်ချက်မှာ ကျွန်ုပ်တို့အတွင်းရှိ ခရစ်တော်၏ ကြီးထွားခြင်းဖြစ်သည်။

မဿဲ၊၁၃၌ရှိသော ဥပမာများမှာ ဤခေတ်ကာလ၌ ပြည့်စုံနိုင်ခြင်းမရှိသည့် အချည်းနှီးသောသွန်သင်ခြင်းများမဟုတ်ပါ။ ထိုအစား ယင်းတို့သည် ယခုကာလ၌ ပြည့်စုံလျက်ရှိသည့် ပရောဖက်ပြုချက်ဖြစ်သည်။ ယနေ့ ဤခေတ်ကာလ၏ အဆုံးတွင်၊ သခင်ဘုရားသည် ကောင်းသောမြေ၊ ဂျုံစပါး၊ မုန့်ညက်နှင့် အဖိုးတန်ပစ္စည်းများကို ရယူလိမ့်မည်ဖြစ်သည်။ နောက်ဆုံးတွင် ကိုယ်တော်သည် “ကြည့်ရှုလော့။ ငါသည် ငါ၏ အလွန်အဖိုးထိုက်သောပုလဲကို ရရှိပြီ”ဟု ပြောဆိုနိုင်လိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည်လည်း “သခင်ဘုရား၊ ကိုယ်တော်၏ ကရုဏာတော်အားဖြင့် မည်သို့သောအဖိုးအခနှင့် မည်သည့်နည်းလမ်း၌မဆို ကျွန်ုပ်သည် ကောင်းသောမြေဖြစ်ပါမည်”ဟု ပြောဆိုသင့်ပေသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စိတ်နှလုံးကို လောကဆန်သောအသွားအလာသို့ ဖွင့်ပေးလိမ့်မည်မဟုတ်ပါ၊ ဤခေတ်ကာလ၏ စိုးရိမ်မှုများနှင့် စည်းစိမ်ဥစ္စာ၏ လှည့်ဖြားခြင်းများသည်လည်း ကျွန်ုပ်တို့ကို လှည့်ဖြားနိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ဂျုံစပါးကို ကြီးထွားစေရန်၊ မုန့်ညက်ကိုထုတ်လုပ်ရန်အတွက် ကောင်းသောမြေဖြစ်ရန်နှင့် အသင်းတော်တည်ဆောက်ခြင်းအတွက် ကောင်းသော အဖိုးတန်ပစ္စည်းများအထဲသို့ ပုံသဏ္ဌာန် ပြောင်းလဲခြင်းခံရရန်ကိုသာ ဂရုစိုက်သည်။ အဆုံးတွင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ထာဝရအကြံအစည်တော်ပြည့်စုံခြင်းအတွက် အလွန်အဖိုးထိုက်သောပုလဲဖြစ်လာလိမ့်မည်ဖြစ်သည်။ ဤသည်မှာ မဿဲစာစောင်၌ ဖွင့်ပြထားသည့် မျိုးစေ့တည်းဟူသောခရစ်တော်မှ ထွက်ပေါ်လာသော အသင်းတော်ဖြစ်သည်။ (CWWL, 1970, vol. 1, pp.220-223)

*ပို၍ဖတ်ရန်-* *Life-study of Matthew*, msgs. 39, 41, 47

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**မ၊၁း၂၁ သားယောက်ျားကို ဖွားမြင်လိမ့်မည်။ ထိုသားသည် မိမိလူတို့ကို အပြစ်များမှ ကယ်ချွတ်မည့်သူဖြစ်သောကြောင့် ယေရှုဟူသောအမည်ဖြင့် မှည့်ရမည်ဟု ကောင်းကင်တမန်ဆို၏။**

**၂၃ "ကြည့်ရှုလော့၊ အပျိုကညာသည် ပဋိသန္ဓေစွဲယူ၍ သားယောက်ျားကို ဖွားမြင်လတံ့။ လူတို့သည် ထိုသားကို ဧမာနွေလအမည်ဖြင့် ခေါ်ကြလတံ့" ဟု လာသတည်း။ (ဧမာနွေလအနက်ကား၊ ငါတို့နှင့်အတူရှိတော်မူသော ဘုရားသခင်ဟုဆိုလိုသတည်း)။**

ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်ကို မွေးဖွားခြင်းမှာ ကျွန်ုပ်တို့၏ တစ်ခုတည်းသောရည်မှန်းချက်နှင့် ရည်ရွယ်ချက်ဖြစ်သင့်ကြောင်း သင်ယူရန်လိုအပ်သည်။ ဤသို့ပြုလုပ်ရန်အတွက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အလုပ်၊ ရည်မှန်းချက်များ၊ ပန်းတိုင်များနှင့် ကျွန်ုပ်တို့၏ အလိုဆန္ဒများအားလုံးကို စွန့်လွှတ်ရန်လိုအပ်သည်။

ဓမ္မသစ်အစေခံခြင်းမှာ အဆုံးတွင် ခရစ်တော်ကို မွေးဖွားရန်ဖြစ်သည်။ ယင်းသည် အဆုံးစွန်သောပန်းတိုင်ဖြစ်ရမည်။ ၎င်းမှာ ကယ်တင်သောအရှင် ယေရှုအဖြစ်လည်းကောင်း၊ ကျွန်ုပ်တို့နှင့်အတူရှိသောဘုရားသခင် ဧမာနွေလအဖြစ်လည်းကောင်း ခရစ်တော်ကို မွေးဖွားရန်ဖြစ်သည်။ (*New Testament Service*, p. 23)

## ယနေ့ဖတ်စရာ

မဿဲစာစောင်သည် အပျိုကညာတစ်ဦးနှင့် အစပြုပြီး၊ အပျိုကညာဆယ်ဦးနှင့် အဆုံးသတ်ထားသည်။ ဤစာစောင်သည် တစ်ဦးချင်းဆိုင်ရာဧမာနွေလနှင့်အစပြုပြီး၊ စုပေါင်းထားသောဧမာနွေလနှင့်လည်း အဆုံးသတ်ထားသည်။ အခန်း ၁၌ ကျွန်ုပ်တို့နှင့်အတူရှိသောဘုရားသခင်ဖြစ်သည့် ဧမာနွေလကို မြင်တွေ့ရပြီး၊ အခန်း ၂၈၏ နောက်ဆုံးကျမ်းပိုဒ်တွင် သခင်ဘုရားက "ငါသည်လည်း သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်"ဟု ပြောဆိုထားသည်။ ဒေသန္တရတစ်ခု၌ရှိသည့် စစ်မှန်သောအသင်းတော်အသက်တာသည် ခရစ်တော်၏ ကယ်တင်သောတန်ခိုးတော်ဖြစ်ပြီး၊ စုပေါင်းထားသောနည်းလမ်း၌ ထင်ရှားသည့် ကျွန်ုပ်တို့နှင့်အတူရှိသော ဘုရားသခင်ဖြစ်သည်။ ယင်းကို ဓမ္မသစ်အစေခံခြင်းအားဖြင့်သာလျှင် ထွက်ပေါ်စေနိုင်သည်။ အခြားသူများသည် ထိုကဲ့သို့သောအသင်းတော်အသက်တာအထဲသို့ ရောက်ရှိလာသောအခါ၊ ယေရှု၏ ကယ်တင်ခြင်းတန်ခိုးတော်

နှင့် ဘုရားသခင်၏ မျက်မှောက်တော်ကို ချက်ချင်းအာရုံခံစားရလိမ့်မည်ဖြစ်သည်။ ဤသည်မှာ စစ်မှန်သောအသင်းတော်အသက်တာဖြစ်ပြီး၊ ကျွန်ုပ်တို့၏ အစေခံခြင်းမှတစ်ဆင့် ခရစ်တော်ကို မွေးဖွားခြင်းဖြစ်သည်။ (*New Testament Service*, p. 23)

လူ့ဇာတိခံခြင်းအားဖြင့် ယေဟောဝါသည် ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖြစ်လာခဲ့သည်။ ကျွန်ုပ်တို့၏ကယ်တင်ရှင်ယေဟောဝါအနေဖြင့် သခင်ယေရှုသည် ကျွန်ုပ်တို့ကို ကျွန်ုပ်တို့၏ အပြစ်များမှ ကယ်တင်တော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ကျွန်ုပ်တို့၏ အပြစ်နှင့် အပြစ်များမှ၊ ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာ၌ အမြဲဒုက္ခပေးတတ်သော အပြစ်များအားလုံးမှ၊ စာတန်၏ ဆိုးညစ်သောတန်ခိုးမှ၊ ဘုရားသခင်စီရင်တော်မူသော အရာအားလုံးမှ၊ အပျက်သဘောဆောင်သောအရာအားလုံးမှ ကယ်တင်တော်မူသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကို ကယ်တင်ရန် ကိုယ်တော့်ကို ခေါ်တော်မူသောအခါတိုင်း၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ကယ်တင်ရှင်ယေဟောဝါ၊ ကျွန်ုပ်တို့၏ကယ်တင်ခြင်းယေဟောဝါဖြစ်သည်။

ကျွန်ုပ်တို့သည် ခရစ်တော်ကို မောနွေလအဖြစ်လည်း တွေ့ကြုံခံစားပြီး မွေ့လျော်ဝမ်းမြောက်ရမည်ဖြစ်သည်။ လူ့ဇာတိခံသောဘုရားသခင်၊ ယေရှုသည် သူ၏ လူသားဇာတိ၌ ကျွန်ုပ်တို့နှင့်အတူရှိသောဘုရားသခင်၊ မောနွေလဖြစ်သည်။ ယေရှုသည် ဘုရားသခင်ပေးသောအမည်နာမဖြစ်ပြီး၊ မောနွေလသည် လူအားဖြင့် ခေါ်သောအမည်နာမဖြစ်သည်။ ကယ်တင်ရှင်ယေရှုသည် ကျွန်ုပ်တို့နှင့်အတူရှိသောဘုရားသခင်ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အလယ်တွင် ကိန်းဝပ်ရန် လူ့ဇာတိခံခဲ့သောဘုရားသခင်ဖြစ်သည်။ ကိုယ်တော်မရှိဘဲ၊ ကျွန်ုပ်တို့သည် ဘုရားသခင်ကို တွေ့ဆုံနိုင်မည်မဟုတ်ပါ။ အကြောင်းမှာ ကိုယ်တော်တိုင်သည် ဘုရားသခင်ဖြစ်သည်။ ကိုယ်တော်မရှိဘဲ၊ ကျွန်ုပ်တို့သည် ဘုရားသခင်ကို တွေ့ရှိနိုင်မည်မဟုတ်ပါ။ အကြောင်းမှာ ကိုယ်တော်သည် လူ့ဇာတိခံသော ဘုရားသခင်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သခင်ယေရှုကို ခေါ်သောအခါ၊ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူရှိကြောင်း အာရုံခံစားရသည်။

ခရစ်တော်သည် စုံလင်သောလူသားတစ်ဦးဖြစ်လာသည့် ပြည့်စုံသောဘုရားသခင်ဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်သည် ပြည့်စုံသောဘုရားသခင်နှင့် စုံလင်သောလူသားနှစ်ဦးလုံးဖြစ်ပြီး၊ စစ်မှန်သော ဘုရားဇာတိနှင့်လူသားဇာတိကို ပိုင်ဆိုင်ထားသည်။ အနန္တတန်ခိုးနှင့်ပြည့်စုံသောဘုရားသခင်အနေနှင့်၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ လိုအပ်မှုကို နည်းလမ်းတိုင်း၌ ဖြည့်ဆည်းပေးရန် သူ၏ ဘုရားဇာတိနှင့် လူသားဇာတိနှစ်ခုလုံး၌ စွမ်းအင်အပြည့်ရှိသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကဲ့သို့ ဘုရားဆိုင်ရာဖြစ်လာနိုင်ရန်

အတွက် ဘုရားဆိုင်ရာစွမ်းအင်၌ရှိသောကိုယ်တော့်ကို လိုအပ်သည်။ ကျွန်ုပ်တို့သည် လူသားဇာတိ၏ အမြင့်ဆုံးစံချိန်စံနှုန်း၌ရှိသည့် ကိုယ်တော်ကဲ့သို့သောလူသားတစ်ဦး ဖြစ်လာနိုင်ရန်အတွက် လူသားဇာတိ၌ရှိသောကိုယ်တော့်ကို လိုအပ်သည်။ ထို့ကြောင့် ကိုယ်တော်အားဖြင့်၊ ကိုယ်တော်နှင့်အတူ၊ ကိုယ်တော်၌ ကျွန်ုပ်တို့သည် သင့်လျော်မှန်ကန်၍ မြှင့်တင်ခံရသောလူ ဖြစ်နိုင်ရုံသာမက၊ ကိုယ်တော်ကဲ့သို့ပင် ဘုရား–လူ၊ ဘုရားဆိုင်ရာလူလည်းဖြစ်နိုင်ကြသည်။ ခရစ်တော်သည် လူသားဖြစ်လာသည့် ဘုရားဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့ကို ဘုရားဖြစ်လာသည့်လူသားဖြစ်လာနိုင်စေရန်အတွက်ဖြစ်သည်။ ခရစ်တော်သည် ယခု လူသားဆိုင်ရာဘုရားဖြစ်ပြီး ကျွန်ုပ်တို့အား ဘုရားဆိုင်ရာလူသား ဖြစ်လာအောင် ပြုလုပ်နေသည်။ ဤနည်းလမ်းဖြင့် အရာအားလုံးပါဝင်သောအရှင် ဖြစ်သည့် ကိုယ်တော်သည် သာလွန်ဆုံးသောနည်းလမ်းဖြင့် ကျွန်ုပ်တို့၏ လိုအပ်မှုကို လုံလောက်ပြည့်စုံစွာ ဖြည့်ဆည်းပေးနေသည်။

ခရစ်ယာန်အနည်းငယ်သာလျှင် သူတို့နှင့်အတူရှိသောအရှင်ဖြစ်သည့် မောနေ့လနှင့်အတူ လျှောက်လှမ်း၊ အသက်ရှင်ခြင်း၊ စကားပြောခြင်းနှင့် အရာများကို လုပ်ဆောင်ခြင်းရှိကြသည်။ ကျွန်ုပ်တို့တွင် မောနေ့လနှင့်သက်ဆိုင်သည့် ဩဝါဒရှိကြသော်လည်း၊ မောနေ့လကို တွေ့ကြုံခံစားခြင်းမှာ အလွန်နည်းပါးနေသည်။ ကျွန်ုပ်တို့သည် မောနေ့လကို တိုး၍တွေ့ကြုံခံစားမည်ဆိုပါက၊ အတင်းအဖျင်းပြောခြင်းကဲ့သို့ ယနေ့ကျွန်ုပ်တို့ပြုလုပ်နေသည့်အရာများစွာကို ပြုလုပ်တော့မည်မဟုတ်ပါ။ သခင်ဘုရား၏ မျက်မှောက်တော်သည် ကျွန်ုပ်တို့ကို ပြောင်းလဲပေးမည်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့၏ ကယ်တင်ရှင် သခင်ယေရှုမှာ မောနေ့လလည်းဖြစ်တော်မူကြောင်းကို သိနားလည်ခြင်းနှင့် ထိတွေ့ခံစားခြင်းရှိကြရမည်ဖြစ်သည်။ ကိုယ်တော်သည် သုံးပိုင်းရှိသောလူများဖြစ်သည့် ကျွန်ုပ်တို့နှင့်အတူရှိသော သုံးပါးတစ်ပါးဘုရားဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်၌၊ မိမိတို့ကိုယ်တိုင်အားဖြင့် မည်သည့်အရာကိုမျှ ပြောဆိုခြင်း သို့မဟုတ် လုပ်ဆောင်ခြင်း မပြုသင့်ပေ။ ကျွန်ုပ်တို့သည် မောနေ့လကို တွေ့ကြုံခံစားရန် လိုအပ်သည်။ (*The Conclusion of the New Testament*, pp. 2762-2764)

*ပို၍ဖတ်ရန် – The Conclusion of the New Testament*, msg. 266; *New Testament Service*, chs. 1-2

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————
——————————————————————————————————————
——————————————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**မ၊ ၂၈း ၂၀ . . .ငါသည်လည်း ခေတ်ကာလကုန်သည့်တိုင်အောင် သင်တို့နှင့် အတူအစဉ်မပြတ်ရှိသည်ဟု တပည့်တော်တို့အားမိန့်တော်မူ၏။**

**ယော၊ ၁၄း၁၇–၁၈ စစ်မှန်ခြင်း၏ဝိညာဉ်တော်ကို လောကီသားတို့သည် မသိမမြင်သောကြောင့် မခံမယူနိုင်ကြ။ ထိုဝိညာဉ်တော်သည် သင်တို့နှင့်အတူ တည်နေ၍၊ သင်တို့၌ရှိတော်မူသောကြောင့် သင်တို့သိရကြ၏။ ငါသည် သင်တို့ကို မိဘမဲ့ဖြစ်စေခြင်းငှါ စွန့်ပစ်မည်မဟုတ်။ သင်တို့ဆီသို့ လာဦးမည်။**

မဿဲစာစောင်သည် ဧမာနွေလအကြောင်းရေးသားထားသောစာစောင်ဖြစ်သည် –ဧမာနွေလ ဟူသည်မှာ ကျွန်ုပ်တို့နှင့်အတူရှိရန် လူ့ဇာတိခံယူခဲ့သောဘုရားသခင်ဖြစ်သည်။ လက်တွေ့ကျသောဧမာနွေလမှာ စစ်မှန်ခြင်း၏ဝိညာဉ်တော်ဖြစ်သည် (ယော၊၁၄း ၁၆–၂၀)။ ယောဟန်၊၁၄ ၌ သခင်ယေရှုက "ငါသည် ခမည်းတော်ကို တောင်း၍၊ ခမည်းတော်သည် အခြားသောနှစ်သိမ့်ပေးသူကို သင်တို့နှင့်အတူ အစဉ်မပြတ်တည်နေစေခြင်းငှါ သင်တို့အား ပေးတော်မူမည်" (အငယ်၊၁၆) ဟုပြောဆိုခဲ့သည်။ ထို့နောက် အငယ်၊ ၁၇ နှင့် ၁၈၌ သခင်ဘုရားက သူသည် ဤနှစ်သိမ့်ပေးသူဖြစ်လာမည့်အကြောင်း ရည်ညွှန်း ပြောဆိုခဲ့သည်။

မဿဲ၊ ၂၈း ၂၀ ရှိ "ငါ" သည် ဧမာနွေလဖြစ်သည်။ ယော၊၁၄း၁၈ရှိ ကြွလာမည့် "ငါ" သည် အငယ်၊၁၇ရှိ စစ်မှန်ခြင်း၏ဝိညာဉ်တော်ဖြစ်သည်။ မဿဲခရစ်ဝင်ကျမ်းမှ ယောဟန်ခရစ်ဝင်ကျမ်းအထိ ဘုရားဆိုင်ရာဖွင့်ပြခြင်းသည် တိုးတက်မှုရှိနေသည်။ ယနေ့ စစ်မှန်ခြင်း၏ဝိညာဉ်တော်သည် ဧမာနွေလဖြစ်သည်။ (*The Triune God to Be Life to the Tripartite Man*, p. 89)

## *ယနေ့ဖတ်စရာ*

တမန်တော်ဝတ္ထုနှင့် ဩဝါဒစာများ၌ ဖော်ပြထားသည့် စစ်မှန်ခြင်း၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်၌ရှိသည့် ပြီးမြောက်ပြည့်စုံသောသုံးပါးတစ်ပါးဘုရား၏ မျက်မှောက်တော်ပင် ဖြစ်သည်။ သုံးပါးတစ်ပါးဘုရားဖြစ်သောကိုယ်တော်သည် သုံးပိုင်းရှိသောလူဖြစ်သည့် ကျွန်ုပ်တို့နှင့်အတူ ရှိနေခြင်းမှာ အဓိကအားဖြင့် အတွင်းပိုင်း၌ ဖြစ်သည်။ သုံးပါးတစ်ပါးဘုရားသည် သူကိုယ်တော်တိုင်ကို ကျွန်ုပ်တို့၏ဖြစ်ခြင်းအထဲသို့ ဝေငှဖြန့်ဖြူးပေးလိုသောရည်ရွယ်ချက်ကို ကျွန်ုပ်တို့၏ အပြင်ဘက်မှနေ၍ ပြီးမြောက်

အောင်လုပ်ဆောင်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့နှင့်အတူ ကိုယ်တော်ရှိခြင်းသည် အတွင်းပိုင်း၌ဖြစ်ရမည်ဖြစ်သည်။

သုံးပါးတစ်ပါးဘုရားသည် သူကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးပေးနိုင်ရန်အတွက် လူ့ဇာတိခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းဖြစ်စဉ်တို့ကို ဖြတ်ကျော်ခဲ့သည်။ လူ့ဇာတိခံခြင်းအားဖြင့် ကိုယ်တော်သည် သူ၏ယုံကြည်သူများအပြင်ဘက်တွင် ဧမာနွေလဖြစ်နိုင်သော်လည်း၊ ယင်းသည် ကျွန်ုပ်တို့နှင့်အတူရှိလိုသောကိုယ်တော်၏ရည်ရွယ်ချက်ကို တစ်စိတ်တစ်ပိုင်းသာပြည့်စုံစေလိမ့်မည်ဖြစ်သည်။ အပြင်ပိုင်း၌ ကျွန်ုပ်တို့နှင့်အတူ ကိုယ်တော်ရှိခြင်းသည် သူကိုယ်တော်တိုင်ကို ကျွန်ုပ်တို့၏ဖြစ်ခြင်းအထဲသို့ ဝေငှဖြန့်ဖြူးလိုသောကိုယ်တော်၏ အကြံအစည်ကို ပြည့်စုံစေမည်မဟုတ်ပါ။ ထို့ကြောင့် ကိုယ်တော်သည် အခြားသောဖြစ်စဉ်ကို ဖြတ်ကျော်ရမည်ဖြစ်သည်။ ဒုတိယဖြစ်စဉ်မှာ ကိုယ်တော်၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းဖြစ်သည်။ ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်၏ရုပ်ပိုင်းဆိုင်ရာပုံစံသည် ဝိညာဉ်ပိုင်းဆိုင်ရာပုံစံဖြစ်လာခဲ့သည်။ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် နောက်ဆုံးသောအာဒံဖြစ်သောကိုယ်တော်သည် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာခဲ့သည် (၁ကော၊၁၅း၄၅ခ)။ အသက်ပေးသောဝိညာဉ်တော်ဖြစ်သော ကိုယ်တော်သည် ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်း၏မျက်မှောက်တော်၊ ဧမာနွေလဖြစ်သည်။ ဤမျက်မှောက်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်၌ ကျွန်ုပ်တို့နှင့်အတူ နေ့တိုင်း၊ အချိန်တိုင်း အမြဲရှိနေသည် (၂တိ၊၄း၂၂)။

ခရစ်တော်နှင့်အတူအသက်ရှင်ရန်အတွက်၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ဘုရားဆိုင်ရာမျက်မှောက်တော်၌ရှိရန် လိုအပ်သည် (ဂလ၊၅း၂၅က)။ ဘုရားဆိုင်ရာမျက်မှောက်တော်သည် သုံးပါးတစ်ပါးဘုရား၏ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည့် အသက်ပေးသောဝိညာဉ်တော်ဖြစ်သည်။ ဤမျက်မှောက်တော်သည် ဧမာနွေလဖြစ်ပြီး၊ ကိုယ်တော်သည် သုံးပိုင်းရှိလူသားနှင့်အတူရှိသောသုံးပါးတစ်ပါးဘုရား၊ စစ်မှန်၍လက်တွေ့ကျသောယေရှုဖြစ်သည်။

ကျွန်ုပ်တို့သည် ဧမာနွေလတည်းဟူသောခရစ်တော်နှင့်အတူ အသက်ရှင်၍၊ အသက်ပေးသောဝိညာဉ်တော်တည်းဟူသောခရစ်တော်အားဖြင့် လျှောက်လှမ်းကြသည်။ အသက်ပေးသောဝိညာဉ်တော်တည်းဟူသောခရစ်တော်အားဖြင့် လျှောက်လှမ်းနိုင်ရန်အတွက်၊ ကျွန်ုပ်တို့သည် ဧမာနွေလတည်းဟူသော ပုဂ္ဂိုလ်တော်ခရစ်တော်နှင့်အတူ အသက်ရှင်ကြရမည်ဖြစ်သည်။ ယနေ့ ဧမာနွေလသည် အသက်ပေးသောဝိညာဉ်တော်ဖြစ်၍၊ ကိုယ်တော်သည် တစ်ချိန်ပြီးတစ်ချိန် ကျွန်ုပ်တို့နှင့်အတူရှိနေသောမျက်မှောက်တော်

အဖြစ် ပြီးမြောက်ပြည့်စုံသောသုံးပါးတစ်ပါးဘုရားဖြစ်သည်။ တစ်နေ့တာပတ်လုံး ကျွန်ုပ်တို့နှင့်အတူ အခြားသောသူတစ်ဦးရှိနေကြောင်းကို ကျွန်ုပ်တို့သိနားလည်ရန် လိုအပ်သည်။ ကိုယ်တော်သည် အပြင်ပိုင်းတွင် ကျွန်ုပ်တို့နှင့်အတူရှိရုံသာမက၊ အတွင်းပိုင်းတွင်လည်း နေ့တစ်နေ့၏မိနစ်တိုင်း ကျွန်ုပ်တို့၏ဝိညာဉ်၌အတူ ရှိနေသည်။ (*The Triune God to Be Life to the Tripartitate Man,* pp. 89-90)

ယေရှုသည် ကျွန်ုပ်တို့အလယ်တွင် ရှိရုံသာမက၊ ကျွန်ုပ်တို့၏ဝိညာဉ်၌လည်းရှိနေသည် (၂တိ၊၄း ၂၂)။ ကျွန်ုပ်တို့၏ဝိညာဉ်နှင့်အတူရှိသော၊ ဤယေရှုသည် ကျွန်ုပ်တို့နှင့်အတူရှိသောဘုရားသခင်၊ ဧမာနွေလဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုဝိညာဉ်တော်ကို ယေရှု၏မျက်မှောက်တော်မှ ခွဲခြား၍မရနိုင်ပါ။ ထိုဝိညာဉ်တော်သည် ယေရှုမျက်မှောက်တော်၏စစ်မှန်ခြင်းပင်ဖြစ်သည် (ယော၊၁၄း၁၆– ၂၀)။ ဤမျက်မှောက်တော်သည် ကျွန်ုပ်တို့နှင့်အတူရှိသောဘုရားသခင်၊ ဧမာနွေလဖြစ်သည်။

ယောရှု၊ ၈း၇–၈အရ ရန်သူသည် ဧမာနွေလ၏မြေကို သိမ်းပိုက်ရန် ကြိုးစားနေသည်။ ဤစကားသည် အစ္စရေးအမျိုးသားတို့အတွက်သာဖြစ်သည်ဟု မထင်ပါနှင့်။ ယနေ့ ကျွန်ုပ်တို့၏ဝိညာဉ်သည် ဧမာနွေလ၏မြေဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ကိုယ်တိုင်သည် ဧမာနွေလ၏မြေဖြစ်သည်။ ရန်သူ စာတန်နှင့် သူ၏ဗိုလ်ခြေအားလုံးသည် ဤဧမာနွေလ၏မြေကို ရယူသိမ်းပိုက်ရန် တစ်နည်းဆိုသော် ကျွန်ုပ်တို့၏ဝိညာဉ်နှင့် ကျွန်ုပ်တို့၏ဖြစ်ခြင်းကို ရယူသိမ်းပိုက်ရန် သူလုပ်ဆောင်နိုင်သောအရာမှန်သမျှကို လုပ်ဆောင်လိမ့်မည်ဖြစ်သည်။ ဟေရှာ၊၈း၁၀ ၌ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူရှိသောကြောင့် ရန်သူသည် ဧမာနွေလ၏မြေကို ဘယ်သောအခါမျှ ရယူသိမ်းပိုက်နိုင်မည်မဟုတ်ကြောင်း ပြောဆိုထားသည်။ စာတန်သည် သင့်ကို ရယူသိမ်းပိုက်ရန် အတတ်နိုင်ဆုံးကြိုးစားမည်ဖြစ်သော်လည်း၊ သင်သည် ယခု ဤနေရာ၌ ရှိနေဆဲဖြစ်သည်။ လွန်ခဲ့သောအပတ်အတွင်းတွင် စာတန်သည် သင့်ကို ရယူသိမ်းပိုက်ရန် နှစ်ဆယ့်–တစ်ကြိမ်မျှ ကြိုးစားကောင်း ကြိုးစားမည်ဖြစ်သော်လည်း၊ သူသည် အကြိမ်တိုင်း ရှုံးနိမ့်ခဲ့သည်။ သင်သည် ယခု ဤနေရာ၌ ရှိနေဆဲဖြစ်ခြင်းမှာ ဧမာနွေလကြောင့်၊ ကျွန်ုပ်တို့နှင့်အတူရှိသော ဘုရားသခင်ကြောင့်ဖြစ်သည်။ ဤဧမာနွေလသည် ယေရှုဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဧမာနွေလအဖြစ် အလွန်စစ်မှန်သောနည်းလမ်း၌ ယေရှုကို မွေ့လျော်ဝမ်းမြောက်၍ တွေ့ကြုံခံစားနိုင်ကြသည်။ (*Life-study of Matthew,* pp.77-78)

*ပို၍ဖတ်ရန် – The Triune God to Be Life to the Tripartitate Man,* chs.8-9

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**လု၊ ၁း၂၆–၂၇** **ခြောက်လ၌ ဘုရားသခင်သည် ကောင်းကင်တမန်ဂါဗြေလကို ဂါလိလဲပြည် နာဇရက်မြို့ရှိ၊ ဒါဝိဒ်အမျိုးသား၊ ယောသပ်အမည်ရှိ သောလူနှင့်စေ့စပ်ထားသော အပျိုကညာဆီသို့ စေလွှတ်တော်မူ၏။ ထိုအပျိုကညာကား မာရိအမည်ရှိ၏။**

**၂ကော၊ ၁၁း၂** **အကြောင်းမူကား၊ ငါသည် သင်တို့ကို စင်ကြယ်သောသတို့သမီး ကညာကဲ့သို့ ခရစ်တော်အား ဆက်သအံ့သောငှါ၊ သင်တို့ကို လင်တစ် ဦးနှင့်ထိမ်းမြားဆောင်နှင်းပြီးသောကြောင့် ဘုရားသခင်၏စိုး ရိမ်ကြောင့်ကြခြင်းအတိုင်း စိုးရိမ်သောစိတ်နှင့် သင်တို့ကိုစောင့် ရှောက်လျက်နေ၏။**

ယနေ့ သခင်ဘုရားသည် အသက်ရှင်၍ လက်တွေ့ကျသောနည်းလမ်း၌ ယေရှုနှင့် ဧမာနွေလဖြစ်သော ခရစ်တော်ကို သန္ဓေတည်မွေးဖွားနိုင်မည့် ရှာဖွေဆာငတ်သော သူများ၊ အပျိုကညာများဆီသို့ ကြွလာတော်မူသည်။ မဿဲခရစ်ဝင်ကျမ်းအဆုံး၌ သခင်ဘုရားက “ထို့ကြောင့် သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမအထဲသို့ ဗတ္တိဇံကို ပေးကြလော့။ … ငါသည်လည်း ခေတ်ကာလကုန်သည့်တိုင်အောင် သင်တို့နှင့် အတူအစဉ်မပြတ်ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏”(၂၈း၁၉–၂၀)။ ထိုကျွန်ုပ်တို့နှင့်အတူရှိသော သခင်ဘုရားသည် ဧမာနွေလအဖြစ်၊ ကျွန်ုပ်တို့နှင့်အတူရှိသောဘုရားသခင်အဖြစ် ယေရှု၏စစ်မှန်ခြင်းဖြစ်သည်။ မဿဲစာစောင်၏ အစပိုင်းတွင် တစ်ဦးချင်းဆိုင်ရာဧမာနွေလဖြစ်သည့် ယေရှုခရစ်တော်သည် လူသားအပျိုကညာ၌ သန့်ရှင်းသောဝိညာဉ်တော်ဖြင့် သန္ဓေတည်ခဲ့သည်။ ဤစာစောင်၏ အဆုံးတွင် စုပေါင်းထားသောဧမာနွေလသည် အသင်းတော်အသက်တာဖြစ်ပြီး၊ ယင်း၌ သခင်ဘုရားသည် စုပေါင်းထားသောနည်းလမ်းဖြင့် ကျွန်ုပ်တို့နှင့်အတူ ရှိနေသည်။ သခင်ဘုရား၏ ရည်ရွယ်ချက်မှာ စုပေါင်းထားသော ဧမာနွေလအဖြစ် အသင်းတော်အသက်တာကို ပြန်လည်ရယူရန်ဖြစ်သည်။ ဤသည်မှာ ဩဝါဒဆိုင်ရာသွန်သင်ခြင်းများ၊ ကျမ်းစာဆိုင်ရာအသိတရားများ၊ အယူဝါဒများ၊ လုပ်ရိုးလုပ်စဉ်အခမ်းအနားများ သို့မဟုတ် ထုံးတမ်းဓလေ့များ၏ အကြောင်းအရာ မဟုတ်ပါ။ ယင်းသည် စုပေါင်းထားသောအပျိုကညာများအုပ်စု၌ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် “သန္ဓေတည်ခြင်း”၏ အကြောင်းအရာလုံးလုံးဖြစ်သည်။ တစ်ဦးချင်းဆိုင်ရာ

မောရှေလသည် မဿဲခရစ်ဝင်ကျမ်း၌ ဖွင့်ပြထားသည့် အတွေ့အကြုံများ အားလုံးဖြင့် စုပေါင်းထားသောမောရှေလဖြစ်လာခဲ့သည်။ (*CWWL,1970*, vol.1, pp.201-202)

## ***ယနေ့ဖတ်စရာ***

ကျွန်ုပ်တို့၏ ဖြစ်ခြင်းအထဲသို့ အသက်အဖြစ် သုံးပါးတစ်ပါးဘုရား၏ ဝေငှဖြန့်ဖြူးပေးခြင်းကို တွေ့ကြုံခံစားနိုင်ရန်အတွက်၊ ကျွန်ုပ်တို့သည် မောရှေလတည်းဟူသော ခရစ်တော်နှင့်အတူ အသက်ရှင်သောသူများဖြစ်ရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် ကျမ်းစာ၏ နက်နဲခြင်းအထဲသို့ ရောက်ရှိလာပါက၊ သုံးပါးတစ်ပါးဘုရားသည် သုံးပိုင်းရှိသောလူ၏ အသက်ဖြစ်လာနိုင်ရန်အတွက် အဓိကဖြစ်စဉ်နှစ်ခုကို ဖြတ်ကျော်ရန်လိုအပ်ကြောင်း ကျွန်ုပ်တို့မြင်တွေ့နိုင်မည်ဖြစ်သည်။ ပထမတစ်ခုမှာ လူ့ဇာတိခံခြင်းဖြစ်ပြီး၊ ဒုတိယတစ်ခုမှာ ရှင်ပြန်ထမြောက်ခြင်းဖြစ်သည်။ ဤဖြစ်စဉ်နှစ်ခု၌ ကိုယ်တော်သည် အရာနှစ်ခုဖြစ်လာခဲ့သည်။ လူ့ဇာတိခံခြင်းအားဖြင့် ကိုယ်တော်သည် လူသားတစ်ဦးဖြစ်လာခဲ့ပြီး (ယော၊ ၁း၁၊၁၄)။ ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်သည် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာခဲ့သည် (၁ကော၊ ၁၅း၄၅ခ)။

လူ့ဇာတိခံခြင်းသည် မောရှေလကို မွေးဖွားခြင်းဖြစ်သည် (မ၊၁း ၂၀–၂၃)။ ဤသည်မှာ ကျွန်ုပ်တို့၏ အသက်ဖြစ်လာနိုင်ရန် သုံးပါးတစ်ပါးဘုရားဖြတ်ကျော်ခဲ့သည့် ပထမဆုံးဖြစ်စဉ် ဖြစ်သည်။ လူ့ဇာတိခံခြင်းအားဖြင့် ကိုယ်တော်သည် ယေဟောဝါ၏ အညွန့်အဖြစ် သူ၏ ဘုရားဇာတိမှ လူသားဇာတိအထဲသို့ သူကိုယ်တော်တိုင်ကို အကိုင်းဖြာထွက်ခဲ့သည် (ဟေရှာ၊၄း ၂)။ ကိုယ်တော်သည် ဘုရားဇာတိနှင့် လူသားဇာတိနှစ်မျိုးလုံးရှိသော ဘုရား–လူတစ်ဦးဖြစ်လာခဲ့သည်။ မယုံကြည်သောဂျူးလူမျိုးတို့၌ ဘုရားသခင်ရှိသော်လည်း၊ သူတို့၌ရှိသောဘုရားသခင်မှာ ဘုရားဆိုင်ရာမျှသာဖြစ်သည်။ ခရစ်ယာန်များ၌ရှိသောဘုရားသခင်သည် ဘုရားဆိုင်ရာမျှသာမဟုတ်ဘဲ၊ လူသားဆိုင်ရာလည်း ဖြစ်သည်။ ကိုယ်တော်သည် ယေရှု၊ ယေဟောဝါကယ်တင်ရှင်ဖြစ်သည် (မ၊၁း ၂၁)။ ယေရှုသည် ဘုရားသခင်ပေးသောအမည်နာမဖြစ်ပြီး၊ ငါတို့နှင့်အတူရှိသောဘုရားသခင်ဟု အဓိပ္ပါယ်ရသည့် မောရှေလသည် လူအားဖြင့်ခေါ်သောနာမဖြစ်သည် (အငယ်၊ ၂၃)။ ကိုယ်တော်၏ နာမသည် ယေရှုဖြစ်သော်လည်း၊ ကိုယ်တော့်ကို တွေ့ကြုံခံစားခဲ့ကြသောသူတို့က ကိုယ်တော်၏ နာမကို မောရှေလဟုခေါ် ဆိုကြသည်။ ယခုတွင် ကျွန်ုပ်တို့၏ မောရှေလတည်းဟူသော ယေရှုသည် သုံးပိုင်းရှိသောလူနှင့်အတူရှိသည့် သုံးပါးတစ်ပါးဘုရားဖြစ်သည်။ ဤသည်မှာ ယေရှု၏ မျက်မှောက်တော်သည် မောရှေလဖြစ်ကြောင်းဖွင့်ပြသည်

(မ၁း၂၁၊၂၃။ ၁၈း၂၀။ ၂၈း၂၀)။ မဿဲအခန်း ၁ ၌ ယေရှုနှင့် ဧမာနွေလ ဟူသော အမည်နာမနှစ်ခုကို ဖွင့်ပြထားသည်။ မ၁၈း၂၀၌ "အကြောင်းမူကား၊ အကြင်အရပ်၌ လူနှစ်ဦးသုံးဦးတို့သည် ငါ၏နာမအထဲသို့ စည်းဝေးကြ၏။ ထိုအရပ်၌ သူတို့အလယ်မှာ ငါရှိသည်"ဟု မိန့်တော်မူထားသည်။ "ငါ၏နာမ"ဟူသည် ဤနာမနှစ်ခုမှ မည်သည့်နာမကို ရည်ညွှန်းသနည်း။ အခန်း ၁ အရ ဘုရားသခင်ပေးသောအမည်နာမသည် ယေရှုဖြစ်သော်လည်း၊ ကိုယ်တော့်ကို တွေ့ကြုံခံစားခဲ့ကြသောသူတို့က ကိုယ်တော်၏နာမကို ဧမာနွေလဟုခေါ် ဆိုခဲ့ကြသည်။ ဘုရားသခင်၏မြင်ကွင်းမှကြည့်လျှင် ကျွန်ုပ်တို့သည် ယေရှု၏နာမအထဲသို့ စည်းဝေးခြင်းဖြစ်သော်လည်း၊ ကျွန်ုပ်တို့၏မြင်ကွင်းမှကြည့်လျှင် ဧမာနွေလ၏နာမအထဲသို့ စည်းဝေးခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဧမာနွေလ၏နာမ အထဲသို့ စည်းဝေးရမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် ဧမာနွေလ၏နာမအထဲသို့ စည်းဝေးခြင်းဖြစ်ကြောင်းကို များစွာသောသူတို့သည် သိနားလည်ခြင်းမရှိကြပါ။ လူအများစုက ကျွန်ုပ်တို့သည် ယေရှု၏နာမ အထဲသို့ စည်းဝေးကြသည်ဟု ပြောဆိုလိမ့်မည်ဖြစ်သည်။ အငယ်၊၂၀ရှိ "ငါ၏နာမ" သည် ယေရှုကို ရည်ညွှန်းသည်ဟု ပြောဆိုခြင်း၌ မည်သည့်ရှုပါရုံ သို့မဟုတ် ဖွင့်ပြခြင်းကိုမျှ မလိုအပ်ပါ။ သို့သော် ဤနေရာတွင် ဖော်ပြထားသောနာမမှာ ဧမာနွေလဖြစ်သည်ဟု ပြောဆိုခြင်း၌ ရှုပါရုံ၊ ဖွင့်ပြခြင်းနှင့် တွေ့ကြုံခံစားခြင်းကို လိုအပ်သည်။ ဧမာနွေလသည် အသစ်သောတစ်စုံတစ်ရာဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့၏ တွေ့ကြုံခံစားမှု၌ ကျွန်ုပ်တို့အတူ တကွစည်းဝေးသောနာမဖြစ်သည့် ယေရှုမှာ ဧမာနွေလဖြစ်သည်။ မ၊၂၈း၂၀၌ ကျွန်ုပ်တို့နှင့်အတူ အစဉ်အမြဲရှိမည့်အရှင်သည် ဧမာနွေလဖြစ်သည်။ ဧမာနွေလသည် ယေရှု၏ မျက်မှောက်တော်ဖြစ်သည်။ (*The Triune God to Be Life to the Tripartite Man*, pp. 87-89)

*ပို၍ဖတ်ရန်* – *Life-study of Matthew*, msgs.5-6; *CWWL,1970*, vol.1, pp.471-478

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**မ၊၁၈း၂၀ အကြောင်းမူကား၊ အကြင်အရပ်၌ လူနှစ်ဦးသုံးဦးတို့သည် ငါ၏ နာမအထဲသို့ စည်းဝေးကြ၏။ ထိုအရပ်၌ သူတို့အလယ်မှာ ငါရှိသည်ဟု မိန့်တော်မူ၏။**

**ဗျာ၊၂၁း၁၀ ကြီးမြင့်သောတောင်သို့ ဝိညာဉ်၌ ငါ့ကို ဆောင်သွား၍၊ သန့်ရှင်းသောယေရုရှလင်မြို့သည် ဘုရားသခင့်အထံတော်၊ ကောင်းကင်ဘုံမှ ဆင်းသက်သည်ကို ငါ့အားပြလေ၏။**

လွန်ခဲ့သောအချိန်၌ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ အသက်ရှင်ခြင်းနှင့် ခရစ်တော်အားဖြင့် လျှောက်လှမ်းခြင်းအကြားရှိ ခြားနားချက်ကို မြင်တွေ့ခဲ့ခြင်းမရှိပေ။ ကျွန်ုပ်တို့ အတူအသက်ရှင်သောခရစ်တော်မှာ ဧမာနွေလဖြစ်သည်။ ဧမာနွေလဆိုသည်မှာ ကျွန်ုပ်တို့နှင့်အတူရှိသောဘုရားသခင်၊ လူနှင့်အတူရှိသောဘုရားသခင်ဖြစ်သည်။ ၎င်းကို ဓမ္မသစ်ကျမ်း၏ ပထမစာစောင်ဖြစ်သော မဿဲခရစ်ဝင်ကျမ်း၌ ဖွင့်ပြထားသည် (၁း၂၃။ ၁၈း၂၀။ ၂၈း၂၀)။ အခန်း ၁ ၌ ဧမာနွေလ တည်းဟူသော ကျွန်ုပ်တို့နှင့်အတူရှိသည့် ခရစ်တော်၏ မျက်မှောက်တော်အကြောင်းအရာကို ထည့်သွင်းဖော်ပြထားသည်။ အခန်း ၁၈ တွင် ကျွန်ုပ်တို့သည် ကိုယ်တော်၏ မျက်မှောက်တော်အထဲသို့ အတူတကွ စည်းဝေးရမည်ဖြစ်ကြောင်း နောက်ထပ်ဖော်ပြထားသည်။ အခန်း ၂၈ တွင်လည်း ခရစ်တော်၏ မျက်မှောက်တော်သည် ခေတ်ကာလကုန်သည့်တိုင်အောင် ကျွန်ုပ်တို့နှင့်အတူရှိလိမ့်မည်ဖြစ်ကြောင်း အလေးပေးဖော်ပြထားသည် (အငယ်၊ ၂၀)။ (*The Triune God to Be Life to the Tripartite Man*, p. 92)

## *ယနေ့ဖတ်စရာ*

ခရစ်တော်သည် ပထမဦးစွာ လူ့ဇာတိခံယူခြင်းအားဖြင့် ဧမာနွေလဖြစ်လာရန် စေ့စပ်ထုံးဖွဲ့ခံရသည်။ ဟေရှာ၊၇း၁၄ကို ကိုးကားထားသည့် မ၊၁း၂၃ ၌ "ကြည့်ရှုလော့၊ အပျိုကညာသည် ပဋိသန္ဓေစွဲယူ၍ သားယောက်ျားကို ဖွားမြင်လတံ့။ လူတို့သည် ထိုသားကို ဧမာနွေလအမည်ဖြင့် ခေါ်ကြလတံ့ဟု လာသတည်း"ဟုပြောဆိုထားသည်။ အပျိုကညာဖွားမြင်သောသားသည် သူမနှင့်အတူရှိသောဘုရားသခင်ဖြစ်သည်။ ကိုယ်တော်သည် လူသားသဘောသဘာဝနှင့် ဖွားမြင်သောသူငယ်ဖြစ်ရုံမက၊ ဘုရားသဘောသဘာဝနှင့်အတူပေးတော်မူသောသားဖြစ်သည် (ဟေရှာ၊၉း၆)။ ထို့နောက် ကိုယ်တော်သည် မြေကြီးပေါ်

တွင် အသက်ရှင်ခဲ့ပြီး၊ အသက်သုံးဆယ်အရွယ်တွင် အမှုဆောင်ရန် ထွက်ပေါ် လာခဲ့သည်။ သုံးနှစ်ခွဲအမှုဆောင်ပြီးနောက် ကိုယ်တော်သည် သေခြင်းကို ဖြတ်ကျော်၍ ရှင်ပြန်ထမြောက်ခြင်းအထဲသို့ ဝင်ရောက်ခဲ့သည်။ ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်သည် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာခဲ့သည် (၁ကော၊၁၅း၄၅ခ)။ ကိုယ်တော်သည် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာခြင်းမှာ ဧမာနွေလအဖြစ် ကျွန်ုပ်တို့နှင့်အတူရှိသောဘုရားသခင်ဖြစ်ရန်အတွက် ဒုတိယအဆင့်ဖြစ်သည်။

ယခု ကျွန်ုပ်တို့၏ကယ်တင်ရှင်ဘုရားသခင်သည် ကျွန်ုပ်တို့အဖို့ ဧမာနွေလနှင့် အသက်ပေးသောဝိညာဉ်တော်နှစ်ခုလုံးဖြစ်သည်။ ဧမာနွေလဖြစ်သည့်အားလျော်စွာ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ အသက်ရှင်ကြရမည်ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူရှိ၍၊ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ ရှိကြရမည်ဖြစ်သည်။ ယောဟန်ခရစ်ဝင်ကျမ်း၌ ဧမာနွေလသည် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာရန် ဖြစ်စဉ်ကို ဖြတ်ကျော်ရကြောင်း ပြသထားသည်။ ကျွန်ုပ်တို့သည် အသက်ပေးသောဝိညာဉ်တော်တည်းဟူသောကိုယ်တော့်အားဖြင့် အသက်ရှင်ကြသည်။ ယနေ့ ခရစ်ယာန်သွန်သင်သူအချို့တို့က ခရစ်တော်သည် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာသည်ဟူသောအချက်ကို ဆန့်ကျင်ကြသည်။ သို့သော်လည်း ကျမ်းစာ၌ ခရစ်တော်သည် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာကြောင်းကို ရှင်းလင်းစွာဖွင့်ပြထားသည် (၁ကော၊၁၅း၄၅ခ)။ လွန်ခဲ့သောနှစ်ပေါင်းနှစ်ထောင်က ဘုရားသခင်သည် လူ့ဇာတိခံယူခဲ့ပြီး၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို ဖြတ်ကျော်ကာ အသက်ပေးသောဝိညာဉ်တော်ဖြစ်လာခဲ့သည်။ လူ့သမိုင်းကြောင်း၏ ပထမနှစ်ပေါင်းလေးထောင်အတွင်း၊ မည်သူမျှ ဘုရားသခင်၏ အကြံအစည်တော်ကို မသိရှိခဲ့ပေ။ သို့သော်လည်း ယနေ့ သခင်ဘုရားသည် သူကိုယ်တော်တိုင်ကို ဧမာနွေလနှင့် အသက်ပေးသောဝိညာဉ်တော်အဖြစ် ဖွင့်ပြခဲ့သည်။ ကိုယ်တော်သည် သူ၏ လူ့ဇာတိခံခြင်း၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့ကိုလည်း ကျွန်ုပ်တို့အား ပြသခဲ့သည်။

အကြောင်းအရာငါးခုသည် ကျွန်ုပ်တို့၏ ဖြစ်ခြင်းအထဲသို့ စေ့စပ်ထုံးဖွဲ့ခံရပြီးဖြစ်သည်—ဧမာနွေလတည်းဟူသောခရစ်တော်၊ အသက်ပေးသောဝိညာဉ်တော်တည်းဟူသောခရစ်တော်၊ ကိုယ်တော်၏ လူ့ဇာတိခံခြင်း၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း။ ဤအကြောင်းအရာငါးခုတို့သည် ဓမ္မသစ်ဖွင့်ပြခြင်း၌ ဖွဲ့စည်းပါဝင်သည့်အခြေခံကျသောအကြောင်းအရာများဖြစ်သည်။ ဓမ္မသစ်ကျမ်းသည် ယင်း၏ အဓိကအမွေပစ္စည်းများအဖြစ် ဤအကြောင်းအရာငါးခုပါဝင်သည့် သေတမ်းစာတစ်ခုဖြစ်သည်။ ဤဘုရား

ဆိုင်ရာသေတမ်းစာ၌ ကျွန်ုပ်တို့သည် မောရှေလ၊ အသက်ပေးသောဝိညာဉ်တော်၊ လူ့ဇာတိခံခြင်း၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို အမွေခံရကြသည်။ ယနေ့ ကျွန်ုပ်တို့သည် မောရှေလတည်းဟူသော ခရစ်တော်နှင့်အတူ အသက်ရှင်ကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းသည် ကျွန်ုပ်တို့နှင့်အတူရှိသောဘုရားသခင်ဖြစ်သည့် မောရှေလနှင့်အမြဲအတူရှိနေရမည်။ ထို့ပြင် ကျွန်ုပ်တို့သည် အသက်ပေးသောဝိညာဉ်တော်ဖြစ်သော ကိုယ်တော့်အားဖြင့် လျှောက်လှမ်းကြရမည်ဖြစ်သည်။ (*The Triune God to Be Life to the Tripartite Man,* pp. 92,94-95)

ယောဟန်၊ ၁၄ ၌ သခင်ဘုရားက သူသည် ပထမနှစ်သိမ့်ပေးသူအဖြစ် ကြွလာခဲ့ကြောင်းနှင့် အခြားသောသူသည် ဒုတိယနှစ်သိမ့်ပေးသူအဖြစ် ကြွလာမည်ဖြစ်ကြောင်း ဖွင့်ပြခဲ့သည်။ ဒုတိယနှစ်သိမ့်ပေးသူသည် ပထမနှစ်သိမ့်ပေးသူ၏ စစ်မှန်ခြင်းဖြစ်သည်။ ကိုယ်တော်သည် စစ်မှန်ခြင်း၏ ဝိညာဉ်တော်ဖြစ်ပြီး၊ အငယ်၊၁၇၌ ဤစစ်မှန်ခြင်း၏ ဝိညာဉ်တော်သည် တပည့်တော်များအထဲ၌ရှိလိမ့်မည်ဖြစ်ကြောင်း ပြောဆိုထားသည်။ ယေဘုယျရေးသားဖော်ပြချက်ဖြစ်သော အငယ် ၁၇ ရှိ ၌ သည် အသေးစိတ်ရေးသားဖော်ပြချက်ဖြစ်သော အငယ် ၂၀ ရှိ ၌ သုံးခု၏ စုစုပေါင်းဖြစ်သည်။ စစ်မှန်ခြင်း၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့၌ရှိသောအခါ၊ သုံးပါးတစ်ပါးဘုရား၏ စုစုပေါင်းသည် ကျွန်ုပ်တို့အထဲ၌ ရှိနေပြီး စကြဝဠာဆိုင်ရာပေါင်းစပ်ဖွဲ့စည်းခြင်းအထဲသို့ ကျွန်ုပ်တို့ကို ပေါင်းစပ်ဖွဲ့စည်းပေးနေသည်။ ထာဝရကာလတွင် ယင်းသည် ဘုရားဆိုင်ရာပေါင်းစပ်ဖွဲ့စည်းခြင်းဖြစ်ခဲ့သည်။ ကြီးမားကျယ်ပြန့်လာခြင်းအားဖြင့် ဤပေါင်းစပ်ဖွဲ့စည်းခြင်းသည် ဘုရားဆိုင်ရာနှင့် လူသားဆိုင်ရာပေါင်းစပ်ဖွဲ့စည်းခြင်းဖြစ်လာခဲ့သည်။ ယုံကြည်သူများအားလုံးသည် အဆုံးတွင် ဤတစ်ခုတည်းသောကြီးမားသည့်ပေါင်းစပ်ဖွဲ့စည်းခြင်းအထဲသို့ ပေါင်းစပ်ဖွဲ့စည်းခြင်းခံရလိမ့်မည်ဖြစ်သည်။ ဤစကြဝဠာဆိုင်ရာပေါင်းစပ်ဖွဲ့စည်းခြင်း၏ နောက်ဆုံးပြီးမြောက်ပြည့်စုံခြင်းမှာ ယေရုရှလင်မြို့သစ်ဖြစ်သည်။ (*The Issue of Christ Being Glorified by the Father wih the Divine Glory,* pp.43-44)

*ပို၍ဖတ်ရန်* – *The Wonderful Christ in the Canon of the New Testament*,ch.1; *The Issue of Christ Being Glorified by the Father wih the Divine Glory,* ch. 5

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

***Hymns,*** **# E-68**

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ-----------

## *စုပေါင်းထားသောခရစ်တော်၊ ကိုယ်ခန္ဓာတော်–ခရစ်တော် တည်းဟူသော အသင်းတော်၌ ခရစ်တော်ကို အရာခပ်သိမ်းအဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်း*

ဖတ်ရန်ကျမ်း။ ။၁ကော၊၁း ၂၊ ၉၊ ၂၄၊ ၃၀။ ၅း၈။ ၁၀း၃–၄၊ ၁၇။ ၁၂း၁၂–၁၃။ ၁၅း၄၅ခ

*Day 1* **I. ကျွန်ုပ်တို့သည် ကောရိန္သုစာပထမစောင်ရှိ အရာအားလုံးပါဝင်သောခရစ်တော်၏ဖွင့်ပြခြင်းကို တန်ဖိုးထားရမည်ဖြစ်သည် (၁း ၂၊ ၉၊ ၂၄၊ ၃၀။ ၂း၇–၈၊ ၁၀။ ၃း၁၁။ ၅း၇–၈။ ၁၀း၃–၄။ ၁၁း၃။ ၁၂း၁၂။ ၁၅း ၂၀။ ၂၃၊ ၄၅ခ၊ ၄၇)။**

**II. အရာအားလုံးပါဝင်သောခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် စစ်မှန်သောအသင်းတော်ကို မွေးဖွားပေးပြီး၊ တစ်လုံးတစ်ဝဖြစ်ခြင်း၌ ကျွန်ုပ်တို့ကို စောင့်ထိန်းပေးသည်။ ကျွန်ုပ်တို့၏ဝေစုတည်းဟူသော ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၏တစ်လုံးတစ်ဝဖြစ်ခြင်းသည် အသင်းတော်အသက်တာဖြစ်သည် (၁း ၂၊ ၉၊ ၁၃က)။**

**III. အသင်းတော်၌ ကျွန်ုပ်တို့အားလုံးသည် တူညီသောဝိညာဉ်ဆိုင်ရာအစာကို စားသုံးရန်နှင့် တူညီသောဝိညာဉ်ဆိုင်ရာရေကို သောက်သုံးရန် လိုအပ်သည် (၁၀း၃–၄)။**

*Day 2* က။ ၁ကော၊၁၀း၃ရှိ ဝိညာဉ်ဆိုင်ရာအစာသည် မန္နမုန့်ကို ရည်ညွှန်းပြီး၊ ယင်းမှာ ခရစ်ယာန်ခရီးစဉ်အတွက် ကျွန်ုပ်တို့နေ့စဉ်အသက်၏မစရာတည်းဟူသော ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည် (ထွက်၊၁၆း ၁၄–၁၆။ ယော၊၆း၃၁–၃၅)။

၁။ ယုံကြည်သူကျွန်ုပ်တို့အားလုံးသည် ခရစ်တော်မှလွဲ၍ မည်သည့်အရာတစ်ခုကိုမျှ မစားသုံးဘဲ၊ တူညီသောဝိညာဉ်ဆိုင်ရာအစာကို စားသုံးရန် လိုအပ်သည် (၁ကော၊၁၀း၃။ ယော၊၆း၅၇ခ)။

၂။ ခရစ်တော်သည် ကျွန်ုပ်တို့၏တုနှိုင်းရာမဲ့သောအစားအစာဖြစ်သင့်ပြီး၊ ကျွန်ုပ်တို့သည် အခြားအစားအစာပေါ်တွင် အသက်ရှင်ရန် မရှာဖွေသင့်ပေ (အငယ်၊၅၄–၅၅)။

၃။ ဝိညာဉ်ဆိုင်ရာအစာတည်းဟူသော ခရစ်တော်သည် ကျွန်ုပ်တို့ အဖို့ အတွင်းပိုင်းဆိုင်ရာခရစ်တော်ဖြစ်လာသည် (ဂလ၊ ၂း ၂၀။ ၄း၁၉)။

ခ။ ၁ကော၊၁၀း၄ရှိ ဝိညာဉ်ဆိုင်ရာရေသည် ကျောက်ဆောင်မှစီးထွက်လာသောအသက်ရေကို ရည်ညွှန်းပြီး၊ ထိုရေသည် ကျွန်ုပ်တို့၏ အရာအားလုံးပါဝင်သောရေတည်းဟူသော ဝိညာဉ်တော်ကို ပုံဆောင်ခြင်းဖြစ်သည် (ထွက်၊၁၇း၆။ ယော၊၇း၃၇–၃၉။ ၁ကော၊၁၂း၁၃)။

၁။ ထွက်၊၁၇း၆၌ ကျောက်သည် ခရစ်တော်၏ ပုံဆောင်ချက်ဖြစ်ပြီး၊ မောရှေသည် ပညတ်တရားကို ပုံဆောင်ကာ၊ တောင်ဝှေးသည် ပညတ်တရား၏ တန်ခိုးနှင့် အခွင့်အာဏာကို ကိုယ်စားပြုခြင်းဖြစ်သည်။ ရိုက်ခြင်းခံရသောကျောက်သည် ဘုရားပညတ်တော်၏ အခွင့်အာဏာတော်အားဖြင့် ရိုက်ခြင်းခံရသော ခရစ်တော်ကို ပုံဆောင်ပြီး၊ ရိုက်ခြင်းခံရသောကျောက်မှ စီးထွက်လာသောရေသည် ဝိညာဉ်တော်ကိုပုံဆောင်သည် (ယော၊၇း၃၇–၃၉။ ၁၉း၃၄)။

၂။ ဝိညာဉ်ဆိုင်ရာရေ၊ အသက်ရေသည် ရှင်ပြန်ထမြောက်ခြင်း၌ရှိသောအသက်ရေဖြစ်သည်။ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ အသက်ရေကိုသောက်သောအခါ၊ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ရှိသော ပုဂ္ဂိုလ်များ၊ ရှင်ပြန်ထမြောက်ခြင်း၏ ပုဂ္ဂိုလ်များ ဖြစ်လာကြသည် (၁ကော၊၁၀း၄။ ယော၊၁၄း ၂၀။ ၂ကော၊၁း၉။ ၄း၁၄)။

*Day 3*

၃။ ခရစ်တော်ကို ကျွန်ုပ်တို့၏ စားသုံးခြင်းနှင့် သောက်သုံးခြင်းအားဖြင့်၊ ဘုရားသခင်သည် ကျွန်ုပ်တို့အထဲ၌ မိမိကိုယ်တော်တိုင်ကို အလုပ်လုပ်သည်။ အကြောင်းမှာ သခင်ဘုရားကို စားသုံးခြင်းနှင့် သောက်သုံးခြင်းအားဖြင့် ကျွန်ုပ်တို့သည် သခင်ဘုရားကို ထည့်သွင်းသောကြောင့်ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ အသက်နှင့် စေ့စပ်ထုံးဖွဲ့မှုဖြစ်လာရန် ရှင်သန်စွာ ကျွန်ုပ်တို့နှင့် တစ်လုံးတစ်ဝတည်းဖြစ်လာသည် (၁ကော၊၁၀း၃–၄။ ကော၊ ၃း၄၊ ၁၀–၁၁)။

**IV. ကောရိန္သုစာပထမစောင်၌ဖွင့်ပြထားသည့် အရာအားလုံးပါဝင်**

**သောခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် စုပေါင်းထား သောခရစ်တော်၊ ကိုယ်ခန္ဓာတော်– ခရစ်တော်ကို ထွက်ပေါ်လာစေ သည် (၁၂း၁၂–၁၃)။**

က။ ခရစ်တော်သည် ဦးခေါင်းတော်နှင့် ကိုယ်ခန္ဓာတော်နှစ်ခုလုံးဖြစ်သော ပြည့်စုံသောလူဖြစ်သည် (ကော၊၁း၁၈။ ၂း၁၉)။

၁။ ခရစ်တော်သည် ဦးခေါင်းတော်နှင့် ကိုယ်ခန္ဓာတော်နှစ်ခုလုံး ဖြစ်သောကြောင့်၊ ကိုယ်တော်သည် ကိုယ်ခန္ဓာတော်– ခရစ်တော်ဖြစ်သည်။

၂။ ခရစ်တော်သည် ကိုယ်ခန္ဓာတော်– ခရစ်တော်ဖြစ်ခြင်းဆိုသည်မှာ ကိုယ်တော်သည် တစ်ဦးချင်းဆိုင်ရာခရစ်တော်မဟုတ်တော့ဘဲ၊ စုပေါင်းထားသောခရစ်တော်လည်းဖြစ်သည်ဟု အဓိပ္ပာယ်ရသည် (၁ကော၊၁၂း၁၂။ တ၊၉း၄–၅)။

(က)ခရစ်တော်၌ တစ်ဦးချင်းဆိုင်ရာပုံပန်းသဏ္ဌာန်နှင့် စုပေါင်းထားသောပုံပန်းသဏ္ဌာန်ရှိသည် (မ၊၁၆း၁၈)။

(ခ) တစ်ဦးချင်းဆိုင်ရာအနေဖြင့် ကိုယ်တော်သည် ခရစ်တော်ဖြစ်ပြီး၊ စုပေါင်းထားခြင်းအနေဖြင့် ကိုယ်တော်သည် ကိုယ်ခန္ဓာတော်– ခရစ်တော်ဖြစ်သည်။

*Day 4*

ခ။ ခရစ်တော်ကို အမြင့်ဆုံးသောမွေ့လျော်ဝမ်းမြောက်ခြင်းသည် စုပေါင်းထားသောခရစ်တော်၊ ကိုယ်ခန္ဓာတော်– ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းဖြစ်သည်။ ကိုယ်ခန္ဓာတော်– ခရစ်တော်အဖြစ် ခရစ်တော်ကိုမွေ့လျော်ဝမ်းမြောက်ခြင်းသည် ပုံပန်းသဏ္ဌာန်တစ်ခု၌ ကိုယ်တော့်ကိုမွေ့လျော်ဝမ်းမြောက်ခြင်းသာမက၊ ကိုယ်တော်၏ပြည့်ဝပြည့်စုံခြင်းတွင် အရာအားလုံးပါဝင်သောခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းလည်း ဖြစ်သည် (ကော၊၂း၉)။

ဂ။ ၁ကော၊၁၂း၁၂သည် "ဥပမာကား၊ ကိုယ်တစ်ခုတည်း၌ အင်္ဂါအများရှိသည်ဖြစ်၍၊ ထိုတစ်ခုတည်းသောကိုယ်အင်္ဂါအပေါင်းတို့သည် များလျက်နှင့် ကိုယ်တစ်ခုတည်းဖြစ်သကဲ့သို့၊ ထိုနည်းတူ ထိုခရစ်တော်ဖြစ်၏"ဟု ပြောဆိုထားသည်။

၁။ *ထိုခရစ်တော်* သည် တစ်ဦးချင်းဆိုင်ရာခရစ်တော်မဟုတ်ဘဲ၊ စု

ပေါင်းထားသောခရစ်တော်ဖြစ်ပြီး၊ ခရစ်တော်သည် သူ၏ အင်္ဂါ ဝင်များအားလုံးနှင့်အတူ စုပေါင်းထားခြင်းဖြစ်သည်။

၂။ စုပေါင်းထားသောခရစ်တော်၌ ဦးခေါင်းတော်တည်းဟူသော မိမိကိုယ်တော်တိုင်နှင့် သူ၏ကိုယ်ခန္ဓာတော်တည်းဟူသော ယုံကြည်သူများအားလုံးတို့နှင့်အတူရှိသော အသင်းတော်တို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည် (၁၁း၃။ ၁၂း၁၂၊ ၂၇)။

ဃ။ ၁ကော၊၁၂း၁၃၌ ညွှန်ပြထားသည့် *အကြောင်းမှုကား* ဟူသောစကားသည် အငယ်၊၁၂၏ ဆက်လက်လုပ်ဆောင်ခြင်း၊ အနက်အဓိပ္ပာယ်ဖွင့်ခြင်းနှင့် ရှင်းလင်းပြခြင်းတို့ဖြစ်သည်။

၁။ အင်္ဂါဝင်များအားလုံးသည် ကိုယ်ခန္ဓာတော်တစ်ခုတည်းဖြစ်ပြီး၊ ဤကိုယ်ခန္ဓာတော်သည် ခရစ်တော်ဖြစ်သည်။ အကြောင်းမှာ ဝိညာဉ်တော်တစ်ပါးတည်း၌ ကျွန်ုပ်တို့အားလုံးသည် ကိုယ်ခန္ဓာတော်တစ်ကိုယ်တည်းအထဲသို့ ဗတ္တိဇံကိုခံခဲ့ကြသောကြောင့်ဖြစ်သည် (အငယ်၊ ၁၃–၁၄၊ ၂၄၊ ၂၇)။

၂။ ခရစ်တော့်ကိုယ်ခန္ဓာတော်၏ များစွာသောအင်္ဂါဝင်များဖြစ်သည့် ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝတည်းဖြစ်ကြသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၌ ဗတ္တိဇံခံခဲ့ကြသောကြောင့်ဖြစ်သည် (အငယ်၊၁၃)။

(က) ကျွန်ုပ်တို့ဗတ္တိဇံခံခဲ့သော ဝိညာဉ်တော်သည် ခရစ်တော်ဖြစ်ပြီး၊ ကိုယ်တော်သည် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာခဲ့သည် (၁၅း၄၅ခ။ ၂ကော၊၃း၁၇)။

(ခ) ကျွန်ုပ်တို့အားလုံးသည် တစ်ပါးသောဝိညာဉ်တော်၊ ခရစ်တော်တည်းဟူသော အသက်ပေးသောဝိညာဉ်တော်ကို သောက်သုံးရန် ကိုယ်ခန္ဓာတော်၌ နေရာချထားခံရသည်။ ယခု ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၌ ရှိသောကြောင့်၊ ခရစ်တော်ကိုယ်တော်တိုင်ဖြစ်သော ဤတစ်ပါးတည်းသောဝိညာဉ်တော်ကိုသောက်သုံးရန် လိုအပ်သည် (၁ကော၊၁၂း၁၃)။

(ဂ) နောက်ဆုံးတွင် ကျွန်ုပ်တို့သည် ဝိညာဉ်တော်အားဖြင့် ဖြည့်ခြင်း၊ ဖုံးလွှမ်းခြင်း၊ ပြည့်ဝခြင်းနှင့် စိမ့်ဝင်ပျံ့နှံ့ခြင်းတို့ခံရ

သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ခရစ်တော်ကိုယ်တော်တိုင်ဖြစ်သော တစ်ခုတည်းသောကိုယ်ခန္ဓာတော်အဖြစ် အချင်းချင်းနှင့်သော်လည်းကောင်း၊ ခရစ်တော်နှင့်သော်လည်းကောင်းတစ်လုံးတစ်ဝတည်းဖြစ်ကြသည် (၆း၁၇။ ၁၂း၁၂)။

(ဃ) ခရစ်တော်ကိုယ်တော်တိုင်ဖြစ်သော ဝိညာဉ်တော်သည် ကိုယ်ခန္ဓာတော်– ခရစ်တော်ဖြစ်လာသည် (၂ကော၊၃း၁၇။ ၁ကော၊၁၅း၄၅ခ။ ၁၂း၁၂–၁၃)။

(င) အသင်းတော်၌ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်– ခရစ်တော်ကိုသောက်သုံးရန် နေရာအနေအထားရှိကြသည်။ ထိုခရစ်တော်သည် ကိုယ်ခန္ဓာတော်၌ရှိသော အသက်ပေးသော ဝိညာဉ်တော်ဖြစ်သည် (အငယ်၊၁၃။ ၁၅း၄၅ခ)။

**Day 5**

င။ သခင်ဘုရား၏ စားပွဲပေါ်ရှိ မုန့်သည် ပုံပန်းသဏ္ဍာန်နှစ်ခုတွင်ရှိသော ခရစ်တော်၏ ကိုယ်ခန္ဓာကို ပုံဆောင်သည် (၁၀း၁၇)။

၁။ ပထမဆုံးအနေဖြင့် ၎င်းသည် ယေရှု၏ ရုပ်ပိုင်းဆိုင်ရာကိုယ်ခန္ဓာကို ပုံဆောင်သည်။ ကိုယ်တော်သည် လှံနှင့်ထိုးဖောက်ခံရပြီး၊ ကားတိုင်ပေါ်တွင် အသေခံကာ၊ ကျွန်ုပ်တို့အတွက် သူ၏ အသွေးတော်ကို သွန်းလောင်းခဲ့သည် (မ၊၂၆း၂၆)။

၂။ ဒုတိယအနေဖြင့် မုန့်သည် ခရစ်တော်၏ နက်နဲဖွယ်ကိုယ်ခန္ဓာတော်ကို ပုံဆောင်သည်။ ခရစ်တော်၏ နက်နဲဖွယ်ကိုယ်ခန္ဓာတော်သည် စုပေါင်းထားသောခရစ်တော်၊ ကိုယ်ခန္ဓာတော်– ခရစ်တော်ဖြစ်သည် (၁ကော၊၁၂း၁၂။ ဧ၊၁း၂၃)။

၃။ ကျွန်ုပ်တို့သည် သခင်ဘုရား၏ စားပွဲပေါ်ရှိ မုန့်ကို စားသုံးကြသောအခါ၊ တစ်ဦးချင်းဆိုင်ရာခရစ်တော်ကို စားသုံးခြင်းသာမက၊ စုပေါင်းထားသောခရစ်တော်ကိုလည်း စားသုံးနေခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ နက်နဲဖွယ်ကိုယ်ခန္ဓာတော်ကိုမွေ့လျော်ဝမ်းမြောက်ကြပြီး၊ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်– ခရစ်တော်၌ ပါဝင်နေခြင်းဖြစ်သည် (၁ကော၊၁၀း၁၇)။

**Day 6**

စ။ စုပေါင်းထားသောခရစ်တော်၊ ကိုယ်ခန္ဓာတော်– ခရစ်တော်တည်းဟူသောအသင်းတော်၌ရှိသည့် အရာအားလုံးပါဝင်သောခရစ်တော်ကို

မွေ့လျော်ဝမ်းမြောက်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် မုန့်ညက်ပူဇော် သက္ကာကဲ့သို့ဖြစ်သော အသင်းတော်အသက်တာကို မွေ့လျော်ဝမ်း မြောက်ကြသည် (ဝတ်၊ ၂း၁။ တ၊ ၂း၄၆)။

၁။ ကျွန်ုပ်တို့၏ မုန့်ညက်ပူဇော်သက္ကာတည်းဟူသော ခရစ်တော်ကို စားသုံးခြင်းအားဖြင့် ကျွန်ုပ်တို့သည် မုန့်ညက်ပူဇော်သက္ကာ တည်းဟူသော ခရစ်တော်၏ ပြန်လည်ထုတ်လုပ်ခြင်း၊ ပုံတူပွား ခြင်းနှင့် ကြီးမားကျယ်ပြန့်ခြင်း ဖြစ်လာသည်– ထိုမုန့်ညက် ပူဇော်သက္ကာကို တဆေးနှင့် ပျားရည်မပါဘဲ၊ ခရစ်တော်၏ အသေခံခြင်းအားဖြင့် ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားဇာတိနှင့် လူသားဇာတိကို ဆီဖြင့် ပေါင်းစပ်ထားသည် (ဝတ်၊ ၂း၂၊ ၄–၅၊ ၁၁၊ ၁၃။ ယော၊၆း၅၇)။

၂။ ဂျုံမှုန့်ပူဇော်သက္ကာ(flour)သည် တစ်ဦးချင်းဆိုင်ရာခရစ်တော် နှင့် တစ်ဦးချင်းဆိုင်ရာခရစ်ယာန်နှစ်ခုလုံးကို ပုံဆောင်သည်။ မုန့်ပူဇော်သက္ကာ(cake)သည် စုပေါင်းထားသောခရစ်တော်၊ ကိုယ်ခန္ဓာတော်၊ အသင်းတော်နှင့်အတူရှိသော ခရစ်တော်ကို ပုံဆောင်သည် (ဝတ်၊ ၂း၂၊ ၄။ ၁ကော၊၁၂း၁၂။ ၁၀း၁၇)။

၃။ ကိုယ်ခန္ဓာတော်အသက်တာ၊ မုန့်ညက်ပူဇော်သက္ကာကဲ့သို့ဖြစ် သောအသင်းတော်အသက်တာ၌ ပေါင်းစည်းရန် အလို့ငှာ၊ ကျွန်ုပ်တို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်အကျိုးအတွက် သူ တစ်ပါးအား ခရစ်တော်ကို ဝေငှဖြန့်ဖြူးဖို့ ကားတိုင်နှင့် ဝိညာဉ် တော်အားဖြင့် သွားရမည်ဖြစ်သည် (၁၂း၂၄၊ ၂၇။ ၁း၁၈။ ၂း၂။ ၁၂း၁၃)။

၄။ ဘုရားသခင်သည် သူ့အား ကျေနပ်နှစ်သိမ့်စေရန်နှင့် တစ်နေ့ ပြီးတစ်နေ့ သန့်ရှင်းသူများကို ပြည့်ဝစွာမစရန် ဒေသန္တရအသင်း တော်တိုင်းကို မုန့်ညက်ပူဇော်သက္ကာဖြစ်စေရန် အလိုဆန္ဒရှိ သည်။ ယင်းမှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အသင်းတော်အသက် တာကို စားသုံးလိမ့်မည်ဟု ဆိုလိုခြင်းဖြစ်သည်။ အကြောင်းမှာ အသင်းတော်အသက်တာသည် ကျွန်ုပ်တို့၏ နေ့စဉ်မစမှုဖြစ် သောကြောင့်ဖြစ်သည် (၅း၈။ တ၊ ၂း၄၆)။

## နံနက်ခင်းကျွေးမွေးခြင်း

**၁ကော၊ ခရစ်တော်ယေရှု၌ သန့်ရှင်းစင်ကြယ်ခြင်းခံရ၍၊ သန့်ရှင်းသူများ**
**၁း၂ အဖြစ်ခေါ်ထားခြင်းခံရသောသူတည်းဟူသော ကောရိန္သုမြို့၌ရှိ**
**သော ဘုရားသခင်၏အသင်းတော်မှစ၍ ခပ်သိမ်းသောအရပ်တို့၌**
**ငါတို့သခင်ယေရှုခရစ်၏နာမကိုခေါ်သောသူအပေါင်းတို့ကို ကြား**
**လိုက်ပါ၏။ ထိုသခင်သည် သူတို့နှင့် ငါတို့၏သခင်ဖြစ်တော်မူ၏။**
**၉ ငါတို့သခင်ယေရှုခရစ်တည်းဟူသော သားတော်၏မိတ်သဟာယအထဲ**
**သို့ သင်တို့ကို ခေါ်သွင်းတော်မူသောဘုရားသခင်သည် သစ္စာနှင့်ပြည့်**
**စုံတော်မူ၏။**

များစွာသောအရာတို့သည် ခရစ်တော်ကို အစားထိုးသောကြောင့်၊ သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် အပြည့်အဝဖြစ်သောနည်းလမ်း၌ ကျွန်ုပ်တို့အတွက် အရာခပ်သိမ်းအဖြစ် ခရစ်တော်ကို ပြန်လည်ရယူခြင်းဖြစ်သည်။ သခင်ဘုရား၏ ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့သည် ဩဝါဒများ၊ ဓလေ့ထုံးတမ်းများ၊ ထင်မြင်ယူဆချက်များ၊ လက်တွေ့လုပ်ဆောင်မှုများ၊ လှုပ်ရှားလုပ်ဆောင်ခြင်းများ သို့မဟုတ် အဖွဲ့အစည်းများကို အလေးမထားသင့်ဘဲ၊ ခရစ်တော်ကိုသာ အလေးထားသင့်သည်။

ခရစ်တော်သည် သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ အရာခပ်သိမ်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဩဝါဒများ၊ ဓလေ့ထုံးတမ်းများ၊ ထင်မြင်ယူဆချက်များ၊ လက်တွေ့လုပ်ဆောင်မှုများ၊ လှုပ်ရှားလုပ်ဆောင်ခြင်းများ သို့မဟုတ် အဖွဲ့အစည်းများကို အလေးမထားသင့်ပေ။ ကျွန်ုပ်တို့သည် ခရစ်တော်အတွက်နှင့် ခရစ်တော်တစ်ဦးတည်းကိုသာ အလေးထားရမည်ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ အသက်၊ အရာခပ်သိမ်း၌ ကျွန်ုပ်တို့၏စစ်မှန်ခြင်းနှင့် ကျွန်ုပ်တို့၏နည်းလမ်းဖြစ်သည်။ ဤအရာမှာ သခင်ဘုရား၏ပြန်လည်ရယူခြင်းဖြစ်သည်။ *(The Recovery of Christ as Everything in the Church, pp. 11-12)*

## ယနေ့ဖတ်စရာ

၁ကော၊၁း၂သည် "သခင်ယေရှုခရစ်၏နာမကိုခေါ်သောသူအပေါင်းတို့ကိုကြားလိုက်ပါ၏။ ထိုသခင်သည် သူတို့နှင့် ငါတို့၏ သခင်ဖြစ်တော်မူ၏"ဟု ပြောဆိုထားသည်။ ဓမ္မသစ်ကျမ်း၌ မည်သည့်နေရာတွင်မျှ ထိုသို့သောဖော်ပြချက်ကို ကျွန်ုပ်တို့ ရှာတွေ့နိုင်မည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် သခင်ယေရှုကို ခေါ်ဆိုရန်လိုအပ်သည်။ အကြောင်းမှာ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ဝေစုဖြစ်သောကြောင့်ဖြစ်သည် (ကော၊၁း၁၂)။ ကိုယ်တော်သည် ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်ရန် ပေါလု၏ဝေစု၊ ပေတရု၏ဝေစုနှင့် ကျွန်ုပ်တို့၏

ဝေစု ဖြစ်သည်။ ၁ကော၊၁း၉ရှိ မိတ်သဟာယ သည် ပါဝင်ဆက်ဆံခြင်းကို ရည်ညွှန်းသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဝေစုဖြစ်သောယေရှုခရစ်၏ မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ပါဝင်ဆက်ဆံခြင်း အထဲသို့ ကျွန်ုပ်တို့အားလုံးကို ခေါ် တော်မူသည်။ အငယ်၊၁၃သည် "ခရစ်တော်သည် ကွဲပြားသလော"ဟု မေးမြန်းထားသည်။ ယေရှုခရစ်သည် မကွဲပြားပေ။ ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ကြသောအခါ၊ ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝတည်းဖြစ်ကြသည်။ အကြောင်းမှာ ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်သော ထိုခရစ်တော်သည် တစ်ပါးတည်းဖြစ်သောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဝေစုဖြစ်သောခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၌ ဤတစ်လုံးတစ်ဝဖြစ်ခြင်းသည် စစ်မှန်သောအသင်းတော်အသက်တာဖြစ်သည်။

၁ကော၊၁၀း၃နှင့် ၄သည် "ဝိညာဉ်ဆိုင်ရာအစာကို အတူစားကြ၏ ။ ထိုသူတို့နောက်၌လိုက်သော ဝိညာဉ်ဆိုင်ရာကျောက်မှထွက်သောဝိညာဉ်ဆိုင်ရာရေကို သောက်ကြ၏ ။ ထိုကျောက်ကား ခရစ်တော်ဖြစ်သတည်း"ဟု ပြောဆိုထားသည်။ ၁ကော၊၁၀၌ ကျောက်ဖြစ်သောခရစ်တော်သည် ကျွန်ုပ်တို့၏ ရွေးနုတ်ခြင်းအတွက် အဓိကမဟုတ်ဘဲ၊ ကျွန်ုပ်တို့၏ သောက်သုံးခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့၏ ကျောက်ဖြစ်သော ခရစ်တော်ကို သောက်သုံးခြင်းအားဖြင့် တူညီသောဝိညာဉ်ဆိုင်ရာအစာကို စားသုံးရန်နှင့် တူညီသောဝိညာဉ်ဆိုင်ရာရေကို သောက်သုံးရန် လိုအပ်သည်။

အငယ်၊၁၆၊ ၁၇နှင့် ၂၁၌ ပေါလုသည် သခင်ဘုရား၏ စားပွဲပေါ် တွင်ရှိသော မုန့်နှင့် ခွက်တို့နှင့်စပ်လျဉ်းပြီး ပြောဆိုထားသည်။ တပည့်တော်များနှင့်အတူ ကိုယ်တော်၏ နောက်ဆုံးသောညတွင် သခင်ယေရှုသည် ကျမ်းစာကို ကောက်ကိုင်ခြင်းမရှိဘဲ၊ "ဤအရာသည် ငါ၏ သွန်သင်ခြင်းဖြစ်သည်။ ငါ့ကို အောက်မေ့သတိရဖို့ ဤအရာကို စောင့်ထိန်းကြလော့"ဟု ရှင်းလင်းပြောဆိုခဲ့သည်။ အတိအကျဆိုရလျှင် သခင်ဘုရားသည် မုန့်နှင့် ခွက်ကို ယူဆောင်ခဲ့သည်။ မုန့်သည် စားသုံးခြင်းအတွက် ကောင်းသောအရာဖြစ်ပြီး၊ ခွက်သည် သောက်သုံးခြင်းအတွက် ကောင်းသောအရာဖြစ်သည်။ သခင်ဘုရားသည် "ငါ့ကို အောက်မေ့ဖို့ရာ၊ ဤသို့ပြုကြလော့"ဟု ပြောဆိုခဲ့သည် (၁၁း၂၄။ လု၊ ၂၂း၁၉)။ ဤအရာ အားဖြင့် ကိုယ်တော်သည် မုန့်ကို စားသုံးခြင်းနှင့် ခွက်ကို သောက်သုံးခြင်းအား ရည်ညွှန်းခဲ့သည်။ သခင်ယေရှုကို အောက်မေ့သတိရဖို့ အကောင်းဆုံးသော၊ တုနှိုင်းရာမဲ့သောနည်းလမ်းမှာ စဉ်းစားခြင်း၊ ဆင်ခြင်ခြင်း သို့မဟုတ် မှတ်မိခြင်းတို့မဟုတ်ဘဲ၊ ရိုးစင်းစွာပင် ကိုယ်တော့်ကို စားသုံးရန်၊ သောက်သုံးရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ စားပွဲ၌ ယေရှုကို ပို၍စားသုံးလေလေ၊ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ ပို၍ပျော်ရွှင်ဝမ်းမြောက်လေလေဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ရှေ့တော်တွင် ဒူးထောက်ခြင်း

သို့မဟုတ် ဝပ်စင်းခြင်းအားဖြင့် မိမိတို့ကိုယ်ကို နှိမ့်ချခြင်းမျိုးကို ကိုယ်တော်အလေး မထားပါ။ သခင်ဘုရားက "မိုက်မဲသောကလေး၊ သင်သည် ဒူးထောက်သည်ဖြစ်စေ၊ ဒူး မထောက်သည်ဖြစ်စေ ငါအလေးမထားပါ။ ငါသည် သင်၏စားသုံးခြင်းကို မြင်တွေ့လို သည်။ သင်သည် ငါ့ကို ပို၍စားသုံးလေလေ၊ ငါသည် ပို၍ပျော်ရွှင်ဝမ်းမြောက်လေလေဖြစ် သည်"ဟု ပြောဆိုပေလိမ့်မည်။

၁ကော၊၁၀း ၂၁သည် သခင်ဘုရား၏စားသောက်ပွဲကို ရည်ညွှန်းခြင်းဖြစ်သည်။ သခင်ဘုရား၏စားပွဲသည် ကျွန်ုပ်တို့လေ့လာခြင်းအတွက် ကျမ်းစာအုပ်တင်ထားသော စားပွဲခုံ မဟုတ်ပေ။ ယင်းမှာ "အဓိကကျသောစားစရာနှစ်ခု"ရှိသည့်စားပွဲဖြစ်သည်– စားသုံးခြင်းအတွက် မုန့်နှင့် သောက်သုံးခြင်းအတွက် ခွက်တို့ဖြစ်သည်။ သခင်ဘုရား၏ စားပွဲ၌ ကျွန်ုပ်တို့သည် သခင်ဘုရားကို၊ ကိုယ်တော်၏ကိုယ်ခန္ဓာကို၊ ကိုယ်တော်၏ အသွေး ကို စားသောက်ကြသည်။ ဤစားသောက်ပွဲသည် တစ်ခုတည်းသောကိုယ်ခန္ဓာတော်ဖြစ် လာရန် ကျွန်ုပ်တို့၏ဖြစ်ခြင်းကို စေ့စပ်ထုံးဖွဲ့ပေးသည်။ အငယ်၊၁၇၌ "မုန့်တစ်လုံးတည်း ရှိသည်ဖြစ်၍၊ ငါတို့ရှိသမျှသည် တစ်လုံးတည်းဖြစ်သော ထိုမုန့်ကိုဆက်ဆံလျက် ခံယူကြ သောကြောင့်၊ အများဖြစ်သော ငါတို့သည် ခန္ဓာတော်တစ်ကိုယ်တည်းဖြစ်ကြ၏"ဟု ပြော ဆိုထားသည်။ ခရစ်တော်ကိုမွေ့လျော်ဝမ်းမြောက်ခြင်းသည် စစ်မှန်သောအသင်းတော် အသက်တာကို မွေးဖွားပေးသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အသိဉာဏ်ကိုလေ့ကျင့် ရန် အတူတကွလာကြပါက၊ နောက်ဆုံးတွင် ကျွန်ုပ်တို့သည် အသိဉာဏ်၌ စောဒကတက် ခြင်းများကို လှုံ့ဆော်ခံရလိမ့်မည်ဖြစ်သည်။ ယင်းမှာ မကျေမချမ်းမှုကို ဖြစ်စေပြီး၊ ကျွန်ုပ် တို့အကြားတွင် တိုက်ခိုက်ခြင်းကိုဖြစ်စေကာ၊ ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝဖြစ်ခြင်းကို ဆုံးရှုံးလိမ့်မည်ဖြစ်သည်။ ဩဝါဒဆိုင်ရာသွန်သင်ခြင်းများသည် ကွဲပြားစေသောထင်မြင် ယူဆချက်များကို လှုံ့ဆော်ခြင်းမျှသာဖြစ်သည်။ ခင်ပွန်းနှင့် ဇနီးတို့ပင် ထိုသွန်သင်ခြင်း များကို သဘောတူရန်မတတ်စွမ်းနိုင်ကြပေ။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကိုလေ့လာ ခြင်းအားဖြင့် တစ်လုံးတစ်ဝတည်းရှိခြင်းကို မဖြစ်စေနိုင်ပါ။ ၎င်းအစား ကျွန်ုပ်တို့သည် ယေရှုကို ပို၍စားသုံး၊ သောက်သုံးလေလေ၊ ကျွန်ုပ်တို့သည် ပို၍တစ်လုံးတစ်ဝဖြစ်လေ လေဖြစ်သည်။ ယေရှုကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် တစ်လုံးတစ်ဝဖြစ်ခြင်း၌ ကျွန်ုပ် တို့ကို စောင့်ထိန်းပေးသည်။(*The Enjoyment of Christ for the Body in 1 Corinthians*, pp. 11, 22-23)

*ပို၍ဖတ်ရန်* –*The Recovery of Christ as Everything in the Church*, ch.1; *The Enjoyment of Christ for the Body in 1 Corinthians*,chs. 1-2

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**၁ကော၊ ၁၀း၃–၄** **ဝိညာဉ်ဆိုင်ရာအစာကို အတူစားကြ၏။ ထိုသူတို့နောက်၌လိုက်သော ဝိညာဉ်ဆိုင်ရာကျောက်မှထွက်သော ဝိညာဉ်ဆိုင်ရာရေကို သောက်ကြ၏။ ထိုကျောက်ကား ခရစ်တော်ဖြစ်သတည်း။**

**ထွက်၊ ၁၇း၆** **ထိုအရပ်၌ရှိသောကျောက်ပေါ်တွင် သင့်ရှေ့မှာ ငါရပ်နေမည်။ သင်သည် ထိုကျောက်ကို ရိုက်ရမည်။ လူများသောက်ဖို့ ထိုကျောက်ထဲကရေထွက်လိမ့်မည်ဟု မောရှေအား မိန့်တော်မူ၏။ မောရှေသည်လည်း၊ အစ္စရေးအမျိုးသားအသက်ကြီးသူတို့ရှေ့မှာ ထိုသို့ပြုလေ၏။**

ခရစ်တော်သည် ယုံကြည်သူများ၏ဝိညာဉ်ဆိုင်ရာအစာဖြစ်သည်။ ၁ကော၊၁၀း၃ ၌ ပေါလုသည် “ဝိညာဉ်ဆိုင်ရာအစာကို အတူစားကြ၏ ”ဟု ပြောဆိုထားသည်။ ဤအရာ သည် မန္နမုန့်ကို ရည်ညွှန်းခြင်းဖြစ်ပြီး (ထွက်၊၁၆း၁၄–၁၈)၊ ယင်းမှာ ကျွန်ုပ်တို့၏ခရစ်ယာန်ခရီးစဉ်အတွက် ကျွန်ုပ်တို့နေ့စဉ်အသက်၏မစရာတည်းဟူသော ခရစ်တော်ကိုပုံဆောင်ခြင်းဖြစ်သည် (ယော၊၆း၃၁–၃၅)။ ကျွန်ုပ်တို့သည် ခရစ်တော်မှလွဲ၍ မည်သည့်အရာတစ်ခုကိုမျှ မစားသုံးသင့်ဘဲ၊ တူညီသောဝိညာဉ်ဆိုင်ရာအစာကို စားသုံးရန် လိုအပ်သည်။

ဘုရားသခင်၏စီမံကိန်းအရ ကျွန်ုပ်တို့သည် ခရစ်တော်နှင့် ခရစ်တော်တစ်ဦးတည်းကိုသာ အသက်ရှင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့ကို ကျေနပ်နှစ်သိမ့်စေသော၊ ခွန်အားဖြစ်စေသောနှင့် ထောက်မသောအရာတိုင်းသည် ကျွန်ုပ်တို့၏ အစာဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်တစ်ပါးသာ ကျွန်ုပ်တို့ကို ကျေနပ်နှစ်သိမ့်စေနိုင်ပြီး၊ နေ့စဉ်ကျွန်ုပ်တို့သည် ကိုယ်တော့်အားဖြင့် ခွန်အားဖြစ်ခြင်း၊ ထောက်မခံရခြင်းနှင့် ကျေနပ်နှစ်သိမ့်စေနိုင်ခြင်းတို့ကို သက်သေခံရန် တတ်စွမ်းနိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့၏ဝိညာဉ်ဆိုင်ရာအစာတည်းဟူသော ခရစ်တော်သည် ကျွန်ုပ်တို့အဖို့ အတွင်းပိုင်းဆိုင်ရာခရစ်တော်ဖြစ်လာသည်။ ကိုယ်တော်သည် အရာအားလုံးပါဝင်သော ဝိညာဉ်တော်အဖြစ် ကျွန်ုပ်တို့၏ဝိညာဉ်၌ကိန်းဝပ်သည့် အဆင့်ဆင့်ဖြတ်ကျော်ခဲ့သော သုံးပါးတစ်ပါးဘုရားဖြစ်သည်။ ကျွန်ုပ်တို့အတွင်း၌ အတွင်းကျကျရှိနေသော ခရစ်တော်သည် မည်မျှအံ့ဖွယ်ပါတကား။ ကျွန်ုပ်တို့၏ အစားအစာနှင့် အသက်မစရာဖြစ်လာသော မည်သည့်အရာမဆို ကျွန်ုပ်တို့အတွင်းသို့ ဝင်ရောက်လာနိုင်သော တစ်စုံတစ်ခုဖြစ်သည်။ ထို့နောက် ၎င်းသည် ကျွန်ုပ်တို့ဖြစ်ခြင်း၏ အသားတစ်ရှူးများနှင့် အသားမျှင်များဖြစ်လာရန် ကျွန်ုပ်တို့အားဖြင့် ကျေညက်ခြင်းနှင့် တစ်သားတည်းဖြစ်ခြင်းကိုခံရသည်။ ခရစ်တော်

သည် တိကျသောဤနည်းလမ်းဖြင့် ကျွန်ုပ်တို့အတွက် အတွင်းပိုင်းဆိုင်ရာဖြစ်လာသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏ ဝိညာဉ်ဆိုင်ရာအစာအဖြစ် စားသုံးသောအခါ၊ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်ပေါင်းစည်းဆက်နွယ်ပြီး၊ ကိုယ်တော်နှင့် တစ်ဝိညာဉ်တည်းဖြစ်လာသည် (၁ကော၊၆း၁၇)။ ထို့ကြောင့် ကျွန်ုပ်တို့အတွက် အတွင်းပိုင်းဆိုင်ရာဖြစ်လာသော၊ ကျွန်ုပ်တို့နှင့်ပေါင်းစည်းဆက်နွယ်သော၊ ကျွန်ုပ်တို့နှင့်တစ်ဝိညာဉ်တည်းဖြစ်လာသော ထိုခရစ်တော်သည် ကျွန်ုပ်တို့၏ ဝိညာဉ်ဆိုင်ရာအစာဖြစ်သည်။*(The Conclusion of the New Testament,*pp.563, 564)

## *ယနေ့ဖတ်စရာ*

ု၁ကော၊၁၀း၄၌ ပေါလု၏စကားအရ၊ ကျောက်သည် ခရစ်တော်ဖြစ်သည်။ ထို့အပြင် ၎င်းမှာ အစ္စရေးအမျိုးသားတို့၏ ခရီးစဉ်တွင် သူတို့နောက်၌လိုက်သော ဝိညာဉ်ဆိုင်ရာကျောက်လည်းဖြစ်သည် (cf. တော၊ ၂၀း၈–၁၁)။

ရိုက်ခြင်းခံရသောကျောက်သည် ခရစ်တော်အသေခံခြင်း၏ ရှင်းလင်းသော၊ ပြည့်စုံသော၊ စုံလင်သောရုပ်ပုံကားချပ်ဖြစ်သည်။ ကျောက်သည် မောရှေ၏ တောင်ဝှေးအားဖြင့် ရိုက်ခြင်းခံရသည် (အငယ်၊၅)။ ဤပုံဆောင်ချက်၌ မောရှေသည် ပညတ်တရားကို ပုံဆောင်ပြီး၊ တောင်ဝှေးသည် ပညတ်တရား၏ တန်ခိုးနှင့် အခွင့်အာဏာကို ကိုယ်စားပြုသည်။ ထို့ကြောင့် မောရှေ၏ တောင်ဝှေးအားဖြင့် ရိုက်ခြင်းခံရသောကျောက်မှာ ခရစ်တော်သည် ဘုရားသခင်ပညတ်တရား၏ အခွင့်အာဏာအားဖြင့် ကားတိုင်ပေါ်တွင် အသေခံခဲ့ရကြောင်း ပုံဆောင်ခြင်းဖြစ်သည် (cf. ဂလ၊ ၂း၁၉–၂၀က။ ၃း၁၃)။ (ထွက်၊ ၁၇း၆ မှတ်စု၊၁နှင့် ၂)

ရိုက်ခြင်းခံရသောကျောက်မှ စီးဆင်းသောရေသည် ဝိညာဉ်တော်ကို ပုံဆောင်သည် (ယော၊၇း၃၇–၃၉)။ လူ့ဇာတိခံခြင်းအားဖြင့် ခရစ်တော်သည် ကျောက်အဖြစ် မြေကြီးပေါ်သို့ ဆင်းကြွလာခဲ့သည်။ ကားတိုင်ပေါ်တွင် ကိုယ်တော်သည် ဘုရားသခင်၏ ရွေးနုတ်ခြင်းပြီးမြောက်ပြည့်စုံရန် ဘုရား၏ ဖြောင့်မတ်ခြင်းအခွင့်အာဏာအားဖြင့် ရိုက်ခြင်းခံခဲ့ရသည်။ ကိုယ်တော်၏ နံဘေးတော်သည် ထိုးဖောက်ခြင်းခံရပြီး၊ ဘုရား၏ လူများ သောက်ရန်အတွက် အသက်ရေအဖြစ် စီးဆင်းခဲ့သည် (ယော၊၁၉း၃၄နှင့် မှတ်စု)။ ဤအသက်ရေသည် ရှင်ပြန်ထမြောက်ခြင်း၌ရှိသော အသက်ရေ၊ သုံးပါးတစ်ပါးဘုရား၏ အဆုံးစွန်ရလဒ်တည်းဟူသော အရာအားလုံးပါဝင်သည့် အသက်ပေးသောဝိညာဉ်တော်ဖြစ်သည် (၁ကော၊၁၅း၄၅။ ယော၊၇း၃၉ မှတ်စု၊၁ကိုကြည့်ပါ)။ အသက်ရေ၏

အရင်းအမြစ်သည် ဘုရားသခင်နှင့် သိုးသူငယ်(ရွေးနုတ်ရှင်ဘုရားသခင်)၏ ပလ္လင်တော်မှဖြစ်သည် (ဗျာ၊ ၂၂း၁)။ ထို့ကြောင့် အသက်ရေသည် ကျွန်ုပ်တို့၏ အသက်ဖြစ်လာရန် စီးဆင်းနေသောသုံးပါးတစ်ပါးဘုရားဖြစ်သည်။ အသက်ရေ၏ စီးဆင်းခြင်းသည် ထာဝရကာလမှရှိသော ပလ္လင်တော်မှစတင်၍ လူ့ဇာတိခံခြင်း၊ လူသားအသက်ရှင်ခြင်းနှင့် ခရစ်တော်၏ အသေခံခြင်းမှတစ်ဆင့် ဆက်လက်စီးဆင်းပြီး (ယော၊၄း၁၀၊ ၁၄။ ၁၉း၃၄)၊ ယခုတွင် ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားအသက်၏ ကြွယ်ဝခြင်းများအားလုံးနှင့်အတူ ဘုရား၏ လူများကို မစထောက်ပင့်ရန် စီးဆင်းနေခြင်းဖြစ်သည် (ဗျာ၊ ၂၂း၁–၂)။ ကျွန်ုပ်တို့ကိုယ်တိုင်သည် ရိုက်ခြင်းခံရသည့်ခရစ်တော်နှင့် ပေါင်းစည်းဆက်နွှယ်သောအခါ၊ အသက်ရေတည်းဟူသော ဘုရားအသက်သည် ကျွန်ုပ်တို့အတွက် စီးဆင်းနေသည် (ယော၊၇း၃၈)။ ရှင်ပြန်ထမြောက်ခြင်း၌ အသက်ရေ၏ စီးဆင်းခြင်းသည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်း(၁ကော၊၁၂း၁၃)နှင့် ခရစ်တော်၏ သတို့သမီးကိုပြင်ဆင်ခြင်း (ဗျာ၊၁၉း၇)အတွက်ဖြစ်သည်။ ထိုအရာနှစ်ခုသည် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည် (ဗျာ၊ ၂၁း၉–၁၀။ cf. ဧ၊၅း ၂၃၊ ၂၈–၃၀)။ (ထွက်၊၁၇း၆ မှတ်စု၊၃)

ယောက်၊၁၀း၄၌ ... 

၁ကော၊၁၀း၄၌ ပေါလု၏ စကားမှာ ခရစ်တော်သည် ဝိညာဉ်ဆိုင်ရာရေနှင့်အတူ စီးဆင်းသောကျောက်ဖြစ်ကြောင်း ညွှန်ပြခြင်းဖြစ်သည်။ ဤနေရာရှိ ဝိညာဉ်ဆိုင်ရာရေသည် ကျောက်ဆောင်မှ စီးထွက်လာသော အသက်ရေကို ရည်ညွှန်းခြင်းဖြစ်ပြီး(ထွက်၊ ၁၇း၆)၊ ယင်းမှာ ကျွန်ုပ်တို့၏ အရာအားလုံးပါဝင်သော သောက်စရာတည်းဟူသော ဝိညာဉ်တော်ကို ပုံဆောင်ခြင်းဖြစ်သည် (ယော၊၇း၃၇–၃၉။ ၁ကော၊၁၂း၁၃)။ ကျွန်ုပ်တို့အားလုံးသည် အရာအားလုံးပါဝင်သောဝိညာဉ်တော်မှလွဲ၍ မည်သည့်အရာတစ်ခုကိုမျှ မသောက်သုံးဘဲ၊ တူညီသောဝိညာဉ်ဆိုင်ရာရေကို သောက်သုံးကြရမည်ဖြစ်သည်။ *(The Conclusion of the New Testament*,p.565)

*ပို၍ဖတ်ရန် – The Conclusion of the New Testament*,msg. 52

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

## *နံနက်ခင်းကျွေးမွေးခြင်း*

**ကော၊ ကိုယ်တော်သည် အသင်းတော်တည်းဟူသော ကိုယ်ခန္ဓာတော်၏ဦး**
**၁း၁၈ ခေါင်းဖြစ်တော်မူ၏။ ...**

**၂း၁၉ အကြောင်းမူကား၊ ထိုသူတို့သည် ဦးခေါင်းတော်ကို ကိုင်ဆွဲခြင်းမပြု**
**ကြ။ ဦးခေါင်းတော်မှ ခန္ဓာတော်တစ်ကိုယ်လုံးသည် အဆစ်အပိုင်း**
**အမျှင်များအားဖြင့်ကြွယ်ဝစွာအားဖြည့်ထုံးဖွဲ့လျက်၊ ဘုရားသခင်၏**
**ကြီးထွားခြင်းနှင့်အညီကြီးထွားတတ်၏။**

**၁ကော၊ ဥပမာကား၊ ကိုယ်တစ်ခုတည်း၌ အင်္ဂါအများရှိသည်ဖြစ်၍၊ ထိုတစ်ခု**
**၁၂း၁၂ တည်းသောကိုယ်အင်္ဂါအပေါင်းတို့သည်များလျက်နှင့် ကိုယ်တစ်ခု**
**တည်းဖြစ်သကဲ့သို့၊ ထိုနည်းတူ ထိုခရစ်တော်ဖြစ်၏။**

စားသုံးခြင်းနှင့် သောက်သုံးခြင်းသည် ကျွန်ုပ်တို့၏နေ့စဉ်အသက်ရှင်ခြင်း၌ လုပ်ဆောင်နေကျအရာဖြစ်သော်လည်း၊ သမ္မာကျမ်းစာ၌ ထိုအရာများသည် အရေးကြီးသောပုံဆောင်ချက်များဖြစ်ကြသည်။ ခရစ်တော်ကို ကျွန်ုပ်တို့၏စားသုံးခြင်းနှင့် သောက်သုံးခြင်းအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့အထဲ၌ သူကိုယ်တော်တိုင်အလုပ်လုပ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ထည့်သွင်းသောအခါ၊ ကျွန်ုပ်တို့နှင့် ကိုယ်တော်သည် ရှင်သန်စွာ တစ်လုံးတစ်ဝတည်းဖြစ်လာကြသည်။ ကျွန်ုပ်တို့သည် ဒြပ်သဘာဝအချို့ကို စားသုံး၊ သောက်သုံးသောအခါ၊ ထိုဒြပ်သဘာဝသည် ကျွန်ုပ်တို့အထဲသို့ထည့်သွင်းခံရပြီး၊ ၎င်းသည် အနှစ်သာရ၌ ကျွန်ုပ်တို့နှင့်တစ်လုံးတစ်ဝတည်းဖြစ်လာသည်။ ကျွန်ုပ်တို့သည် စားသုံး၊ သောက်သုံးသောအခါ၊ ကျွန်ုပ်တို့၏ အစာသည် ရှင်သန်စွာ ကျွန်ုပ်တို့နှင့်တစ်လုံးတစ်ဝတည်းဖြစ်လာသည်။ ၎င်းသည် ကြေညက်ခြင်းနှင့် တစ်သားတည်းဖြစ်ခြင်းတို့ရှိလာသောအခါ၊ ယင်းမှာ အမှန်ပင် ကျွန်ုပ်တို့ဖြစ်ခြင်း၏ အစိတ်အပိုင်း၊ ကျွန်ုပ်တို့၏ အသားတစ်ရှူးများနှင့် အသားမျှင်များဖြစ်လာကြသည်။ ကျွန်ုပ်တို့အားလုံးသည် ကိုယ်တော့်ကို စားသုံးရန်နှင့် သောက်သုံးရန် လိုအပ်သည်။

သမ္မာကျမ်းစာဆိုင်ရာမှတ်တမ်းအရ သောက်သုံးခြင်းသည် စားသုံးခြင်းထက် ပို၍အရေးကြီးသည်။ ကျမ်းစာ၌ ဝိညာဉ်ဆိုင်ရာအစာထက် ဝိညာဉ်ဆိုင်ရာရေ သို့မဟုတ် အသက်ရေအကြောင်းကို ပို၍ပြောဆိုထားသည်။ ကျွန်ုပ်တို့သည် သခင်ဘုရားအားဖြင့် အလင်းထွန်းလင်းခံရပါက၊ စားသုံးခြင်းထက်ပို၍ သောက်သုံးခြင်းကို လိုအပ်ကြောင်း နားလည်သဘောပေါက်ပေလိမ့်မည်။ ဤအကြောင်းကြောင့် ၁ကော၌ ပေါလုသည် စား

သုံးခြင်းထက် သောက်သုံးခြင်းကို ပို၍အလေးထားခြင်းဖြစ်သည်။ ၁ကော၊၁၂း၁၃၌ သူက ကျွန်ုပ်တို့သည် တစ်ပါးတည်းသောဝိညာဉ်တော်ကို သောက်သုံးခဲ့ပြီးဖြစ်ကြောင်းပြောဆိုထားသည်။ အမှန်မှာ သောက်သုံးခြင်း၌ စားသုံးခြင်းပါဝင်နေသည်။ ယင်းမှာ ဝိညာဉ်ဆိုင်ရာအစာသည် အသက်ရေ၌ ပါဝင်နေခြင်းဖြစ်ကြောင်း ဆိုလိုသည်။ အသက်ရေမရှိပါက၊ ကျွန်ုပ်တို့၌ ဝိညာဉ်ဆိုင်ရာအစာ မရှိနိုင်ပေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် သောက်သုံးရန် ရှုံးနိမ့်ပါက၊ စားသုံးရန်လည်း တတ်စွမ်းနိုင်မည်မဟုတ်ပေ။ (*The Conclusion of the New Testament*,p.566)

## ယနေ့ဖတ်စရာ

ခရစ်တော်သည် ယောက်ျား၏ဦးခေါင်း (၁ကော၊၁၁း၃က)၊ အဦးသီး (၁၅း၂၀၊ ၂၃)၊ ဒုတိယလူ (အငယ်၊၄၇ခ)၊ နောက်ဆုံးသောအာဒံနှင့် အသက်ပေးသောဝိညာဉ်တော် (အငယ်၊၄၅ခ)တို့ဖြစ်သည်။ ခရစ်တော်သည် ပထမ၊ ဒုတိယနှင့် နောက်ဆုံးဖြစ်သောကြောင့်၊ ကိုယ်တော်သည် အရာခပ်သိမ်းနှင့် ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်တိုင်းဖြစ်သည်။ ကျွန်ုပ်တို့၏ အရာခပ်သိမ်းတည်းဟူသော ကိုယ်တော်သည် ကျွန်ုပ်တို့၏ နေရာအနေအထားကို ယူဆောင်သည်။ တစ်နည်းအားဖြင့်ဆိုသော် ကိုယ်တော်သည် အရာခပ်သိမ်းဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ဘာမျှမဟုတ်ကြပါ။ သို့သော် ကျွန်ုပ်တို့အားလုံးသည် ကိုယ်တော်အထဲ၌ ထည့်ထားခြင်းခံရသည်။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်၌ ဘာမျှမဟုတ်ကြသော်လည်း၊ ကိုယ်တော်၌ ကျွန်ုပ်တို့တွင် အရာခပ်သိမ်းရှိသည်။ ခရစ်တော်သည် အလွန်ပင်ကြွယ်ဝကြောင်းကို ကျွန်ုပ်တို့ ဘယ်သောအခါမျှ အိပ်မက်မမက်ခဲ့သည်မှာ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ထို့အပြင် ခရစ်တော်သည် ဦးခေါင်းဖြစ်ရုံသာမက၊ ကိုယ်ခန္ဓာတော်လည်း ဖြစ်သည် (၁ကော၊၁၂း၁၂)။ ခရစ်ယာန်အများစုက ခရစ်တော်သည် ဦးခေါင်းဖြစ်ကြောင်းကို နားလည်သဘောပေါက်ကြသော်လည်း၊ သူတို့က ကိုယ်တော်သည် ကိုယ်ခန္ဓာတော်ဖြစ်ကြောင်းကို မစဉ်းစားကြပါ။ ခရစ်ယာန်လောကမှ ကျွန်ုပ်တို့ရရှိခဲ့သောထင်မြင်ယူဆချက်အတိုင်း ကျွန်ုပ်တို့က ခရစ်တော်သည် ဦးခေါင်းတော်၊ အသင်းတော်သည် ကိုယ်ခန္ဓာတော်ဖြစ်သည်ဟု စဉ်းစားကြသည်။ သို့သော် တိတိကျကျပြောမည်ဆိုလျှင် ဤအရာသည် မှားယွင်းသောထင်မြင်ယူဆချက်ဖြစ်သည်။ လူတစ်ဦးသည် ပုဂ္ဂိုလ်တစ်ခုလုံးဖြစ်ပြီး၊ ဦးခေါင်းနှင့် ခန္ဓာကိုယ်ပါဝင်သည်။ ထိုနည်းတူ ခရစ်တော်သည် ဦးခေါင်းတော်နှင့် ကိုယ်ခန္ဓာတော်နှစ်ခုလုံးပါဝင်သော၊ ပြည့်စုံသည့်ပုဂ္ဂိုလ်ဖြစ်သည်။

ခရစ်တော်သည် ဦးခေါင်းတော်နှင့် ကိုယ်ခန္ဓာတော်နှစ်ခုလုံးဖြစ်သောကြောင့်၊ ကိုယ်တော်သည် ကိုယ်ခန္ဓာတော်– ခရစ်တော်ဖြစ်သည်။ ယင်းမှာ ကိုယ်တော်သည် တစ်

ဦးချင်းဆိုင်ရာခရစ်တော်မဟုတ်တော့ဘဲ၊ စုပေါင်းထားသောခရစ်တော်ဖြစ်ကြောင်း ဆိုလိုသည်။ ခရစ်တော်၌ တစ်ဦးချင်းဆိုင်ရာပုံပန်းသဏ္ဌာန်နှင့် စုပေါင်းထားသောပုံပန်းသဏ္ဌာန်ရှိသည်။ တစ်ဦးချင်းဆိုင်ရာ၌ ကိုယ်တော်သည် ခရစ်တော်ဖြစ်ပြီး၊ စုပေါင်းခြင်း၌ ကိုယ်တော်သည် ကိုယ်ခန္ဓာတော်– ခရစ်တော်ဖြစ်သည်။

ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို ကျွန်ုပ်တို့၏ တစ်ဦးချင်းဆိုင်ရာလေ့လာခြင်း၌ မည်မျှမွေ့လျော်ဝမ်းမြောက်သည်ကို ပဓာနမထားဘဲ၊ ဤနည်းလမ်း၌ စုပေါင်းထားသောခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်နိုင်ခြင်း မရှိသေးပေ။ စုပေါင်းထားသောခရစ်တော်၊ ကိုယ်ခန္ဓာတော်– ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်နိုင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် အသင်းတော်အစည်းအဝေးများသို့ လာရောက်ရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် လက်တွေ့ကျသောနည်းလမ်းတွင် ကိုယ်ခန္ဓာတော်၌ ရှိရမည်ဖြစ်သည်။ ၁ကော၊၁၂း၁၃အရ၊ သောက်ကြ၏ ဆိုသည်မှာ သောက်သုံးရန် နေရာချခံရခြင်းဖြစ်ပြီး၊ ကိုယ်ခန္ဓာတော်အထဲသို့ နေရာချခံရခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အစည်းအဝေးများနှင့် ဝေးကွာနေသော်လည်း၊ ဆုတောင်းဖတ်ခြင်း၊ သခင်ဘုရားကိုခေါ်ခြင်းတို့ကို ကြိုးစားပြုလုပ်ပါက၊ ကျွန်ုပ်တို့၌ မွေ့လျော်ဝမ်းမြောက်ခြင်းအချို့ ရှိပေလိမ့်မည်။ သို့သော် ထိုမွေ့လျော်ဝမ်းမြောက်ခြင်းသည် အကန့်အသတ်နှင့် အနည်းအကျဉ်းသာ ဖြစ်ပေလိမ့်မည်။ ယင်းမှာ သစ်သားအပိုင်းအစတစ်ခုကို မီးအဖြစ်ပြုလုပ်ရန် ခက်ခဲနေသကဲ့သို့ ဖြစ်ပေမည်။ လူတစ်ဦးသည် "အို၊သခင်ဘုရား"ဟု ပြောဆိုပြီး၊ အခြားတစ်ဦးက "ဟာလေလုယာ"၊ တတိယတစ်ဦးက "အာမင်"ဟု ပြောဆိုသောအခါ၊ ကျွန်ုပ်တို့အချင်းချင်း တောက်လောင်နေကြပေမည်။ ကျွန်ုပ်တို့သည် အခြားသူကို ခွန်အားပေးရန်၊ အမှုဆောင်ရန်နှင့် မစထောက်ပင့်ရန်ရှိကြသည်။ ဤနည်းလမ်း၌ ကျွန်ုပ်တို့သည် ဦးခေါင်းတော်ကိုသာမက၊ ကိုယ်ခန္ဓာတော်နှင့်အတူရှိသော ဦးခေါင်းတော်၊ တစ်ဦးချင်းဆိုင်ရာခရစ်တော်ကိုသာမက၊ စုပေါင်းထားသောခရစ်တော်၊ ကိုယ်ခန္ဓာတော်– ခရစ်တော်ကိုလည်း မွေ့လျော်ဝမ်း မြောက်ကြရသည်။ *(The Enjoyment of Christ for the Body in 1Corthians,*pp. 30-32)

*ပို၍ဖတ်ရန် – The Enjoyment of Christ for the Body in 1Corthians,*ch.3; *The Recovery of Christ as Everything in the Church,*ch.3

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

## *နံနက်ခင်းကျွေးမွေးခြင်း*

**၁ကော၊ ဥပမာကား၊ ကိုယ်တစ်ခုတည်း၌ အင်္ဂါအများရှိသည်ဖြစ်၍၊ ထိုတစ်**
**၁၂း ခုတည်းသောကိုယ်အင်္ဂါအပေါင်းတို့သည်များလျက်နှင့် ကိုယ်တစ်**
**၁၂–၁၃ ခုတည်းဖြစ်သကဲ့သို့၊ ထိုနည်းတူ ထိုခရစ်တော်ဖြစ်၏။ အကြောင်းမူကား၊ ဂျူးလူမျိုးဖြစ်စေ၊ ဂရိလူဖြစ်စေ၊ ကျွန်ဖြစ်စေ၊ လူလွတ်ဖြစ်စေ၊ ငါတို့ရှိသမျှသည် ဝိညာဉ်တော်တစ်ပါးတည်း၌ ခန္ဓာတော်တစ်ကိုယ်တည်းအထဲသို့ ဗတ္တိဇံကိုခံကြ၏။ ငါတို့ရှိသမျှသည် ဝိညာဉ်တော်တစ်ပါးတည်းကို သောက်ကြ၏။**

ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် အမှန်တွင် စုပေါင်းထားသောခရစ်တော်ဖြစ်သည်။ ၁ကော၊၁၂း၁၂၌ ခရစ်တော်သည် တစ်ဦးချင်းဆိုင်ရာခရစ်တော်မဟုတ်ဘဲ၊ စုပေါင်းထားသောခရစ်တော်၊ ကိုယ်ခန္ဓာတော်– ခရစ်တော်ဖြစ်သည်။ ဂရိစကား၌ ဤနေရာရှိ *ခရစ်တော်* သည် “ထိုခရစ်တော်”ဖြစ်ပြီး၊ ဦးခေါင်းတော်ဖြစ်သော ခရစ်တော်ကိုယ်တော်တိုင်နှင့် အင်္ဂါဝင်များဖြစ်သောယုံကြည်သူများအားလုံးနှင့်အတူ ကိုယ်ခန္ဓာတော်ဖြစ်သောအသင်းတော်တို့ ပါဝင်ဖွဲ့စည်းထားသည့် စုပေါင်းထားသောခရစ်တော်ကို ရည်ညွှန်းခြင်းဖြစ်သည်။ ခရစ်တော်၏ယုံကြည်သူများအားလုံးသည် ကိုယ်တော်နှင့် ရှင်သန်စွာပေါင်းစည်းခဲ့ကြပြီး၊ ကိုယ်တော်၏ အသက်၊ ဒြပ်သဘာဝနှင့်အတူ စေ့စပ်ထုံးဖွဲ့ထားကာ၊ ကိုယ်တော်ကိုထင်ရှားရန် အသက်ရှင်သောကိုယ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်လာကြသည်။ ထို့ကြောင့် ကိုယ်တော်သည် ဦးခေါင်းတော်သာမက၊ ကိုယ်ခန္ဓာတော်လည်းဖြစ်သည်။ ကျွန်ုပ်တို့၏ ရုပ်ပိုင်းဆိုင်ရာကိုယ်ခန္ဓာ၌ များစွာသောအင်္ဂါများ ရှိကြသော်လည်း၊ တစ်ခုတည်းဖြစ်သကဲ့သို့၊ ဤခရစ်တော်သည်လည်း ထိုသို့ဖြစ်သည်။(*The Conclusion of the New Testament*,pp.2488-2489)

## *ယနေ့ဖတ်စရာ*

၁ကော၊၁၂း၁၂သည် ကိုယ်တစ်ခုတည်း၌ အင်္ဂါအများရှိသည်ဖြစ်၍၊ ကိုယ်တစ်ခုတည်းဖြစ်သကဲ့သို့၊ ထိုနည်းတူ ထိုခရစ်တော်ဖြစ်၏ဟု ပြောဆိုထားသည်။ ထို့နောက် အငယ်၊၁၃သည် *အကြောင်းမူကား* ဆိုသောစကားနှင့်အစပြုထားပြီး၊ ယင်းမှာ ပြီးခဲ့သောကျမ်းပိုဒ်၏ ဆက်လက်လုပ်ဆောင်ခြင်း၊ အနက်အဓိပ္ပာယ်ဖွင့်ခြင်းနှင့် ရှင်းလင်းပြခြင်းတို့ဖြစ်ကြောင်း ညွှန်ပြသည်။ အင်္ဂါဝင်များအားလုံးသည် တစ်ခုတည်းသောကိုယ်ခန္ဓာတော်ဖြစ်ပြီး၊ ဤကိုယ်ခန္ဓာတော်သည် ခရစ်တော်ဖြစ်သည်။ အကြောင်းမှာ တစ်ပါးတည်းသောဝိညာဉ်တော်၌ ကျွန်ုပ်တို့အားလုံးသည် တစ်ခုတည်းသောကိုယ်ခန္ဓာတော်

အထဲသို့ ဗတ္တိဇံခံခဲ့ကြသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဝိညာဉ်မရှိပါက၊ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်သည် အသေကောင်ပင်ဖြစ်သည်။ သို့သော်လည်း ကျွန်ုပ်တို့၏ ဝိညာဉ်သည် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်၌ရှိနေခြင်းကြောင့်၊ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ရှိ များစွာသောအင်္ဂါဝင်များသည် ရှင်သန်နေပြီး၊ တစ်ခုတည်းဖြစ်ကြသည်။ ယင်းမှာ ကျွန်ုပ်တို့၏ ဝိညာဉ်သည် တစ်ခုတည်းအဖြစ် ပေါင်းစည်းဆက်နွယ်နေသောအင်္ဂါဝင်များအားလုံးကို ထိန်းသိမ်းပေးခြင်းဖြစ်သည်။ ထိုကဲ့သို့ပင် ခရစ်တော့်ကိုယ်ခန္ဓာတော်၏ များစွာသောအင်္ဂါဝင်များဖြစ်သည့် ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝတည်းဖြစ်ကြသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၌ ဗတ္တိဇံခံခဲ့ကြသောကြောင့်ဖြစ်သည်။ ထို့အပြင် ကျွန်ုပ်တို့ဗတ္တိဇံခံခဲ့သော တစ်ပါးတည်းသောဝိညာဉ်တော်သည် ခရစ်တော်ဖြစ်ပြီး၊ ကိုယ်တော်သည် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာခဲ့သည်။ ထို့ကြောင့် ကိုယ်ခန္ဓာတော်သည် ခရစ်တော်ဖြစ်ပြီး၊ ခရစ်တော်သည် ကိုယ်ခန္ဓာတော်ဖြစ်သည်။

ကျွန်ုပ်တို့အားလုံးသည် တစ်ပါးတည်းသောဝိညာဉ်တော်ကို သောက်သုံးရန် ကိုယ်ခန္ဓာတော်၌ နေရာချထားခံရသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၊ အသက်ပေးသောဝိညာဉ်တော်အထဲသို့ ထည့်ထားခြင်းခံရပြီး၊ ကိုယ်ခန္ဓာတော်၌ နေရာချထားခံရသည်။ ယခု ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၌ရှိသောကြောင့်၊ ခရစ်တော်ဖြစ်သော ဤတစ်ပါးတည်းသောဝိညာဉ်တော်ကို သောက်သုံးရန် လိုအပ်သည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့သည် ဝိညာဉ်တော်အားဖြင့် ဖြည့်ခြင်း၊ လွှမ်းမိုးခြင်း၊ ပြည့်ဝခြင်းနှင့် စိမ့်ဝင်ပျံ့နှံ့ခြင်းတို့ခံရသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ခရစ်တော်ကိုယ်တော်တိုင်ဖြစ်သော တစ်ခုတည်းသောကိုယ်ခန္ဓာတော်အဖြစ် အချင်းချင်းနှင့်သော်လည်းကောင်း၊ ခရစ်တော်နှင့်သော်လည်းကောင်း တစ်လုံးတစ်ဝတည်းဖြစ်ကြသည်။

ကျွန်ုပ်တို့သည် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်သောအခါ၊ အင်္ဂါဝင်များအားလုံးပါဝင်သော ကိုယ်ခန္ဓာတော်ကို မွေ့လျော်ဝမ်းမြောက်ကြသည်။ ကိုယ်ခန္ဓာတော်၏ မစမှုမရှိဘဲ၊ ကျွန်ုပ်သည် ကိုယ်ခန္ဓာတော်ကို မစထောက်မရန် ဘာမျှရှိမည်မဟုတ်ပေ။ ကျွန်ုပ်စကားပြောနေစဉ်ပင်၊ အင်္ဂါဝင်များအားလုံးသည် တုံ့ပြန်နေခြင်းဖြစ်ပြီး၊ ကိုယ်ခန္ဓာတော်သည် ကျွန်ုပ်ကို အမှုဆောင်နေခြင်းဖြစ်သည်။ ယင်းမှာ ကိုယ်ခန္ဓာတော်– ခရစ်တော်၌ရှိသောစီးကြောင်း၊ လှည့်ပတ်စီးဆင်းခြင်းဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်– ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်နေခြင်းဖြစ်သည်။

ခရစ်တော်၏ အကြောင်းအရာအားလုံးကို မွေ့လျော်ဝမ်းမြောက်ခြင်း၏ ရလဒ်မှာ ကိုယ်ခန္ဓာတော်– ခရစ်တော်ဖြစ်သည်။ ကိုယ်ခန္ဓာတော်– ခရစ်တော်သည် ခရစ်တော့်ကြွယ်ဝခြင်းများ၏ ပြည့်ဝသောမွေ့လျော်ဝမ်းမြောက်မှုမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

ဘုရားသခင်၏ တန်ခိုးတော်အဖြစ် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် အံ့သြဖွယ်ဖြစ်သော်လည်း၊ ၎င်းသည် ကိုယ်ခန္ဓာတော်– ခရစ်တော်အဖြစ် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် နှိုင်းယှဉ်၍မရနိုင်ပါ။

ကိုယ်ခန္ဓာတော်– ခရစ်တော်ကို ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့သီဆိုချီးမွမ်းရသောအကြောင်းရင်းဖြစ်သည်– "ကျွန်ုပ်တို့ပေါင်းစည်း၊ အလွန်ကောင်းမြတ်လှ"(*Hymns*,#1196)။ ကိုယ်ခန္ဓာတော်– ခရစ်တော်အနေဖြင့် အတူတကွလာခြင်းသည် အလှမ်းကွာဝေးပြီး၊ အနာဂတ်၌ရှိလာမည့် ကောင်းကင်ဘုံကို စောင့်မျှော်နေခြင်းထက် သာ၍ကောင်းပေသည်။ အသင်းတော်၌ ကျွန်ုပ်တို့သည် ဤနေရာသို့ (ကိုယ်ခန္ဓာတော်– ခရစ်တော်)၊ ယခုတွင် အတူတကွလာခြင်းဖြစ်သည်။ ဤအရာထက် သာ၍ကောင်းသောနေရာမရှိပါ။ အကြောင်းမှာ ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်သော ကိုယ်ခန္ဓာတော်– ခရစ်တော်သည် မည်သည့်နေရာတွင်မျှ မရှိနိုင်သောကြောင့်ဖြစ်သည်။ ယင်းမှာ အသင်းတော်၌သာရှိပြီး၊ ထိုနေရာတွင် ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်– ခရစ်တော်ကို သောက်သုံးရန် နေရာအနေအထားရှိကာ၊ ခရစ်တော်သည် ကိုယ်ခန္ဓာတော်၌ အသက်ပေးသောဝိညာဉ်တော်ဖြစ်သည်။ ကိုယ်ခန္ဓာတော်– ခရစ်တော်ကို သောက်သုံးရန် အခြားနေရာမရှိသော်လည်း၊ အသင်းတော်သို့ အတူတကွလာခြင်းတွင် သောက်သုံးရန် နေရာရှိသည်။ ကွန်ဖရဲန့်စ်အစည်းအဝေးများတွင် ကျွန်ုပ်တို့သည် သာ၍ကြီးမားသော ကိုယ်ခန္ဓာတော်– ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ကြသည်။ ထို့ကြောင့် ကွန်ဖရဲန့်စ်များသို့ လာရောက်ရန် အဖိုးအခပေးခြင်းသည် အကျိုးရှိသောအရာဖြစ်သည်။ ကျွန်ုပ်တို့သည် ဤသို့သောဝမ်းမြောက်ခြင်းကို မည်သည့်နေရာတွင်မျှ ရရှိနိုင်မည်မဟုတ်ပါ။ ဟာလေလုယာ၊ အသင်းတော်၌ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်– ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်နေခြင်းဖြစ်သည်။

ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို ရရှိရန်ဖြစ်သည်။ သုံးပါးတစ်ပါးဘုရားသည် ကိုယ်ခန္ဓာတော်အတွက် ဝိညာဉ်တော်ဖြစ်လာရန် ပြီးမြောက်ပြည့်စုံခဲ့သည်။ ခရစ်တော်ကိုယ်တော်တိုင်ဖြစ်သော ဤဝိညာဉ်တော်သည် ကိုယ်ခန္ဓာတော်– ခရစ်တော်ဖြစ်လာသည် (၂ကော၊၃း၁၇။ ၁ကော၊၁၅း၄၅ခ။ ၁၂း၁၂–၁၃)။ *(The Enjoyment of Christ for the Body in 1Corthians*,pp.32-35)

*ပို၍ဖတ်ရန် – The Conclusion of the New Testament*, msgs. 234, 58, 212; *The Vision and Experience of the Corporate Christ*, chs.3-4

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**၁ကော၊ ၁၀း ၁၆–၁၇** **ငါတို့သည် ကောင်းကြီးစကားကိုပြောဆိုရာ ကောင်းကြီးခွက်ဖလားဟူမူကား၊ ခရစ်တော်၏အသွေးကို မိတ်သဟာယဖွဲ့ခြင်းဖြစ်သည်မဟုတ်လော။ ငါတို့ဖဲ့သောမုန့်မူကား၊ ခရစ်တော်၏ကိုယ်ကို မိတ်သဟာယဖွဲ့ခြင်းဖြစ်သည်မဟုတ်လော။ မုန့်တစ်လုံးတည်းရှိသည်ဖြစ်၍၊ ငါတို့ရှိသမျှသည် တစ်လုံးတည်းဖြစ်သော ထိုမုန့်ကို ဆက်ဆံလျက်ခံယူကြသောကြောင့်၊ အများဖြစ်သောငါတို့သည် ခန္ဓာတော်တစ်ကိုယ်တည်းဖြစ်ကြ၏။**

သခင်ဘုရား၏စားပွဲပေါ်တွင် မုန့်နှင့် ခွက်ရှိသည်။ မုန့်သည် ပုံပန်းသဏ္ဌာန်နှစ်ခု၌ရှိသော ခရစ်တော်၏ကိုယ်ခန္ဓာကို ပုံဆောင်ခြင်းဖြစ်သည်။ ပထမဆုံးအနေဖြင့် ၎င်းသည် ယေရှု၏ရုပ်ပိုင်းဆိုင်ရာကိုယ်ခန္ဓာကို ပုံဆောင်သည်။ ကိုယ်တော်သည် လှံနှင့်ထိုးဖောက်ခံရပြီး၊ ကားတိုင်ပေါ်တွင် အသေခံကာ၊ ကျွန်ုပ်တို့အတွက် သူ၏အသွေးတော်ကို သွန်းလောင်းခဲ့သည်။ ဒုတိယအနေဖြင့် မုန့်သည် ခရစ်တော်၏နက်နဲဖွယ်ကိုယ်ခန္ဓာတော်ကို ပုံဆောင်သည်။ ခရစ်တော်၏နက်နဲဖွယ်ကိုယ်ခန္ဓာတော်သည် စုပေါင်းထားသော ခရစ်တော်၊ ကိုယ်ခန္ဓာတော်– ခရစ်တော်ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရား၏စားပွဲတွင် မုန့်ကို စားသုံးကြသောအခါ၊ တစ်ဦးချင်းဆိုင်ရာခရစ်တော်ကို စားသုံးခြင်းသာမက၊ စုပေါင်းထားသောခရစ်တော်ကိုလည်း စားသုံးနေခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏နက်နဲဖွယ်ကိုယ်ခန္ဓာတော်ကို မွေ့လျော်ဝမ်းမြောက်ကြပြီး၊ ကိုယ်ခန္ဓာတော်– ခရစ်တော်၌ ပါဝင်နေခြင်းဖြစ်သည်။ (*The Enjoyment of Christ for the Body in 1Corthians*,p.31)

## ယနေ့ဖတ်စရာ

၁ကော၊၁၀း၁၆၌ *မိတ်သဟာယဖွဲ့ခြင်း*သည် ခရစ်တော်၏ကိုယ်ခန္ဓာနှင့် အသွေး၌ ပါဝင်ဆက်ဆံပေါင်းစည်းခြင်းတွင် ယုံကြည်သူများ၏ အညီအမျှခံယူခြင်းကို ရည်ညွှန်းသည်။ ဤအရာသည် ကျွန်ုပ်တို့အား သခင်ဘုရား၏ အသွေးနှင့် ကိုယ်ခန္ဓာ၌ တစ်ဦးနှင့်တစ်ဦးသာလျှင် ပါဝင်ဆက်ဆံသူများဖြစ်စေရုံသာမကဘဲ၊ သခင်ဘုရားနှင့်လည်း တစ်လုံးတစ်ဝဖြစ်စေသည်။ ပါဝင်ဆက်ဆံကြသူများဖြစ်သော ကျွန်ုပ်တို့သည် ကိုယ်တော်၏အသွေးနှင့် ကိုယ်ခန္ဓာ၏မိတ်သဟာယဖွဲ့ခြင်း၌ သခင်ဘုရားနှင့် မိမိတို့ကိုယ်တိုင်ကို ဆက်နွယ်စေသည်။ ဤနေရာတွင် တမန်တော်၏စဉ်းစားခြင်းမှာ စားသောသူနှင့် သောက်သောသူများသည် သူတို့စားသောက်သောအရာနှင့်တစ်လုံးတစ်ဝတည်းဖြစ်

အောင် မည်သို့စားသောက်ကြောင်းကို ပုံဖော်ပြထားခြင်းဖြစ်သည်။ ကောရိန္တုမြို့သား များမှာ အမှန်တကယ်တွင် ရုပ်တုဆင်းတုပူဇော်သက္ကာများကို သူတို့၏ လွှန်ကျူးစွာစား သောက်ခြင်းသည် ပူဇော်သက္ကာများ၏ နောက်တွင် နတ်ဆိုးများနှင့် သူတို့ကို တစ်လုံး တစ်ဝဖြစ်စေကြောင်း နားလည်သဘောပေါက်ရမည်ဖြစ်သည်။

အငယ်၊၁၇၌ ပေါလုသည် မုန့်တစ်လုံး၊ ကိုယ်ခန္ဓာတော်တစ်ခုတည်းနှင့်စပ်လျဉ်း ပြီး ခိုင်မာသောစကားကို ပြောဆိုထားသည်။ ကျွန်ုပ်တို့အားလုံးသည် မုန့်တစ်လုံး၊ ကိုယ် ခန္ဓာတော်တစ်ခုတည်းဖြစ်ကြသည့်အကြောင်းမှာ ကျွန်ုပ်တို့အားလုံးသည် မုန့်တစ်လုံး တည်းကို ဆက်ဆံကြသောကြောင့်ဖြစ်သည်။ မုန့်တစ်လုံးတည်းကို ကျွန်ုပ်တို့ပါဝင်စားသုံး ခြင်းသည် ကျွန်ုပ်တို့အားလုံးကို တစ်လုံးတစ်ဝတည်းဖြစ်စေသည်။ ဤသည်မှာ ခရစ်တော် ကို ကျွန်ုပ်တို့၏ ပါဝင်ဆက်ဆံခြင်းသည် ကျွန်ုပ်တို့အားလုံးကို ကိုယ်တော်၏ ခန္ဓာတော် တစ်ခုတည်းဖြစ်စေကြောင်း ညွှန်ပြသည်။ ထိုခရစ်တော်ကြောင့် ကျွန်ုပ်တို့အားလုံးသည် ကိုယ်တော်၏ တစ်ခုတည်းသောကိုယ်ခန္ဓာတော်အထဲသို့ စေ့စပ်ထုံးဖွဲ့ခြင်းကို ခံရကြသည်။

တစ်ခုတည်းသောမုန့်ကို ပါဝင်ဆက်ဆံခြင်းသည် ၎င်းကို စားသုံးခြင်းဖြစ်ကာ၊ ကျွန်ုပ်တို့ကို ပေါင်းစည်းဆက်နွယ်စေသည် (အငယ်၊ ၂၈–၃၀)။ ယင်းမှာ ခရစ်တော်ကို ကျွန်ုပ်တို့၏ ပါဝင်ဆက်ဆံခြင်း၊ ခရစ်တော်ကို ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့ကို ကိုယ်တော်နှင့် ပေါင်းစည်းဆက်နွယ်စေသည်၊ ကျွန်ုပ်တို့ကို ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်းစေသည်ဟု ဆိုလိုသည်။ ခရစ်တော်၏ ကိုယ်ခန္ဓာကို စားသုံးခြင်းသည် ခရစ်တော်၏ မိတ်သဟာယရှိခြင်းဖြစ်သည်။ ယင်းမှာ ခရစ်တော်ကို ပါဝင်ဆက်ဆံခြင်းနှင့် ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်းရှိလာခြင်းတို့ ဖြစ်သည်။ ယင်းမှာ ဩဝါဒ သို့မဟုတ် မူအလေ့အလာမဟုတ်ဘဲ၊ စစ်မှန်ခြင်းဖြစ်သည်။

အလေ့အလာမှာ ဝိညာဉ်၌ သခင်ဘုရား၏ စားပွဲသို့လာသော ချစ်သောသန့်ရှင်း သူများနှင့် အတူတူပင်ဖြစ်သည်။ သူတို့သည် ကိုယ်တော်၏ စားပွဲကို စားသုံးသူများအဖြစ် သခင်ဘုရား၏ စစ်မှန်ခြင်းကို ထိတွေ့ကြသည်။ မကြာခဏ ယုံကြည်သူများ၏ စကားတွင် ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်စပ်လျဉ်းသောတစ်စုံတစ်ရာကို အာရုံပြုခံစားနိုင်ကြ သည်။ ထိုသန့်ရှင်းသူများသည် ထိုသို့သောစကားကို ပြောဆိုနိုင်ခြင်းမှာ သူတို့သည် သခင် နှင့်ပျော်ဝင်ပြည့်ဝခြင်းခံရသောကြောင့် ဖြစ်သည်။

ရုပ်တုဆင်းတုကို ကိုးကွယ်ခြင်းသည် သခင်ဘုရား၏ နေရာ၌ အစားထိုးသော တစ်စုံတစ်ရာကို မွေ့လျော်ဝမ်းမြောက်ခြင်းဖြစ်သည်။ သို့သော် သခင်ဘုရား၏ စားပွဲသည် သခင်ဘုရားကိုယ်တော်တိုင်ကို စစ်မှန်စွာ မွေ့လျော်ဝမ်းမြောက်ခြင်းဖြစ်သည်။ သခင်

ဘုရား၏စားပွဲသည် သခင်ဘုရားနေ့တွင်ရှိသောအစည်းအဝေးမျှသာမဟုတ်ဘဲ၊ ဤစားပွဲသည် နေ့ရက်စဉ်တိုင်းပင် ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်ခြင်း ဖြစ်ရပေမည်။ တစ်နေ့ပြီး တစ်နေ့ သခင်ဘုရားသည် ကျွန်ုပ်တို့၏ကောင်းသောမြေ၊ ကျွန်ုပ်တို့၏စားသောက်ပွဲ၊ ကျွန်ုပ်တို့၏စားပွဲဖြစ်သည်။

ကျွန်ုပ်တို့သည် ဤနားလည်သဘောပေါက်ခြင်းနှင့်အတူ သခင်ဘုရား၏စားပွဲသို့ လာသောအခါ၊ အသစ်သောဝိညာဉ်၊ အသစ်သောနားလည်သဘောပေါက်ခြင်းတို့နှင့် လာရမည်ဖြစ်သည်။ ကျွန်ုပ်တို့ခံရသောကောင်းကြီးခွက်ဖလားသည် ခရစ်တော့်အသွေး၏မိတ်သဟာယဖွဲ့ခြင်းဖြစ်ပြီး၊ ကျွန်ုပ်တို့ချိုးဖွဲ့သောမုန့်သည် ခရစ်တော့်ကိုယ်ခန္ဓာ၏မိတ်သဟာယဖွဲ့ခြင်းဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့သည် ယဇ်ပလ္လင်အနီးသို့ စုရုံးလာကြပြီး၊ ဘုရားသခင်၏ကျေနပ်နှစ်သိမ့်ခြင်းအတွက် ယဇ်ပလ္လင်ပေါ်တွင် ပူဇော်ထားသောအရာတိုင်းကို မွေ့လျော်ဝမ်းမြောက်နေကြသည်။ ကျွန်ုပ်တို့သည် စားသောက်မွေ့လျော်ကြသောအခါ၊ ကျွန်ုပ်တို့ဝတ်ပြုကိုးကွယ်သော သခင်ဘုရားကို ကျေနပ်နှစ်သိမ့်စေခြင်းဖြစ်သည်။ ဤအရာသည် စားသုံးခြင်းအကြောင်းအရာကို မှန်ကန်စွာ ဆက်ဆံဖြေရှင်းခြင်းဖြစ်သည်။

စားသုံးခြင်းနှင့်အတူ ဆက်ဆံဖြေရှင်းရန် မှန်ကန်သောနည်းလမ်းမှာ သခင်ဘုရားကို စားသောက်မွေ့လျော်ခြင်းဖြစ်သည်။ သခင်ဘုရားမှလွဲ၍ မည်သည့်အရာတစ်ခုကိုမျှ မစားသုံးပါနှင့်၊ ကိုယ်တော်ကိုအစားထိုးသောမည်သည့်အရာတစ်ခုကိုမျှ မွေ့လျော်မဝမ်းမြောက်ပါနှင့်။ ကျွန်ုပ်တို့၌ ခရစ်တော်မှလွဲ၍ မည်သည့်အရာတစ်ခုကိုမျှ မွေ့လျော်ဝမ်းမြောက်ခြင်း မရှိသင့်ပေ။ ခရစ်တော်သည် ကျွန်ုပ်တို့၏စားပွဲ၊ ကျွန်ုပ်တို့၏စားသောက်ပွဲ၊ ကျွန်ုပ်တို့၏မြေဖြစ်သည်။ ကောင်းသောမြေအဖြစ် ခရစ်တော်သည် ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက် ကြွယ်ဝသောစားသောက်ပွဲဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို စားသောက်မွေ့လျော်ကြသောအခါ၊ ကျွန်ုပ်တို့ ကိုယ်တော့်ကို အသက်ရှင်ကြသည်။ ထို့နောက် ကျွန်ုပ်တို့သည် ရန်သူကို ရှုံးနိမ့်စေရန်၊ ဘုရားသခင်၏နိုင်ငံတော်ကို သက်သေထူရန်နှင့် ကိုယ်တော်၏ဗိမာန်တော်ကို တည်ဆောက်ရန် တတ်စွမ်းနိုင်ကြသည်။ ဤအရာသည် ဘုရားသခင်၏ပန်းတိုင်နှင့် ကိုယ်တော်၏ထာဝရအကြံအစည်တော်ကို ပြီးမြောက်ပြည့်စုံစေခြင်းဖြစ်သည်။ *(Life-study of 1Corthians* ,pp.438-439, 450-452)

*ပို၍ဖတ်ရန် – Life-study of 1Corthians*, msgs. 49-50; *The Enjoyment of Christ for the Body in 1Corthians*,ch.4

***အလင်းဖွင့်ပြခံရခြင်းနှင့်နိူးဆော်ခံရခြင်း*** ———————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဝတ်၊ ယေဟောဝါအား ဘောဇဉ်ပူဇော်သက္ကာပြုလိုလျှင်၊ မုန့်ညက်ကို ဆက်ရ**
**၂း၁ မည်။ မုန့်ညက်အပေါ်မှာ ဆီကိုလောင်း၍ လောဗန်ကိုလည်း ထည့်ပြီးမှ၊**
**၅ သံပြားပူနှင့်လုပ်သောမုန့်ကို ဘောဇဉ်ပူဇော်သက္ကာပြုလိုလျှင်၊ ဆီရော**
**၍ တဆေးမပါသောမုန့်ညက်နှင့် လုပ်ရမည်။**

မုန့်ညက်ပူဇော်သက္ကာသည် ဆီနှင့် ဂျုံမှုန့် (flour)ရောနှောထားခြင်း၏ ပုံပန်းသဏ္ဍာန်(ဝတ်၊ ၂း၁–၂)၌ သို့မဟုတ် မုန့် (cake)၏ ပုံပန်းသဏ္ဍာန်၌ ရှိသည် (အငယ်၊၄)။ ရှေးဦးစွာသောပုံပန်းသဏ္ဍာန်မှာ တစ်ဦးချင်းဆိုင်ရာခရစ်တော်နှင့် တစ်ဦးချင်းဆိုင်ရာခရစ်ယာန်ကို ပုံဆောင်သည်။ နောက်ပုံပန်းသဏ္ဍာန်မှာ စုပေါင်းထားသောခရစ်တော်၊ ကိုယ်ခန္ဓာတော်နှင့်အတူရှိသော ခရစ်တော်၊ အသင်းတော်ကို ပုံဆောင်သည်။ တစ်ဦးချင်းဆိုင်ရာခရစ်တော်သည် မုန့်အားဖြင့်(၁ကော၊၁၀း၁၇) ပုံဆောင်ခံရသည့် စုပေါင်းထားသောခရစ်တော်ဖြစ်လာသည် (၁ကော၊၁ ၂း၁ ၂)။ ယင်းမှာ နောက်ဆုံးတွင် ခရစ်တော်၏ အသက်နှင့် ကျွန်ုပ်တို့၏ တစ်ဦးချင်းဆိုင်ရာခရစ်ယာန်အသက်တာသည် အားလုံးပေါင်းခြင်း၌ စုပေါင်းထားသောမုန့်ညက်ပူဇော်သက္ကာဖြစ်သည့် အသင်းတော်အသက်တာကို ထွက်ပေါ်စေသည်။ ထိုသို့သောအသက်တာသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်အတူ ရောနှောပေါင်းစည်းထားသော လူ့အသက်တာဖြစ်ပြီး၊ ၎င်းအပေါ်၌ သန့်ရှင်းသောဝိညာဉ်တော်သည် သွန်းလောင်းကာ၊ တဆေးနှင့် ပျားရည်မပါဘဲ၊ ဆားနှင့် လော်ဗန်ပါဝင်သည့်အသက်တာဖြစ်သည် (ဝတ်၊ ၂း၁ မှတ်စု၊၄။ ၂း၁၁ မှတ်စု၊၁နှင့် ၂။ ၂း၁၃ မှတ်စု၊၁ တို့ကိုကြည့်ပါ)။ မုန့်ညက်ပူဇော်သက္ကာ၏ ပုံပန်းသဏ္ဍာန်နှစ်ခုလုံး (တစ်ဦးချင်းဆိုင်ရာခရစ်တော်နှင့် စုပေါင်းထားသောခရစ်တော်၊ အသင်းတော်အသက်တာ)သည် ဘုရားသခင်၏ ကျေနပ်နှစ်သိမ့်ခြင်းနှင့် ကျွန်ုပ်တို့၏ ကျွေးမွေးခြင်းအတွက် အစားအစာဖြစ်သည်။ (ဝတ်၊ ၂း၅ မှတ်စု၊၁)

## *ယနေ့ဖတ်စရာ*

အသင်းတော်၏ ဖွဲ့စည်းခြင်းသည် အမှန်တကယ်တွင် ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်နှင့် လူ့ဇာတိတို့၏ ရောနှောပေါင်းစည်းခြင်းဖြစ်သည်။ ၎င်းကို မုန့်ညက်ပူဇော်သက္ကာ၏ ပုံဆောင်ချက်အားဖြင့် သရုပ်ဖော်ပြထားသည်။ မုန့်ညက်ပူဇော်သက္ကာ၏ အဓိကကျသောပုံပန်းသဏ္ဍာန်မှာ ဂျုံမှုန့်၊ ဆီတို့နှင့် ရောနှောပြီး ပြုလုပ်ထားသောမုန့်၊ ဆီဆမ်း

ထားသောမုန့်ဖြစ်သည်။ ဆီကို မုန့်အပေါ်တွင် လောင်းထည့်ထားခြင်းလည်းဖြစ်သည်။ ဂျုံမှုန့်နှင့်ရောနှောနေသောဆီသည် အသက်နှင့်ဆိုင်သောဆီဖြစ်ပြီး၊ မုန့်အပေါ်တွင် လောင်းထည့်ထားသောဆီသည် စီမံကိန်းဆိုင်ရာဆီဖြစ်သည်ဟု ကျွန်ုပ်တို့ပြောဆိုနိုင်သည်။ နောက်ဆုံးတွင် ဆီနှင့်ရောနှောနေသော၊ ဆီကို အပေါ်တွင်လောင်းထည့်ထားသောမုန့်သည် မုန့်အတုံးအခဲဖြစ်လာပြီး၊ ထိုမုန့်သည် အသင်းတော်၏ပုံဆောင်ချက်ဖြစ်သည် (၁ကော၊၁၀း၁၇)။ ယင်းမှာ ဝိညာဉ်တော်နှင့် ယုံကြည်သူများ၏ရောနှောပေါင်းစည်းခြင်းအားဖြင့် အသင်းတော်ကို ဖွဲ့စည်းခြင်းဖြစ်သည်။ အတွင်းတွင် ကျွန်ုပ်တို့၌ အနှစ်သာရအားဖြင့် အသက်နှင့်ဆိုင်သောဝိညာဉ်တော်ရှိပြီး၊ အပြင်တွင် ကျွန်ုပ်တို့၌ စီမံကိန်းဆိုင်ရာဝိညာဉ်တော် ရှိသည်။ ဤနည်းလမ်းဖြင့် ကျွန်ုပ်တို့သည် အသင်းတော်ဖြစ်ကြသည်။

အသက်ဆိုင်ရာဝိညာဉ်တော်သည် အခြေအမြစ်ဖြစ်သကဲ့သို့၊ ဂျုံမှုန့်နှင့် ရောနှောနေသောဆီသည်လည်း မုန့်ညက်ပူဇော်သက္ကာအတွက် အဓိကပစ္စည်းဖြစ်သည်။ ထို့နောက် စီမံကိန်းဆိုင်ရာဝိညာဉ်တော်ကိုပုံဆောင်သည့် ဆီကို ရောနှောထားသည့်မုန့်ဖြစ်သော ဤအခြေအမြစ်ပေါ်တွင် သွန်းလောင်းခဲ့ခြင်းဖြစ်သည်။ ဤနေရာတွင် ကျွန်ုပ်တို့မြင်တွေ့ရသည်မှာ အသင်းတော်၏ဖွဲ့စည်းခြင်းသည် အခြေအမြစ်ကို လိုအပ်သည်–ဘုရားဇာတိနှင့် လူ့ဇာတိတို့၏ အံ့သြဖွယ်ရာရောနှောပေါင်းစည်းခြင်းကို ထုတ်လုပ်ရန် ယုံကြည်သူများအတွင်းသို့ အသက်နှင့်ဆိုင်သောဝိညာဉ်တော်သည် ဝင်ရောက်ခြင်းဖြစ်သည်။ ဤအခြေအမြစ်ပေါ်တွင် ခရစ်တော်သည် မုန့်ညက်ပူဇော်သက္ကာအပေါ်တွင် လောင်းထည့်သောဆီအားဖြင့် ပုံဆောင်သည့် စီမံကိန်းဆိုင်ရာဝိညာဉ်တော်ကို သွန်းလောင်းခဲ့သည်။ ယုံကြည်သူများအတွင်းသို့ မှုတ်သွင်းခဲ့သော အသက်နှင့်ဆိုင်သောဝိညာဉ်တော်နှင့် သူတို့အပေါ်သို့ သွန်းလောင်းခဲ့သော စီမံကိန်းဆိုင်ရာဝိညာဉ်တော်၏ရလဒ်မှာ အလုံးစုံတို့၌ အလုံးစုံတို့ကိုဖြည့်ပေးသော ပြည့်ဝပြည့်စုံခြင်း၏ အရှင်အဖြစ် ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်းဟူသော စကြဝဠာဆိုင်ရာအသင်းတော်ကို ဖွဲ့စည်းခြင်းဖြစ်သည်။

ကိုယ်ခန္ဓာတော်တည်းဟူသော အသင်းတော်ကို ဖွဲ့စည်းခြင်းသည် ယုံကြည်သူများနှင့်ရောနှောပေါင်းစည်းသော၊ ယုံကြည်သူများအပေါ်သို့ သွန်းလောင်းသော ပြီးမြောက်ပြည့်စုံသည့်၊ အရာအားလုံးပါဝင်သော ဝိညာဉ်တော်၏ အကြောင်းအရာဖြစ်ကြောင်း ကျွန်ုပ်တို့အားလုံး မြင်တွေ့ရန် လိုအပ်သည်။ ဤအရာသည် အသင်းတော်ဖြစ်ပြီး၊ ရွေးချယ်ခြင်း၊ ရွေးနုတ်ခြင်း၊ အသစ်မွေးဖွားခြင်းနှင့် ပုံသဏ္ဌာန်ပြောင်းလဲခြင်းတို့ခံရ

သောလူ့ဇာတိနှင့် အဆင့်ဆင့်ဖြတ်ကျော်ခဲ့သော သုံးပါးတစ်ပါးဘုရားတို့၏ ရောနှောပေါင်းစည်းခြင်း၏ စုပေါင်းခြင်း၊ အားလုံးပေါင်းခြင်းဖြစ်သည်။ နောက်ဆုံးတွင် ထိုသို့သောအသင်းတော်သည် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည်။ *(The Conclusion of the New Testament*,pp.2119-2120)

ကိုယ်ခန္ဓာတော်အသက်တာ၌ လိုက်ဖက်ညီရန်၊ ပေါင်းစည်းရန်၊ ကိုက်ညီရန်၊ ရောနှောရန်နှင့် အသင့်အတင့်ဖြစ်ရန် ကျွန်ုပ်တို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်အကျိုးအလို့ငှာ သူတစ်ပါးအား ခရစ်တော်ကို ဝေငှဖြန့်ဖြူးဖို့ ကားတိုင်နှင့် ဝိညာဉ်တော်အားဖြင့် သွားရမည်ဖြစ်သည်။ ကျွန်ုပ်တို့လုပ်ဆောင်သောအရာတိုင်းသည် ခရစ်တော်ကို ဝေငှဖြန့်ဖြူးရန် ဝိညာဉ်တော်အားဖြင့် ဖြစ်ရပေမည်။ ကျွန်ုပ်တို့လုပ်ဆောင်သောအရာသည် ကျွန်ုပ်တို့၏ စိတ်ဝင်စားမှုအတွက်နှင့် ကျွန်ုပ်တို့၏ အကြိုက်အတိုင်းမဖြစ်သင့်ဘဲ၊ အသင်းတော်အတွက် ဖြစ်ရပေမည်။ ကျွန်ုပ်တို့သည် ဤအချက်များကို လက်တွေ့လုပ်ဆောင်သည်နှင့်အမျှ၊ ကျွန်ုပ်တို့၌ ပေါင်းစည်းခြင်းရှိလိမ့်မည်ဖြစ်သည်။ *(The Divine and Mystical Realm* ,p.87)

မုန့်ညက်ပူဇော်သက္ကာကဲ့သို့ဖြစ်သော အသင်းတော်အသက်တာသည် ဘုရားသခင်အဖို့ ကျေနပ်နှစ်သိမ့်စေသောရနံ့ ထွက်ပေါ် လာစေရန် လောင်ကျွမ်းခံရမည်ဖြစ်ပြီး၊ ဤမုန့်ညက်ပူဇော်သက္ကာ၏ အကြွင်းအကျန်သည် ကျွန်ုပ်တို့၏ စားစရာဖြစ်ပေလိမ့်မည် (ဝတ်၊၁၀း၁၂)။ ယင်းမှာ ကျွန်ုပ်တို့သည် အသင်းတော်အသက်တာကို စားလိမ့်မည်ဖြစ်ပြီး၊ အသင်းတော်အသက်တာသည်လည်း ကျွန်ုပ်တို့၏ နေ့စဉ်မစရာဖြစ်လိမ့်မည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ နေ့စဉ်မစရာဖြစ်သော မုန့်ညက်ပူဇော်သက္ကာသည် ခရစ်တော်ဖြစ်သည်သာမက၊ အသင်းတော်အသက်တာနှင့် အတူရှိသော ခရစ်တော်လည်းဖြစ်သည်။ ယခု ကျွန်ုပ်တို့သည် ခရစ်တော်ကို စားကြသည်သာမက၊ အသင်းတော်အသက်တာကိုလည်း စားနေခြင်းဖြစ်သည်။ *(Life-study of Leviticus* ,pp.141-142)

*ပို၍ဖတ်ရန် – The Conclusion of the New Testament*, msg. 196; *The Divine and Mystical Realm* ,ch. 6; *Life-study of Leviticus* ,msg. 15

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

## *Hymns*, # M-61, E-222, K-185

၁။ သခင်၊ မုန့်အတွက်ကျေးဇူးတင်
ဘုရား၏ လက္ခဏာ
ဘုရား၏ တုမဲ့အကြံစည်
နက်နဲရာများမြင်ရ။

၂။ ဤမုန့်ကိုယ်တော့်ခန္ဓာပုံဆောင်
ကျွန်ုပ်တို့တွက်ပေးခဲ့
ကိုယ်တော့်အသက်ကို မျှဝေရ
ကိုယ်တော်ကိုဆက်ဆံရ။

၃။ ကိုယ်တော့်ခန္ဓာ ချိုးဖွဲ့ခြင်းခံ
သို့မှအသက်ပေးနိုင်
ကျွန်ုပ်တို့၌ အသက်ထည့်ပေး
ကိုယ့်တော့်ကြင်ဖော်ဖြစ်ရ။

၄။ ကိုယ်တော်၏ နက်နဲခန္ဓာတော်
ဤမုန့်ဖြင့် ပုံဆောင်နေ
သက်ရှင်ခန္ဓာဝင်ကျွန်ုပ်တို့
ကိုယ်တော်နှင့်သက်သေထူ။

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ

## ယေရှုရှလင်မြို့သစ်၏ပုံစံငယ်ဖြစ်သော အသင်းတော်၌ ခရစ်တော်ကို အရာခပ်သိမ်းအဖြစ် တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း

ဖတ်ရန်ကျမ်း။ ဗျာ၊၅း၁–၁၀။ ၂၂း၁၆။ ၁း၁၀–၁၁။ ၂၁း၂၊ ၉–၁၀

*Day 1* I. ဗျာဒိတ်ကျမ်း၌ ဘုရားသခင်၏စီမံခန့်ခွဲခြင်းအလယ်ဗဟိုဖြစ်သော အရာအားလုံးပါဝင်သည့်ခရစ်တော်၏ရူပါရုံကို မြင်ရသည်။ ကိုယ်တော်သည် ယေရှုခရစ် (၁း၅)၊ ဘုရားသခင်၏သားတော်နှင့်လူသားတော်(၂း၁၈။ ၁း၁၃)၊ သစ္စာရှိသောသက်သေခံ(အငယ်၊၅။ ၃း၁၄)၊ သေသောသူတို့တွင် သားဦး(၁း၅)၊ လောကီဘုရင်တို့ကို အုပ်စိုးသောအရှင်(အငယ်၊၅)၊ အဦးဆုံးသောသူနှင့် နောက်ဆုံးသောသူ၊ အစနှင့်အဆုံး၊ အာလဖာနှင့်ဩမေဃ(အငယ်၊၁၇။ ၂း၈။ ၂၂း၁၃)၊ အသက်ရှင်သောသူ(အငယ်၊၁၈)၊ သန့်ရှင်းသောသူ(၃း၇)၊ ဟုတ်မှန်သောသူ (အငယ်၊၇)၊ အာမင်(အငယ်၊၁၄)၊ ဘုရားသခင့်ဖန်ဆင်းခြင်း၏မူလအစ(အငယ်၊၁၄)၊ ဒါဝိဒ်၏အမြစ်နှင့် အနွယ် (၅း၅။ ၂၂း၁၆)၊ ယုဒအမျိုး၏ခြင်္သေ့နှင့် သိုးသငယ် (၅း၅–၆။ ၂၁း၂၃။ ၂၂း၁)၊ ဘုရင်တကာတို့၏ဘုရင်နှင့် သခင်တကာတို့၏သခင်(၁၉း၁၆)၊ ဘုရားသခင်၏နှုတ်ကပတ်တော် (အငယ်၊၁၃)၊ မိုးသောက်ကြယ်(၂၂း၁၆)၊ ဆီမီး(၂၁း၂၃)၊ ခင်ပွန်း(အငယ်၊၂)၊ နှင့်အခြားသောကောင်းကင်တမန် (၇း၂။ ၈း၃။ ၁၀၁။ ၁၈း၁) စသည်တို့ဖြစ်သည်။

II. ဗျာ၊၅း၁–၁၉ ၌ ခရစ်တော်ကို ပလ္လင်တော်အလယ်ရှိ ခြင်္သေ့– သိုးသငယ်အဖြစ် မြင်ရပြီး၊ ဘုရားသခင်၏စကြဝဠာဆိုင်ရာစီမံခန့်ခွဲခြင်း၏တံဆိပ်ခုနစ်ချက်ကို ဖွင့်ခဲ့သည်။

က။ ခရစ်တော်သည် တမန်တော်ယောဟန်ထံ ယုဒအမျိုး၏ခြင်္သေ့အဖြစ် မိတ်ဆက်ခံရသော်လည်း၊ ကိုယ်တော်သည် ယောဟန်ထံသို့ သိုးသငယ်အဖြစ်သာ ပေါ်ထွန်းတော်မူခဲ့သည်။ ခြင်္သေ့အဖြစ် ကိုယ်တော်သည် ရန်သူကိုတိုက်ခိုက်မည့်သူဖြစ်ပြီး၊ သိုးသငယ်အဖြစ်ကိုယ်

*Day 2*

တော်သည် ကျွန်ုပ်တို့အဖို့ ရွေးနုတ်ရှင်ဖြစ်သည် (အငယ်၊ ၅–၆)။

ခ။ ဗျာဒိတ်ကျမ်းရှိ အဓိကသွင်ပြင်မှာ ခရစ်တော်သည် ယုဒအမျိုး၏ ခြင်္သေ့ဖြစ်ခြင်းပင်ဖြစ်သည် (၅း၅)။

၁။ *ယုဒအမျိုး၏ခြင်္သေ့*ဟူသောနာမသည် ထူးကဲအောင်မြင်သောရှင်ဘုရင်ဖြစ်သည့် ခရစ်တော်ကို ရည်ညွှန်းသည် (အငယ်၊ ၅။ ၁း၅။ ၁၉း၁၆)။

၂။ ခြင်္သေ့–သိုးသငယ်မှာ ရွေးနုတ်ရှင်ခရစ်တော်သည် ခြင်္သေ့အဖြစ် အောင်မြင်သောသူဖြစ်လာကြောင်းကို ပုံဆောင်သည်။ ကောင်းကင်ဆိုင်ရာအမှုတော်၌ အောင်မြင်သောသူဖြစ်သည့် ကိုယ်တော်သည် ရန်သူများအားလုံးကို အောင်နိုင်ကာ နိုင်ငံတော်ကို မြေကြီးပေါ်သို့ ဆောင်လာခဲ့သည် (၁၁း၁၅။ ၁၂း၁၀)။

ဂ။ ရပ်နေသော ခြင်္သေ့–သိုးသငယ်သည် “မြေကြီးတပြင်လုံးသို့ စေလွှတ်သော ဘုရားသခင်၏ဝိညာဉ်တော်တည်းဟူသော” တောက်ပ၊ လောင်ကျွမ်းနေသည့် မျက်စိခုနစ်လုံးရှိသည် (၅း၆။ ၁း၄ခ။ ၃း၁။ ၄း၅)။

၁။ ဤလောင်ကျွမ်းကာ ရှာဖွေနေသော မျက်စိခုနစ်လုံးသည် ဘုရားသခင်၏ထာဝရရည်ရွယ်ချက်ကို ပြီးပြည့်စုံစေရန် စကြဝဠာအပေါ် ဘုရားသခင်၏တရားစီရင်ခြင်းအတွက် ဖြစ်သည် (အငယ်၊ ၁၁။ ၂၁း၂၊ ၁၀–၁၁)။

၂။ ခရစ်တော်သည် ခြင်္သေ့–သိုးသငယ်အဖြစ် ဘုရားသခင်၏ စကြဝဠာဆိုင်ရာ စီမံခန့်ခွဲခြင်းကို သယ်ဆောင်ခြင်းမှာ ကိုယ်တော်၏မျက်စိများဖြစ်သော ဝိညာဉ်တော်ခုနစ်ပါးအားဖြင့် ဖြစ်သည် (၁း၄ခ။ ၃း၁။ ၄း၅။ ၅း၆)။

၃။ မျက်စိခုနစ်လုံးသည် ခြင်္သေ့–သိုးသငယ်၏ဖြစ်ခြင်းအားလုံးကို ကျွန်ုပ်တို့၏ဖြစ်ခြင်းအထဲသို့ ထည့်သွင်းပေးရန်ဖြစ်ပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် ကိုယ်တော်နှင့်တူညီလာမည်ဖြစ်သည် (ဇာ၊ ၃း၉)။

*Day 3*

ဃ။ ဘုရားသခင်၏ စကြဝဠာဆိုင်ရာအုပ်စိုးခြင်း၌ ကောင်းကင်ဆိုင်ရာ စီမံခန့်ခွဲသူဖြစ်ရန် ပလ္လင်ပေါ် စိုးစံသောအရှင်ဖြစ်သည့် ခြင်္သေ့–သိုးသငယ်ဖြစ်သည့် ခရစ်တော်၊ အောင်မြင်သောရွေးနုတ်ရှင်သည် ဘုရားသခင့်စီမံကိန်း၏ စာစောင်ကို ဖွင့်ရန် ထိုက်တန်တော်မူသည် (ဗျာ၊ ၅း၁–၅၊ ၉)။

၁။ ခြင်္သေ့–သိုးသငယ်သည် ဘုရားသခင်၏ အကြံအစည်တော် ပြီးပြည့်စုံခြင်းအား အတားအဆီးဖြစ်စေသည့်အရာများကို ဖယ်ရှားပေးသည်။ ထို့ကြောင့် ကိုယ်တော်သည် ဘုရားသခင်၏ စီမံကိန်းနှင့်စပ်လျဉ်းသည့် စာစောင်ကို ဖွင့်ရန် ထိုက်တန်တော်မူသည် (အငယ်၊၅)။

၂။ ခြင်္သေ့–သိုးသငယ်သည် ဘုရားသခင့်စီမံကိန်း၏ လျှို့ဝှက်ချက်ကို ဖွင့်ရန် ထိုက်တန်သည်။ သခင်ဘုရား၏ ဤထိုက်တန်ခြင်းသွင်ပြင်သည် စကြဝဠာဆိုင်ရာနှင့် အတိုင်းအဆမဲ့ဖြစ်သည် (အငယ်၊၉)။

၃။ ဤစာစောင်သည် ပဋိညာဉ်သစ်၊ သေတမ်းစာအသစ်၊ စကြဝဠာ၌ အကြီးကျယ်ဆုံး စာချုပ်ဖြစ်ပြီး၊ သခင်ယေရှုသည် မိမိအသွေးတော်အားဖြင့် အသင်းတော်၊ အစ္စရေးလူမျိုး၊ လောက၊ စကြဝဠာတို့ကို ဘုရားသခင်ရွေးနုတ်ခြင်းအတွက် ပြုခဲ့ခြင်းဖြစ်သည် (မ၊ ၂၆း ၂၈။ ဟေဗြဲ၊ ၁၃း ၂၀။ ဧ၊ ၁း၁၀)။

က။ ဖန်ဆင်းထားသောစကြဝဠာ၌ နက်နဲခြင်းများအားလုံးနှင့် ဖြစ်ပျက်နေသောအရာအားလုံးသည် ဤစာစောင်၌ မှတ်တမ်းတင်ထားသည် (ဗျာ၊ ၅း၁၊ ၅၊ ၇၊ ၉)။

ခ။ ခြင်္သေ့–သိုးသငယ်ဖြစ်သော ခရစ်တော်သည် စာစောင်ကို ဖွင့်ရန် (ယင်းမှာ ဘုရားသခင်၏ စီမံကိန်းနက်နဲခြင်းကို ဖွင့်ရန်နှင့် ၎င်းကိုသယ်ဆောင်ရန်) အရည်အချင်းပြည့်မီသူဖြစ်သည်။ ဤသည်မှာ ခရစ်တော်သည် စကြဝဠာတစ်ခုလုံးကို စီမံခန့်ခွဲရန် အခွင့်အာဏာကို ရရှိသူဖြစ်ကြောင်းကို ညွှန်ပြနေသည် (မ၊ ၂၈း၁၈)။

င။ ကျွန်ုပ်တို့အားလုံးသည် ခြသေ့်–သိုးသငယ်ဖြစ်သော ခရစ်တော်ကို စီမံခန့်ခွဲသူ၊ ဘုရားသခင်၏ စီမံကိန်းပြည့်စုံခြင်းအတွက် အရာအားလုံးကို စီမံခန့်ခွဲနေသော ကောင်းကင်များ၌ရှိသည့် အရှင်အဖြစ် ဝတ်ပြုကိုးကွယ်ရမည်ဖြစ်သည် (ဗျာ၊ ၅း၉–၁၄)။

*Day 4* **III. ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ်၏ ပုံစံငယ်ဖြစ်သော အသင်းတော်၌ အရာအားလုံးပါဝင်သောခရစ်တော်ကို တွေ့ကြုံခံစားကာ မွေ့လျော်ဝမ်းမြောက်ရမည်ဖြစ်သည် (၁း၄က။ ၂၂း၁၆က။ ၂၁း၂–၃၊ ၁၀–၂၅)။**

က။ ယေရုရှလင်မြို့သစ်သည် အသင်းတော်၊ အသင်းတော်တည်ဆောက်ခြင်း၊ အသင်းတော်အသက်တာ စသည်တို့နှင့်စပ်လျဉ်း၍ ကျမ်းစာရှိ တုနှိုင်းမဲ့သောစံနမူနာဖြစ်သည် (၂၂း၁၆က)။

ခ။ ယနေ့ အသင်းတော်သည် ယေရုရှလင်မြို့သစ်၏ ပုံစံငယ်ဖြစ်သည် (၁း၄က။ ၂၁း၂)။

၁။ စစ်မှန်မှုရှိခြင်း၌ မှန်ကန်သောအသင်းတော်အသက်တာသည် ယေရုရှလင်မြို့သစ်၏ ပုံစံငယ်ပင်ဖြစ်သည် (၂၂း၁၆က။ ၁း၁၁–၁၂၊ ၂၀။ ၂၁း၁၀–၁၁၊ ၁၆၊ ၁၈)။

၂။ ဘုရားသခင်၏ ပရဒိသုဘုံဖြစ်သော ယေရုရှလင်မြို့သစ်၏ ပုံစံငယ်၌ ကျွန်ုပ်တို့သည် အသေခံကာ ရှင်ပြန်ထမြောက်သော ခရစ်တော်ကို အသက်ပင်အဖြစ် မွေ့လျော်ဝမ်းမြောက်ကြသည် (၂း၇)။

၃။ စုပေါင်းထားသောခရစ်တော်ဖြစ်သည့် ကိုယ်ခန္ဓာတော်–ခရစ်တော်သည် ယေရုရှလင်မြို့သစ်၏ ပုံစံငယ်ဖြစ်သော အသင်းတော်ဖြစ်သည် (၁ကော၊၁၂း၁၂။ ဗျာ၊ ၂၁း၂၊ ၉–၁၀)။

*Day 5* ဂ။ သန့်ရှင်းသောမြို့တော်၊ ယေရုရှလင်မြို့သစ်၏ သွင်ပြင်အမျိုးမျိုးသည် ယေရုရှလင်မြို့သစ်၏ ပုံစံငယ်ဖြစ်သော အသင်းတော်၌ ထင်ရှားနေသည် (၁း၁၀–၁၁။ ၂၂း၁၆က)။

၁။ ယေရုရှလင်မြို့သစ်သည် ဘုရားဖြစ်ခြင်းနှင့် လူသားဖြစ်ခြင်း ရောနှောပေါင်းစည်းခြင်း၏ ပြီးပြည့်စုံခြင်းဖြစ်သည်။ မုန့်ပူဇော်သက္ကာဖြစ်သော အသင်းတော်၌ ဘုရားဖြစ်ခြင်းနှင့်

လူသားဖြစ်ခြင်းရောနှောပေါင်းစည်းခြင်းကို ကျွန်ုပ်တို့တွေ့ကြုံခံစားရသည် (၂၁း၁၂၊ ၂၁။ ၂၂း၂။ ဝတ်၊ ၂း၄။ ၁ကော၊ ၁ဝး၁၇)။

၂။ ဘုရားဆိုင်ရာသုံးပါးတစ်ပါးသည် ယေရုရှလင်မြို့သစ်၏ အခြေခံဖွဲ့စည်းမှုဖြစ်ပြီး၊ ဘုရားဆိုင်ရာ သုံးပါးတစ်ပါးသည် အသင်းတော်အသက်တာ၏ အခြေခံဖွဲ့စည်းမှုလည်းဖြစ်သည် (ဗျာ၊ ၂၁း၁၈–၂၁။ ဧ၊ ၃း၁၅–၁၉က။ ၄း၄–၆)။

၃။ ယေရုရှလင်မြို့သစ်သည် ဖန်ဆင်းခြင်းအသစ်၏ အဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည်။ အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့သည် ဖန်ဆင်းခြင်းအသစ်ဖြစ်သည်၊ အသက်၏ အသစ်ဖြစ်ခြင်း၌ လျှောက်လှမ်းနေသည်၊ ဝိညာဉ်၏ အသစ်ဖြစ်ခြင်း၌ အစေခံနေကြသည် (ဗျာ၊ ၂၁း ၂–၃၊ ၅။ ၂ကော၊ ၅း၁၇။ ရော၊၆း၄။ ၇း၆)။

၄။ ပလ္လင်တော်ကို အလယ်ဗဟိုအဖြစ်ထားရှိသော ယေရုရှလင်မြို့တော်သစ်သည် ဘုရားသခင်၏ နိုင်ငံတော်ကို ပုံဆောင်သည်။ ယနေ့ အသင်းတော်များသည် ဘုရားအသက်၏ အဝန်းအဝိုင်းဖြစ်သော ဘုရားသခင်၏ နိုင်ငံတော်ဖြစ်သည် (ဗျာ၊ ၂၁း ၂။ ၂၂း၁။ ၁း၆၊ ၉၊ ၁၁။ ယော၊၃း၃၊ ၅။ ရော၊၁၄း၁၇)။

*Day 6*

၅။ ယေရုရှလင်မြို့သစ်သည် ယေရှု၏ သက်သေခံချက်ဖြစ်သော ရွှေမီးခုံတိုင်များဖြစ်သည့် ဒေသန္တရအသင်းတော်များ၏ ပြီးပြည့်စုံခြင်းဖြစ်သော စကြဝဠာဆိုင်ရာရွှေမီးခုံတိုင်ဖြစ်သည် (ဗျာ၊ ၂၁း၁၁၊ ၁၈ခ။ ၁း၁၁–၁၂၊ ၂ဝ)။

၆။ သိုးသငယ်၏ သတို့သမီး၊ ဇနီးဖြစ်သော ယေရုရှလင်မြို့သစ်သည် ဘုရားဆိုင်ရာချစ်ဇာတ်လမ်း၏ ပြီးပြည့်စုံခြင်းဖြစ်သည်။ ယနေ့ အသင်းတော်အသက်တာသည် ဘုရားဆိုင်ရာချစ်ဇာတ်လမ်း၌ရှိသော အသက်တာလည်းဖြစ်သည် (၂၁း ၂၊ ၉–၁ဝ။ ၂၂း၁၇။ ၂ကော၊၁၁း ၂။ သီ၊၁း၃–၄)။

၇။ မိတ်သဟာယမြို့တော်ဖြစ်သော ယေရုရှလင်မြို့သစ်၌ အသက်ရေစီးရာမြစ်၏ စီးဆင်းခြင်းရှိသည်။ ယုံကြည်သူများအကြား

အပြန်အလှန်စီးဆင်းနေသော မိတ်သဟာယသည် အသင်းတော်အသက်တာ၏ စစ်မှန်ခြင်းဖြစ်သည် (ဗျာ၊ ၂၂း၁။ ၁ယော၊ ၁း၃။ ၁ကော၊ ၁း၉။ ၁၀း၁၆–၁၇)။

ဂ။ ယေရုရှလင်မြို့သစ်သည် ရွေးနုတ်ရှင်ဘုရားသခင်နှင့် ကိုယ်တော်၏ ရွေးနုတ်ခံ၊ အသစ်မွေးဖွားခံ၊ ပုံသဏ္ဍာန်ပြောင်းလဲခံ၊ ဘုန်းထင်ရှားခြင်းခံသော ရွေးချယ်ခံတို့၏ အပြန်အလှန်တည်နေရာ၊ အပြန်အလှန်ကိန်းဝပ်နေရာဖြစ်သည်။ ယနေ့ အသင်းတော်သည် အသက်ရှင်သောဘုရားသခင်၏ အိမ်တော်ဖြစ်ပြီး၊ ဘုရားသခင်နှင့် ကိုယ်တော်၏ ရွေးနုတ်ခံနှင့် အသစ်မွေးဖွားခံသောလူများတို့၏ အပြန်အလှန်ကိန်းဝပ်နေရာဖြစ်သည် (ဗျာ၊ ၂၁း၃၊ ၂၂။ ယော၊ ၁၄း၃။ ၁၅း၄က။ ၁ကော၊ ၃း၁၆–၁၇။ ၁တိ၊ ၃း၁၅)။

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဗျာ၊ သစ္စာစောင့်သောသက်သေခံဖြစ်တော်မူထသော၊ သေသောသူတို့**
**၁း၅ တွင် သားဦးဖြစ်တော်မူထသော၊ လောကီဘုရင်တို့၏ အထွတ် ဖြစ်**
**တော်မူသော ယေရှုခရစ် အထံတော်မှလည်းကောင်း၊ သင်တို့၌**
**သက်ရောက်ပါစေသော။ ငါတို့ကိုချစ်တော်မူ၍ မိမိအသွေးတော်**
**ဖြင့် ငါတို့အပြစ်များကို လွှတ်တော်မူပြီးလျှင်၊**
**၃း၇ ဖိလဒေလဖိမြို့၌ရှိသောအသင်းတော်၏ တမန်ကို ဤသို့ရေး၍ မှာ**
**လိုက်လော့။ သန့်ရှင်းသောသူ၊ ဟုတ်မှန်သောသူ၊ ဒါဝိဒ်မင်း၏ တံခါး**
**သော့ကို ကိုင်သောသူ၊ အဘယ်သူမျှ မပိတ်နိုင်အောင်ဖွင့်၍၊**
**အဘယ်သူမျှမဖွင့်နိုင်အောင် ပိတ်သောသူ၏ အမိန့်တော်ကား၊**

အနှစ်သာရ၌ သားတော်ဘုရားသည် သားတော်သာဖြစ်သော်လည်း၊ ဘုရားသခင်၏ စီမံကိန်း၌ ကိုယ်တော်သည် ယေရှု၊ ခရစ်တော်၊ သစ္စာစောင့်သောသက်သေခံ၊ သေသောသူတို့တွင်သားဦး၊ လောကီဘုရင်တို့ကိုအစိုးရသူ၊ ကျွန်ုပ်တို့ကို ချစ်တော်မူ၍ မိမိ၏ အသွေးတော်အားဖြင့် ကျွန်ုပ်တို့၏ အပြစ်များကို လွှတ်တော်မူသောအရှင်၊ ကိုယ်တော်၏ ဘုရားသခင်နှင့် ခမည်းတော်အဖို့ ယဇ်ပုရောဟိတ်ဖြစ်သောသူ၊ ဘုရားသခင်၏ နောက်ဆုံးတရားစီရင်ခြင်းကို ပြုမည့်အရှင်ဖြစ်တော်မူသည်။ ဤဂုဏ်ပုဒ်များအားလုံးသည် သားတော်၏ တည်ရှိခြင်းကို ရည်ညွှန်းခြင်းမဟုတ်ဘဲ၊ ဘုရားသခင်၏ စီမံကိန်း၊ ဘုရားသခင်၏ လှုပ်ရှားမှု၊ ဘုရားသခင်၏ လုပ်ဆောင်မှု၌ရှိသော သားတော်ကို ရည်ညွှန်းခြင်းဖြစ်သည်။ ဗျာ၊၁း၅–၇ ရှိ သားတော်ကို ရည်ညွှန်းသည့် ဂုဏ်ပုဒ်များအားလုံးသည် ဘုရားသခင်၏ လှုပ်ရှားမှု၊ ဘုရားသခင်၏ စီမံကိန်းနှင့် ဆက်နွယ်နေသည်။ တဖန်၊ ဗျာဒိတ်ကျမ်းသည် သုံးပါးတစ်ပါး၏ အနှစ်ချုပ်ကို ကိုင်တွယ်ဖြေရှင်းခြင်းမဟုတ်ဘဲ၊ သုံးပါးတစ်ပါး၏ ဘုရားဆိုင်ရာစီမံကိန်းကို ဖြေရှင်းထားခြင်းဖြစ်သည်။ ဗျာဒိတ်ကျမ်းရှိ ဘုရားသခင်၏ ပလ္လင်တော်သည် ဘုရားသခင့်စီမံခန့်ခွဲခြင်း၏ အလယ်ဗဟိုဖြစ်သည်။ ဗျာဒိတ်ကျမ်း၌ ဘုရားသခင်၏ ပလ္လင်တော်ကိုမြင်ရခြင်းမှာ ဘုရားသခင်၏ ထာဝရအကြံအစည်တော်ကို စီမံခန့်ခွဲရန်ဖြစ်သည်။ ဤအရာသည် ဘုရားသခင်၏ စီမံကိန်းဆိုင်ရာလုံးလုံးဖြစ်သည်။ (*God's New Testament Economy,* pp.212-213)

## ယနေ့ဖတ်စရာ

သမ္မာကျမ်းစာတစ်ခုလုံးသည် ခရစ်တော်ကို ဖွင့်ပြပေးသည်၊ အထူးသဖြင့် သမ္မာကျမ်းတစ်ခုလုံး၏ နိဂုံးချုပ်၊ ပြီးပြည့်စုံခြင်းဖြစ်သော ဗျာဒိတ်ကျမ်းသည် "ယေရှုခရစ်ကို ဖွင့်ပြခြင်း" ဖြစ်သည်။ ဤစာစောင်သည် အခြားအရာများစွာကို ဖွင့်ပြထားသော်လည်း ၎င်း၏ ဖွင့်ပြခြင်းအလယ်ဗဟိုမှာ ခရစ်တော်ဖြစ်သည်။ ခရစ်တော်နှင့်စပ်လျဉ်းသောပုံပန်းသဏ္ဍာန်များဖြစ်သည့် အသင်းတော်များအလယ်တွင် မေတ္တာ၌ ဂရုစိုက်နေသော်လည်း၊ စီရင်သောသဘောဖြင့် သွားလာနေသည့် ယဇ်ပုရောဟိတ်မင်းကြီးတည်းဟူသော ခရစ်တော်၏ ရုပ်ပုံ (၁း၁၃–၁၆)၊ ဘုရားသခင်၏ ပလ္လင်တော်နှင့်အသက်ရှင်သောသတ္တဝါလေးပါးတို့၏ အလယ်၌လည်းကောင်း၊ စကြဝဠာ၏ အသက်ကြီးသူနှစ်ဆယ့်လေးပါး အလယ်၌လည်းကောင်း ရှိတော်မူ၍၊ ဘုရားသခင်၏ စကြဝဠာလုံးဆိုင်ရာ စီမံခန့်ခွဲခြင်း တံဆိပ်ခုနစ်ချက်ကို ဖွင့်သည့် (၅း၁–၆း၁) ခြသေ့်–သိုးသူငယ်တည်းဟူသော ကိုယ်တော်၏ ရုပ်ပုံ၊ မြေကြီးကို ပိုင်ဆိုင်ရန် ကောင်းကင်မှကြွလာသည့် "အခြားသော ကောင်းကင်တမန်"တည်းဟူသော ကိုယ်တော်၏ ရုပ်ပုံ(၁၀း၁–၇။ ၁၈း၁)စသည်တို့ကို ဤစာအုပ်၌ ဖွင့်ပြထား၍၊ ယခင်က ဖွင့်ပြခဲ့ခြင်းမရှိပေ။ (ဗျာ၊၁း၁မှတ်စု ၁)

အခန်း၊၄ သည် ကောင်းကင်၌ရှိသောမြင်ကွင်းဖြစ်၍၊ ၎င်း၏ အလယ်ဗဟိုမှာ ဘုရား သခင်၏ ပလ္လင်တော်ဖြစ်ကာ၊ ဘုရားသခင်သည် ထိုပလ္လင်တော်တွင် ထိုင်နေပြီး၊ ထာဝရအကြံ အစည်တော်ပြီးမြောက်ပြည့်စုံခြင်းအတွက် စကြဝဠာလုံးဆိုင်ရာစီမံခန့်ခွဲခြင်းကို အဆုံးသတ် ရန် အဆင်သင့်ရှိနေသည်။ အခန်း၊၅ သည်လည်း ခရစ်တော်တက်ကြွပြီးနောက် ကောင်းကင် များ၌ရှိသော မြင်ကွင်းဖြစ်သည်။ (ဗျာ၊၅း၆ မှတ်စု ၁)

ရွေးနုတ်ခြင်းနှင့်စပ်လျဉ်းသော်၊ ခရစ်တော်သည် တက်ကြွပြီးနောက်တွင် ကောင်းကင် များ၌ ဘုရားသခင်၏ လက်ယာတော်တွင် ထိုင်နေပြီဖြစ်သည် (ဟေဗြဲ၊၁း၃။ ၁၀း၁၂)။ သို့သော် ဘုရားသခင်၏ စီမံခန့်ခွဲခြင်းကို သယ်ဆောင်ခြင်းနှင့်စပ်လျဉ်းသော် ကိုယ်တော်သည် တက်ကြွ တော်မူခြင်း၌ ရပ်နေလျက်ရှိသည်။ (ဗျာ၊၅း၆ မှတ်စု ၂)

ဇာခရိကျမ်း၌ မျက်စိခုနစ်လုံးသည် မီးခွက်ခုနစ်လုံးဖြစ်ကြောင်းကို မြင်ရသည်။ သို့သော် ပိုမိုတိုးတက်လာသော ဗျာဒိတ်ကျမ်းသို့ ကျွန်ုပ်တို့ရောက်လာသောအခါ မီးခွက်ခုနစ်လုံးသည် မီးခုံတိုင်အပေါ် တွင်သာ မဟုတ်တော့ဘဲ၊ ပလ္လင်တော်ရှေ့တွင်လည်း တောက်လောင်နေကြသည်။ ဤမီးခွက်ခုနစ်လုံးသည် ဘုရားသခင်၏ ဝိညာဉ်တော်ခုနစ်ပါးဖြစ်သည်။ နောက်ဆုံးတွင် ဤဝိညာဉ်တော်ခုနစ်ပါးသည် ဘုရားသခင်၏ စီမံခန့်ခွဲခြင်း အလယ်ဗဟို၌ရှိတော်မူသည့် သိုးသငယ်၏ မျက်စိခုနစ်လုံးဖြစ်လာသည်။(*Life-study of Revelation,* pp.383)

ဗျာ၊၅း၅–၁၀ ၌ ကျွန်ုပ်တို့သည် ခရစ်တော်ကို ခြင်္သေ့–သိုးသငယ်အဖြစ် တွေ့ကြုံခံစားကာ မွေ့လျော်ဝမ်းမြောက်ရမည်ဖြစ်ကြောင်း မြင်ရသည်။ ဗျာ၊၅း၁ မှ ၆း၁ အထိ ဘုရားသခင်၏ပလ္လင်တော်နှင့် အသက်ရှင်သောသတ္တဝါလေးပါး၏ အလယ်နှင့် စကြဝဠာ၏ အသက်ကြီးသူလေးပါးတို့အလယ်တွင်ရှိသော ခြင်္သေ့–သိုးသငယ်ဖြစ်သည့် ကိုယ်တော်သည် ဘုရားသခင်၏စကြဝဠာဆိုင်ရာစီမံခန့်ခွဲခြင်း၏ တံဆိပ်ခုနစ်ချက်ကို ဖွင့်ခဲ့သည့် ရူပါရုံကို ကျွန်ုပ်တို့မြင်ရသည်။ ဗျာ၊၅ ၌ အသက်ကြီးသူတစ်ပါးက ခရစ်တော်ကို ယုဒအမျိုး၏ခြင်္သေ့အဖြစ် မိတ်ဆက်ပေးခဲ့သော်လည်း၊ ယောဟန်သည် လှည့်ကြည့်သောအခါ သူသည် သိုးသငယ်ကို မြင်ခဲ့သည် (အငယ်၊၅–၆)။ ရန်သူအဖို့ ကိုယ်တော်သည် ခြင်္သေ့ဖြစ်ပြီး၊ ရွေးနုတ်ခံရသော ကျွန်ုပ်တို့အဖို့ ကိုယ်တော်သည် ချစ်ဖွယ်ရာ အဖိုးထိုက်လှသော သိုးသငယ်ဖြစ်သည်။ ခရစ်တော်သည် ဘုရားသခင်၏ ရွေးနုတ်ခြင်းကို ပြီးပြည့်စုံစေသည့် သိုးသငယ်နှင့် ဘုရားသခင်၏နိုင်ငံတော်အတွက် တိုက်ခိုက်သော ခြင်္သေ့ဖြစ်သည်။ ဘုရားသခင်၏ ရွေးနုတ်ခြင်းအတွက် ကိုယ်တော်သည် သိုးသငယ်ဖြစ်ပြီး၊ ဘုရားသခင်၏ နိုင်ငံတော်အတွက် ကိုယ်တော်သည် တိုက်ခိုက်သောခြင်္သေ့၊ ယုဒအမျိုး၏ခြင်္သေ့ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ရွေးနုတ်ရန် တိုက်ခိုက်ခဲ့ပြီး၊ ရန်သူအပေါ် စစ်ပွဲကိုအောင်မြင်ကာ ကျွန်ုပ်တို့အတွက် ရွေးနုတ်ခြင်းကို ပြီးပြည့်စုံစေခဲ့သည်။ (*The Conclusion of the New Testament*, p.4225)

*ပို၍ဖတ်ရန်* – *Life-study of Revelation*, msg. 2; *The Conclusion of the New Testament*, ch. 23

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ဗျာ၊ ၅း၅–၆ ထိုအခါ အသက်ကြီးသောသူတစ်ပါးက၊ မငိုကြွေးနှင့်။ ဂျုဒ အမျိုး ခြင်္သေ့တည်းဟူသော ဒါဝိဒ်၏အမြစ်သည် ထိုစာလိပ်ကိုလည်းကောင်း၊ တံဆိပ်ခုနစ်ချက်တို့ကိုလည်းကောင်း၊ ဖွင့်ခြင်းငှါ အောင်မြင်လေပြီ ဟု ငါ့ကိုပြောဆို၏။ ထိုအခါ ပလ္လင်တော်မှစသောသတ္တဝါလေးပါးနှင့် အသက်ကြီးသူတို့အလယ်၌ အသေသတ်ပြီးခါစရှိသော သိုးသငယ် သည် ချိုခုနစ်ချောင်းနှင့် မျက်စိ ခုနစ်လုံးရှိလျက် ရပ်လျက်ရှိသည်ကို ငါမြင်၏။ ယင်းတို့သည် မြေကြီးတစ်ပြင်လုံးသို့ လွှတ်သော ဘုရား သခင်၏ဝိညာဉ်တော်ခုနစ်ပါးဖြစ်၏။**

ဗျာဒိတ်ကျမ်းရှိ အဓိကသွင်ပြင်မှာ ခရစ်တော်သည် ယုဒ အမျိုး၏ ခြင်္သေ့ဖြစ်ခြင်း ပင်ဖြစ်သည် (၅း၅)။ ဗျာဒိတ်ကျမ်း၌ အခြားသောအရာများစွာကိုမြင်ပြီး၊ ဤခြင်္သေ့ကို မမြင်ခဲ့လျှင် ကျွန်ုပ်တို့သည် အမှန်ပင် အမှတ်လက္ခဏာနှင့်လွဲချော်သွားမည်ဖြစ်သည်။ အလွန်စစ်မှန်သော သဘောထား၌ ကျွန်ုပ်တို့၏ မျက်စိများကို ဖားများ၊ သားရဲများ၊ ကျိုင်းကောင်များ၊ နဂါးနှင့် မြွေစသည့်အရာများမှ လှည့်ပြောင်းကာ၊ ဤခြင်္သေ့အပေါ် ကျွန်ုပ်တို့၏ မျက်စိများကို လှည့်ပြန်ထားရှိရမည်ဖြစ်သည်။ ဗျာဒိတ်ကျမ်းသည် ဤခြင်္သေ့ ကို ဖွင့်ပြထားခြင်းဖြစ်သည်။ (*The Conclusion of the New Testament*, p.4227)

## ယနေ့ဖတ်စရာ

က၊၄၉း၈–၉ သည် ယုဒ၏ခြင်္သေ့ဖြစ်သော ခရစ်တော်နှင့်စပ်လျဉ်း၍ ပရောဖက်ပြု ထားသော်လည်း၊ ဗျာဒိတ်ကျမ်းတစ်ခုတည်း၌သာ ခရစ်တော်သည် ယုဒ အမျိုး၏ ခြင်္သေ့ ဖြစ်ကြောင်း ဖော်ပြထားသည်။ *ယုဒ အမျိုး၏ ခြင်္သေ့* ဟူသော ဂုဏ်ပုဒ်မှာ ခရစ်တော်သည် အောင်မြင်သောရှင်ဘုရင်ဖြစ်ကြောင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ အသက်ရှင်သော သတ္တဝါများအားလုံးမှာ ကိုယ်တော်အောက်တွင်ရှိသည်။ မည်သူမျှ ကိုယ်တော်အနိုင်မယူ နိုင်ပေ။ ထိုအစား ကိုယ်တော်သည် အရာခပ်သိမ်းအပေါ် အနိုင်ရတော်မူသည်။

ခရစ်တော်၏ ကောင်းကင်ဆိုင်ရာအမှုတော်သည် သန့်ရှင်းသောဝိညာဉ်တော်သွန်း လောင်းသည့်အချိန်မှအစပြု၍ မြေကြီးပေါ် ကိုယ်တော်ဒုတိယအကြိမ်ပေါ် ထွန်းလာခြင်း ၌ အဆုံးသတ်မည်ဖြစ်သည် (တ၊ ၂း၁–၄၊ ၁၇၊ ၃၃။ ဟေဗြဲ၊၉း ၂၈ခ။ ၂တိ၊၄း၁ခ)။ ကိုယ် တော်၏ ကောင်းကင်ဆိုင်ရာအမှုတော်၌ ကိုယ်တော်သည် ခြင်္သေ့–သိုးသငယ်အဖြစ် အမှု

ဆောင်နေသည် (ဗျာ၊၅း၅–၇)။ ခြင်္သေ့–သိုးသငယ်သည် ရွေးနုတ်ရှင်ဖြစ်သော ခရစ်တော်သည် ခြင်္သေ့ကဲ့သို့ အောင်မြင်သောသူဖြစ်ကြောင်းကို ရည်ညွှန်းသည်။ ကိုယ်တော်၏ ကောင်းကင်ဆိုင်ရာအမှုတော်၌ ထိုသို့သော အောင်မြင်သောသူအဖြစ် ကိုယ်တော်သည် ရန်သူများအားလုံးကို အောင်နိုင်ကာ၊ နိုင်ငံတော်ကို မြေကြီးပေါ် သို့ ယူဆောင်လာမည်ဖြစ်သည်။

ဗျာ၊၅ ၌ ယောဟန်သည် ကြည့်ရှုသောအခါ သူသည် မျက်စိခုနစ်လုံးရှိသော သိုးသငယ်ကို မြင်ခဲ့သည်။ ဤခြင်္သေ့–သိုးသငယ်သည် ထိုင်နေခြင်းမဟုတ်ဘဲ၊ ရပ်နေခြင်းဖြစ်ပြီး၊ ကိုယ်တော်၏ မျက်စိခုနစ်လုံးသည် တောက်ပလျက်ရှိသည်။ ဤအရာက ကိုယ်တော်၏ အလုပ်သည် ပြီးဆုံးခြင်းမရှိကြောင်းကို ရည်ညွှန်းနေသည်။ ယော၊၁၉ ၌ ပြီးစီးခဲ့သော အလုပ်သည် ရွေးနုတ်ခြင်းအလုပ်ဖြစ်သည် (အငယ်၊၃၀)။ သို့သော်လည်း ကိုယ်တော်၏ ရပ်နေသောအနေအထားနှင့် တောက်ပသောမျက်စိခုနစ်လုံးတို့သည် ကိုယ်တော်၏ လှုပ်ရှားမှုရှိနေခြင်းကို ရည်ညွှန်းသည်။ တနည်းအားဖြင့် ရွေးနုတ်ခြင်းနှင့်ပတ်သက်လျှင် ခရစ်တော်သည် တက်ကြွပြီးနောက် ကောင်းကင်များ၌ ဘုရားသခင်၏ လက်ယာတော်ဘက်၌ ထိုင်နေသည် (ဟေဗြဲ၊၁း၃။ ၁၀း၁၂)။ မည်သို့ဆိုစေ ဘုရားသခင်၏ စီမံခန့်ခွဲခြင်းကို သယ်ဆောင်ခြင်းနှင့် စပ်လျဉ်း၍ ကိုယ်တော်သည် တက်ကြွခြင်း၌ ရပ်လျက်ရှိနေဆဲဖြစ်သည်။

ရွေးနုတ်သောသိုးသငယ်သည် ဘုရားသခင်၏ ပလ္လင်တော်ရှေ့၊ စကြဝဠာ၏ အလယ်ဗဟို၌ ယခု ရပ်နေသည်။ ဤသည်မှာ ရွေးနုတ်ရှင်သည် ယခုတွင် ဘုရားသခင်၏ စီမံခန့်ခွဲခြင်း၌ရှိကြောင်းကို ဆိုလိုသည်။ ကိုယ်တော်သည် စကြဝဠာကိုစီမံခန့်ခွဲသူဖြစ်ကာ၊ ဘုရားသခင်၏ စီမံကိန်းကို သယ်ဆောင်နေသည်။ ကိုယ်တော် ထိုင်မနေပါ။ ထိုအစား ကိုယ်တော်သည် ရပ်လျက်နေပြီး၊ သူ၏ မျက်စိခုနစ်လုံးမှာ တောက်ပလျက်၊ စောင့်ကြည့်လျက်၊ ရှာဖွေလျက်၊ တောက်လောင်လျက်ရှိနေသည်။ စကြဝဠာတစ်ခုလုံးသည် ဤမြင်ကွင်းကို စောင့်ကြည့်နေသည်။

မျက်စိများသည် ကြည့်ရန်နှင့် ရှာဖွေရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် အခြားသူများကိုကြည့်သောအခါ၊ သူတို့ကို ရှာဖွေလိုက်ခြင်းဖြစ်သည်။ သူတို့၏ အကျင့်မှာ မည်သို့ဖြစ်သည်၊ သူတို့သည် မည်သို့သောလူအမျိုးအစားဖြစ်သည်၊ သူတို့သည် မည်သို့ခံစားရသည်တို့ကို ကျွန်ုပ်တို့ပြောနိုင်မည်ဖြစ်သည်။ ရွေးနုတ်ပေးသော သိုးသငယ်ဖြစ်သည့် ခရစ်တော်၌ ကြည့်ရှုကာ ရှာဖွေနေသော မျက်စိခုနစ်လုံးရှိပြီး၊ ယင်းမှာ ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည့် ဘုရားသခင်၏ ထာဝရအကြံအစည်တော် ပြည့်စုံစေရန် စကြဝဠာအပေါ် ဘုရားသခင်၏ တရားစီရင်ခြင်းအတွက်ဖြစ်သည်။ (*The Conclusion of the New Testament*, pp.4228, 4237-4238, 4236, 4238)

ဤအရှင်သည် ဘုရားသခင်၏ စီမံကိန်းကို သယ်ဆောင်ရန် တံဆိပ်ခုနစ်ချက်ကို ဖွင့်ခြင်းငှာ အရည်အချင်းပြည့်မီတော်မူသည်။ ကိုယ်တော်သည် ဘုရားသခင်၏ စီမံကိန်းကို သယ်ဆောင်ခြင်းနည်းလမ်းမှာ ကိုယ်တော်၏ မျက်စိများဖြစ်သော ဝိညာဉ်တော်ခုနစ်ပါးအားဖြင့်ဖြစ်သည်။ ဝိညာဉ်တော်ခုနစ်ပါးမရှိဘဲ ခရစ်တော်၌ မျက်စိများမရှိနိုင်ပါ။ ခရစ်တော်သည် ဘုရားသခင်၏ စီမံကိန်း၌ အဓိကအလယ်ဗဟိုကျသူဖြစ်သော်လည်း၊ ဘုရားသခင်၏ စီမံကိန်းကို သယ်ဆောင်ခြင်းငှာ ကိုယ်တော်၏ မျက်စိများဖြစ်သော ဝိညာဉ်တော်ခုနစ်ပါးကို လိုအပ်သည်။ ဤမြင်ကွင်းသည် နောက်ဆုံးတွင် ကျွန်ုပ်တို့အား ဗဟိုချက်နှင့် ဗဟိုချက်၏ မျက်စိများဖြစ်သော ခရစ်တော်နှင့်ဝိညာဉ်တော်သို့ ဦးဆောင်ပေးသည်။ (*God's New Testament Economy,* pp. 239-240)

ဝိညာဉ်တော်ခုနစ်ပါးသည် ရွေးနုတ်ရှင်၏ မျက်စိခုနစ်လုံးဖြစ်ပြီး၊ ကိုယ်တော်၏ ဖြစ်ခြင်းနှင့် ကိုယ်တော်ပြီးမြောက်ခဲ့သည့်အရာများကို ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ထည့်သွင်းကာ ပေးဝေနေသည်၊ ယင်းမှာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ သဘောသဘာဝ၌ ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် ကျောက်ဖြစ်လာမည်ဖြစ်သည်။ ဤအံ့သြဖွယ်အရှင်သည် ခြင်္သေ့၊ သိုးသငယ်နှင့် မျက်စိခုနစ်လုံးနှင့်အတူ ကျောက်ဖြစ်သည်။ ဤမျက်စိခုနစ်လုံးဖြင့် ကိုယ်တော်ကို ကျွန်ုပ်တို့ကို စိုက်ကြည့်နေကာ၊ ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် တန်ဆာပလာများဖြစ်စေရန် ကျွန်ုပ်တို့ကို ကိုယ်တော်၏ ဖြစ်ခြင်းနှင့် ကိုယ်တော်ပြီးမြောက်ခဲ့သော၊ ရယူခဲ့သော၊ ရရှိပိုင်ဆိုင်ခဲ့သော အရာများကို ကျွန်ုပ်တို့၏ ဖြစ်ခြင်းအထဲသို့ ထည့်သွင်းပေးနေသည်။ (*Life-study of Revelation,* pp. 388-389)

*ပို၍ဖတ်ရန် – The Conclusion of the New Testament,* msgs. 415-416

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ဗျာ၊ ၅း၇ သူသည် လာ၍ ပလ္လင်ပေါ်မှာ ထိုင်တော်မူသောသူ၏လက်ယာလက်မှ *စာလိပ်ကို* ခံယူလေ၏။**

**၉ အသစ်သောသီချင်းကိုဆို၍၊ ပြောဆိုကြသည်ကား၊ ကိုယ်တော်သည် စာလိပ်ကို ခံယူ၍ တံဆိပ်တို့ကို ဖွင့်ထိုက်တော်မူ၏။ အကြောင်းမူကား၊ ကိုယ်တော်သည် အသေသတ်ခြင်းကို ခံတော်မူသောအားဖြင့် အသီးသီးဘာသာစကားကိုပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့အထဲမှ *လူတို့ကို* အသွေးတော်အားဖြင့် ဘုရားသခင်အဖို့ ရွေးနုတ်တော်မူ၏။**

ဂျုးအမျိုး၏ခြင်္သေ့အဖြစ် ခရစ်တော်သည် အောင်မြင်၍၊ ဘုရားသခင်၏ရန်သူ စာတန်ကို နှိမ်နင်းချေမှုန်းပြီး၊ ရွေးနုတ်ခြင်းသိုးသူငယ်အဖြစ်မူ ကိုယ်တော်သည် ကျဆင်းသွားသောလူသား၏ အပြစ်ကို ဆောင်ယူသွားခဲ့သည်။ ထိုသို့ဖြင့် ကိုယ်တော်သည် ဘုရားသခင်၏ အကြံအစည်တော်ပြီးမြောက်ပြည့်စုံရန်အတွက် အတားအဆီးမှန်သမျှကို ဖယ်ရှားပေးခဲ့သည်။ ထို့ကြောင့် ကိုယ်တော်သည် ဘုရားသခင်၏ စီမံကိန်းနှင့်စပ်လျဉ်းသော စာစောင်ကို ဖွင့်ရန် ထိုက်တန်သူဖြစ်သည်။ (ဗျာ၊၅း၅ မှတ်စု ၃)

စကြဝဠာတစ်ခုလုံးတွင် ဘုရားသခင်၏ စီမံကိန်းနက်နဲခြင်းကို ဖွင့်ရန် ထိုက်တန်သူ တစ်ယောက်မျှမရှိပေ။ သို့သော် အောင်မြင်သောခြင်္သေ့နှင့် ရွေးနုတ်သော သိုးသူငယ် ခရစ်တော်သာလျှင် ထိုအရာကိုဖွင့်ရန် တတ်စွမ်းထိုက်တန်သူဖြစ်သည်။ ခရစ်တော်သည် အောင်မြင်သော ခြင်္သေ့အဖြစ် ဘုရားသခင်အတွက် စာတန်ကို နှိမ်နင်းချေမှုန်းခဲ့၍၊ ရွေးနုတ်သောသိုးသူငယ် အဖြစ် ကျွန်ုပ်တို့အတွက် အပြစ်ကို ယူဆောင်သွားခဲ့သည်။ ကိုယ်တော်တစ်ပါးတည်းသာလျှင် ဘုရားသခင်၏ စီမံကိန်းနက်နဲခြင်းကို ဖွင့်၍သယ်ဆောင်ရန် တတ်စွမ်းထိုက်တန်သူဖြစ်သည်။ (ဗျာ၊၅း၉ မှတ်စု ၂)

## *ယနေ့ဖတ်စရာ*

ခရစ်တော်သည် ကျွန်ုပ်တို့၏ ချီးမွမ်းခြင်းများနှင့် ထိုက်တန်တော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ အသက်များကိုပင် ပိုင်ထိုက်တော်မူသည်။ သို့သော်လည်း ကျွန်ုပ်တို့သိထားရမည်မှာ ဗျာ၊၅ အရ ခရစ်တော်၏ အဖိုးထိုက်တန်တော်မူခြင်းသည် ဘုရားသခင်၏ စီမံကိန်းလျှို့ဝှက်ချက်ကို ဖွင့်ရန် တတ်စွမ်းနိုင်သူဖြစ်ခြင်းကြောင့်ဖြစ်သည်။ စကြဝဠာသည် သိပ္ပံပညာရှင်များ အဖြေရှာမရသည့် နက်နဲခြင်းဖြစ်သည်။ သူတို့သည် စကြ

ဝဋ္ဋာ၏ အဓိပ္ပာယ် သို့မဟုတ် ရည်ရွယ်ချက်ကို မသိရှိကြပေ၊ အကြောင်းမှာ ၎င်းသည် သူတို့ထံမှ ထိန်းသိမ်းခံထားရသောလျှို့ဝှက်ချက်ဖြစ်သောကြောင့်ဖြစ်သည်။ သို့သော် ခရစ်တော်သည် ဤလျှို့ဝှက်ချက်ကို ဖွင့်ရန် ထိုက်တန်တော်မူသည်၊ အကြောင်းမှာ ကိုယ်တော်သည် ဘုရားသခင်၏ စီမံကိန်းတံဆိပ်ကို ဖွင့်ရန် ထိုက်တန်တော်မူသောကြောင့်ဖြစ်သည်။

ခရစ်တော်သည် ပလ္လင်တော်ပေါ် တွင်ထိုင်နေသော ခမည်းတော်ဘုရားသခင်၏ လက်ယာလက်တော်မှ စာစောင်ကို ရယူခဲ့သည် (ဗျာ၊၅း၇)။ ဤစာစောင်သည် ပဋိညာဉ်သစ်၊ စကြဝဋ္ဋာ၌ အကြီးကျယ်ဆုံးစာချုပ်ဖြစ်ပြီး၊ သခင်ယေရှုသည် မိမိအသွေးတော်အားဖြင့် အသင်းတော်၊ အစ္စရေးလူမျိုး၊ လောက၊ စကြဝဋ္ဋာတို့ကို ဘုရားသခင်ရွေးနုတ်ခြင်းအတွက် ပြုခဲ့ခြင်းဖြစ်သည်။

ခရစ်တော်သည် စာစောင်နှင့် ယင်း၏ တံဆိပ်ခုနစ်ချက်ကို ဖွင့်ရန် လိုအပ်သော အရာမှန်သမျှကို အောင်မြင်ခဲ့သည်။ ဤနေရာ၌ စာစောင်သည် ပဋိညာဉ်သစ်၊ သေတမ်းစာအသစ်ဖြစ်ပြီး၊ ဘုရားသခင်၏ စီမံကိန်းကို ထိုသို့ တံဆိပ်ခတ်ထားသောစာစောင်၌ ဝှက်ထားခဲ့သည်။ ဤစာစောင်သည် တံဆိပ်ခုနစ်ချက်ဖြင့် တံဆိပ်ခတ်ထားသည်။ စာစောင်သည် စကြဝဋ္ဋာတစ်ခုလုံးအတွက် ကိုယ်တော်၏ အသွေးတော်ဖြင့် သခင်ယေရှုပြုခဲ့သော ပဋိညာဉ်တရားသစ်ဖြစ်သည်။ ဤစာစောင်၊ ဤပဋိညာဉ်မပါဘဲ စကြဝဋ္ဋာသည် တည်ရှိနိုင်မည်မဟုတ်ပါ။ နက်နဲခြင်းများ အားလုံးနှင့် ဖန်ဆင်းထားသောစကြဝဋ္ဋာ၌ ဖြစ်ပျက်သမျှအရာအားလုံးကို ဤစာစောင်၌ မှတ်တမ်းတင်ထားသည်။ ခရစ်တော်သည် ကောင်းကင်များသို့ တက်ကြွသောအခါ ဘုရားသခင်ထံမှ စာစောင်ကိုယူကာ ဘုရားသခင်၏ စီမံခန့်ခွဲခြင်းကို သယ်ဆောင်ရန်အတွက် စကြဝဋ္ဋာ၏ လျှို့ဝှက်ချက်ကို ဖွင့်ခဲ့သည်။ ရွေးနုတ်ရှင်ဖြစ်သော ခရစ်တော်သည် ဘုရားသခင်၏ စီမံကိန်းကို ဖွင့်ရန် လိုအပ်သည့်အရာမှန်သမျှကို ပြီးပြည့်စုံစေခဲ့သည်။ ထို့ကြောင့် ရွေးနုတ်သောသိုးသငယ်နှင့် အောင်မြင်သော ခြင်္သေ့ဖြစ်သည့် ခရစ်တော်သာလျှင် တံဆိပ်ခုနစ်ချက်နှင့်ရှိသော စာစောင်ကို ဖွင့်ရန် တတ်စွမ်းနိုင်သူဖြစ်သည်။

ခရစ်တော်သည် စကြဝဋ္ဋာတစ်ခုလုံးကို စီမံခန့်ခွဲရန် ဘုရားသခင်ထံမှ အခွင့်အာဏာကို လက်ခံရရှိခဲ့သည် (အငယ်၊၁၊ ၆–၇)။ ခရစ်တော်သည် ကောင်းကင်များနှင့် မြေကြီးပေါ် ရှိ တိုင်းနိုင်ငံအားလုံးကို စီမံခန့်ခွဲသူအမှန်ပင်ဖြစ်သည်။ မ၊ ၂၈း၁၈ ၌ သခင်ဘုရားက ကောင်းကင်နှင့်မြေကြီးပေါ် မှ ရှိရှိသမျှသော အခွင့်အာဏာတို့သည် ကိုယ်တော်ထံ ပေးအပ်ခြင်းခံရပြီဖြစ်ကြောင်းကို တပည့်တော်များကို ပြောခဲ့သည်။ ဗျာ၊၅ တွင် ဘုရား

သခင်၏ သိုးသငယ်ဖြစ်သော ခရစ်တော်သည် အသက်ရှင်သောသတ္တဝါလေးပါးနှင့် အသက်ကြီးသူများအလယ်တွင် ရပ်နေကြောင်းကို မြင်ရသည်။ ပလ္လင်တော်ပေါ် တွင် ထိုင်နေသောသူသည် တံဆိပ်ခုနစ်ချက်ဖြင့် တံဆိပ်ခတ်ထားသော စာစောင်ကို ကိုင်ထားသည်။ ဘုရားသခင်သည် ပလ္လင်တော်ပေါ် တွင် ထိုင်နေပြီး စကြဝဠာတစ်ခုလုံးကို စီမံခန့်ခွဲရန် အချိန်ဇယားတည်းဟူသော ဤစာစောင်ကို ကိုင်ထားသည်။ ဤစာစောင်သည် ခရစ်တော်တက်ကြွပြီးချိန်မှ ယေရုရှလင်မြို့သစ်တိုင်အောင် ဖြစ်ပျက်မည့်အရာများ၏ အချိန်ဇယားနှင့်တူသည်။ စာစောင်ကို ခတ်ထားသော တံဆိပ်ခုနစ်ချက်မှာ အမှန်တွင် ယင်း၌ပါဝင်သောအရာများဖြစ်သည်။ ဤစကြဝဠာ၏ လျှို့ဝှက်ချက်ခုနစ်ခုဖြစ်ပြီး၊ ယင်းသည် ဘုရားသခင့်စီမံကိန်း၏ နက်နဲခြင်းဖြစ်သည်။ ခြသေ့်–သိုးသငယ်ဖြစ်သော ခရစ်တော်သည် စာစောင်ကို ဖွင့်ရန် တတ်စွမ်းနိုင်သည်၊ ယင်းမှာ ဘုရားသခင့်စီမံကိန်း၏ နက်နဲခြင်းကိုဖွင့်ရန်နှင့် ယင်းကို သယ်ဆောင်ရန် တတ်စွမ်းနိုင်သည်။ ဤသည်မှာ ခရစ်တော်သည် စကြဝဠာတစ်ခုလုံးအား စီမံခန့်ခွဲရန် အခွင့်အာဏာကို ရရှိသောအရှင်ဖြစ်ကြောင်းရည်ညွှန်းနေသည်။ ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်ကို စီမံခန့်ခွဲသောသူအဖြစ်၊ ဘုရားသခင်၏ စီမံကိန်းပြီးပြည့်စုံရန်အတွက် အရာအားလုံးကို စီမံခန့်ခွဲသော ကောင်းကင်များမှ အရှင်အဖြစ် ဝတ်ပြုကိုးကွယ်ရမည်ဖြစ်သည်။ (*The Conclusion of the New Testament*, pp. 4252, 4251, 4235, 4252-4253)

*ပို၍ဖတ်ရန်* – *The Conclusion of the New Testament*, msg.417; *Life-study of Revelation*, msgs.17-18

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဗျာ၊ ၂၁း၂** **သန့်ရှင်းသောမြို့တည်းဟူသော ယေရုရှလင်မြို့သစ်သည် မိမိခင်ပွန်းဖို့ တန်ဆာဆင်သော မင်္ဂလာဆောင်သတို့သမီးကဲ့သို့ ပြင်ဆင်လျက်၊ ဘုရားသခင့်အထံတော်၊ ကောင်းကင်မှ ဆင်းသက်သည်ကို ငါမြင်၏။**

**၂၂း၁၆** **ငါယေရှုသည်၊ အသင်းတော်တို့အဖို့ ဤအရာများကို သင်တို့အား သက်သေခံစေခြင်းငှါ၊ ငါ၏ကောင်းကင်တမန်ကို စေလွှတ်၏။ ငါသည်ကား၊ ဒါဝိဒ်၏အမြစ်ဖြစ်၏။ အနွယ်လည်းဖြစ်၏။ ထွန်းတောက်သောမိုးသောက်ကြယ်လည်းဖြစ်၏။**

ကျွန်ုပ်တို့၌ ထာဝရကာလတွင် ဖြစ်လာမည့်အရာ၏ ရုပ်ပုံကားချပ်ရှိသည်။ ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်မှုသည် သုံးပါးတစ်ပါးဘုရားတည်းဟူသော ခမည်းတော်၊ သိုးသငယ်ဖြစ်သော သားတော်နှင့် ဝိညာဉ်တော်ပင်ဖြစ်သည်။ ဤသုံးပါးတစ်ပါးဘုရား၏ ပလ္လင်တော်မှ အသက်ရေမြစ်စီးဆင်းလာသည်။ ဤရေ၌ အသက်မစခြင်းအတွက် အသက်ပင်ကြီးထွားနေသည်။ ကျွန်ုပ်တို့သည် ထိုနေရာ၌ ဘုရားသခင်ကိန်းဝပ်နေရာဖြစ်လာရန် မြို့တော်ဖြစ်လာမည်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ကိန်းဝပ်နေရာဖြစ်လာမည်ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၌ ကိန်းဝပ်ပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်၌ ကိန်းဝပ်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဖော်ပြမရနိုင်သောအတိုင်းအတာ၌ အံ့သြဖွယ်ရာအတူတကွရောနှောပေါင်းစည်းကြမည်ဖြစ်သည်။ ခရစ်တော်သည် အလယ်ဗဟိုအဖြစ်ရှိနေဆဲဖြစ်ကာ မြို့တော်တစ်ခုလုံးမစထောက်ပံ့ခြင်းခံရရန် ထာဝရအမှုဆောင်မည်ဖြစ်သည်။ (*The Mending Ministry of John*, pp. 153-154)

## ယနေ့ဖတ်စရာ

ဤခေတ်၌ အသင်းတော်အသက်တာသည် ယေရုရှလင်မြို့သစ်၏ပုံစံငယ်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကိန်းဝပ်နေရာဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ကျွန်ုပ်တို့နေစရာအဖြစ် ယူဆောင်ကြသည်။ ယင်းမှာ ကိုယ်တော်သည် ကျွန်ုပ်တို့၌ ကိန်းဝပ်နေပြီး၊ ကျွန်ုပ်တို့၌ ကိန်းဝပ်နေသည်။ ကျွန်ုပ်တို့၌ ဘုရားသခင်နှင့်သိုးသငယ်၏ပလ္လင်တော်ရှိသည်။ ကျွန်ုပ်တို့သည် မြစ်ရေစီးဆင်းခြင်းနှင့် အသက်ပင်ကြီးထွားခြင်းကို မွေ့လျော်ဝမ်းမြောက်နေကြသည်။ အသင်းတော်သည် အလင်းနှင့်လည်းပြည့်ဝသည်။ ဝိညာဉ်တော်သည် သတို့သမီးဖြစ်သော အသင်းတော်နှင့်အတူစကားပြောသည်။ ယေရု

ရှလင်မြို့သစ်သည် အသင်းတော်အသက်တာ၏ ပြည့်စုံသော ပြီးမြောက်ပြည့်စုံခြင်းဖြစ်လိမ့်မည်ဖြစ်သည်။ ယခု ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်ရသည့် ကြိုတင်မြည်းစမ်းမှုမှာ ယေရုရှလင်မြို့သစ်၌ ပြည့်ဝစွာသိကျွမ်းရမည့် မွေ့လျော်ဝမ်းမြောက်မှုဖြစ်သည်။ ကျွန်ုပ်တို့သည် အသင်းတော်အသက်တာကို မွေ့လျော်ရသည့်အလျောက် ယေရုရှလင်မြို့သစ်၏ မြင်ကွင်းအတိုင်း သုံးပါးတစ်ပါးဘုရားကို အမှန်ပင်မွေ့လျော်ဝမ်းမြောက်နေရကြောင်းကို ခံစားကြရသည်။ (*The Mending Ministry of John,* p. 154)

ကျမ်းစာတစ်လျှောက်တွင် ဘုရားဆိုင်ရာစဉ်းစားမှုရှိပြီး၊ ယင်းမှာ ဘုရားသခင်၏ ရွေးနုတ်ခံလူများသည် ခရစ်တော်အတွက် သတို့သမီးနှင့် ဘုရားသခင်အတွက် ကိန်းဝပ်နေရာဖြစ်လာရန် အတူတကွပေါင်းစည်းထားခြင်းဖြစ်သည်။ ဤသည်မှာ ကျမ်းစာတစ်ခုလုံး၏ အဆုံးစွန်သောနိဂုံးနှင့် ကျမ်းစာ၏ စဉ်းစားမှုကို အဆုံးစွန်ဖော်ပြခြင်းဖြစ်သည်။ ဘုရားဆိုင်ရာစဉ်းစားခြင်းမှာ ဘုရားသခင်သည် အသက်ရှင်သောလူပုဂ္ဂိုလ်များကို ရယူလိုပြီး၊ ယင်းသည် ဝိညာဉ်တော်မှတစ်ဆင့် ခရစ်တော်၌ ကိုယ်တော်ကို ထည့်ဝင်ရန်နှင့် ကိုယ်တော်ကို ထင်ရှားရန် စုပေါင်းထားသောကိုယ်ခန္ဓာတော်အဖြစ် ပေါင်းစည်းထားသောသူများဖြစ်သည်။ ဤအရာသည် ဘုရားသခင်၏ အလယ်ဗဟိုစဉ်းစားမှုဖြစ်ပြီး၊ ဤအရာသည် အသင်းတော်၏ ပုံစံနမူနာပင်ဖြစ်သည်။ ယေရုရှလင်မြို့သစ်သည် သမ္မာကျမ်းစာ၌ အသင်းတော်၊ အသင်းတော်တည်ဆောက်ခြင်း၊ အသင်းတော်အသက်တာတို့နှင့်စပ်လျဉ်း၍ တုနှိုင်းရာမဲ့သောပုံစံနမူနာဖြစ်သည်။ အသင်းတော်အသက်တာသည် မည်သည့်အရာဖြစ်ကြောင်းနှင့် အသင်းတော်ကို တည်ဆောက်ခြင်းအတွက် ကောင်းမွန်သောနည်းလမ်းမှာမည်သည့်အရာဖြစ်ကြောင်းကို သိလိုလျှင် ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ်ကို သိကျွမ်းရမည်ဖြစ်သည်။ ဤသည်မှာ အသင်းတော်ကိုတည်ဆောက်ရန် မှန်ကန်သောနည်းလမ်းနှင့် စစ်မှန်သောအခြေအနေ၊ စစ်မှန်သောအနေအထား၊ စစ်မှန်သောအသင်းတော်အသက်တာကို ကျွန်ုပ်တို့အား သိကျွမ်းနိုင်စေမည့် ရုပ်ပုံဖြစ်သည်။ (*The Central Thought of God,* pp. 120-121)

စစ်မှန်ခြင်းရှိသော မှန်ကန်သည့်အသင်းတော်အသက်တာသည် ယေရုရှလင်မြို့သစ်၏ ပုံစံငယ်ဖြစ်သည်။ မည်သို့ဆိုစေ ဤနေရာ၌ အရေးကြီးသောအကြောင်းအရာမှာ ယေရုရှလင်မြို့သစ်သည် ဘုရား၏ ရွေးချယ်ခြင်း၊ ရွေးနုတ်ခြင်း၊ အသစ်မွေးဖွားခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ပုံသဏ္ဍာန်ပြောင်းလဲခြင်း၊ စုံလင်ခြင်းနှင့် ဘုန်းထင်ရှားခြင်းခံရသော လူများအားလုံး၏ ပြီးမြောက်ပြည့်စုံခြင်းဖြစ်လိမ့်မည်ဟူသောအရာပင်ဖြစ်သည်။ (*The Conclusion of the New Testament,* p. 2537)

ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ်ရှိ ဘုရားသခင်၏ ပရဒိသုဘုံတည်းဟူသော အခြားသော ပရဒိသုဘုံအထဲသို့ ဝင်ရောက်ရန် စောင့်မျှော်နေကြသည်။ ဤအရာကို စောင့်မျှော်နေကြသည့်အလျောက် ယနေ့ ယေရုရှလင်မြို့သစ်၏ ပုံစံငယ်ဖြစ်သော အသင်းတော် အသက်တာကို ကျွန်ုပ်တို့ရရှိထားကြသည်။ အသင်းတော်၌ ကျွန်ုပ်တို့သည် သခင်ယေရှုကို အသက်ပင်အဖြစ် မွေ့လျော်ဝမ်းမြောက်နေကြသည်။ ကျွန်ုပ်တို့သည် အသေခံပြီး ရှင်ပြန်ထမြောက်သောခရစ်တော်ကို ကျွန်ုပ်တို့၏ ဝိညာဉ်၌ အသက်မစရာဖြစ်သော အသက်ပင်အဖြစ်လည်းကောင်း၊ ယနေ့အသင်းတော်၌ ကြိုတင်မြည်းစမ်းခြင်းအဖြစ်လည်းကောင်း မွေ့လျော်ဝမ်းမြောက်နေကြသည်။ ဤကြိုတင်မြည်းစမ်းခြင်းကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့ကို ထာဝရကာလတိုင် ယေရုရှလင်မြို့သစ်ရှိ ကျွန်ုပ်တို့၏ အသက်မစရာဖြစ်သော အသက်ပင်ဖြစ်သည့် အသေခံ၍ ရှင်ပြန်ထမြောက်သော ခရစ်တော်ကို ပြည့်ဝစွာစားသုံးခြင်းအထဲသို့ ခေါ်ဆောင်သွားမည်ဖြစ်သည်။ (*Life-study of Revelation,* p. 126)

ကိုယ်ခန္ဓာတော်သည် အသင်းတော်ဖြစ်ပြီး၊ အသင်းတော်သည် ယေရုရှလင်မြို့သစ်၏ ပုံစံငယ်ဖြစ်သည်။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် ယေရုရှလင်မြို့သစ်၏ ရှေ့ပြေးပုံစံဟုလည်း ကျွန်ုပ်တို့ပြောနိုင်ပါသည်။ ယေရုရှလင်မြို့သစ်သည် ရောက်လာဆဲဖြစ်ပြီး၊ ယနေ့ တည်ရှိနေသော အသင်းတော်သည် ယင်း၏ ရှေ့ပြေးပုံစံဖြစ်သည်။ ယေရုရှလင်မြို့သစ်သည် ဤရှေ့ပြေးပုံစံဖြစ်သော ခရစ်တော်ကိုယ်ခန္ဓာတော်၏ ပြည့်ဝသော ပြီးမြောက်ပြည့်စုံခြင်းဖြစ်လိမ့်မည်ဖြစ်သည်။ (*God's New Testament Economy,* p. 419)

*ပို၍ဖတ်ရန်* – *The Mending Ministry of John,* chs. 16-17; *The Central Thought of God,* chs. 13-14

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**၂ကော၊ ၅း၁၇** **လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် သူသည် ဖန်ဆင်းခြင်းအသစ်ဖြစ်၏။ ဟောင်းသောအရာတို့သည် ကွယ်ပျောက်ကြ၏။ ကြည့်ရှုလော့၊ ထိုအရာတို့သည် အသစ်ဖြစ်ကြပြီ။**

**ရော၊ ၁၄း၁၇** **အကြောင်းမူကား၊ ဘုရားသခင်၏နိုင်ငံတော်သည် အစားအသောက်၌မတည်။ သန့်ရှင်းသောဝိညာဉ်တော်၌ရှိသော ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်း၌ တည်၏။**

ယေရုရှလင်မြို့သစ်သည် ရုပ်ပိုင်းဆိုင်ရာထက် ပို၍ကောင်းမွန်သော ကောင်းကင်ဆိုင်ရာအိမ်တော်ဖြစ်သည်။ ၎င်းသည် သုံးပါးတစ်ပါးဘုရားနှင့် ကိုယ်တော်၏ ရွေးနုတ်ခံ၊ အသစ်မွေးဖွားခံ၊ ပုံသဏ္ဌာန်ပြောင်းလဲခံသောလူများ၏ ပြည့်ဝသောရောနှောပေါင်းစည်းခြင်းဖြစ်သည်။ ဘုရားနှင့်လူ၏ရောနှောပေါင်းစည်းခြင်းကို ဝတ်၊ ၂း၄ တွင် ဆီနှင့်လူးသော မုန့်ညက်ဖြင့် ပေါင်းစည်းထားသည့် ဘောဇဉ်ပူဇော်သက္ကာ ပုံဆောင်ချက်၌ ကျွန်ုပ်တို့မြင်ရသည်။ ယေရုရှလင်မြို့သစ်တစ်ခုလုံးသည် ဆီနှင့်လူးထားသည့် မုန့်ညက်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ *Hymns,#* 976 ၏ထပ်ဆိုအပိုဒ်၌ သန့်ရှင်းသောမြို့တော်သည် လူသားဇာတိ၌ ဘုရားသခင်၏ပြည့်ဝစွာထင်ရှားခြင်းဖြစ်ကြောင်း ပြောဆိုထားသည်။ လူသားဇာတိသည် မုန့်ညက်ဖြစ်ပြီး၊ ဘုရားသခင်သည် ဆီဖြစ်သည်။ လာမည့် ယေရုရှလင်မြို့သစ်သည် ဆီနှင့်လူးထားသည့် မုန့်ညက်ဖြင့်ပြုလုပ်သော ကြီးမားသော ဘောဇဉ်ပူဇော်သက္ကာ၊ ကြီးမားသောမုန့်ကြွပ်ဖြစ်လိမ့်မည်ဖြစ်သည်။ သုံးပါးတစ်ပါးဘုရားသည် ယနေ့ ကျွန်ုပ်တို့နှင့်အတူ ရောနှောပေါင်းစည်းနေပြီး၊ ဤရောနှောပေါင်းစည်းခြင်းသည် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည်။ (*God's New Testament Economy,* pp. 274-275)

## ယနေ့ဖတ်စရာ

ဘုရားဆိုင်ရာသုံးပါးတစ်ပါးသည် ယေရုရှလင်မြို့သစ်၏ အခြေခံဖွဲ့စည်းတည်ဆောက်မှုဖြစ်သည်။ ၎င်းသည် ရွှေဖြင့်ပုံဆောင်သော ခမည်းတော်၏ သဘောသဘာဝဖြင့် ဖွဲ့စည်းထားသည်။ မြို့တော်သည် ရွှေတောင်ဖြစ်ပြီး၊ လမ်းမသည်လည်း ရွှေဖြစ်သည် (ဗျာ၊ ၂၁း၁၈၊ ၂၁ခ)။ ဤသည်မှာ မြို့တော်သည် ဘုရားဆိုင်ရာအရာဖြစ်ကြောင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ ဘုရားဇာတိသည် တည်ဆောက်ခြင်း၌ပါဝင်သောအရာ၏ အခြေ

ခံ ဒြပ်သဘာဝဖြစ်သည်။ သုံးပါးတစ်ပါးဘုရားသည်လည်း ယေရုရှလင်မြို့သစ်၏ ပုံစံငယ်ဖြစ်သော အသင်းတော်အသက်တာ၏ အခြေခံဖွဲ့စည်းမှုဖြစ်သည်။ အရွယ်အစားမှာ များစွာ သေးငယ်သော်လည်း ဒြပ်သဘာဝများမှာ အတူတူပင်ဖြစ်သည်။ (*The Basic Revelation in the Holy Scriptures,* pp. 131-132)

ယေရုရှလင်မြို့သစ်သည် လူကိုဖန်ဆင်းသည့်အချိန်မှစ၍ ခေတ်ကာလအဆုံးအထိ ခေတ်ကာလလေးခုပါသော ဖန်ဆင်းခြင်းအဟောင်းထဲမှ ဘုရားသခင်၏ ဖန်ဆင်းခြင်းအသစ် ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည်။ (*The God-men,* p. 60)

ယေရုရှလင်မြို့သစ်သည် ဘုရားဆိုင်ရာဒြပ်သဘာဝနှင့်အတူ ဖန်ဆင်းခြင်းအသစ်ဖြစ်သော ခရစ်တော်၌ ဖန်ဆင်းခံရခြင်းဖြစ်သည် (၂ကော၊ ၅း၁၇)။ အချို့က ဖန်ဆင်းခြင်းအသစ်သည် ယုံကြည်သူကျွန်ုပ်တို့ကို ရည်ညွှန်းပြီး၊ ယေရုရှလင်မြို့သစ်ကို ရည်ညွှန်းခြင်းမဟုတ်ဟု ထင်ကောင်းထင်ပေမည်။ ဤသို့ပြောဆိုခြင်းမှာ ယေရုရှလင်မြို့သစ်သည် ဓမ္မသစ်ယုံကြည်သူများနှင့် ဓမ္မဟောင်းသန့်ရှင်းသူများပါဝင်သော ဘုရားသခင်၏ ရွေးနုတ်ခံများအားလုံး၏ ရှင်သန်သောပေါင်းစည်းခြင်းဖြစ်ကြောင်းကို မြင်ရန် ကျွန်ုပ်တို့၌ အမြင်မရှိကြောင်းကို ရည်ညွှန်းနေခြင်းဖြစ်သည်။ အတူတကွပေါင်းစည်းခြင်းခံသော ရွေးနုတ်ခံများ အားလုံးသည် ခရစ်တော်၌ ဖန်ဆင်းခြင်းအသစ်ဖြစ်ကြပြီး၊ ဤဖန်ဆင်းခြင်းအသစ်သည် ဘုရားဒြပ်သဘောသဘာဝရှိသည်။ ဤဘုရားဒြပ်သဘောသဘာဝသည် ဖန်ဆင်းခြင်းအသစ်အထဲသို့ ယူဆောင်ခြင်းခံရသည်။ (*God's New Testament Economy,* p. 279)

ဤဘုရားသခင်၏ အဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်းအလုပ်သည် တဲတော်မျှသာမဟုတ်ဘဲ၊ မြို့တော်လည်းဖြစ်သည်။ တဲတော်သည် အလွန်သန်စွမ်းခြင်း သို့မဟုတ် တည်မြဲခြင်းမရှိပါ၊ သို့သော် ဤတဲတော်သည် မြို့တော်လည်းဖြစ်သည်။ ကျမ်းစာဆိုင်ရာအဓိပ္ပာယ်အရ မြို့တော်သည် အခွင့်အာဏာကိုလေ့ကျင့်လုပ်ဆောင်ရန် အလယ်ဗဟိုဖြစ်သည်။ ယေရုရှလင်မြို့သစ်သည် ကိန်းဝပ်ရာနေရာဖြစ်သော တဲတော်မျှသာမဟုတ်၊ ၎င်းသည် နိုင်ငံတော်၏ အလယ်ဗဟိုဖြစ်သော မြို့တော်လည်းဖြစ်သည်။ သမိုင်းကြောင်း၏ ပထမဆုံးအဆင့်၌ သေးငယ်သောတဲရှိသည်။ ထို့နောက် တဲတော်ဖြစ်လာပြီး နောက်ဆုံး ဗိမာန်တော်ဖြစ်လာသည်။ နောက်ဆုံးတွင် အားလုံးထက် အသန်စွမ်းဆုံးနှင့် အတည်မြဲဆုံးဖြစ်သော မြို့တော်ရှိလိမ့်မည်ဖြစ်သည်။

တဲ၊ တဲတော်နှင့် ဗိမာန်တော်တို့ဖြင့် ပုံဆောင်ခြင်း၌ အခွင့်အာဏာကို မြင်နိုင်ရန် ခက်ခဲလှပေသည်။ သို့သော် မြို့တော်သည် အခွင့်အာဏာကို လေ့ကျင့်လုပ်ဆောင်သည့်

အလယ်ဗဟိုကို အချက်ကျကျပုံဆောင်ထားသည်။ ၎င်းသည် နိုင်ငံတော်၏ အမှတ်သင်္ကေတဖြစ်သည်။ ဘုရားသခင်၏ ပလ္လင်တော်သည် ယေရုရှလင်မြို့သစ်၌ ခင်းကျင်းထားမည်ဖြစ်သည်၊ အကြောင်းမှာ ဤမြို့တော်သည် ဘုရားသခင်၏ အခွင့်အာဏာတော်၏ အလယ်ဗဟိုဖြစ်သောကြောင့်ဖြစ်သည်။ ဗျာဒိတ်ကျမ်း၏ အစပိုင်းအခန်းများတွင် ဘုရားသခင်သည် မြို့တော်မှအခြားနေရာရှိ ပလ္လင်တော်ပေါ် တွင် ထိုင်နေကြောင်းကို ဖွင့်ပြထားသည် (၄း၂–၃)။ သို့သော် အဆုံးပိုင်းအခန်းများတွင် ဘုရားသခင်သည် မြို့တော်ရှိ ပလ္လင်တော်ပေါ် တွင် ထိုင်နေသည် (၂၁း၅။ ၂၂း၃)။ ဤသည်မှာ ယေရုရှလင်မြို့သစ်သည် ဤခေတ်အဆုံးတွင် ကောင်းကင်မှဆင်းသက်လာခြင်းမရှိမချင်း ဘုရားသခင်သည် မြို့တော်၌ စိုးစံနိုင်ဦးမည်မဟုတ်ကြောင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ ယခုတွင် ကိုယ်တော်သည် ပလ္လင်တော်ပေါ် တွင်ရှိနေသည်၊ သို့သော် ထိုအချိန်တွင် ကိုယ်တော်သည် အခွင့်အာဏာတော်ကို ပြည့်စုံသောနိုင်ငံတော်အပေါ် ကျင့်သုံးလိမ့်မည်ဖြစ်သည်။

ရောမ၁၂ တွင် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို ဖွင့်ပြထားသော်လည်း၊ ရောမ၁၄ တွင် နိုင်ငံတော်ကို ပြောဆိုထားသည်။ မှန်ကန်သောအသင်းတော်အသက်တာသည် ဘုရားသခင်က သူ၏ အခွင့်အာဏာတော်ကို ကျင့်သုံးနိုင်မည့် အဝန်းအဝိုင်း၊ နယ်ပယ်ဖြစ်သည်။ အတိအကျဆိုရလျှင် မှန်ကန်သောအသင်းတော်အသက်တာသည် ဘုရားသခင်၏ နိုင်ငံတော်ဖြစ်သည်။ အသင်းတော်အသက်တာသည် ဘုရားသခင်က သူ၏ အခွင့်အာဏာတော်ကို ကျင့်သုံးနိုင်မည့် အလယ်ဗဟိုဖြစ်သော သန့်ရှင်းသောမြို့တော်၊ ယေရုရှလင်မြို့သစ်နှင့် တူညီရမည်ဖြစ်သည်။ (*The Vision of God's Building,* pp. 195-196)

*ပို၍ဖတ်ရန်* - *The Basic Revelation in the Holy Scriptures,* ch. 10; *God's New Testament Economy,* chs. 27-28

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဗျာ၊ သန့်ရှင်းသောမြို့တည်းဟူသော ယေရုရှလင်မြို့သစ်သည် မိမိခင်ပွန်းဖို့**
**၂၁း၂–၃ တန်ဆာဆင်သော မင်္ဂလာဆောင်သတို့သမီးကဲ့သို့ ပြင်ဆင်လျက်၊ ဘုရားသခင့်အထံတော်၊ ကောင်းကင်ဘုံမှ ဆင်းသက်သည်ကို ငါမြင်၏။ ပလ္လင်တော်ပေါ်မှ ကြီးသောအသံကား၊ ဘုရားသခင်၏တဲတော်သည် လူတို့နှင့်အတူရှိ၏။ ကိုယ်တော်သည် လူတို့နှင့်အတူ တဲတော်အဖြစ် ကိန်းဝပ်တော်မူမည်။**
**၂၂ မြို့ထဲ၌ ဗိမာန်တော်ကို ငါမမြင်။ အကြောင်းမူကား၊ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသောထာဝရအရှင်ဘုရားသခင်နှင့် သိုးသူငယ်သည် ထိုမြို့၏ဗိမာန်ဖြစ်တော်မူ၏။**

ဗျာဒိတ်ကျမ်း၏ အစတွင် ခရစ်တော်သည် ဒေသန္တရအသင်းတော်များအလယ်၌ လျှောက်သွားနေကြောင်းကို ကျွန်ုပ်တို့မြင်ရသည်။ ထို့နောက် ဤစာစောင်၏ အဆုံး၌ ထာဝရကာအတွက် ဘုရားသခင်ကိန်းဝပ်နေရာ သန့်ရှင်းသောမြို့တော်၊ ယေရုရှလင်မြို့သစ်ရှိသည်။ အစပိုင်းတွင် အသင်းတော်များရှိပြီး၊ အဆုံးပိုင်းတွင် ယေရုရှလင်မြို့သစ်ရှိနေသည်။ ဒေသန္တရအသင်းတော်များနှင့် ယေရုရှလင်မြို့သစ်သည် တစ်ခုတည်းသောအရာ၏ သွင်ပြင်နှစ်ခုဖြစ်သည်။ ဒေသန္တရအသင်းတော်များသည် နောက်ဆုံးတွင် ယေရုရှလင်မြို့သစ်ကို ထွက်ပေါ်စေမည်ဖြစ်သည်။ ယေရုရှလင်မြို့သစ်သည် ဒေသန္တရအသင်းတော်များ၏ အဆုံးစွန်ထင်ရှားခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် ဘုရားဇာတိကို ကျွန်ုပ်တို့၏ နည်းလမ်းအဖြစ် ယူဆောင်မည်ဆိုလျှင် သုံးပါးတစ်ပါးဘုရားသည် သူ၏ ဘုရားဆိုင်ရာဒြပ်သဘာဝအားလုံးကို ကျွန်ုပ်တို့၏ ဖြစ်ခြင်းအထဲသို့ စီးဆင်းစေမည်ဖြစ်သည်။ ဤစီးဆင်းခြင်းသည် ကျွန်ုပ်တို့၏ ဇာတိအဟောင်းအားလုံးကိုလည်း သယ်ဆောင်သွားလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့၌ စစ်မှန်သော အစားထိုးမှုရှိလာမည်ဖြစ်ပြီး ကျွန်ုပ်တို့သည် ရွှေဖြစ်လာမည်ဖြစ်သည်။ ဤအကြောင်းကြောင့် ဗျာဒိတ်ကျမ်း၌ အသင်းတော်ကို ရွှေမီးခုံတိုင်အဖြစ်မြင်ရခြင်းဖြစ်သည်။ ယေရုရှလင်မြို့သစ်သည်လည်း ထို့အတူဖြစ်သည်။ တစ်မြို့လုံးသည် ရွှေဖြစ်သည် (ဗျာ၊ ၂၁း၁၈)။ ၎င်းသည် စကြဝဠာဆိုင်ရာရွှေမီးခုံတိုင်ဖြစ်သည်။ ကျွန်ုပ်တို့သည် မည်သို့ဖြင့် ထိုသို့သော အသင်းတော်ဖြစ်လာနိုင်မည်နည်း။ ယင်းမှာ ခမည်းတော်၏ ဘုရားသဘောသဘာဝ၌ လျှောက်လှမ်းခြင်း၊ ဝိညာဉ်တော်ကို သောက်သုံးခြင်းနှင့် သားတော်ကို စားသုံးခြင်းအား

ဖြင့်ဖြစ်သည်။ ဤသည်မှာ သုံးပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်သွားခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ (*The Wonderful Christ in the Canon of the New Testament*, pp.229-260 )

## ***ယနေ့ဖတ်စရာ***

ဖေဖက်၊၅ တွင် ပေါလုက အသင်းတော်သည် ဇနီးသည်အားဖြင့် ပုံဆောင်ပြီး၊ ခရစ်တော်ကို ခင်ပွန်းသည်အားဖြင့် ပုံဆောင်ကြောင်းကိုပြောဆိုထားသည်။ ထို့ကြောင့် ခရစ်တော်သည် ခင်ပွန်းသည်ဖြစ်ပြီး၊ အသင်းတော်သည် ဇနီးသည်ဖြစ်သည်။ ပေါလုသည် အပျိုကညာဖြစ်သော ကျွန်ုပ်တို့ကို ခင်ပွန်းသည်ဖြစ်သော ခရစ်တော်ထံသို့ စေ့စပ်ပေးကြောင်း ပြောဆိုထားသည် (၂ကော၊၁၁း၂)။ ယေရုရှလင်မြို့သစ်သည် ဘုရားသခင်၏ အဖော်အဖက်၏ ပြီးပြည့်စုံခြင်းနှင့် ကိုယ်တော်၏ ရွေးနုတ်ခံနှင့် စုံလင်လာသောလူများအားလုံး၏ စုပေါင်းခြင်းဖြစ်လိမ့်ဖြစ်သည်။ သမ္မာကျမ်းစာ၌ ဖွင့်ပြထားသော ဘုရားဆိုင်ရာချစ်ဇာတ်လမ်း၏ အဆုံးစွန်ပြီးပြည့်စုံခြင်းသည် စုံတွဲတစ်တွဲဖြစ်သည်။ ဤစုံတွဲသည် အဆင့်ဆင့်ဖြတ်ကျော်ကာ ဝေငှဖြန့်ဖြူးသော သုံးပါးတစ်ပါးဘုရားနှင့် အသစ်မွေးဖွားကာ ပုံသဏ္ဍာန်ပြောင်းလဲသော သုံးပိုင်းရှိလူသားတို့၏ ရောနှောပေါင်းစည်းခြင်းဖြစ်သည်။ ဗျာ၊၂၂း၁၇ တွင် ဤစကြဝဠာဆိုင်ရာစုံတွဲသည် သမ္မာကျမ်းစာ၌ ဖွင့်ပြထားသော ဘုရားဆိုင်ရာချစ်ဇာတ်လမ်း၏ အဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်းဖြစ်ပြီး၊ အဆင့်ဆင့်ဖြတ်ကျော်ကာ ဝေငှဖြန့်ဖြူးသော သုံးပါးတစ်ပါးဘုရားနှင့် အသစ်မွေးဖွားခံကာ ပုံသဏ္ဍာန်ပြောင်းလဲသော သုံးပိုင်းရှိလူသားတို့၏ ရောနှောပေါင်းစည်းခြင်းဖြစ်သည်။ (*Truth Lessons - Level Four,* vol.3, p.116)

ယေရုရှလင်မြို့သစ်ရှိ မြစ်သည် အောက်ဖက်သို့ ရစ်ပတ်စီးဆင်းနေပြီး မြို့တော်၏ တံခါးတစ်ဆယ့်နှစ်ပေါက်တိုင်အောင် စီးဆင်းသွားသည်။ ဤအရာအားဖြင့် ယေရုရှလင်မြို့သစ်တစ်မြို့လုံးသည် ဤအသက်ရေစီးဆင်းခြင်းအားဖြင့် မစခြင်းခံရကြောင်းကို ကျွန်ုပ်တို့မြင်ရသည်။ ယင်းမှာ အသက်၏မိတ်သဟာယအားဖြင့် မစခံရခြင်းပင်ဖြစ်သည်။ ဘုရားဆိုင်ရာအသက်၏မိတ်သဟာယသည် ဘုရားသခင်ထံမှစီးဆင်းလာပြီး၊ ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည့် ခရစ်တော်၏ ကိုယ်ခန္ဓာတော်၏ အစိတ်အပိုင်းတိုင်းသို့ရောက်ရှိရန် ကိုယ်တော်၏ လူများထံသို့ စီးဆင်းသွားသည်။ (*Life-study of 1 John,* p.43)

ယေရုရှလင်မြို့သစ်သည် အပြန်အလှန်ကိန်းဝပ်ရာနေရာဖြစ်သည်။ ဘုရားသခင်

သည် ကျွန်ုပ်တို့၌ ကိန်းဝပ်နေပြီး၊ ကျွန်ုပ်တို့သည် ဘုရားသခင်၌ ကိန်းဝပ်နေသည်။ ယနေ့ အသင်းတော်သည် ဘုရားသခင်ကိန်းဝပ်မည့်နေရာဖြစ်ပြီး (ဧ၊ ၂း ၂၂)၊ ဘုရားသခင်သည် ယနေ့ ကျွန်ုပ်တို့ကိန်းဝပ်ရမည့်နေရာဖြစ်သည် (ဆာ၊၉၀း၁)။ ဤအရာသည် အတွေးအခေါ် အသစ်မဟုတ်ပါ။ ယော၊၁၅ တွင် ခရစ်တော်က "ငါ၌တည်လော့။ ငါသည်လည်း သင်တို့၌တည်မည်"ဟုပြောထားသည်။ အဓိကအားဖြင့် ကိုယ်တော်က "ငါသည် သင်တို့နေစရာအိမ်ဖြစ်သည်၊ သင်တို့သည် ငါနေစရာအိမ်ဖြစ်သည်"ပြောနေခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်နှင့်အတူ ကျွန်ုပ်တို့သည် အပြန်အလှန်ကိန်းဝပ်ရာဖြစ်လာကြသည်။ မည်မျှ ထူးခြားလေးနက်သောအရာဖြစ်ပါတကား။ ဘုရားသခင်အဖို့ ကျွန်ုပ်တို့သည် မြို့တော်ဖြစ်ပြီး၊ ကျွန်ုပ်တို့အဖို့ ဘုရားသခင်နှင့်ခရစ်တော်သည် ဗိမာန်တော်ဖြစ်သည်။ ကျွန်ုပ်တို့၌ ဗိမာန်တော်တည်းဟူသော ဘုရားသခင်နှင့် ခရစ်တော်၏ မျက်မှောက်တော်ရှိသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ မျက်မှောက်တော်နှင့် ခရစ်တော်၏ မျက်မှောက်တော်ရှေ့တွင်သာ ရှိနေခြင်းမျှသာမဟုတ်ဘဲ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ မျက်မှောက်တော်နှင့် ခရစ်တော်၏ မျက်မှောက်တော်၌ ရှိနေခြင်းဖြစ်သည်။ ဘုရားသခင်နှင့်ခရစ်တော်၏ မျက်မှောက်တော်သည် ကျွန်ုပ်တို့အဖို့ ကိန်းဝပ်ရာနေရာဖြစ်လာသည်။ ကျွန်ုပ်တို့သည် အသင်းတော်၌ ဘုရားသခင်နှင့်ခရစ်တော်ကို အစေခံမည်ဆိုပါက ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ခရစ်တော်အားဖြင့် ဝန်းရံခြင်းခံရမည်ဖြစ်ပြီး၊ ဘုရားသခင်နှင့်ခရစ်တော်အားဖြင့် ဖုံးလွှမ်းခံရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို မည်မျှလိုအပ်လှပါတကား။ ကိုယ်တော်သည် ကျွန်ုပ်တို့အစေခံနေသောအရှင်ဖြစ်ပြီး၊ ကိုယ်တော်သည် ကျွန်ုပ်တို့အစေခံနေသည့် ဗိမာန်တော်လည်းဖြစ်သည်။ ဘုရားသခင်နှင့်ခရစ်တော်ကို ထိုသို့သောနည်းလမ်း၌ သိမြင်ကာ တွေ့ကြုံခံစားခြင်းရှိပါသလား။ ဘုရားသခင်နှင့် ခရစ်တော်ကို ထိုသို့သောနည်းလမ်း၌ အစေခံခြင်းရှိပါသလား။ ဤအရာသည် အလွန်ပင် အတွင်းပိုင်းဆိုင်ရာဖြစ်သည်။ (*The Vision of God's Building*, pp.224-225)

*ပို၍ဖတ်ရန်* - *The Wonderful Christ in the Canon of the New Testament*, ch. 22; *The Vision of God's Building*, chs. 17-19

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————
————————————————————————————————
————————————————————————————————
————————————————————————————————

*Hymns,* **E 980**

*ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ*–––––––––––